ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ကျောင်းသုံးစာအုပ်

# မြန်မာစာ

## ဧကာဒသမတန်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာစာ

## ကောဒသမတန်း

# ကောဒသမတန်းမြန်မာစာ

## ကျောင်းသုံးစာအုပ်မိတ်ဆက်

မြန်မာစာအခြေခံနိုင်မာပြီး ကျွမ်းကျင်စွာတတ်မြောက် အသုံးပြုနိုင်ရန် ဦးတည်ချက်ထားရှိပြီး အခြေခံပညာ အထက်တန်း မြန်မာစာသင်ရိုးကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် လက်တွေ့ဘဝ၌ ပိုမိုအကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားစွမ်းရည်လေးရပ်ဖြစ်သည့် အပြောစွမ်းရည်၊ အနားအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည် တိုးတက်လာစေရေးကို မဏ္ဍိုင်ပြု၍ ရေးဆွဲထားပါသည်။ ကျောင်းသုံးစာအုပ်ကို အသုံးပြုရာတွင် မြန်မာစာ မြန်မာဘာသာစကားဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်အတွက် ဆရာ၏လမ်းညွှန်မှုဖြင့် တစ်ဦးချင်းလေ့ကျင့်ခြင်း၊ အဖွဲ့လိုက်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ဖြင့် သင်ယူမည်။ မြန်မာစာ မြန်မာဘာသာစကားကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့အသုံးချရာတွင်ဖြစ်စေ ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ် ဖန်တီးတတ်စေရန် လေ့ကျင့်သင်ယူမည်။ အချို့စာသင်ချိန်များတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်တွေ့လုပ်ဆောင်မှုများဖြင့် လေ့လာသင်ယူကြမည်ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဤကောဒသမတန်း မြန်မာစာကျောင်းသုံးစာအုပ်တွင် အောက်ပါအကြောင်းအရာများပါဝင်သည်။

### အပိုင်း –၁

### အပြောသင်ခန်းစာ

အခန်း

၁။ စကားသံဖြစ်ပေါ်မှုနှင့် စကားသံသဘောတရား

၂။ အပြောအဆိုဆိုင်ရာလမ်းညွှန်ချက်

၃။ အပြောပုံစံအမျိုးမျိုး

## အပိုင်း- ၂

## အဖတ်အရွတ်သင်ခန်းစာ

၁။ မြန်မာစကားပြေရွေးချယ်ချက်

၂။ မြန်မာကဗျာရွေးချယ်ချက်

၃။ မြန်မာပြဇာတ်ရွေးချယ်ချက်

## အပိုင်း- ၃

## အရေးသင်ခန်းစာ

၁။ စာအရေးအသားအခြေခံ

၂။ စာပုံစံအမျိုးမျိုး

၃။ စာအရေးအသားအတတ်ပညာ

## သင်ယူကြရမည့်နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ ရာစု ဘာသာစကားဆိုင်ရာကျွမ်းကျင်မှုအဖြစ် ဆရာက လက်တွေ့သင်ကြား လေ့ကျင့်ပေးမည်။

### လေ့လာမှုနယ်ပယ်များ

❖ အပြောသင်ခန်းစာကို သင်ယူရာတွင် စကားသံဖြစ်အင်္ဂါများအကြောင်းနှင့် စကားသံသဘောတရားများဖြစ်သည့် ဗျည်းသံ၊ သရသံ၊ သရသံဗျည်းသံအတွဲအစပ်၊ တက်ကျသံ၊ အသံထွက်စနစ်များ အကြောင်း၊ စကားအပြောအဆိုဆိုင်ရာတွင် စကားပြောကောင်းခြင်း၊ ယဉ်ကျေးချေငံခြင်း၊ စကားအရာ အင်္ဂါလေးတန်နှင့်အညီ ပြောဆိုခြင်းအကြောင်း၊ စကားပြောပုံစံငါးမျိုးတွင် စကားစမြည်ပြောခြင်း၊ ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ကျပန်းစကားပြောခြင်း၊ စကားရည်လုခြင်း၊ ကျေးဇူးတင်စကားပြောခြင်းအကြောင်းတို့ကို လက်တွေ့ပြောဆိုလေ့ကျင့်သင်ယူမည်။

- အဖတ်အရွတ်သင်ခန်းစာတွင် စကားပြေရွေးချယ်ချက်ကိုလေ့လာရာ၌ ရည်ရွယ်ချက် သို့မဟုတ် အာဘော်၊ အကြောင်းအရာ၊ အစီအစဉ်၊ စာရေးနည်းလေးမျိုး၊ သဒ္ဒါလက်ခရ အဏ္ဏာလက်ခရ၊ ရသနှင့်အသိအမြင် ဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကိုလည်းကောင်း၊ ကဗျာရွေးချယ်ချက်ကို လေ့လာရာ၌ ကဗျာရွတ်ဆိုခြင်း၊ ကဗျာနောက်ခံကို လေ့လာခြင်း၊ ကဗျာအရေးအဖွဲ့၊ သဒ္ဒါလက်ခရ အဏ္ဏာလက်ခရ၊ ရသနှင့်အသိအမြင် လေ့လာခြင်းဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကိုလည်းကောင်း ပြဇာတ်ရွေးချယ်ချက်ကို လေ့လာရာ၌ ရည်ရွယ်ချက် သို့မဟုတ် အာဘော်၊ ပြဇာတ်နောက်ခံ၊ ပြဇာတ်အင်္ဂါရပ်များ၊ ဇာတ်စကားများ၊ ရသနှင့် အသိအမြင်ဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကိုလည်းကောင်း လေ့လာမည်။
- အရေးသင်ခန်းစာတွင် မြန်မာစာအရေးအသား၏အခြေခံဖြစ်သည့် မြန်မာစာအရေးအသားစနစ်၊ ပြောဟန်နှင့်ရေးဟန် ကွဲပြားချက်၊ သဒ္ဒါအသုံးမှန်ကန်ခြင်း၊ စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်းကို ဖော်ပြထားသည့် သဒ္ဒါဟူသည်၊ စာရေးသားနည်းပုံစံများဖြစ်သည့် အနှစ်ချုပ်၊ စာစီစာကုံး၊ အဆိုဆွေးနွေးဆောင်းပါး၊ စာအရေးအသားအတတ်ပညာများဖြစ်သည့် စာပိုဒ်ဖွဲ့ခြင်း၊ ဝုဏ် အလင်္ကာ ရသ၊ မြန်မာစာရေးသားရာတွင် သတိပြုရှောင်ရှားသင့်သည့်အပြစ်များဟူသည့် သင်ခန်းစာတို့ကို လက်တွေ့ရေးသား လေ့ကျင့်သင်ယူမည်။

လေ့လာမှုနည်းနာငါးရပ်

- **ပူးပေါင်းဆောင်ရွက်ခြင်း** - သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီးအတွေးအခေါ်များ မျှဝေခြင်း၊ အဖြေများအတူရှာဖွေခြင်းတို့ကိုလုပ်ဆောင်မည်။ သာဓကအားဖြင့် ‑ အပြောသင်ခန်းစာများပါ အပြန်အလှန်ပြောဆိုခြင်း၊ စကားဝိုင်းဆွေးနွေး ခြင်း၊ အဖတ်အရွတ်သင်ခန်းစာပါ စကားပြေ သို့မဟုတ် ကဗျာတစ်ပိုဒ်ကို အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အသိအမြင်ဖလှယ်ခြင်း၊ အရေးသင်ခန်းစာတွင် စာအရေးအသားဆိုင်ရာများဆွေးနွေးခြင်း၊ လက်တွေ့ရေးသားထားသည်ကို အပြန်အလှန်စစ်ဆေးအကြံပေးခြင်းတို့ ဆောင်ရွက်မည်။
- **ဆက်သွယ်ပြောဆိုခြင်း** - ဤမြန်မာစာကျောင်းသုံးစာအုပ်သည် စကားနှင့်စာကို အသုံးချဆက်သွယ်ရေးကိရိယာအဖြစ် ထိထိရောက်ရောက် အသုံးပြုနိုင်ရန် ရည်မှန်းထားသည်ဖြစ်ရာ သင်ခန်းစာအားလုံးကို ပြောဆိုဆွေးနွေးခြင်း၊ ရွတ်ဖတ်ခြင်း၊ ရွတ်ဆိုခြင်း၊ နားထောင်ခြင်း၊ ရေးသားခြင်း စသည့်ဆက်သွယ်မှုများကို ကိုယ်အမူအရာများ မှန်ကန်စွာပေါင်းစပ်ဆက်သွယ်နိုင်သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။

- **လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** - ဖြေရှင်းရန်ရှိသည့် ဘာသာစကားဆိုင်ရာ ပြဿနာများ၊ စာအရေးအသားဆိုင်ရာပြဿနာများကို အဖြေရှာခြင်း၊ တင်ပြခြင်း၊ အမှားရှာဖွေခြင်းနှင့် ပြုပြင်ခြင်းတို့ကို ပြုလုပ်ရမည်။

- **တီထွင်ဖန်တီးခြင်း** - ဘာသာစကားနှင့် စာအရေးအသားကိုအသုံးပြုရာတွင် သမားရိုးကျ ပြောဆိုရေးသားသည့် အခြေအနေမှကျော်လွန်ပြီး အတွေးအခေါ်များပေါင်းစပ်ကာ ပြောဆိုရေးသားနိုင်သည့်စွမ်းရည်များ၊ နည်းလမ်းသစ်များဖြင့် ဆက်သွယ်မှုထိရောက်စေရန် ကျောင်းသားများ ကိုယ်တိုင်တီထွင်ဖန်တီးသည့် အလေ့အထများ ရရှိစေမည်။

- **နိုင်ငံသားကောင်းဖြစ်ခြင်း** - လူ့အဖွဲ့အစည်းအတွင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း ဘာသာစကား စွမ်းရည်ကို မှန်ကန်ထိရောက်စွာ အသုံးပြုနိုင်ခြင်းသည် နိုင်ငံသားကောင်း ဖြစ်စေရန် အရင်းခံကျသောအချက်တစ်ရပ်ပင်ဖြစ်သည်။ မိမိ မိသားစုအတွင်း၊ ကျောင်းလူမှုအဖွဲ့အစည်းအတွင်း၊ ရပ်ရွာဒေသအဖွဲ့အစည်းအတွင်း၊ နိုင်ငံလူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးရန်၊ အပြန်အလှန် နားလည်မှုရှိရန်၊ အသိပညာဗဟုသုတ မျှဝေဖလှယ်ရန်၊ ကူးသန်းသွားလာ ကုန်စည်ဖလှယ်ရန် အများနားလည်နိုင်သည့် ဘာသာစကားကို ကောင်းမွန်မှန်ကန်စွာ အသုံးပြုကြရသည်။ မြန်မာစာ ကျောင်းသုံးဖတ်စာကို မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း နိုင်ငံသားကောင်း ဖြစ်ရန်လိုအပ်ချက်ဖြစ်သော မြန်မာဘာသာစကားကျွမ်းကျင်ထိရောက်၊ မှန်ကန်စွာအသုံးပြုနိုင်စေရန် မျှော်မှန်းသင်ယူရမည်ဖြစ်သည်။

# အပိုင်း – ၁
# အပြောသင်ခန်းစာ

## မာတိကာ

# အပိုင်း - ၁
# အပြောသင်ခန်းစာ

## အခန်း - ၁။ စကားသံဖြစ်ပေါ်မှုနှင့် စကားသံသဘောတရား


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | စကားသံဖြစ်အင်္ဂါများ | ၂ |
| ၂။ | ဗျည်းသံ | ၅ |
| ၃။ | သရသံ | ၇ |
| ၄။ | ဗျည်းသံ သရသံ အတွဲအစပ် | ၉ |
| ၅။ | မြန်မာစကား၏ တက်ကျသံ | ၁၁ |
| ၆။ | မြန်မာစကားသံ အသံထွက်လမ်းညွှန် | ၁၃ |


## အခန်း - ၂။ အပြောအဆိုဆိုင်ရာလမ်းညွှန်ချက်


| | | |
| --- | --- | --- |
| ၁။ | စကားပြောကောင်းခြင်း | ၁၆ |
| ၂။ | စကားအရာ အင်္ဂါလေးတန် | ၁၈ |
| ၃။ | ယဉ်ယဉ်ကျေးကျေး ချေချေငံငံ | ၂၀ |


## အခန်း - ၃။ အပြောပုံစံအမျိုးမျိုး


| | | |
| --- | --- | --- |
| ၁။ | စကားစမြည်ပြောခြင်း | ၂၃ |
| ၂။ | စကားဝိုင်းဆွေးနွေးခြင်း | ၂၇ |
| ၃။ | ကျပန်းစကားပြောခြင်း | ၃၂ |
| ၄။ | စကားရည်လုခြင်း | ၃၆ |
| ၅။ | ကျေးဇူးတင်စကားပြောခြင်း | ၄၀ |

# အပိုင်း – ၁

# အပြောသင်ခန်းစာ

**နိဒါန်း**

ဧကာဒသမတန်း မြန်မာစာကျောင်းသုံးစာအုပ်ပါ အပြောသင်ခန်းစာသည် ဘာသာစကား စွမ်းရည် လေးရပ်အနက် စွမ်းရည်နှစ်ရပ်ဖြစ်သော အပြောစွမ်းရည်နှင့် နားကြားမှုစွမ်းရည်တို့ တိုးတက်ထက်မြက်လာစေရန် လေ့လာသင်ယူရမည့် သင်ခန်းစာဖြစ်ပါသည်။ ဤသင်ခန်းစာတွင် အခန်းသုံးခန်း ပါဝင်ပါသည်။ အခန်း ၁ စကားသံဖြစ်ပေါ်မှုနှင့်စကားသံသဘောတရား၊ အခန်း ၂ အပြောအဆိုဆိုင်ရာ လမ်းညွှန်ချက်၊ အခန်း ၃ အပြောပုံစံအမျိုးမျိုးတို့ ဖြစ်ပါသည်။ အခန်း ၁ တွင် စကားသံဖြစ်အင်္ဂါများအကြောင်းနှင့် စကားသံဖြစ်ပေါ်လာရန် ယင်းတို့၏ အလုပ်လုပ်ပုံ၊ မြန်မာစကားရှိ ဗျည်းသံ၊ သရသံနှင့် ယင်းတို့တွဲစပ်ပုံ၊ တက်ကျသံအကြောင်း၊ စကားသံကို အသံထွက်အတိုင်းစာဖြင့်ဖော်ပြရာ၌ အသုံးပြုသည့် အသံထွက် လမ်းညွှန်တို့အကြောင်းကို လေ့လာရမည် ဖြစ်သည်။ အခန်း ၂ တွင် စကားပြောရာ၌ ဆောင်ရန် ရှောင်ရန် လမ်းညွှန်ချက်များကို လေ့လာရမည် ဖြစ်သည်။ အခန်း ၃ တွင် လက်တွေ့စကားပြောဆိုရာ၌ အသုံးပြုသည့် စကားပြောပုံစံအမျိုးမျိုးအနက် စကားစမြည်ပြောခြင်း၊ စကားဝိုင်းဆွေးနွေးခြင်း၊ ကျပန်းစကားပြောခြင်း၊ စကားရည်လုခြင်း၊ ကျေးဇူးတင်စကားပြောခြင်းတို့ကို လေ့လာရမည် ဖြစ်သည်။

**ယခင်သိရှိပြီးသောအကြောင်းအရာများ**

ယခင် ဒသမတန်းတွင် အပြောဆိုင်ရာသင်ခန်းစာအဖြစ် စကားပြောခြင်းအရေးကြီးပုံ၊ စကားပြောရာတွင် အသံထွက်မှန်ကန်ရေး၊ စကားပြောရာတွင်ဆောင်ရန်ရှောင်ရန်အချက်များ၊ တစ်ဦးချင်းအပြောပုံစံများဖြစ်သည့် ပုံပြင်၊ ရေဒီယိုအသံလွှင့်ချက်၊ ဟောပြောချက်၊ ကျပန်းစကားပြောခြင်း၊ နှစ်ဦးအပြန်အလှန် အပြောပုံစံဖြစ်သည့် အင်တာဗျူး၊ အချီအချပြောဆိုခြင်း၊ ဝိုင်းဖွဲ့အပြောပုံစံဖြစ်သည့် စကားဝိုင်းပြောဆိုခြင်းတို့ကို လေ့လာ လေ့ကျင့် သင်ယူခဲ့ပြီး ဖြစ်ပါသည်။ ယခင်သိရှိပြီးသော အကြောင်းအရာများကို အခြေခံ၍ ပြောဆိုမှုစွမ်းရည်ပိုမို မြင့်တက်လာစေရန် ယခုအပြောသင်ခန်းစာများကို ဆက်လက်လေ့လာ သွားရမည် ဖြစ်ပါသည်။

**အပြောသင်ခန်းစာများသင်ယူပြီးလျှင် လုပ်ဆောင်နိုင်မည့်အချက်များ**

စကားပြောဆိုရာတွင် လှုပ်ရှားလုပ်ဆောင်ကြရသော စကားသံဖြစ်အင်္ဂါများအကြောင်း သိရှိလာမည်။ စကားသံတွင် အဓိကကျသော ဗျည်းသံနှင့်သရသံ၊ မြန်မာစကားအတွက် အရေးပါသော တက်ကျသံတို့အကြောင်း ကောင်းစွာ သိရှိလာမည်။ စကားပြောဆိုရာတွင် ဌာန် ကရိုဏ်းကျစွာ၊ အသံထွက် ပီသမှန်ကန်စွာ၊ တက်ကျသံ မှန်ကန်စွာ ပြောဆိုလာနိုင်မည်။ စကားပြောဆိုရာတွင် မည်သို့ပြောသင့်သည်ကို ဝေဖန်ပိုင်းခြားတတ်လာမည်။ စကားဝိုင်းဆွေးနွေးခြင်း၊ ကျပန်းစကားပြောခြင်း၊ စကားရည်လုခြင်း၊ ကျေးဇူးတင်စကားပြောခြင်းတို့မှတစ်ဆင့် စကားပြောစွမ်းရည် ထက်မြက်လာကာ မိမိတို့အတွေးအခေါ် အယူအဆ ထင်မြင်ချက်များကို ပြောဆိုတတ်လာမည်။ အခြေအနေ၊ အချိန်အခါအလိုက် ပြောသင့်ပြောအပ်သောစကားကို ယဉ်ကျေးချောင်စွာပြောဆိုတတ်သည့် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်လာမည်။

# အခန်း – ၁
# စကားသံဖြစ်ပေါ်မှုနှင့် စကားသံသဘောတရား

## စကားသံဖြစ်အင်္ဂါများ

လူ့နှုတ်မှထွက်၍ လူအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်သော အနက်အဓိပ္ပာယ်ရှိသည့် အသံကို စကားသံဟုခေါ်ပါသည်။ စကားသံသည် ပြောသူနှင့်နာသူတို့ကြား ထိရောက်သော ဆက်သွယ်ရေးကြားခံဖြစ်သည်။ လူ့ခန္ဓာကိုယ်တွင် စကားသံကိုဖြစ်ပေါ်စေနိုင်သော အင်္ဂါအစိတ်အပိုင်းများရှိသည်။ စကားသံ ထုတ်လုပ်ရာတွင် အဆုတ်မှထွက်လာသောလေသည် ထိုအင်္ဂါအစိတ်အပိုင်းအသီးသီးကိုဖြတ်ကာ စကားသံကို ဖြစ်ပေါ်လာစေပါသည်။

အဆုတ်ထဲသို့ အသက်ရှူသွင်းပြီးပြန်ထုတ်လိုက်သောလေသည် အထက်သို့တက်လာရာ အသံကြိုးဟုခေါ်သော လည်မျိုအတွင်းရှိ အမျှင်ကလေးနှစ်ခုကို ဖြတ်သန်းပြီးနောက် ခံတွင်းအတွင်းရှိ စကားသံဖြစ်အင်္ဂါ အစိတ်အပိုင်းများနှင့်ထိတွေ့ကာ စကားသံဖြစ်လာသည်။ ထိုသို့စကားသံများဖြစ်အောင် ဖန်တီးနိုင်သော အင်္ဂါ အစိတ်အပိုင်းများကို စကားသံဖြစ်အင်္ဂါဟုခေါ်ပါသည်။

စကားသံဖြစ်အင်္ဂါများသည် စကားသံဖြစ်ပေါ်စေရန်အတွက် သူ့အတိုင်းအတာနှင့်သူ လုပ်ဆောင်ပေးရသည်။ စကားသံဖြစ်အင်္ဂါများကို ယင်းတို့၏ လှုပ်ရှားနိုင်မှု၊ မလှုပ်ရှားနိုင်မှုအပေါ်မူတည်၍ ၂ မျိုး ခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ-

(က) လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ

(ခ) မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါတို့ဖြစ်သည်။

### လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ

လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါများမှာ အောက်မေးခြမ်းနှင့် ဆက်စပ်လျက်ရှိသော အင်္ဂါအစိတ်အပိုင်းများဖြစ်သည်။ စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော အစိတ်အပိုင်းများဖြစ်ပြီး ကရိုဏ်းဟုလည်းခေါ်သည်။ လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ ၇ မျိုးရှိသည်။ ယင်းတို့မှာ

(က) လျှာရင်း (ခ) လျှာနောက် (ဂ) လျှာလယ်

(ဃ) လျှာရှေ့ (လျှာဖျားအနီး) (င) လျှာဖျား (စ) အောက်နှုတ်ခမ်း

(ဆ) လျှာခင် တို့ဖြစ်သည်။


ထိုအင်္ဂါအစိတ်အပိုင်းများအပြင် လည်မျိုအတွင်းရှိ အသံကြိုးနှစ်ချောင်းသည်လည်း စကားသံ ထုတ်လုပ်ရာတွင် ပါဝင်ရသည့် လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါအစိတ်အပိုင်းဖြစ်သည်။

**မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ**

မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါများမှာ အာခေါင်အထက်ခြမ်းနှင့် ဆက်စပ်လျက်ရှိသော အင်္ဂါ အစိတ်အပိုင်းများဖြစ်သည်။ စကားသံဖြစ်ပေါ်ရာ နေရာဖြစ်ပြီး ဌာန်ဟုလည်းခေါ်သည်။ မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ ၇ မျိုးရှိသည်။ ယင်းတို့မှာ-

(က) လည်ချောင်း (ခ) အာခေါင်ပျော့ (ဂ) အာခေါင်မာ
(ဃ) အာထိပ် (င) သွား (စ) အထက်နှုတ်ခမ်း
(ဆ) နှာခေါင်း တို့ဖြစ်သည်။

**စကားသံဖြစ်အင်္ဂါပြပုံ**




၁။ လည်ချောင်း
၂။ အာခေါင်ပျော့
၃။ အာခေါင်မာ
၄။ အာထိပ်
၅။ သွား
၆။ အထက်နှုတ်ခမ်း
၇။ နှာခေါင်း
၈။ လျှာရင်း
၉။ လျှာနောက်
၁၀။ လျှာလယ်
၁၁။ လျှာရှေ့(လျှာဖျားအနီး)
၁၂။ လျှာဖျား
၁၃။ အောက်နှုတ်ခမ်း
၁၄။ လျှာခင်
၁၅။ အသံကြိုး

**သင်ခန်းစာဆိုလိုရင်း**

- ❖ စကားသံဖြစ်ပေါ်လာပုံ
- ❖ စကားသံကိုဖြစ်ပေါ်စေသည့် လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါနှင့် မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါနှစ်မျိုးအကြောင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ လူအချင်းချင်း ဆက်သွယ်မှုပြုရန်အတွက် ထိရောက်သောဆက်သွယ်ရေးကြားခံမှာ အဘယ်နည်း။

၂။ စကားသံ မည်သို့ ဖြစ်ပေါ်လာသနည်း။

၃။ စကားသံဖြစ်အင်္ဂါဆိုသည်မှာ အဘယ်နည်း။

၄။ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါများကို ဖော်ပြပါ။

၅။ မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါများကို ဖော်ပြပါ။

၆။ စကားသံဖြစ်ပေါ်လာစေရန်အတွက် စကားသံဖြစ်အင်္ဂါများ၏ အလုပ်လုပ်ပုံကို သင်သိသမျှပြောပါ။

## ဗျည်းသံ

စကားပြောဆိုရာတွင် စကားသံများဖြင့် ထုတ်ဖော်ပြောဆိုရပါသည်။ စကားသံတွင် အဓိကကျ၍ အခြေခံဖြစ်သော အသံအမျိုးအစားနှစ်ရပ်ရှိပါသည်။ 'ဗျည်းသံ'နှင့် 'သရသံ'တို့ ဖြစ်ပါသည်။ ထိုအသံအမျိုးအစားနှစ်ရပ်တွင် ဗျည်းသံသည် ပေါ်လွင်ထင်ရှားမှုနည်းပြီး သရသံသည် ပေါ်လွင်ထင်ရှားမှုရှိပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဗျည်းသံကို ထုတ်ဖော်ရာတွင် အဆုတ်မှထုတ်လိုက်သောလေသည် စကားသံဖြစ်အင်္ဂါများ၏ ဖတားအဆီးကို ခံရသောကြောင့် ဖြစ်ပါသည်။ သရသံမှာမူ လေသည် စကားသံဖြစ်အင်္ဂါများ၏ အတားအဆီးကိုမခံရဘဲ လွတ်လပ်စွာထွက်လာသဖြင့် ပေါ်လွင်ထင်ရှားမှုရှိခြင်း ဖြစ်ပါသည်။

ဗျည်းသံသက်သက်၏ ရွတ်ဆိုချိန်အတိုင်းအရှည်သည် တစ်မကြာ ခေါ် လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်ကာလ၏တစ်ဝက် (မကြာဝက်) မျှသာရှိသည့်အတွက် အလွန်တိုတောင်းပါသည်။

ဗျည်းသံသည် ပေါ်လွင်ထင်ရှားမှု နည်းသဖြင့် ဗျည်းသံကို သရသံနှင့် တွဲဖက်ရွတ်ဆိုလေ့ရှိပါသည်။ 'က'ဟု အသံထွက်နိုင်ခြင်းသည် 'က' ကို 'အ' သရသံနှင့် တွဲဖက်ထားခြင်းကြောင့်ဖြစ်ပါသည်။ 'ကာ' ဟု အသံထွက်ခြင်းမှာလည်း 'က' ကို 'အာ' သရသံနှင့် တွဲဖက်ထားခြင်းကြောင့် ဖြစ်ပါသည်။

ဗျည်းရွတ်ဆိုရာတွင် စကားသံဖြစ်အင်္ဂါများက လေကိုအတားအဆီးပြုသည့်နေရာကို ဗျည်းသံဖြစ်ရာနေရာဟု သတ်မှတ်ပါသည်။ ဗျည်းသံဖြစ်ရာနေရာများမှာ 'နှုတ်ခမ်း'၊ 'သွား'၊ 'သွားရင်း'၊ 'သွားရင်းအာခေါင်'၊ 'အာခေါင်မာ'၊ 'အာခေါင်ပျော့'၊ 'လည်စေ့'တို့ဖြစ်ပါသည်။ ထိုနေရာများကိုမူတည်၍ 'နှုတ်ခမ်းဗျည်း'၊ 'သွားဗျည်း' စသည်ဖြင့် ခေါ်ဝေါ်ပါသည်။ 'ပ-ဖ-ဗ၊ မ-မှ၊ ဝ' တို့သည် 'နှုတ်ခမ်းဗျည်း'များ၊ 'သ-သှ'သည် 'သွားဗျည်း' များ၊ 'တ-ထ-ဒ၊ န-နှ၊ လ-လှ၊ စ-ဆ-ဇ' တို့သည် 'သွားရင်းဗျည်း' များ၊ 'ရှ' သည် 'သွားရင်း အာခေါင်ဗျည်း'၊ 'ည-ညှ၊ ယ' တို့သည် 'အာခေါင်မာဗျည်း' များ၊ 'က-ခ-ဂ၊ င-ငှ' တို့သည် အာခေါင်ပျော့ဗျည်းများ၊ 'ဟ-ဟှ' သည် 'လည်စေ့ဗျည်း'များဟူ၍ ခွဲခြားနိုင်ပါသည်။

မြန်မာဗျည်းသံများကို လေအားပျော့ပျော့ ရွတ်ဆိုရသောဗျည်းသံ၊ လေအားပြင်းပြင်းရွတ်ဆိုရသော ဗျည်းသံဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ လေအားပျော့ပျော့ ရွတ်ဆိုရသောဗျည်းသံကို 'သံညင်း'၊ လေအားပြင်းပြင်း ရွတ်ဆိုရသောဗျည်းသံကို 'သံပြင်း' ဟု ခေါ်ပါသည်။ 'က-ခ-ဂ'၊ 'စ-ဆ-ဇ'၊ 'တ-ထ-ဒ'၊ 'ပ-ဖ-ဗ' သုံးသံတွဲများတွင် 'က-ခ'၊ 'စ-ဆ'၊ 'တ-ထ'၊ 'ပ-ဖ'တို့သည် 'သံညင်း' များဖြစ်၍ 'ဂ-ဇ-ဒ' တို့သည် 'သံပြင်း'များ ဖြစ်ပါသည်။

သုံးသံတွဲဗျည်းဆိုသည်မှာ အသံတူဗျည်းအုပ်စု သို့မဟုတ် အရေးဗျည်းအစုတူ (ဝဂ်တူ)မှ သံညင်း၊ သံတင်း၊ သံပြင်းသုံးသံရှိ ဗျည်းအစုကို ဆိုလိုခြင်းဖြစ်ပါသည်။

သံညင်းဖြစ်သော 'က-ခ'၊ 'စ-ဆ'၊ 'တ-ထ'၊ 'ပ-ဖ' တို့တွင် 'က၊ စ၊ တ၊ ပ' တို့သည် လေအားလျော့လျော့ ရွတ်ဆိုရသော 'သံလျော့' များဖြစ်၍ 'ခ၊ ဆ၊ ထ၊ ဖ' တို့သည် လေအားတင်းတင်း ရွတ်ဆိုရသော 'သံတင်း' များဖြစ်သည်။

| သံညင်း | | သံပြင်း |
|---|---|---|
| သံလျော့ | သံတင်း | |
| ပထမဗျည်းသံ | ဒုတိယဗျည်းသံ | တတိယဗျည်းသံ |
| က | ခ | ဂ |
| စ | ဆ | ဇ |
| တ | ထ | ဒ |
| ပ | ဖ | ဗ |

မြန်မာဘာသာစကားတွင် ဂ နှင့် ဃ၊ ဇ နှင့် ဈ၊ ဒ နှင့် ဓ၊ ဗ နှင့် ဘ တို့သည် အက္ခရာ ကွဲသော်လည်း အသံချင်း အတူတူဖြစ်သည်။

မြန်မာစကားပြောဆိုရာတွင် မြန်မာစကား၏ သဘောသဘာဝအရ သုံးသံတွဲဗျည်းများဖြစ်သည့် 'က-ခ-ဂ'၊ 'စ-ဆ-ဇ'၊ 'တ-ထ-ဒ'၊ 'ပ-ဖ-ဗ' တို့တွင် ပထမဗျည်းသံနှင့် ဒုတိယဗျည်းသံတို့သည် တတိယဗျည်းသံ သံပြင်းသို့ ပြောင်းသွားတတ်သည်။ ဥပမာ- 'တစ်ကိုက်' ကို /ဒဂိုက်/၊ 'တံခါး' ကို /ဒဂါး/၊ 'တစ်စိတ်' ကို /ဒဇိတ်/၊ 'လူဆိုး' ကို /လူဇိုး/၊ 'တိုးတိုး' ကို /တိုးဒိုး/၊ 'ရင်ထိုး' ကို /ရင်ဒိုး/၊ 'ပေးပါ'ကို /ပေးဗာ/၊ 'သွားဖို့'ကို /သွားဗို့/စသည်ဖြင့် အသံပြောင်းလဲခြင်း ဖြစ်ပါသည်။

ဗျည်းသံများ၏ သဘောသဘာဝကို သိရှိထားပါက စကားပြောဆိုရာတွင် စကားသံများ မှန်ကန်စွာ ထုတ်ဖော်ပြောဆိုနိုင်မည် ဖြစ်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ ဗျည်းသံအကြောင်းနှင့် ဗျည်းသံဖြစ်ပေါ်ပုံ
- ❖ မြန်မာဗျည်းသံများကို သံညင်း (သံလျော့၊ သံတင်း) နှင့် သံပြင်းအမျိုးအစားခွဲပုံ
- ❖ သံညင်းမှ သံပြင်းသို့ အသံပြောင်းလဲခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စကားသံတွင် အဓိကကျ၍ အခြေခံဖြစ်သော အသံအမျိုးအစားနှစ်မျိုးမှာ အဘယ်နည်း။

၂။ ဗျည်းသံသည် အဘယ်ကြောင့် ပေါ်လွင်ထင်ရှားမှု အားနည်းသနည်း။

၃။ နေရာအလိုက်ဗျည်းအမျိုးအစားများကိုဖော်ပြပြီး အမျိုးအစားအလိုက် ဗျည်းသံများကို ရွတ်ဆိုပြပါ။
(သာဓက- နှုတ်ခမ်းဗျည်း "ပ- ဖ - ဗ ၊ မ - မှ ၊ ဝ")

၄။ သုံးသံတွဲဗျည်းမှ ပထမဗျည်းသံနှင့် ဒုတိယဗျည်းသံတို့သည် မည်သို့အသံပြောင်းသွားသည်ကို ရွတ်ဆိုပါ။

၅။ အသံပြောင်းနိုင်သော စကားလုံးများကို ဆွေးနွေးပါ။ (သာဓက-တကြီး၊ ကောင်းကင်)

၆။ 'ကစား'၊ 'ကပွဲ'၊ 'စကား'၊ 'ရေပုံး'၊ 'နှင်းဆီ'တို့ကို အသံထွက်မှန်အောင် ရွတ်ဆိုပါ။

၇။ 'က-ခ-ဂ'၊ 'စ-ဆ-ဇ'၊ 'တ-ထ-ဒ'၊ 'ပ-ဖ-ဗ' သုံးသံတွဲများ၏ သံလျော့၊ သံတင်း၊ သံပြင်း အသံအမျိုးအစားများကို ခွဲခြားပြပါ။


## သရသံ

စကားပြောဆိုရာတွင် စကားသံသည် အဓိကဖြစ်ပါသည်။ စကားပြောဆိုနေကြသူများသည် မိမိတို့စကား၏ စကားသံများအကြောင်းကို သိရှိနားလည်ထားသင့်ပါသည်။ မည်သည့်ဘာသာစကား၏ စကားသံတွင်မဆို အခြေခံစကားသံအမျိုးအစား နှစ်ရပ်ရှိပါသည်။ ယင်းတို့မှာ သရသံနှင့် ဗျည်းသံတို့ ဖြစ်ပါသည်။ ထိုအသံနှစ်မျိုးတွင် သရသံသည် ပေါ်လွင်ထင်ရှားသောအသံ ဖြစ်ပါသည်။ ဗျည်းသံသည် ပေါ်လွင်ထင်ရှားမှု နည်းသည်။ ဗျည်းသံကို ပေါ်လွင်ထင်ရှားလိုပါက သရသံနှင့်တွဲဖက် အသံထွက်ရပါသည်။

သရသံကို ရွတ်ဆိုလိုက်သည့်အခါတွင် အဆုတ်မှလေတို့သည် လည်ချောင်းအတွင်းရှိ အသံကြိုးကို တုန်ခါစေပြီး ခံတွင်း၌ အတားအဆီးမရှိဘဲ လွတ်လပ်စွာထွက်လာနိုင်ပါသည်။ လေသည်ခံတွင်းမှ လွတ်လပ်စွာ ထွက်နိုင်သည့်အတွက် အသံပေါ်လွင်ထင်ရှားမှု ရှိပါသည်။

မြန်မာစကားတွင် သရသံရိုးရိုး ခုနစ်သံရှိပါသည်။ သရသံရိုးရိုးဆိုသည်မှာ နှာခေါင်းသံပါဝင်ခြင်း၊ အသံရပ်သွားခြင်းမရှိဘဲ ရိုးရိုးထွက်ပေါ်လာသော သရသံကို ဆိုလိုပါသည်။ ယင်းတို့မှာ 'အီ၊ အေ၊ အယ်၊ အာ၊ အော်၊ အို၊ အူ' တို့ဖြစ်ပါသည်။ သရရိုးရိုး ခုနစ်သံကို ရွတ်ဆိုရသော လျှာအနေအထားအရ 'ရှေ့သရ' နှင့် 'နောက်သရ' ဟူ၍ ခွဲခြားနိုင်ပါသည်။ 'အီ၊ အေ၊ အယ်၊ အာ' သရများကိုရွတ်ဆိုရာတွင် လျှာရှေ့ပိုင်းသည် အာခေါင်မာဆီသို့ ဦးတည်လှုပ်ရှားရသည့်အတွက် 'ရှေ့သရ'များဟု ခေါ်ပါသည်။ 'အော်၊ အို၊ အူ' သရများကို ရွတ်ဆိုရာတွင်မူ လျှာနောက်ပိုင်းသည် အာခေါင်ပျော့ဆီသို့ ဦးတည်လှုပ်ရှားရသည့်အတွက် 'နောက်သရ' များဟု ခေါ်ပါသည်။

သရရိုးရိုးခုနစ်သံကို ရွတ်ဆိုရသော နှုတ်ခမ်းအနေအထားအရ 'နှုတ်ခမ်းပြန့်သရ' နှင့် 'နှုတ်ခမ်းဝိုင်းသရ'ဟူ၍ ခွဲခြားနိုင်ပါသည်။ 'အီ၊ အေ၊ အယ်၊ အာ'သရများကို ရွတ်ဆိုရာတွင် နှုတ်ခမ်းကိုပြန့်ပြီး ရွတ်ဆိုရသည့်အတွက် 'နှုတ်ခမ်းပြန့်သရ'များဟု ခေါ်ပါသည်။





နှုတ်ခမ်းပြန့်သရများ

'အော်၊ အို၊ အူ' သရများကို ရွတ်ဆိုရာတွင်မူ နှုတ်ခမ်းကိုဝိုင်းပြီး ရွတ်ဆိုရသည့်အတွက် 'နှုတ်ခမ်းဝိုင်းသရ'များဟု ခေါ်ပါသည်။



အော်



အူ

## နှုတ်ခမ်းဝိုင်းသရများ

အချို့သရများကို ရွတ်ဆိုသည့်အခါ လေသည် နှာခေါင်းမှထွက်သွားကာ နှာခေါင်းသံပါသွားသဖြင့် ယင်း သရတို့ကို 'နှာသံပါသရ'ဟု ခေါ်ပါသည်။ 'နှာသံပါသရ' ခုနစ်သံ ရှိသည်။ ယင်းတို့မှာ 'အင်၊ အန်၊ အွန်၊ အိန်၊ အုန်၊ အိုင်၊ အောင်'တို့ ဖြစ်ပါသည်။

အချို့သရများကို ရွတ်ဆိုရာတွင် လည်ချောင်းအတွင်းရှိ အသံကြိုးနှစ်ချောင်း တင်းတင်းစေ့ကပ်ကာ အသံရပ်သွားသဖြင့် ထိုသရမျိုးကို 'ရပ်သံသရ'ဟု ခေါ်ပါသည်။ 'ရပ်သံသရ' ရှစ်သံရှိသည်။ ယင်းတို့မှာ 'အစ်၊ အက်၊ အတ်၊ အွတ်၊ အိတ်၊ အုတ်၊ အိုက်၊ အောက်'တို့ဖြစ်ပါသည်။

ထိုသရများအပြင် အသံမပြည့်သော သရသံတစ်မျိုးလည်း ရှိသည်။ ယင်းကို 'မတြာဝက်သရ' ဟု ခေါ်ပါသည်။ 'အဖေ' 'အမေ'တို့တွင်ပါသော /အ/ သံမျိုးဖြစ်ပါသည်။

'သရသံ'များသည် အသံပေါ်လွင်မှုရှိသည့်အတွက် သူ့ချည်းသက်သက် ရွတ်ဆို၍လည်းကောင်း၊ 'ဗျည်းသံ' ပေါ်လွင်မှုအတွက် 'ဗျည်းသံ'နှင့်တွဲဖက်၍လည်းကောင်း စကားသံထုတ်လုပ်ရာတွင် အရေးပါသော စကားသံ အမျိုးအစားတစ်ရပ် ဖြစ်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ သရသံအကြောင်း နှင့် သရသံဖြစ်ပေါ်ပုံ
- ❖ သရမိုးမိုး၊ နှာသံပါသရ၊ ရပ်သံသရ၊ မတြာဝက်သရဟူသည့် မြန်မာသရများအကြောင်း
- ❖ လျှာနှင့်နှုတ်ခမ်းအနေအထားအရ သရအမျိုးအစားခွဲပုံတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ သရသံသည် အဘယ်ကြောင့် ပေါ်လွင်ထင်ရှားမှုရှိသနည်း။
၂။ မြန်မာသရ မိုးမိုးခုနစ်သံကို ရွတ်ဆိုပါ။
၃။ မြန်မာသရ မိုးမိုးခုနစ်သံကို လျှာအနေအထားနှင့် နှုတ်ခမ်းအနေအထားအလိုက် ခွဲခြားရွတ်ဆိုပါ။
၄။ နှာသံပါသရ ခုနစ်သံကိုရွတ်ဆိုပါ။
၅။ ရပ်သံသရ ရှစ်သံကို ရွတ်ဆိုပါ။
၆။ အသံမပြည့်သောသရအကြောင်း ဆွေးနွေးပါ။

## သရသံ ဗျည်းသံ အတွဲအစပ်

သရသံသည် အသံပေါ်လွင်ထင်ရှားမှု ရှိပါသည်။ သရသံသည် ဗျည်းသံနှင့်တွဲစပ်၍လည်းကောင်း၊ ဗျည်းသံနှင့် မတွဲစပ်ဘဲလည်းကောင်း စကားသံ ဖြစ်ပေါ်နိုင်ပါသည်။ ဗျည်းသံမှာမူ အသံပေါ်လွင်ထင်ရှားမှု နည်းသည့်အတွက် သရသံကို အမှီပြု၍ စကားသံ ဖြစ်ပေါ်ရပါသည်။

သာဓကအားဖြင့်- 'လ'ဗျည်းသံကို သရသံမပါဘဲ အသံထွက်လျှင် ပေါ်လွင်ထင်ရှားမှု မရှိပါ။ 'လ' ကို 'လ' /လ့/ ဟု အသံထွက်နိုင်ရန် 'အ'သရနှင့် တွဲဖက်ရပါသည်။ 'လ' ဗျည်းသံကို 'အူ' သရနှင့် တွဲလိုက်လျှင် 'လူ' ဟုအသံထွက်လာနိုင်ပြီး 'အာ'သရနှင့် တွဲလိုက်လျှင် 'လာ'၊ 'အက်'သရနှင့် တွဲလိုက်လျှင် 'လက်'ဟူ၍ အသံထွက်လာနိုင်ပါသည်။ ထို 'လူ၊ လာ၊ လက်' တို့သည် အသံတစ်သံသာထွက်ပြီး အနက် အဓိပ္ပာယ်ရှိသော စကားသံများဖြစ်ပါသည်။ ထိုစကားသံများတွင် ဗျည်းသံနှင့် သရသံတို့ တွဲစပ်ထားပါသည်။

အလားတူပင် ဗျည်းသံအမျိုးမျိုးတို့သည် သရသံအမျိုးမျိုးတို့နှင့် စကားသံအဖြစ် တွဲစပ်နိုင်ပါသည်။ 'က' ဗျည်းသံကို 'သရရိုးရိုး'ခုနစ်သံဖြင့် တွဲစပ်လျှင် 'က+အီ=ကီ၊ က+အေ=ကေ၊ က+အယ်=ကယ်၊ က+အာ=ကာ၊ က+အော်=ကော်၊ က+အို=ကို၊ က+အူ=ကူ' ဟူသော စကားသံများ ဖြစ်လာပါသည်။

'က'ဗျည်းသံကို 'နှာသံပါသရ' ခုနစ်သံဖြင့် တွဲစပ်လျှင် 'က+အင်=ကင်၊ က+အန်=ကန်၊ က+အွန်=ကွန်၊ က+အိန်=ကိန်၊ က+အုန်=ကုန်၊ က+အိုင်=ကိုင်၊ က+အောင်=ကောင်' ဟူသော စကားသံများ ဖြစ်လာပါသည်။

'က'ဗျည်းသံကို 'ရပ်သံသရ'ရှစ်သံဖြင့်တွဲစပ်လျှင် 'က+အစ်=ကစ်၊ က+အက်=ကက်၊ က+အတ်=ကတ်၊ က+အွတ်=ကွတ်၊ က+အိတ်=ကိတ်၊ က+အုတ်=ကုတ်၊ က+အိုက်=ကိုက်၊ က+အောက်=ကောက်' ဟူသော စကားသံများ ဖြစ်လာပါသည်။

သရသံသည် ထူးခြားမှုရှိပါသည်။ ဗျည်းသံသည် သရသံနှင့် တွဲဖက်မှ စကားသံဖြစ်နိုင်သော်လည်း သရသံများသည် သူ့ချည်းသက်သက် စကားသံအဖြစ် ဖွဲ့စည်းနိုင်ပါသည်။ 'အိုး'၊ 'အိမ်'၊ 'အိုင်'၊ 'အောင်'၊ 'အိတ်'၊ 'အုတ်' စသည့် စကားသံများသည် သရသံသက်သက်ဖြင့် ဖွဲ့ထားသောစကားသံများ ဖြစ်ပါသည်။

စကားပြောဆိုရာတွင် ဗျည်းနှင့်သရ တွဲစပ်၍ လည်းကောင်း၊ သရသက်သက်ဖြင့် လည်းကောင်း ထုတ်လုပ်လိုက်သော စကားသံများကို စကားလုံးအဖြစ် အသုံးပြုပါသည်။ စကားလုံးတစ်လုံးသည် စကားသံ တစ်သံတည်း ပါဝင်နိုင်သကဲ့သို့ တစ်သံထက်ပိုသော စကားသံများလည်း ပါဝင်နိုင်ပါသည်။ 'လူ၊ ကျောင်း၊ ပန်း' စသည့် စကားလုံးများတွင် စကားသံတစ်သံသာ ပါဝင်ပါသည်။ 'လူကြီး၊ ကျောင်းသား၊ ပန်းအိုး' စသည့် စကားလုံးများတွင် စကားသံနှစ်သံ ပါဝင်ပါသည်။ 'ရွာလူကြီး၊ ကျောင်းတော်သား၊ ကြွေပန်းအိုး' စသည့် စကားလုံးများတွင် စကားသံသုံးသံ ပါဝင်ပါသည်။

စကားပြောဆိုရာတွင် ဗျည်းသံသရသံတွဲစပ်မှုသည် အရေးပါသော သဘောလက္ခဏာတစ်ရပ်ပင် ဖြစ်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ သရသံသည် သူ့ချည်းသက်သက် အသံပေါ်လွင်စွာထွက်နိုင်ပုံ
- ❖ ဗျည်းသံသည် သရသံနှင့်တွဲဖက်မှ အသံပေါ်လွင်ထင်ရှားလာနိုင်ပုံ
- ❖ သရသက်သက်လည်းကောင်း၊ ဗျည်းနှင့်သရတွဲဖက်၍လည်းကောင်း စကားလုံးဖြစ်လာပုံတို့ ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ ဗျည်းသံသည် သရကိုအမှီပြုမှ စကားသံဖြစ်ပေါ်သည်ဟူသောအဆိုကို သာဓကပြ၍ပြောပြပါ။

၂။ ဗျည်းသံအမျိုးမျိုးကို သရရိုးရိုး ခုနစ်သံဖြင့် တွဲဖက်ရွတ်ဆိုပါ။

၃။ ဗျည်းသံအမျိုးမျိုးကို နှာသံပါသရ ခုနစ်သံဖြင့် တွဲဖက်ရွတ်ဆိုပါ။

၄။ ဗျည်းသံအမျိုးမျိုးကို ရပ်သံသရ ရှစ်သံဖြင့် တွဲဖက်ရွတ်ဆိုပါ။

၅။ အသံမပြည့်သောသရ (မတြာဝက်သရ) ပါဝင်သော စကားလုံးများကိုရွတ်ဆိုပြီး အသံပြောင်းပုံကို ဆွေးနွေးပါ။
(သာဓက - သူကြီး၊ လက်ဖက်၊ ဆံပင်)

၆။ သရသံသက်သက်ဖြင့် စကားလုံးအဖြစ် အသုံးပြုနိုင်သော သရသံများကို ရွတ်ဆိုဆွေးနွေးပါ။

## မြန်မာစကား၏ တက်ကျသံ

မြန်မာစကားတွင်အသံကိုပြောင်းလဲရွတ်ဆိုလိုက်သည့်အခါစကားလုံးကိုပြောင်းလဲသွားစေနိုင်သော အသံအတက်အကျများ ရှိပါသည်။ ထိုသို့ စကားလုံးကို ပြောင်းသွားစေသော အသံအတက်အကျကို 'တက်ကျသံ' ဟု ခေါ်ပါသည်။

မြန်မာစကားတွင် စကားလုံးကို အပြောင်းအလဲဖြစ်စေသည့် အသံသုံးမျိုးရှိပါသည်။ 'အ-အာ-အား'၊ 'က- ကာ - ကား' ဟူသော အသံမျိုးဖြစ်ပါသည်။ 'အ၊ က'တို့ကို ရွတ်ဆိုရာတွင် တိုတိုပြတ်တောင်းမာဆတ်သောအသံဖြင့် ရွတ်ဆိုရပါသည်။ 'အာ၊ ကာ'တို့ကို ရွတ်ဆိုရာတွင် ပြေပြေပြစ်ပြစ် ဆွဲဆွဲငင်ငင် ရွတ်ဆိုရပါသည်။ 'အား၊ ကား'ကိုမူ လေးလေးပင်ပင် ရွတ်ဆိုရပါသည်။ ထိုအသံသုံးသံသည် ရွတ်ဆိုပုံမတူဘဲ အဓိပ္ပာယ် မတူသော စကားလုံးများကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ထိုအသံသုံးသံကို မြန်မာစကား၏ တက်ကျသံ သုံးသံအဖြစ် သတ်မှတ်နိုင်ပါသည်။

တက်ကျသံသုံးသံတွင် ပထမအသံသည် အသံတိုတိုပြတ်ပြတ် ရွတ်ဆိုရသောအသံမျိုး ဖြစ်ပါသည်။ 'အ၊ အိ၊ အု' ၊ 'က၊ ကိ၊ ကု' ကဲ့သို့သော အသံမျိုး ဖြစ်ပါသည်။ စာရေးသည့်အခါ 'ကာ့၊ ကူ့' ကဲ့သို့သော အောက်မြစ်ပါသော အသံမျိုးဖြစ်သဖြင့် 'အမြစ်သံ'ဟုလည်း ခေါ်ပါသည်။ အသံအစ်သည့် သဘောရှိသည့်အတွက် 'အစ်သံ'ဟုလည်း ခေါ်ပါသည်။ 'သံလတ်' ဟုလည်း ခေါ်ပါသည်။

ဒုတိယအသံမှာ အသံကို ပြေပြေပြစ်ပြစ် ဆွဲဆွဲငင်ငင် ရွတ်ဆိုရသောအသံမျိုးဖြစ်ပါသည်။ 'အာ၊ အီ၊ အူ'၊ 'ကာ၊ ကီ၊ ကူ' ကဲ့သို့သော အသံမျိုး ဖြစ်ပါသည်။ အမြစ်သံနှင့် ဝစ္စပေါက်သံမပါသော အသံမျိုးဖြစ်သည်။ အသံပြေပြစ်သည့်အတွက် 'သံပြေ' ဟုခေါ်ပါသည်။ 'သံလွင်'ဟုလည်း ခေါ်ပါသည်။

တတိယအသံမှာလေးလံပြီး ရှည်လျားစွာဆွဲငင်ရွတ်ဆိုနိုင်သော အသံမျိုးဖြစ်ပါသည်။ 'အား၊ အီး၊ အူး'၊ 'ကား၊ ကီး၊ ကူး'ကဲ့သို့သော အသံမျိုးဖြစ်ပါသည်။ ဝစ္စပေါက်ပါသောအသံမျိုးဖြစ်သည့်အတွက် 'ဝစ္စပေါက်သံ' ဟုခေါ်ပါသည်။ အသံလေးပင်သည့်အတွက် 'သံလေး'ဟုလည်း ခေါ်ပါသည်။

စကားပြောရာတွင် စကားလုံးများရှိ တက်ကျသံများကို သူ့နေရာနှင့်သူ မှန်ကန်စွာ ပြောဆို အသုံးပြုရသည်။ "လေလာတယ်" ဟုပြောလိုသည်ကို သံပြေ 'လေ' တွင် ဝစ္စပေါက်သံထည့်၍ "လေးလာတယ်" ဟု ပြောလျှင် အဓိပ္ပာယ် လွဲမှားသွားပါမည်။ "မောင်မောင် ယူသွားတယ်" ဟူသောစကားနှင့် "မောင်မောင် ရှူးသွားတယ်" ဟူသော စကားနှစ်ခွန်းတွင် စကားသံအရ ဝစ္စပေါက်သံပါမှု၊ မပါမှုပေါ်မူတည်ကာ အဓိပ္ပာယ်များစွာ ပြောင်းလဲသွားနိုင်ပါသည်။

အောက်ပါသာဓကများတွင်လည်း တက်ကျသံပြောင်းလဲမှုကြောင့် စကား၏ အဓိပ္ပာယ်ပြောင်းသွားသည်ကို လေ့လာနိုင်ပါသည်။

"ကနေတယ်"၊ "ကာနေတယ်"၊ "ကားနေတယ်"
"စလာတယ်"၊ "စာလာတယ်"၊ "စားလာတယ်"
"ဝလာတယ်"၊ "ဝါလာတယ်"၊ "ဝါးလာတယ်"
"ကုပေးပါ"၊ "ကူပေးပါ"၊ "ကူးပေးပါ"
"တုတယ်"၊ "တူတယ်"၊ "တူးတယ်"
"ကျနေတယ်"၊ "ကြာနေတယ်"၊ "ကြားနေတယ်"

"မြင့်လာတယ်"၊ "မြင်လာတယ်"၊ "မြင်းလာတယ်"
"ပျော့နေတယ်"၊ "ပျော်နေတယ်"၊ "ပြောနေတယ်"
"ပေါ့နေတယ်"၊ "ပေါ်နေတယ်"၊ "ပေါနေတယ်"

စသည့် စကားများတွင်ပါဝင်သော စကားလုံးအချို့၏ တက်ကျသံ မတူညီမှုကြောင့် စကားတစ်ခွန်းနှင့် တစ်ခွန်း အဓိပ္ပာယ်မတူညီကြောင်း တွေ့နိုင်ပါသည်။

မြန်မာစကားရှိ သရသံများမှ 'သရရိုးရိုး' ခုနစ်သံနှင့် 'နှာသံပါသရ' ခုနစ်သံတို့ကို တက်ကျသံ သုံးသံဖြင့် ရွတ်ဆိုနိုင်ပါသည်။ သာဓကအားဖြင့် 'သရရိုးရိုး' 'အီ' ကို 'အိ၊ အီ၊ အီး'ဟုလည်းကောင်း၊ 'နှာသံပါ သရ' 'အင်' ကို 'အင့်၊ အင်၊ အင်း'ဟုလည်းကောင်း ရွတ်ဆိုနိုင်ပါသည်။ အလားတူပင် ထိုသရတို့နှင့် ဗျည်းတွဲစပ်ထားသည့် စကားသံများကိုလည်း တက်ကျသံသုံးသံဖြင့် ရွတ်ဆိုကာ စကားလုံးများ ပွားနိုင်ပါသည်။ သာဓကအားဖြင့် 'စ+အီ-စီ' ကို 'စိ၊ စီ၊ စီး' ဟူ၍လည်းကောင်း၊ 'ခ+အင်-ခင်'ကို 'ခင့်၊ ခင်၊ ခင်း' ဟူ၍လည်းကောင်း စကားလုံးများပွားနိုင်ပါသည်။

ရပ်သံသရရှစ်သံဖြစ်သည့် 'အစ်၊ အက်၊ အတ်၊ အွတ်၊ အိတ်၊ အုတ်၊ အိုက်၊ အောက်'တို့မှာမူ အသံပြတ်သွား၊ ရပ်သွားသော သဘောရှိသည့်အတွက် တက်ကျသံသုံးသံဖြင့် ရွတ်ဆို၍ မရပါ။ ရပ်သံသရ ရှစ်သံတွင် အသံတစ်မျိုးစီသာရှိပါသည်။ အသံမပြည့်သည့် 'မကြာဝက်သရ' ကိုလည်း တက်ကျသံ သုံးသံဖြင့် ရွတ်ဆို၍မရပါ။

မြန်မာစကားပြောဆိုရာတွင် တက်ကျသံ မှားယွင်းလျှင် ဆိုလိုချက် ဝေဝါးရုံမက အဓိပ္ပာယ်လည်း လွဲမှားသွားနိုင်ပါသည်။ မြန်မာစကားကို ထိရောက်မှန်ကန်စွာ ပြောဆိုနိုင်ရန်အတွက် တက်ကျသံများကို မှန်ကန်စွာ အသုံးပြုနိုင်ရန် လိုအပ်ပါသည်။ မြန်မာစကားရှိ တက်ကျသံများအကြောင်းကို ကောင်းစွာသိရှိ နားလည်မည်ဆိုပါက စကားပြောရာတွင် အဓိပ္ပာယ်လွဲမှားမှု မရှိတော့ဘဲ ရှင်းရှင်းလင်းလင်း ပြောဆိုနိုင်မည် ဖြစ်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ မြန်မာဘာသာစကားရှိ အစ်သံ၊ သံပြေ၊ သံလေး ဟူသည့် တက်ကျသံသုံးမျိုးအကြောင်း
- ❖ စကားလုံးရှိ တက်ကျသံပြောင်းလျှင် စကားအဓိပ္ပာယ်ပြောင်းနိုင်ပုံ
- ❖ မြန်မာသရများတွင် သရရိုးရိုး၊ နှာသံပါသရ တို့ကို တက်ကျသံသုံးသံဖြင့် ရွတ်ဆိုနိုင်ပုံ
- ❖ ရပ်သံသရ၊ မကြာဝက်သရ တို့ကို တက်ကျသံသုံးသံဖြင့် မရွတ်ဆိုနိုင်ပုံတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ မြန်မာဘာသာစကားရှိ တက်ကျသံသုံးသံအကြောင်းကို ပြောဆိုရှင်းပြပါ။
၂။ မြန်မာစကားရှိ တက်ကျသံသုံးသံကို သရရိုးရိုး ခုနစ်သံဖြင့်တွဲဖက်၍ အကြိမ်ကြိမ်ရွတ်ဆိုပါ။
၃။ မြန်မာစကားရှိ တက်ကျသံသုံးသံကို နှာသံပါသရ ခုနစ်သံဖြင့် တွဲဖက်၍ အကြိမ်ကြိမ်ရွတ်ဆိုပါ။
၄။ တက်ကျသံပြောင်းသဖြင့် အဓိပ္ပာယ်ပြောင်းသွားသော စကားလုံးများကို သင်သိသမျှ ပြောပါ။
၅။ မြန်မာစကားတွင် တက်ကျသံသည် အရေးကြီးသည်ဟု သင်ထင်ပါသလား။ ပြောဆိုရှင်းပြပါ။
၆။ တက်ကျသံမမှန်လျှင် စကားလုံးအဓိပ္ပာယ်လွဲမှားနိုင်ကြောင်းကို ကိုယ်တွေ့အတွေ့အကြုံဖြင့် ပြောပြပါ။

## မြန်မာစကားသံ အသံထွက်လမ်းညွှန်

မြန်မာဘာသာစကားကို ပြောဆိုရာတွင် အသံထွက် မှန်ကန်စေရန် စကားလုံးများ၏ အသံထွက်များကို မြန်မာအဘိဓာန်တွင် ဖော်ပြထားပါသည်။ မြန်မာအဘိဓာန်တွင် မြန်မာစကားသံများ၏ အသံထွက်ကို ဖော်ပြရာ၌ ဗျည်းသံများအတွက် အောက်ပါ အသံထွက်ပြ ဗျည်းများကို အသုံးပြုသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| က | ခ | ဂ | င | ပ | ဖ | ဗ | မ |
| စ | ဆ | ဇ | ည | ယ | ရ° | လ | ဝ |
| တ | ထ | ဒ | န | သ | သ့၂ | ဟ | ဟ့၃ |

တို့ဖြစ်ပါသည်။ အဆိုပါဗျည်းများတွင်

ရ° = 'ပရိဘောဂ'တွင် ပါသော 'ရ' သံ ကဲ့သို့ လျှာလိပ်သံဆိုရန်

သ့၂ = 'သတိ'၊ 'သတင်း'တို့တွင်ပါသော 'သ'သံကဲ့သို့ ဆိုရန်

ဟ့၃ = 'မောင်ဘရေ' ဟု ခေါ်လိုက်သောအခါ 'ဟေ' ဟု ပြန်ထူးသံတွင်ပါသည့် 'ဟ'သံ ကဲ့သို့ ဆိုရန်ဖြစ်ပါသည်။

သရသံများကိုဖော်ပြရာတွင် အောက်ပါအတိုင်း အသံထွက်များကို ဖော်ပြနိုင်ပါသည်။

အာ့ - 'လူနံ့လူအ'၊ 'ဒဂိုးအသည်'တို့တွင်ပါသော 'အ'သံကဲ့သို့ အသံပြည့်ထွက်သောအသံမျိုးအတွက် ပြသည်။

သာဓက ။ ။

| ဝေါဟာရ | အသံထွက် |
|---|---|
| က ပြား<br>ခ စား | ကာ့ ပျား<br>ခါ့ ဇား |

အ - 'အပြော'၊ 'အဆို' တို့တွင်ပါသော 'အ'သံ ကဲ့သို့ အသံတစ်ဝက်ထွက်သော အသံမျိုးအတွက်ပြသည်။ အသံမပြည့်သောသရ(မဇြာဝက်သရ)ကို ပြခြင်းဖြစ်သည်။

သာဓက ။ ။

| ဝေါဟာရ | အသံထွက် |
|---|---|
| က စား<br>စ ပါး | ဂ ဇား<br>ဇ ဗား |

-င် = 'အင်'၊ 'အဉ်' သံ အတွက်ပြသည်။

-တ် = 'အတ်၊ အပ်' 'အိတ်၊ အိပ်' 'အုတ်၊ အုပ်' သံတို့အတွက် ပြသည်။

(ခြွင်းချက်။ ။ 'ကီလိုဝပ်'သံကဲ့သို့ ပ သတ်(ပ်)သံ ထင်ရှားထွက်လျှင် ပသတ်(ပ်)ဖြင့်သာ ပြသည်။)

ည = ဣ နှင့် ည သံတို့အတွက် ပြသည်။

ိ = အိ ၊ အည် သံတို့အတွက် ပြသည်။

-န် = 'အံ၊ အန်၊ အမ်' 'အိန်၊ အိမ်' 'အုံ၊ အုန်၊ အုမ်' သံတို့အတွက် ပြသည်။

(ခြွင်းချက်။ ။ 'မြုံ့နွမ်'သံကဲ့သို့ မ သတ်(မ်)သံ ထင်ရှားထွက်လျှင် မသတ်(မ်)ဖြင့်သာ ပြသည်။)

ယပင့်၊ ရရစ် သံတို့ကို အသံထွက်ပြသည့်အခါ အပင့်(ျ)ဖြင့်သာ ပြပါသည်။ အသံထွက်ဖော်ပြပုံ သာဓကများမှာ အောက်ပါအတိုင်းဖြစ်သည်။

သာဓက ။ ။ ကျွာပွတ် /ကျာဗွတ်/

ကြေး /ကျီး၊ ကျေး/

ရေးထားသည့်အတိုင်းမဟုတ်ဘဲ ပြောင်းလဲ၍ အသံထွက်ရသော စကားလုံးတို့၏ အသံထွက်များကို အောက်ပါအတိုင်း ဖော်ပြပါသည်။

သာဓက ။ ။ တာချင်း / တာဂျင်း/

ကုလားပဲ / ကလဗဲ/

ချက် / ဂျက် /

ရေးထားသည့်အတိုင်း အသံထွက်သည့်စကားလုံးများကို အဘိဓာန်တွင် အသံထွက်မဖော်ပြပါ။

**မှတ်ချက်(၁)** ။ ။ အသံပြည့်၊ အသံဝက်ထွက်သော အက္ခရာမျိုးပါဝင်သည့်စကားလုံးတို့နှင့် ပတ်သက်၍

(က) အသံပြည့်ထွက်သော အက္ခရာမျိုးပါဝင်သည့် စကားလုံး၌သာ အသံထွက်ဖော်ပြပါသည်။

သာဓက ။ ။ ကပြား /ကပ္ပျား/

ကက္ကရံ / ကက္ကယန်/

(ခ) အသံတစ်ဝက်ထွက်သော အက္ခရာမျိုးပါဝင်သည့်စကားလုံး၌ ( အခြားစာလုံး အသံမပြောင်းလျှင်) အသံထွက် မဖော်ပြပါ။

သာဓက ။ ။ ခလုတ်

အကြောင်းအရာ

**မှတ်ချက်(၂)** ။ ။ 'ယ'သံ၊ 'ရ'သံ လျှာလိပ်သံနှင့် ပတ်သက်၍

(က) လျှာလိပ်သံထွက်သော စကားလုံး၌သာ အသံထွက်ဖော်ပြသည်။

သာဓက ။ ။ ပရိဘောဂ /ပရိဘောဂ/

ဝါရမိတ္တုရက် /ဝါရာမိတ်တုယက်/

(ခ) 'ယ' သံထွက်သော စကားလုံး၌ အသံထွက်မဖော်ပြပါ။

သာဓက ။ ။ ရေ

ရောင်ရမ်း

အသံထွက်ကိုဖော်ပြရာတွင် မျဉ်းစောင်း / / နှစ်ခုကြားတွင် အသံထွက် စကားလုံးကို ဖော်ပြပါသည်။ အချို့အထက်အောက် တည်ပုဒ်အစဉ်၌ အသံတူပါရှိလျှင် ၎င်းအသံတူကို အောက်စကားလုံး၌ မြှုပ်ချန်ထားပါသည်။ ' - ' သင်္ကေတတွင် မြှုပ်ချန်ထားသော အသံတူကိုထည့်၍ ထွက်ဆိုရန်ဖြစ်သည်။

သာဓက ။ ။ (၁) ကစား /ဂဇား/

ကစားဝိုင်း /- ဝိုင်း/

(၂) ကာလသား /ကာလဒ့သား/

ကာလသားချက် /- ဂျက်/

ကာလသားရောဂါ /-ယောဂါ/

မြန်မာအဘိဓာန်၏ အသံထွက်လမ်းညွှန်များကိုသိရှိပါက မြန်မာစကားအသံထွက် မှန်ကန်ရေး အတွက် အဘိဓာန်ကို အသုံးပြုကာ လေ့ကျင့်ရွတ်ဆိုနိုင်မည်ဖြစ်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ မြန်မာစကားလုံးများကို အသံထွက်အတိုင်း အရေးဖြင့်ဖော်ပြရာတွင် အသုံးပြုသည့် မြန်မာအဘိဓာန် အသံထွက်စနစ်
- ❖ မြန်မာအဘိဓာန် အသံထွက်စနစ်တွင် အသုံးပြုသော ဗျည်း၊ သရ နှင့် အသတ်များ
- ❖ အသံထွက်ကို မျဉ်းစောင်း နှစ်ခုဖြင့် ဖော်ပြပုံတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ မြန်မာအဘိဓာန်၏ အသံထွက်စနစ်အရ "ကျောက်သင်ပုန်း၊ ကျောင်းခေါင်းလောင်း၊ ကျောင်းသား၊ ကျောင်းသူ၊ ကျောင်းနေဖက်၊ စာသင်ခန်း၊ စာသင်သား၊ လေ့ကျင့်ခန်း၊ သင်ခန်းစာ၊ သင်ရိုးညွှန်းတမ်း"တို့ကို မည်သို့ ဖော်ပြရသနည်း။

၂။ အောက်ပါအသံထွက်များသည် မည်သည့်စကားလုံးများ၏ အသံထွက်ဖြစ်ကြောင်း ရှင်းပြပါ။

| | |
|---|---|
| (၁) /ကဒ့ဂျီး/ | (၆) /ဂေါင်းဇီး/ |
| (၂) /ကျာသ့ာဗဒေး/ | (၇) /ချေဗျားထောက်/ |
| (၃) /တရိယာဝိသေသန/ | (၈) /ညန်ဂဇား/ |
| (၄) /တွန်းခေါင်ဂိုင်/ | (၉) /တယာဂျင်း/ |
| (၅) /ခဲခန်/ | (၁၀) /ဝက်ကျာ့/ |

၃။ မြန်မာအဘိဓာန်မှ မြန်မာစကားသံ အသံထွက်လမ်းညွှန်ချက်များကို မည်သို့အသုံးချနိုင်ကြောင်း ရှင်းပြပါ။

# အခန်း - ၂
# အပြောအဆိုဆိုင်ရာလမ်းညွှန်ချက်

## စကားပြောကောင်းခြင်း

စကားသည် မနောမယပတ္တမြားကဲ့သို့ တန်ခိုးကြီးလှပေသည်။ စကားသည်တိုင်းပြည်တစ်ခု ပေါ်ထွန်းလာရန်ကို ပြုနိုင်စွမ်းသကဲ့သို့ တိုင်းပြည်တစ်ပြည်ကို ပျက်စီးအောင်လည်းပြုနိုင်သည်။ စကားသည် လူတစ်ဦးအား နတ်ပြည်သို့ ပို့နိုင်သကဲ့သို့ ငရဲပြည်သို့လည်း ကျရောက်စေနိုင်သည်။ စကားသည် လူတစ်ဦးကိုကူညီနိုင်သကဲ့သို့ ပျက်စီးသွားအောင်လည်း ပြုနိုင်စွမ်းသည်။ စကားသည် လူတစ်ဦးအား ချမ်းသာသုခရစေနိုင်သကဲ့သို့ ဆင်းရဲဒုက္ခကိုလည်း ဖြစ်စေနိုင်သည်။

စကားပြောကောင်းခြင်းသည် အဖိုးတန်သော ပညာတစ်ရပ်ဖြစ်သည်။ အခြားအဖိုးတန် ပညာရပ်များကဲ့သို့ပင် ၎င်းအတတ်ကို လေ့လာသင်ယူသင့်သည်။ စကားပြောဆိုရာတွင် အနည်းဆုံး လူနှစ်ဦးရှိမှသာ ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ တစ်ဦးက ကောင်းစွာစကားပြောသူဖြစ်၍ တစ်ဦးကကောင်းစွာ နားထောင်သူဖြစ်ရမည်ဖြစ်သည်။ စကားစမြည်ပြောဆိုရာတွင် တစ်ဦးတည်းကသာ အဆက်မပြတ် အပြောသမားဖြစ်နေပါက ထိုစကားဝိုင်းမှာ ပျက်စီးသွားရသည်။ နှစ်ဦးစလုံးက မပြောလျှင်လည်း စကားပြောဆိုမှုမဖြစ်နိုင်ပါ။ ထို့အတူ တစ်ဦးကစကားပြောနေသည်ကို ကျန်တစ်ဦးက ကောင်းစွာနားမထောင်ပါက စကားဝိုင်းမှာ ဆားမပါသောဟင်းကဲ့သို့ ပေါ့ပြက်ပြက် ဖြစ်သွားမည်။ သို့ဖြစ်ရာ စကားပြောဆိုရာ၌ ကောင်းစွာအထမြောက်အောင်မြင်ရန်အတွက် ကောင်းစွာနားထောင်တတ်အောင်နှင့် ကောင်းစွာပြောတတ်အောင် နှစ်မျိုးစလုံးကို လေ့ကျင့်ထားရမည်ဖြစ်သည်။

စကားပြောကောင်းသူဖြစ်စေရန်အတွက် အရေးကြီးသည့်အချက်မှာ အခြားသူများ စိတ်ဝင်စားမည့် အကြောင်းအရာများကိုသာ ပြောဆိုရန်ဖြစ်သည်။ သူတစ်ပါးစိတ်ဝင်စားသော အကြောင်းအရာကို ချန်လှပ်၍ မိမိစိတ်ဝင်စားသော အကြောင်းအရာများကိုသာ ပြောနေပါက နားထောင်နေသူများမှာ ပျင်းရိငြီးငွေ့လာပေလိမ့်မည်။ မိမိစကားပြောဆိုနေစဉ်တွင် အခြားသူများ စိတ်ဝင်စားစေမည့် အကြောင်းအရာများကို အမြဲစဉ်းစား၍ ထည့်သွင်းပြောဆိုမိအောင် ကြိုးစားရမည်။ ထို့ပြင် စကားဆိုပြောရာတွင် မိမိစိတ်ထဲ၌ ထင်မြင်ယူဆသည့်အတိုင်း ရဲရဲဝံ့ဝံ့စွာပြောဆိုရန်ဖြစ်သည်။ ဟန်လုပ်၍ ပြောသောစကားသည် နားထောင်၍ ကောင်းသည့်တိုင် အနှစ်သာရ မရှိလှပေ။ နားထောင်သူကလည်း စိတ်ဝင်စားမည်မဟုတ်ပေ။ မိမိထင်မြင်ယူဆသည့်အတိုင်း ပြောဆိုခြင်းသည် စကားပြောရာတွင် များစွာထိရောက်လှသည်။ နားထောင်သူများမှာလည်း စိတ်အားထက်သန်မှု ရှိလာနိုင်သည်။

မိမိစကားပြောဆိုသည့်အလှည့်ပြီး၍ အခြားသူများပြောဆိုသည့်အခါတွင် မိမိသည် နားထောင်သူအဖြစ် သူတစ်ပါးပြောဆိုမှုကို စိတ်ပါဝင်စားစွာ နားထောင်ရမည်။ သူတစ်ပါးပြောသောစကားတွင် မိမိစိတ်

နှင့် မကိုက်ညီသော အချက်များတွေ့ရှိပါကလည်း ရိုင်းစိုင်းစွာ ဆန့်ကျင်ဘက်ပြု၍ မပြောဆိုသင့်ပေ။ စကားပြောကောင်းသူဖြစ်ရန် အကောင်းဆုံးနည်းလမ်းမှာ ယဉ်ကျေးမှုရှိခြင်းနှင့် ကိုယ်ချင်းစာမှုရှိခြင်းပင်ဖြစ်သည်။ စကားပြောရာတွင် သူတစ်ပါးအပေါ် ထောက်ထားမှုပြနိုင်သမျှပြရမည်။ မိမိကပြောရန် အလိုရှိသကဲ့သို့ သူတစ်ပါးကလည်း ပြောချင်လိမ့်မည်ဟု သိရှိနားလည်ထားရမည်။ မိမိပြောသော အချက်အလက်များကို သူတစ်ပါးက လက်မခံသောအခါ စိတ်ဆိုးတတ်သကဲ့သို့ သူတစ်ပါး၏ ပြောဆိုချက်ကို မိမိက လက်မခံသောအခါ သူတစ်ပါးက စိတ်ဆိုးတတ်သည်ကိုလည်း နားလည်ထားရမည်။

စကားပြောကောင်းစေရန်အတွက် ချွတ်ယွင်းချက်သုံးရပ်ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ပထမချွတ်ယွင်းချက်မှာ သူတစ်ပါးစကားပြောနေစဉ် ကြားဖြတ်ဝင်ပြောတတ်သောအကျင့်ဖြစ်သည်။ ဒုတိယချွတ်ယွင်းချက်မှာ မိမိစကားပြောနေစဉ် သူတစ်ပါးကြားဖြတ်ဝင်ပြောသည်ကို သည်းမခံတတ်သော အကျင့်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုရာတွင် ရည်ရွယ်ချက်အမျိုးမျိုး ရှိနိုင်သော်လည်း အဓိကရည်ရွယ်ချက်မှာ တစ်ဦးကတစ်ဦးကို အသိပေးခြင်းဖြစ်သည်။ မိမိက အခြားတစ်ဦးကို စကားပြောဆိုရာတွင် မိမိအတွက် ပြောသည်ဟု သဘောမထားဘဲ တစ်ဖက်သားအတွက်ပြောသည်ဟူသော စိတ်ကိုထားရှိနိုင်ရမည်။ ထိုသို့သဘောထားသူသည် သူတစ်ပါးနားမထောင်လျှင် ဖွတ်နားထောင်အောင်လုပ်မည် မဟုတ်သည့်အပြင် သူတစ်ပါးပြောနေစဉ် ကြားဖြတ်ဝင်ပြောမည် မဟုတ်ချေ။ မိမိပြောဆိုနေစဉ် သူတစ်ပါးကြားဖြတ် ဝင်ပြောပါကလည်း ခွင့်လွှတ်နိုင်မည်ဖြစ်သည်။ တတိယချွတ်ယွင်းချက်မှာ စကားပြောရာ၌ ကြားဖြတ်မပြောသော်လည်း ပြောသကဲ့သို့ ဆိုးရွားသော ချွတ်ယွင်းချက်ဖြစ်သည်။ ယင်းမှာ အခြားသူများ စကားပြောနေစဉ် ကြားဖြတ်ပြောခွင့်မရသဖြင့် သူတစ်ပါးပြောသည်ကို ဂရုတစိုက်နားမထောင်ဘဲ ကိုယ်ထင်ရာတွေးတောနေခြင်းမျိုးဖြစ်သည်။ ထိုသူမျိုးသည် ပြောနေသောအကြောင်းအရာနှင့် လုံးဝမပတ်သက်ဘဲ မသက်ဆိုင်သောအကြောင်းကို ရုတ်တရက် ဝင်ပြောလိုက်တတ်လေသည်။

**ဒေါ်သန်းတင်**

**သင်ခန်းစာဆိုလိုရင်း**

- စကား၏အရေးကြီးပုံနှင့် စကားပြောကောင်းသူ ဖြစ်စေသည့်အချက်များ
- စကားပြောကောင်းစေရန် ရှောင်ကြဉ်ရမည့် ချွတ်ယွင်းချက် သုံးရပ်တို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စကားပြောကောင်းခြင်းနှင့်ပတ်သက်သည့် သင့်ထင်မြင်ယူဆချက်ကို ပြောဆိုဆွေးနွေးပါ။

၂။ စကားပြောကောင်းသူတစ်ယောက်အနေဖြင့် နားထောင်သူဘက်ကို မည်သို့ထည့်သွင်းစဉ်းစားသင့်ကြောင်း ပြောဆိုဆွေးနွေးပါ။

၃။ စကားပြောကောင်းစေရန်အတွက် ရှောင်ကြဉ်ရမည့် ချွတ်ယွင်းချက်သုံးရပ်ကို သင့်အတွေ့အကြုံအရ ဆွေးနွေးပါ။

## စကားအရာ အင်္ဂါလေးတန်

မြန်မာ့လူမှုနယ်ပယ်တွင် စကားပြောဆိုမှုနှင့်ပတ်သက်၍ 'စကားအရာအင်္ဂါလေးတန်' ဟူသော အစဉ်အလာလမ်းညွှန်သည့် ဆိုရိုးစကားရှိပါသည်။ ထိုအင်္ဂါလေးတန်မှာ စကားအရာ၌ 'သုဘာသိတ' ကောင်းသောစကားကို ပြေပြစ်စွာပြောဆိုခြင်း၊ 'ပိယဝါစာ' ချစ်ခင်နှစ်သက်ဖွယ်ပြောဆိုခြင်း၊ 'သစ္စာ' ဟုတ်မှန်ရာကို ပြောဆိုခြင်း၊ 'ဓမ္မ' တရားသဖြင့် ပြောဆိုခြင်းတို့ဖြစ်ပါသည်။

'သုဘာသိတ'သည် ဆိုသင့်ဆိုအပ်သော၊ ပြောသင့်ပြောအပ်သော၊ ကောင်းမွန်သောစကားကို ကောင်းမွန်ပြေပြစ်စွာ ပြောဆိုခြင်းဖြစ်သည်။ စကားပြောဆိုခြင်းသည် သတင်းအချက်အလက်နှင့် စိတ်ခံစားမှုကိုဖော်ပြသည့် အသုံးအဆောင်ဖြစ်သည်သာမက လူအချင်းချင်းဆက်သွယ်ရာတွင်အသုံးပြုသည့် ဆက်သွယ်ရေးကိရိယာလည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုရာတွင် ပြောသင့်ပြောအပ်သော စကားမျိုးရှိသကဲ့သို့ မပြောသင့်မပြောအပ်သော စကားမျိုးလည်းရှိသည်။ ပြောသင့်ပြောအပ်သော စကားမျိုးကို ကောင်းမွန်ချောင်စွာ ပြောဆိုခြင်းသည်'သုဘာသိတဝါစာ'ဖြစ်သည်။ ပြောသင့်ပြောအပ်သောစကားကို ကောင်းမွန်ချောင်စွာ ပြောဆိုခြင်းဖြင့် လူမှုဆက်ဆံရေးကို အထောက်အကူဖြစ်စေသည်။ မပြောသင့် မပြောအပ်သော စကားကို ပြောဆိုပါက လူမှုဆက်ဆံရေးအတွက် အဟန့်အတားဖြစ်စေမည်ဖြစ်သည်။ ထို့ကြောင့် ပြောသင့် ပြောအပ်သော ကောင်းမွန်သည့်စကားမျိုးကိုသာ ကောင်းမွန်ချောင်ပြေပြစ်စွာ ပြောသင့်သည်။

'ပိယဝါစာ' ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုခြင်းသည် လူအများလိုလားသောအရာဖြစ်သည်။ ချစ်ခင်နှစ်သက်ဖွယ်စကားပြောဆိုတတ်ခြင်းသည် ကြင်နာတတ်သောစိတ်ထားမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကြင်နာတတ်သောသူသည် စာနာစိတ်ဖြင့် ချစ်ခင်နှစ်သက်ဖွယ်စကားကို ပြောဆိုတတ်ကြသည်။ တစ်ကိုယ်ကောင်းစိတ်ရှိသူများသည် အများအကျိုးကိုမကြည့်ဘဲ မိမိအကျိုးကိုသာ ကြည့်တတ်သဖြင့် ကိုယ်ချင်းစာစိတ် မရှိတတ်ကြပေ။ ကိုယ်ချင်းစာစိတ်မရှိသူသည် စကားကိုချစ်ခင်နှစ်သက်ဖွယ် ပြောဆိုလေ့မရှိကြပေ။ ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုသောစကားသည် ကောင်းကျိုးချမ်းသာကိုပေးနိုင်သကဲ့သို့ ကြမ်းတမ်းသောစကားသည် ဆိုးကျိုးများစွာကို ပေးနိုင်သည်။ ရက်စက်ကြမ်းကြုတ်စွာပြောလိုက်သော စကားတစ်ခွန်းသည် သူတစ်ပါး၏ပျော်ရွှင်မှုကို တစ်ခဏအတွင်း ဖျက်ဆီးပစ်နိုင်သည်။ ထို့အတူ ချိုချိုသာသာချစ်ဖွယ်ရာဆိုသောစကားသည် သူတစ်ပါးကို ပျော်ရွှင်အားတက်အောင် ပြုလုပ်ပေးနိုင်သည်။ စကားကို ချစ်ခင်နှစ်သက်ဖွယ်ပြောဆိုခြင်းသည် ငွေကုန်ကြေးကျခံစရာမလိုဘဲ အသုံးပြုနိုင်သော အဖိုးတန်အသုံးအဆောင် တစ်ခုဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင်လက်ဆောင်ပေးလေ့ရှိကြသည်။ လူမှုဆက်ဆံရေးတွင်ငွေကြေးမကုန်ကျဘဲပေးနိုင်သောအများနှစ်သက်သည့် လက်ဆောင်မှာ 'ပိယဝါစာ' ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုခြင်းပင်ဖြစ်သည်။

စကားမှာ 'သစ္စာ' ဟုဆိုရာတွင် ဟုတ်မှန်သောစကားကိုသာ ပြောဆိုသင့်သည်ကို ဆိုလိုခြင်းဖြစ်သည်။ မမှန်သောစကားဖြစ်မှန်းသိလျက်နှင့် ဖွတ်အတင်းမပြောဆိုသင့်ပေ။ မုသားပြောဆိုခြင်းသည် သူတစ်ပါးကို စော်ကားခြင်းဖြစ်သည်။ သစ္စာတရားမရှိသောနေရာတွင် လူမှုဆက်ဆံရေးမှာလည်း ယုံကြည်စိတ်ချ၍ မဖြစ်

နိုင်ပေ။ တစ်ဦးနှင့်တစ်ဦး မယုံကြည်စိတ်မချရလျှင် ယဉ်ကျေးမှုလည်းပျောက်ကွယ်သွားပါလိမ့်မည်။ မုသားပြောသူသည် သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေသကဲ့သို့ မိမိကိုယ်တိုင်လည်း ထိခိုက်နစ်နာရသည်သာဖြစ်သည်။ မုသားပြောသူသည် သူတစ်ပါး၏ အထင်အမြင်သေးခြင်းကို ခံရသည်သာမက ၎င်းစိတ်ဓာတ်မှာလည်း တစ်နေ့တခြား ယုတ်ညံ့လာတတ်သည်။ မဟုတ်မမှန်သော မုသားစကားကို အကြိမ်ကြိမ်ပြောတတ်သူသည် အလေ့အကျင့်ဖြစ်ကာ ဟုတ်မှန်သောစကားကို မဆိုတတ်တော့ပေ။ မုသားမပြောရလျှင် မနေနိုင်အောင်ပင် ဖြစ်လာတတ်သည်။ ထိုသူသည် အမှန်တရားကိုပြောသည့်အခါ၌ပင် လူအများက ယုံကြည်ခြင်းမရှိတော့ဘဲ လူလိမ်လူညာဟုသာ ယူဆလာကြသည်။

မည်သည့်အလုပ်မျိုးတွင်မဆို သဘ္ဘာဝကိုယ့်ဘက် မှန်တစွာ တွေးခေါ်စဉ်းစား ဆောင်ရွက်ရသည်သာ ဖြစ်သည်။ သူ့ဘက်ကိုယ့်ဘက်မှန်တစွာ တွေးခေါ်စဉ်းစားကာ ပြုမူဆောင်ရွက်ခြင်းသည် လူ့ကျင့်ဝတ်ကို လိုက်နာခြင်းလည်းဖြစ်သည်။ စကားပြောဆိုရာတွင်လည်း သူ့ဘက်ကိုယ့်ဘက် မှန်တစွာပြောဆိုရသည်။ တစ်ဖက်စောင်းနင်း နိုင်လိုမင်းထက် မပြောဆိုသင့်ပေ။ သူ့ဘက်ကိုယ့်ဘက်ချင့်ချိန်၍ တရားမျှတစွာ ပြောဆိုသင့်သည်။ တရားမျှတစွာပြောဆိုခြင်း၊ တရားနည်းလမ်းတကျ ပြောဆိုခြင်းကို 'ဓမ္မ' ဟုဆိုခြင်းဖြစ်သည်။ စကားပြောဆိုရာတွင် 'တရားညီစွာ' ပြောဆိုရမည်ဟု မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်ကြီးတွင် ဆိုဆုံးမထားသည်။

စကားအရာအင်္ဂါလေးတန်ဖြင့် ပြည့်စုံသောစကားသည် တည်ကြည်နိုင်ခံ့သောစကား ဖြစ်ကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်ကြီးတွင် 'ပြောကပြေပြစ်၊ ချစ်နှစ်လို့ရန်၊ ဟုတ်မှန်ဖြောင့်သား၊ တရားညီစွာ၊ နီတိလာတိုင်း၊ အင်္ဂါလေးပုံ၊ ပြည့်စုံစကား၊ ခိုင်တည်ကြား၍' ဟု ဖွဲ့ဆိုထားသည်။ စကားအရာအင်္ဂါလေးတန်ကို လိုက်နာကာ တည်ကြည်ခိုင်ခံ့သောစကားကို ပြောဆိုခြင်းဖြင့် လူမှုဆက်ဆံရေးတွင် အောင်မြင်သူတစ်ယောက်ဖြစ်လာနိုင်ပေသည်။

**သင်ခန်းစာဆိုလိုရင်း**

❖ စကားပြောရာတွင်အရေးကြီးသည့် 'သုဘာသိတ'၊ 'ပိယဝါစာ'၊ 'သစ္စာ'၊ 'ဓမ္မ'အင်္ဂါလေးရပ်အကြောင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စကားပြောရာတွင် ဆောင်သင့်သောအင်္ဂါလေးတန်အကြောင်း ဆွေးနွေးပါ။
၂။ မည်သို့သောစကားမျိုးသည် ကောင်းမွန်သည့်စကားဖြစ်ကြောင်း သာဓကပြ၍ ဆွေးနွေးပါ။
၃။ မည်သို့သောစကားမျိုးသည် ချစ်ခင်နှစ်သက်ဖွယ်ပြောဆိုသည့်စကားဖြစ်ကြောင်း သာဓကပြ၍ ဆွေးနွေးပါ။
၄။ မည်သို့သောစကားမျိုးသည် ဟုတ်မှန်သောစကားဖြစ်ကြောင်း သာဓကပြ၍ ဆွေးနွေးပါ။
၅။ မည်သို့သောစကားမျိုးသည် တရားသဖြင့်ပြောဆိုသောစကားဖြစ်ကြောင်း သာဓကပြ၍ ဆွေးနွေးပါ။

## ယဉ်ယဉ်ကျေးကျေး ချေချေငံငံ

စကားပြောဆိုဆက်ဆံရာတွင် "ချစ်စေလို ခံတွင်းလက်လေးသစ် မုန်းစေလို ခံတွင်းလက်လေးသစ်" ဟူသောစကားရှိပါသည်။ လက်လေးသစ်ခန့်သာရှိသော ပါးစပ်ခံတွင်းသည် ချစ်အောင်လည်း ပြောဆိုနိုင်ပါသည်။ မုန်းအောင်လည်းပြောဆိုနိုင်ပါသည်။ ယဉ်ယဉ်ကျေးကျေး ချေချေငံငံ ပြောဆိုခြင်းသည် လူတစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်ပေါင်းသင်းဆက်ဆံရေးတွင် အရေးပါသောအရာတစ်ခုဖြစ်ပါသည်။ ယဉ်ယဉ်ကျေးကျေး ချေချေငံငံပြောဆိုသည်ကို စကားပြောယဉ်ကျေးသည်၊ စကားပြောချေငံသည်၊ စကားပြောယဉ်ကျေးချေငံသည်၊ စကားပြောသိမ်မွေ့သည်ဟု ပြောဆိုကြပါသည်။

စကားပြော ယဉ်ကျေးချေငံခြင်းဟူသည်မှာ စကားပြောရာတွင် လူ့အဖွဲ့အစည်းက အစဉ်အဆက်လက်ခံထားသည့် ထုံးနည်းစည်းကမ်းတို့ကို လိုက်နာခြင်းပင် ဖြစ်ပါသည်။ ထိုသို့လိုက်နာ ပြောဆိုသည်ကို စကားပြော ယဉ်ကျေးချေငံသည်ဟု ဆိုပါသည်။ အစဉ်အဆက် လိုက်နာကျင့်သုံးသော ထုံးနည်းစည်းကမ်းအချို့မှာ ခေါ်လျှင်ထူးရသည်၊ မေးလျှင်ဖြေရသည်၊ တစ်ဖက်က စကားပြောနေလျှင် အသိအမှတ်ပြုသည့်အနေဖြင့် တုံ့ပြန်မှုပြုရသည်၊ လူမှုအဆင့်အလိုက် လိုက်ဖက်စွာပြောရသည်၊ တစ်ဖက်သားကို ငဲ့ကွက်စာနာစွာ ပြောရသည်၊ အနုက်အဓိပ္ပာယ် ပြင်းထန်သော စကားလုံးများ၏နေရာတွင် ပြင်းထန်မှု လျော့အောင်ပြောရသည်၊ စကားပြောရာတွင် အဆိုပါထုံးနည်းစည်းကမ်းနှင့်မကိုက်ညီလျှင် အဆင်မပြေ တသိကအောက်ဖြစ်တတ်ပါသည်။

တစ်ဦးက ခေါ်သည်ကို တစ်ဦးပြန်မထူးလျှင် မယဉ်ကျေးရာရောက်ပါသည်။ တစ်ဦးတစ်ယောက်က သိလို၍ မိမိအားမေးသည်ကိုလည်း ပြန်လည်ဖြေကြားရပါမည်။ အကယ်၍ မိမိကမသိလျှင်လည်း မသိကြောင်း ပြန်လည်ပြောဆိုရပါမည်။ ထိုသို့ဖြေကြားခြင်း၊ ပြန်ကြားခြင်းမရှိဘဲ နှုတ်ဆိတ်နေပါက မယဉ်ကျေးရာ ရောက်ပါသည်။ တစ်ဖက်သား စကားပြောနေသည့်အခါတွင်လည်း တလေးတစား နားထောင်ရပါမည်။ မိမိနားထောင်နေကြောင်းသိစေရန်နှင့် တစ်ဖက်သားပြောသည့်စကားကို အသိအမှတ်ပြုသည့်အနေဖြင့် "ဟုတ်ကဲ့" "အင်း" "အော်" "အေး" စသည့် တုံ့ပြန်မှုပြုရပါသည်။ မည်သို့မျှ တုံ့ပြန်ခြင်းမရှိပါက မယဉ်ကျေးရာရောက်ပါသည်။

စကားပြောရာတွင် ပြောသူနှင့်နာသူတို့၏ လူမှုအဆင့်အလိုက် လိုက်ဖက်စွာပြောရပါသည်။ သူငယ်ချင်းအချင်းချင်း ပြောဆိုရာတွင်သုံးနှုန်းသည့် 'ဗန်းစကား' ကဲ့သို့သော စကားမျိုးကို လူကြီးသူမများ ဆရာသမားများနှင့် ပြောဆိုရာတွင်မသုံးသင့်ပါ။ သူငယ်ချင်းအချင်းချင်း စကားပြောရာတွင် "စားပါ၊ လာပါ" ပြောနိုင်သော်လည်း လူကြီးသူမများ၊ ဆရာသမားများကို ပြောဆိုရာတွင် "သုံးဆောင်ပါ၊ ကြွပါ" စသည်ဖြင့် ပြောသင့်ပါသည်။ သံဃာတော်များနှင့်ပြောဆိုရာတွင်လည်း "ဘုဉ်းပေးတော်မူပါ၊ ကြွတော်မူပါ" စသည်ဖြင့် လိုက်ဖက်စွာ ပြောဆိုရပါသည်။ တစ်ဖက်သားပြောသည်ကို နားထောင်နေစဉ် တုံ့ပြန်မှုပြုရာတွင်ပင်

သူငယ်ချင်းအချင်းချင်း "အေး" ဟု ပြောနိုင်သော်လည်း လူကြီးသူမ၊ ဆရာသမားများကို "ဟုတ်ကဲ့" ဟု လူမှုအဆင့်အလိုက် လိုက်ဖက်စွာ ပြောဆိုရပါသည်။

စကားပြောယဉ်ကျေးချောင်မှုတွင် တစ်ဖက်သားကို ငဲ့ကွက်စာနာစွာ ပြောဆိုခြင်းလည်း အပါအဝင် ဖြစ်ပါသည်။ တစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်အောင်၊ ကသိကအောက်ဖြစ်အောင် မပြောဆိုသင့်ပါ။ မိမိဈေးဝယ်သွားသည့်အခါ ဈေးဝယ်သူမရှိသည့်အတွက် ဈေးသည်ကိုပြောဆိုရာတွင် "ဈေးရောင်းမကောင်းဘူးလား"ဟုပြောဆိုခြင်းထက်"အရောင်းအဝယ်ပါးတယ်နော်"ဟုပြောဆိုပါက ပို၍ယဉ်ကျေးပါသည်။ ပစ္စည်းဈေးမေးရာတွင် ဈေးသည်ပြောသည့်ဈေးသည် ဈေးကြီးနေပါက "ဈေးကြီးလိုက်တာ"ဟု ပြောခြင်းထက် "ဈေးမြင့်တယ်နော်" ဟုပြောခြင်းက ပို၍ယဉ်ကျေးချောင်ပါသည်။

ထို့ပြင် ပုဒ်ပေါင်းဆောင်ရွက်သည့်သဘောပါဝင်သော စကားများကို ပြောဆိုခြင်းသည်လည်း ယဉ်ကျေးချောင်စွာ ပြောဆိုခြင်းဖြစ်ပါသည်။ သာဓကအားဖြင့် "ငါတို့မုန့်သွားစားကြရအောင်"၊ "တို့တွေ အိမ်စာအတူတူလုပ်ကြမယ်"၊ "ကျောင်းဆင်းရင် ကစားကွင်းသွားကြမယ်နော်" စသည်ဖြင့် "ကျွန်တော်တို့"၊ "ကျွန်မတို့"၊ "ငါတို့"၊ "တို့တွေ"စသည့် အများပြနာမ်စားများ၊ "ရအောင်"၊ "စို့"၊ "နော်"စသည့် အတူတူ ပူးပေါင်းဆောင်ရွက်လိုသည့် စကားများကို ထည့်သွင်းပြောဆိုခြင်းသည်လည်း ယဉ်ကျေးချောင်မှုသဘော ဖြစ်စေပါသည်။

စကားပြောဆိုရာတွင် "တစ်ဆိတ်လောက်ကျေးဇူးပြုပြီး . . ."၊ "စကားပြောလို့ရရဲ့လားမသိဘူး"၊ "စကားပြောလို့ အဆင်ပြေရဲ့လား"၊ "ဖြစ်နိုင်မယ်ဆိုရင် . . ."၊ "အဆင်ပြေမယ်ဆိုရင် . . ."၊ "အားတော့နာပါတယ် . . ."၊ "သိခွင့်ရှိမယ်ဆိုရင် . . ."စသည့်စကားမျိုးကို လိုအပ်သလို အစပြုပြောဆိုခြင်းသည် တစ်ဖက်သားကိုငဲ့ကွက်သည့်သဘောဖြစ်၍ ယဉ်ကျေးချောင်မှုရှိပါသည်။

အချို့စကားလုံးများသည် အနက်အဓိပ္ပာယ်ပြင်းထန်သော သဘောရှိပါသည်။ ထိုစကားလုံးများအစား အနက်ပျော့သောစကားကို အစားထိုးပြောဆိုခြင်းသည်လည်း ယဉ်ကျေးချောင်သည့်သဘောဖြစ်ပါသည်။ "သူ့မှာ ရူးနေတဲ့ ဦးလေးတစ်ယောက်ရှိတယ်" ဟု ပြောဆိုခြင်းထက် "သူ့မှာ စိတ်ဝေဒနာရှင် ဦးလေးတစ်ယောက်ရှိတယ်" ဟုပြောခြင်းက ပို၍ယဉ်ကျေးချောင်ပါသည်။ "သူ့အမေ ဗိုက်ကြီးနေတယ်" ဟု ပြောခြင်းထက် "သူ့ မေမေကိုယ်ဝန်ရှိနေတယ်" ဟုပြောခြင်းက ပို၍ယဉ်ကျေးချောင်ပါသည်။ "သူ့အကျီက ဈေးပေါတယ်"ဟု ပြောခြင်းထက် "သူ့အကျီက ဈေးချိုတယ်" ဟုပြောခြင်းက ပို၍ယဉ်ကျေးချောင်ပါသည်။

စကားအပြောအဆို ယဉ်ကျေးချောင်သည်ဆိုခြင်းမှာ အပေါ်ယံစကားအလှအပကလေးများကို သုံးပြီး ပြောဆိုခြင်းကို ဆိုလိုသည်မဟုတ်ပါ။ ပြောဆိုသည့်စကားနှင့် သုံးနှုန်းသည့်အခြေအနေတို့ လိုက်ဖက်အောင်၊ ပြောသူနှင့် နားထောင်သူလိုက်လျောညီထွေဖြစ်အောင်၊ တစ်ဖက်သားဝန်ထုပ်ဝန်ပိုးမဖြစ်အောင်၊ တစ်ဖက်သား

စိတ်ကသိကအောက်မဖြစ်အောင် ပြောဆိုခြင်းသည် ယဉ်ကျေးချောင်ခြင်း ဖြစ်ပါသည်။ ယဉ်ကျေးချောင်စွာ ပြောဆိုခြင်းဖြင့် လူမှုဆက်ဆံရေး ပြေပြစ်ချောမွေ့လာမည် ဖြစ်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ စကားပြောရာတွင် ယဉ်ကျေးချောင်ခြင်း၏ သဘောသဘာဝ
- ❖ ခေါ်လျှင်ထူးရခြင်း၊ မေးလျှင်ဖြေရခြင်း၊ တုံ့ပြန်မှုပြုရခြင်း၊ လိုက်ဖက်စွာပြောရခြင်း၊ ငဲ့ကွက်စာနာစွာပြောရခြင်း၊ ပူးပေါင်းဆောင်ရွက်သောသဘောပါဝင်အောင် ပြောဆိုရခြင်း၊ ပြင်းထန်မှုလျော့အောင် ပြောရခြင်းအကြောင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စကားပြောရာတွင် ယဉ်ကျေးချောင်စွာပြောဆိုခြင်းသည် အရေးကြီးသည်ဟု ထင်ပါသလား။ ဆွေးနွေးပြောဆိုပါ။

၂။ မည်သို့ပြောဆိုခြင်းကို ယဉ်ကျေးချောင်သည်ဟုဆိုနိုင်ကြောင်း ဆွေးနွေးပါ။

၃။ မည်သို့သောစကားမျိုးသည် တစ်ဖက်သားကို ငဲ့ကွက်စာနာသော စကားမျိုးဖြစ်သနည်း။ ပြောဆိုဆွေးနွေးပါ။

၄။ သူငယ်ချင်းထံမှ စာအုပ်ငှားလိုသည့်အကြောင်းကို ယဉ်ကျေးချောင်စွာ ပြောဆိုပါ။

၅။ သင်ခန်းစာတစ်ပုဒ် ပြန်လည်ရှင်းပြပေးပါရန် ဆရာ့ကို ယဉ်ကျေးချောင်စွာ ပြောဆိုပါ။

# အခန်း - ၃
# အပြောပုံစံအမျိုးမျိုး

## စကားစမြည်ပြောခြင်း

စကားပြောဆိုခြင်းအမျိုးမျိုးတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုကြသည့် စကားစမြည်ပြောဆိုခြင်းလည်း အပါအဝင်ဖြစ်ပါသည်။ အိမ်သူအိမ်သားများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ခဏတစ်ဖြုတ်အလည်လာသောဧည့်သည်များ၊ လမ်းခရီး၌ကြုံကြိုက်သူများစသည်ဖြင့် စကားပြောခွင့်ရသည့်အခါ ရင်းနှီးစွာစကားစမြည်ပြောလေ့ရှိပါသည်။ စကားစမြည်ပြောဆိုခြင်းကို သာမန်အားဖြင့် ပြောရိုးပြောစဉ်တစ်ခုအဖြစ်ယူဆကြသည့်အတွက် အလေးထားဂရုပြုကြမည် မဟုတ်ပါ။ သို့သော် စကားစမြည်ပြောဆိုခြင်းသည် စကားပြောစွမ်းရည်ကို များစွာအထောက်အကူပြုလျက်ရှိကြောင်း သတိပြုသင့်ပါသည်။

စကားစမြည်ပြောဆိုခြင်းဖြစ်သော်လည်း စကားအပြောကောင်းလျှင် တစ်ဖက်လူများ၏ စိတ်ဝင်စားခြင်း၊ လက်ခံခြင်း၊ လေးစားခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ စကားပြောကောင်းသူသည် သာမန်စကားစမြည်ပြောဆိုခြင်းပင် ဖြစ်စေကာမူ နားထောင်သူများ ဝိုင်းရံလျက်ရှိပြီး စကားဝိုင်းတွင် ထိုသူသည် အမြဲဦးဆောင်သူ ဖြစ်နေတတ်ပါသည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် စကားစမြည်ပြောဆိုခြင်းမှစ၍ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအထိ အောင်မြင်မှုများ ရရှိနိုင်ပါသည်။ ထို့ပြင် သာမန်စကားစမြည်ပြောဆိုနေခြင်းဖြစ်သည့်တိုင် မိမိအပေါ် အကဲခတ်သုံးသပ်နေသူများ ပါရှိနေတတ်သည့်အတွက် အထူးဂရုပြု ပြောဆိုသင့်ပါသည်။ ထို့ကြောင့် သာမန်စကားစမြည်ပြောဆိုခြင်းကိုပင်လျှင် ပေါ့ပေါ့ဆဆ မမှတ်ယူသင့်ပါ။

စကားစမြည်ပြောဆိုသည့် အခြေအနေ အမျိုးမျိုးရှိနိုင်ပါသည်။ အိမ်ရှေ့ကွပ်ပျစ်တွင် မိတ်ဆွေများနှင့် လက်ဖက်ရည်ဝိုင်းဖွဲ့ကာ စကားစမြည်ပြောဆိုခြင်း၊ မီးဖိုနံဘေးတွင် စကားစမြည်ပြောဆိုခြင်း၊ မိသားစုထမင်းဝိုင်းတွင် စကားစမြည်ပြောဆိုခြင်း စသည်တို့ဖြစ်ပါသည်။ ထိုစကားဝိုင်းများမှရရှိသည့် အရသာမျိုးသည် မည်သည့်အရာနှင့်မျှ လဲနိုင်မည်မဟုတ်ပါ။ ရထားပေါ်၊ ကားပေါ်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အခမ်းအနား စသည်တို့တွင် မိတ်ဆွေသူငယ်ချင်းများနှင့် ခရီးသွားဟန်လွှဲ တွေ့ဆုံကြလျှင် မိမိ၏ငယ်ဘဝအကြောင်း၊ မိသားစုအကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအကြောင်းများကို စကားစမြည်ပြောဆိုကြခြင်းဖြင့် ဘဝအမောပြေစေရုံသာမက မိတ်ဆွေသူငယ်ချင်းများအချင်းချင်း ချစ်ခင်ရင်းနှီးမှုများလည်း ပို၍တိုးလာစေနိုင်ပါသည်။ ဗဟုသုတကြွယ်ဝသောမိတ်ဆွေများနှင့် စကားစမြည် ပြောဆိုခွင့်ရသည့်အခါ တစ်ထိုင်တည်းဖြင့် ထိုမိတ်ဆွေများထံမှ အတွေ့အကြုံဗဟုသုတများကို ရရှိလာသဖြင့် အတွေးအမြင် ထက်မြက်ရင့်ကျက်လာမည်ဖြစ်ပါသည်။ စကားစမြည်ပြောဆိုခြင်းမှတစ်ဆင့် မိမိ၏အခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်မည့်အဖြေမျိုးကိုလည်း ရရှိနိုင်ပါသည်။

စကားစမြည်ပြောဆိုရာတွင် အလှည့်ပေး၍ ပြောဆိုကြရပါသည်။ ထိုသို့အလှည့်ပေး၍ ပြောဆိုခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။ မိမိမှာပြောစရာများရှိသကဲ့သို့ တစ်ဖက်လူများမှာလည်း ပြောစရာများရှိနေမည်ကို ဂရုပြုသင့်ပါသည်။ စကားစမြည်ပြောသည့်အခါ အခြားသူများကို အလှည့်မပေးဘဲ တစ်ဦးတည်းက ပြောဆိုနေလျှင် ငြီးငွေ့ဖွယ် ဖြစ်လာနိုင်ပါသည်။ သူ့အလှည့် ကိုယ့်အလှည့် အပြန်အလှန်ပြောဆိုခြင်းဖြင့် စကားဝိုင်းမှာ မြိုင်ဆိုင်စိုပြည်လာနိုင်ပါသည်။

ထို့ကြောင့် စကားပြောဆိုရာတွင် စကားစမြည်ပြောဆိုခြင်းသည် အလေးထားရမည့် စကားပြောပုံစံ တစ်မျိုးပင်ဖြစ်ပါသည်။

## စကားစမြည်ပြောခြင်းပုံစံ

လမ်းခရီးတွင် သူငယ်ချင်းနှစ်ယောက်တွေ့ဆုံကြရာ အနီးရှိ အအေးဆိုင်တွင်ထိုင်ရင်း အေးအေးလူလူ စကားစမြည် ပြောဆိုကြသည်။

ကျော်ကျော် ။ ။ သူငယ်ချင်း . . မင်းမင်း။ ငါတို့မတွေ့ရတာ အတော်ကြာပြီ။ အခုတစ်လော မင်း ဘာတွေလုပ်ဖြစ်သေးလဲ။

မင်းမင်း ။ ။ ဟုတ်တယ် သူငယ်ချင်း။ ငါတို့မတွေ့ဖြစ်တာ လေးငါးလလောက်ရှိပြီထင်တယ်။ ဒီကြားထဲ ငါတော့ ကျောင်းစာတွေနဲ့ပဲ အချိန်ကုန်သွားတယ်။ တခြားဘယ်မှလဲမသွား၊ ဘာမှလဲမလုပ်ဖြစ်ပါဘူးကွာ။

ကျော်ကျော် ။ ။ ငါကတော့ အခုတစ်လော ကျောင်းစာကကို တခြားစာအုပ်တွေ ပိုဖတ်ဖြစ်တယ်။ ငါ့ဖေဖေက စာဖတ်တာဝါသနာပါတော့ ငါ့ကိုစာအုပ်တွေအများကြီးပေးဖတ်ပြီး စာရေးစေချင်တာ။ စာအုပ်များများဖတ်ရင် သူများတွေ ဘာအကြောင်းအရာကို ဘယ်လိုရေးတယ်ဆိုတာ သိလာမယ်တဲ့။

မင်းမင်း ။ ။ ဒါဆို မင်းစာတွေဖတ်ပြီး စာရေးတဲ့အကြောင်း ကောင်းကောင်းနားလည်နေပြီပေါ့။

ကျော်ကျော် ။ ။ အရင်ကထက်စာရင်တော့ ပိုသိလာတာပေါ့ကွာ။ ဒါပေမဲ့ သိပ်တော့မသိသေးပါဘူး။

မင်းမင်း ။ ။ မင်း စာရေးကြည့်သေးလား။

ကျော်ကျော် ။ ။ ငါက စာအုပ်တွေဖတ်တဲ့အခါ ကဗျာစာအုပ်ဖတ်ရတာ ပိုကြိုက်တယ်။ စာရေးမယ်ဆိုရင်လဲ ကဗျာရေးချင်တယ်။ ကဗျာစပ်ချင်တာပေါ့ကွာ။ နည်းနည်းပါးပါးတော့ စပ်ကြည့်သေးတယ်။ ဒါပေမဲ့ သိပ်တော့အဆင်မပြေသေးပါဘူး။

မင်းမင်း ။ ။ အေးပေါ့၊ စချင်းတော့ ဘယ်အဆင်ပြေမလဲ၊ တဖြည်းဖြည်းတော့ ကောင်းလာမှာပါ၊ ငါကတော့ သီချင်းရေးချင်တာ၊ သီချင်းတွေကို သဘောကျတာကိုး၊ သီချင်းရေးဆရာတွေကို သိပ်အားကျတယ်၊ ဒါပေမဲ့ မရေးတတ်ပါဘူးကွာ၊

ကျော်ကျော် ။ ။ ဟုတ်တာပေါ့၊ ငါလဲ သီချင်းကြိုက်တာပါပဲ၊ သီချင်းနဲ့ တဈာတ တကယ်တော့ သိပ်မကွာဘူးထင်တယ်၊

မင်းမင်း ။ ။ ဒါနဲ့စကားမစပ် မင်းဖေဖေနဲ့ မေမေတို့ နေကောင်းကြရဲ့လား၊ ငါနဲ့ တွေ့တဲ့အကြောင်း၊ သူတို့ကိုသတိရကြောင်း ပြောပေးပါကွာ၊

ကျော်ကျော် ။ ။ အေး ကောင်းပါတယ်ကွာ၊ ပြောလိုက်ပါ့မယ်၊ မင်းမိဘတွေကော နေကောင်းကြရဲ့လား၊ မင်းညီလေးကော အရင်လို အဆော့မက်တုန်းပဲလား၊

မင်းမင်း ။ ။ အင်း ငါ့မိဘတွေလဲ နေကောင်းပါတယ်၊ ညီလေးကတော့ ပြောမနေပါနဲ့တော့ကွာ၊ အရင်ကထက်တောင် ပိုဆော့လာသေးတယ်၊ ကျောင်းစာလုပ်ဖို့ဆို အာပေါက်အောင်ပြောရတယ်၊

ကျော်ကျော် ။ ။ ဟား ဟား၊ သူကငယ်သေးတာကိုးကွ၊ မင်းငယ်ငယ်တုန်းကလိုနေမှာပေါ့၊

မင်းမင်း ။ ။ ဒါတော့ ငါဘယ်သိမလဲ၊ ငါငယ်ငယ်တုန်းကတော့ သူ့လောက်အဆော့မမက်ဘူးထင်တာပဲ၊ ညီလေးက ဆော့နေရရင် ထမင်းစားဖို့တောင် ခေါ်လို့မရဘူး၊

ကျော်ကျော် . ။ ။ ဟိုတစ်ခါ ငါတို့တွေ့တုန်းက မင်းဖေဖေ ခရီးသွားနေတယ်ဆို၊ ဘယ်သွားတာလဲ၊

မင်းမင်း ။ ။ လှိုင်ကော်သွားတာပါ၊ ကယားပြည်နယ်ဆိုပါတော့၊

ကျော်ကျော် ။ ။ ဪ . . ဟုတ်လား၊ အလုပ်ကိစ္စနဲ့သွားတာလား၊ ဘယ်လောက်ကြာသွားသလဲ၊

မင်းမင်း ။ ။ အလုပ်ကိစ္စပါ၊ တစ်လလောက်ကြာသွားတယ်ထင်တယ်၊ ဖေဖေခရီးသွားတုန်းကဆိုအိမ်မှာ တော်တော်ခြောက်ကပ်သွားတယ်၊ ပျင်းစရာကြီး၊

ကျော်ကျော် ။ ။ ဟုတ်မှာပေါ့၊

မင်းမင်း ။ ။ ကဲ သူငယ်ချင်းရေ . . ၊ ငါတို့စကားကောင်းနေလိုက်တာ အချိန်တောင် တော်တော်ကြာသွားပြီ၊ အိမ်ပြန်နောက်ကျရင် မေမေတို့ စိတ်ပူနေအုံးမယ်၊ ပြန်ကြရအောင်ကွာ၊

ကျော်ကျော် ။ ။ အေး ပြန်ကြတာပေါ့၊ အအေးဖိုးပေးလိုက်အုံးမယ်၊

မင်းမင်း ။ ။ မင်းတစ်ယောက်ထဲ မပေးပါနဲ့၊ ငါ့အတွက် ငါပေးပါမယ်၊ ငါတို့က မိဘပိုက်ဆံ သုံးနေရတဲ့ သူတွေလေ၊

ကျော်ကျော် ။ ။ အေး ကောင်းပါတယ်၊ အစ်ကို အဓအေးဖိုး လာယူပါအုံး။

မင်းမင်း ။ ။ ကျော်ကျော်ရေ . . သွားပြီနော်၊ မင်းအားတဲ့အခါ ဖုန်းလေးဘာလေး ဆက်ပါအုံး။

ကျော်ကျော် ။ ။ အေး . . မင်းလဲအားရင် ဖုန်းဆက်အုံး၊ သွားပြီသူငယ်ချင်း။

**သင်ခန်းစာဆိုလိုရင်း**

- စကားအပြောပုံစံများမှ စကားစမြည်ပြောခြင်း၏ သဘောသဘာဝ
- စကားစမြည်ပြောခြင်း အပြောပုံစံနှင့် လက်တွေ့ပြောဆိုခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ သူငယ်ချင်းနှစ်ယောက်တွေ့ဆုံသည့်အခါ မည်သို့စတင်နှုတ်ဆက်ကြသနည်း။

၂။ သူငယ်ချင်းနှစ်ယောက် စကားစမြည်ပြောဆိုရာတွင် အကြောင်းအရာ ဘယ်နှမျိုးပါဝင်သနည်း။

၃။ ပြောစကားကို အဆုံးသတ်ရန် မည်သူက စတင်ကာ မည်သို့ပြောသနည်း။

၄။ သူငယ်ချင်းနှစ်ဦးသည် မည်သည့်ပြောစကားဖြင့် စကားစမြည်ပြောဆိုခြင်းကို အဆုံးသတ်သနည်း။

၅။ အတန်းတွင်း၌ သူငယ်ချင်းတစ်ဦးနှင့် ၅ မိနစ်ခန့် စကားစမြည်ပြောဆိုပါ။

## စကားဝိုင်းဆွေးနွေးခြင်း

စကားဝိုင်းဆွေးနွေးခြင်းသည် သာမန်စကားဝိုင်းဖွဲ့၍ စကားစမြည်ပြောဆိုခြင်းနှင့် သဘောသဘာဝ အနည်းငယ်ကွာခြားသည်။ စကားဝိုင်းဆွေးနွေးရာတွင် နှစ်ဦးထက်ပိုသောလူများဝိုင်းဖွဲ့ကာ အကြောင်းအရာ တစ်ရပ်ကို တစ်ဦးနှင့်တစ်ဦး အသိအမြင်ချင်း၊ အယူအဆချင်း ဖလှယ်ဆွေးနွေးကြခြင်းဖြစ်သည်။ ထိုသို့ ဆွေးနွေးရာတွင် စကားဝိုင်း၌ ပါဝင်သူအားလုံး အလှည့်ကျ စိတ်ပါဝင်စားစွာ ဆွေးနွေးပြောဆိုသည်လည်း ရှိ၏၊ တစ်ဦးတစ်ယောက်က ဦးဆောင်တင်ပြပြီး ကျန်ပါဝင်သူများက အဖြည့်အထောက်၊ အမေးအမြန်းမျှလောက်သာ ဝင်ရောက်ဆွေးနွေးသည်လည်းရှိပါသည်။

စကားဝိုင်းဆွေးနွေးရာတွင်ပါဝင်မည့်သူများသည် မိမိ၏စိတ်ကူးကို ထုတ်ဖော်ပြောတတ်သူများ ဖြစ်ရပါမည်။ ပါဝင်သူများသည် ဆွေးနွေးမည့် အချက်အလက်နှင့် ပတ်သက်သည့် မိမိထင်မြင်ချက်များကို စိတ်ထဲရှိသည့်အတိုင်း၊ မိမိထင်မြင်ချက်အတိုင်း၊ မိမိအသိအမြင်အတိုင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကြမည်ဖြစ်ရာ ဆွေးနွေးသူအချင်းချင်း နားလည်မှုရှိထားရန်လည်း လိုအပ်ပါသည်။

အောင်မြင်သည့် စကားဝိုင်းဆွေးနွေးခြင်း ဖြစ်စေရန် သတိပြုသင့်သည့်အချက်များရှိပါသည်။ ပထမအချက်အနေနှင့် စကားဝိုင်းဆွေးနွေးရာတွင် လူဦးရေအကန့်အသတ်ရှိရမည်ဖြစ်ပါသည်။ ဒုတိယအချက်အနေနှင့် နေရာထိုင်ခင်းရှိရမည် ဖြစ်သည်။ အထူးသဖြင့် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့်သူများသည် တစ်ဦးမျက်နှာတစ်ဦး မြင်နေအောင်ဝိုင်းဖွဲ့ထားသည့် အနေအထားမျိုး ဖြစ်သင့်သည်။ တတိယအချက်အနေနှင့် ဆွေးနွေးမည့်အကြောင်းအရာ ရှိရမည်ဖြစ်သည်။ ဆွေးနွေးမည့်အကြောင်းအရာတွင် မေးခွန်းမေးမြန်းခြင်းလည်း ပါရှိသင့်ပါသည်။ ထိုမေးခွန်းများသည် ပါဝင်ဆွေးနွေးကြမည့်သူများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာပြောဆိုသောမေးခွန်းမျိုး ဖြစ်သင့်ပါသည်။

စကားဝိုင်းဆွေးနွေးပြောဆိုရာတွင် လိုက်နာသင့်သည့် အချက်များရှိပါသည်။ အချို့လူများသည် မိမိပြောလိုသည့်အချက်ကို ပြောလိုဇောအားကြီး၍ ကျန်လူများကို အလှည့်မပေးဘဲ မိမိကချည်း အလုအယက်ပြောဆိုတတ်သည်။ ဆွေးနွေးပြောဆိုသည့် စကားဝိုင်းများတွင် ကိုယ်ကချည်းပြော၍ ကိုယ့်အသံကသာ လွှမ်းမိုးနေခြင်းမှာ ဂုဏ်ယူစရာမဟုတ်ပေ။ တစ်ဖက်သား၏ ပြောစကားကို နားထောင်မပေးဘဲ မိမိကချည်းပြောဆိုနေခြင်းမျိုးသည် တစ်ဖက်သားအား အလေးမထားရာရောက်သည်။ ထို့ပြင် သူတစ်ပါးပြောဆိုသည်ကို နားမထောင်ဘဲ မိမိပြောဆိုဖို့ကိုသာ ဆန္ဒစောနေသဖြင့် သူတစ်ပါးဆီက အကြံဉာဏ်ကောင်းများ၊ အချက်အလက်ကောင်းများကိုလည်း ရနိုင်တော့မည်မဟုတ်ပေ။ ငါသိငါတတ်လုပ်၍ သူတစ်ပါးစကား နားထောင်မပေးတတ်လျှင် အခြားသူများကလည်း မိမိပြောသည့်စကားကို အလေးအနက်ထား ပြန်နားထောင်တော့မည် မဟုတ်ချေ။ ထိုအခါ စကားဝိုင်းမှ ရလဒ်ကောင်းများထွက်လာမည် မဟုတ်တော့ပေ။ သို့ဖြစ်ရာ စကားဝိုင်းဆွေးနွေးရာတွင် အထူးသတိပြုလိုက်နာသင့်သည့်အချက်များမှာ စကားပြောသည့်အလှည့်ကို မျှမျှတတယူရန်နှင့် မိမိနားထောင်သည့်အလှည့်တွင် ပြောသူ၏စကားကို ဂရုတစိုက် လေးလေးစားစား နားထောင်ပေးရန် ဖြစ်ပါသည်။

စကားဝိုင်းဖွဲ့၍ ဆွေးနွေးပြောဆိုရာတွင် အခြားသူများ၏ ထင်မြင်ချက်ကို လေးစားနားထောင်ရမည်။ မိမိ သိမြင်သမျှကို အများနားလည်လက်ခံလာအောင် စကားလမ်းခင်းပေးသည့်သဘောမျိုးဖြင့် စကားလမ်းကြောင်း ပေးရမည်။ ထိုသို့ပြောဆိုရာတွင် မိမိဆွေးနွေးတင်ပြသည့်အချက်များကို အခြားသူများအား ညှိနှိုင်းသည့် သဘော၊ လက်ခံစေလိုသည့်သဘောများပါရှိသဖြင့် အပြောအဆိုပါးနပ်သိမ်မွေ့ ကျစ်လျစ်ရန်လိုပါသည်။

ဆွေးနွေးရာတွင် အခြားသူဆွေးနွေးလာသည့်အချက်ကို မိမိနားမလည်လျှင်၊ မသိသေးလျှင်၊ နားလည် သည့်ဟန်၊ သိပြီးသားဟန် မဆောင်သင့်ပါ။ မိမိပြောဆိုဆွေးနွေးသင့်သည့် အချက်များကိုလည်း မပြောဆိုဘဲ မနေသင့်ပါ။ မေးသင့်သည်ကိုမေး၍ ပြောသင့်သည်ကို ပြောရမည်ဖြစ်သည်။ စကားဝိုင်းဖွဲ့ဆွေးနွေးခြင်းသည် ဗဟုသုတအကြားအမြင်၊ အတွေးအခေါ်အယူအဆများကို ဆွေးနွေးဖလှယ်ခြင်းဖြစ်ရာ မိမိဆွေးနွေးတင်ပြ မည့် အချက်အလက်များကို ပိုင်နိုင်စွာလေ့လာထားရန်လည်း လိုအပ်ပါသည်။

စကားဝိုင်းတွင် မိမိ၏ယူဆချက်များကိုတင်ပြရာတွင် တစ်ဖက်သတ်အယူအဆ တင်ပြမှုမျိုး မဖြစ်စေ ဘဲ စကားအပေးအယူ မျှတသောသဘောရှိရန်လည်း လိုအပ်သည်။ ထို့ကြောင့် တစ်ဖက်လူကို စကားပြော ခွင့်ပေးရမည်၊ စကားပြောချိန်ပေးရမည်၊ တစ်ဖက်လူပြောသည့် စကားကို နားထောင်ပေးရမည်၊ တစ်ဖက်လူ ၏ အယူအဆကို လက်ခံဆွေးနွေးပေးရမည်။ အရေးအကြီးဆုံးအချက်မှာ တစ်ဖက်လူ စကားမဆုံးမီ ဖြတ်၍ မပြောမိစေရန် အထူးသတိထားရမည်ဖြစ်သည်။ စကားဝိုင်းဆွေးနွေးပြောဆိုခြင်းသည် ပါဝင်ပြောဆိုသူများ အတွက် အကျိုးဖြစ်ထွန်းစေသည့် စကားပြောပုံစံတစ်မျိုးပင်ဖြစ်ပါသည်။

## စကားဝိုင်းဆွေးနွေးခြင်းပုံစံ

ခေါင်းစဉ် - မြန်မာစာစကားဝိုင်း

ဆွေးနွေးကြသူများ - ဘကြီးအေး၊ မောင်အောင်၊ သူသူ၊ နွယ်နွယ်

တစ်နေ့ အငြိမ်းစား မြန်မာစာဆရာကြီး ဘကြီးအေး၏ အိမ်သို့ တူ တူမများဖြစ်ကြသည့်မောင်အောင် နှင့် သူသူ၊ သူသူ၏ သူငယ်ချင်း နွယ်နွယ်တို့ ရောက်လာကြ၏။

ဘကြီးအေး ။ ။ လာကြပေါ့၊ ဘယ်ကလှည့်လာကြတာလဲ။

သူသူ ။ ။ အိမ်ကလာခဲ့ကြတာပါ။ ဘဘတို့ ကြီးကြီးတို့ဆီ မရောက်တာလဲကြာလို့၊ ဘဘကိုလဲ စာမေးစရာရှိလို့ပါ။

ဘကြီးအေး ။ ။ အေး အေး၊ ထိုင်ကြ ထိုင်ကြ။ ကဲ စာမေးစရာရှိလို့ဆိုတော့ဘာများလဲ ဆိုပါအုံး။

သူသူ ။ ။ သမီးတို့ မြန်မာစာသင်တော့ မျိုးပြပစ္စည်းစကားလုံးတွေ တွေ့ရပါတယ် ဘဘ။

ဘကြီးအေး ။ ။ ဩော် . . . လူတစ်ယောက်၊ သံဃာတစ်ပါး၊ ဘုရားတစ်ဆူဆိုတဲ့ အသုံးမျိုးတွေ မဟုတ်လား၊ အင်း . . . ပြောပါအုံး သမီးရဲ့။

သူသူ ။ ။ ဟုတ်ပါတယ် ဘဘ။ အဲဒီလိုအသုံးမျိုးတွေပါ။ ညကတော့ အင်္ဂလိပ်စာကျက်ရင်း တစ်ခုစဉ်းစားမိလို့ပါ။

ဘကြီးအေး ။ ။ ဘာစဉ်းစားမိတာပါလိမ့်။

သူသူ ။ ။ အင်္ဂလိပ်စာမှာတော့ သမီးတို့ မြန်မာစာမှာလို မျိုးပြစကားလုံးတွေ မရှိသလိုဘဲနော်။

ဘကြီးအေး ။ ။ ဟေ . . . ဆိုစမ်းပါအုံး။

သူသူ ။ ။ အင်္ဂလိပ်စာမှာ အရေအတွက်ကိုပြောရင် "one dog", "three boys" ဆိုတာမျိုး ပြောရတယ်မဟုတ်လား ဘဘ။ မြန်မာလိုပြောတော့ 'ခွေးတစ်ကောင်'၊ 'ကောင်လေး သုံးယောက်' လို့ပြောတော့ အင်္ဂလိပ်စကားမှာ မျိုးပြမရှိဘူး၊ မြန်မာစကားမှာ မျိုးပြ ရှိတယ်ထင်လို့ပါ။

ဘကြီးအေး ။ ။ ဟုတ်တာပေါ့ သမီးရယ်။ သမီးက တော်တော်မြင်တတ်တာပဲ။ သမီးပြောသလို မြန်မာစကားမှာ အရေအတွက်ကိုပြောရင် အင်္ဂလိပ်စကားမှာလို 'တစ်ခွေး'၊ 'သုံး ကောင်လေး'လို့ မျိုးပြမပါဘဲ ပြောလို့မရဘူးလေ။ 'ကောင်'တို့ 'ယောက်'တို့ 'ပါး' တို့လို မျိုးပြတွေနဲ့တွဲပြီး 'ခွေးတစ်ကောင်'၊ 'လူငါးယောက်'၊ 'သံဃာတော်ကိုးပါး' ဆိုတာမျိုးသုံးရတာပေါ့။

နွယ်နွယ် ။ ။ ဟုတ်ကဲ့ပါ ဘဘ။

ဘကြီးအေး ။ ။ ဘဘတို့ ငယ်ငယ်တုန်းက အင်္ဂလိပ်စာလုံးအဓိပ္ပာယ်တွေကျက်ရတာ မှတ်မိသေးတယ်။ 'A' ဆိုရင် 'တစ်ခု၊ တစ်ကောင်၊ တစ်ယောက်'လို့ ကျက်ရတယ်လေ။ 'တစ်'လို့ ပြောရုံနဲ့ မပြည့်စုံမှာစိုးလို့၊ အဲဒီလို မျိုးပြတွေ ထည့်ထားတာထင်ပါရဲ့ကွယ်။

နွယ်နွယ် ။ ။ မြန်မာစကားမှာ မျိုးပြတွေအများကြီးရှိမယ်ထင်ပါတယ်။ သမီးတို့သိအောင် ရှင်းပြ ပေးပါနော် ဘဘ။

ဘကြီးအေး ။ ။ အေး . . . အေး၊ ပြောပြပါ့မယ်။ မျိုးပြဆိုတာ အမျိုးအစားကိုပြတဲ့စကားမို့ မျိုးပြလို့ ခေါ်တာပေါ့။ ခုန ဘဘတို့ပြောခဲ့တဲ့ 'ဆူ'တို့၊ 'ပါး'တို့၊ 'ယောက်'တို့၊ 'ကောင်'တို့က သက်ရှိပုဂ္ဂိုလ်တွေရဲ့ ဂုဏ်အဆင့်အတန်းကိုလိုက်ပြီးသုံးရတဲ့ မျိုးပြတွေမဟုတ်လား။ ဘုရားတို့ စေတီတို့ဆိုရင် 'ဆူ'၊ သံဃာဆိုရင် 'ပါး'၊ လူဆိုရင် 'ယောက်'၊ တိရစ္ဆာန်ဆိုရင် 'ကောင်'လို့ ခွဲခြားသုံးရတယ်လေ။

နွယ်နွယ် ။ ။ ဟုတ်ကဲ့ဘဘ။

ဘကြီးအေး ။ ။ ကဲ 'ပုဂ္ဂိုလ်ငါးဦး၊ ခရီးသည်သုံးဦး၊ လူမိုက်ရှစ်ဦး' ဆိုတာမျိုး 'ဦး' ဆိုတဲ့ မျိုးပြကိုတော့ ဂုဏ်အဆင့်အတန်းမခွဲဘဲ လူတွေအတွက်ဖြုပြီး သုံးလေ့ရှိတာပေါ့ကွယ်။

မောင်အောင် ။ ။ မှတ်ထားပါ့မယ်ဘဘ။ သက်ရှိတွေအတွက်တော့သိပါပြီ၊ သက်မဲ့တွေအတွက်သုံးတဲ့ မျိုးပြစကားတွေအကြောင်းလဲ သိချင်ပါတယ်ဘဘ။

ဘကြီးအေး ။ ။ သက်မဲ့ပစ္စည်းတွေအတွက်သုံးတဲ့ မျိုးပြတွေက ပိုများတယ်။ 'လက်စွပ်တစ်ကွင်း၊ ဖျာတစ်ချပ်၊ ခဲတံတစ်ချောင်း၊ ပိုက်ဆံတစ်ပြား၊ ရထားတစ်စင်း၊ သစ်သီးတစ်လုံး' ဆိုတာမျိုးအတွက် ပုံသဏ္ဌာန်ကိုဖော်ပြတဲ့ မျိုးပြတွေပါ၊ ဒဲ ထမင်းတစ်နပ်၊ ဓားတစ်လက်၊ သင်္ဘောတစ်စီး၊ စကားတစ်ခွန်း ဆိုတာမျိုးတွေကတော့ ပုံသဏ္ဌာန်ကို ဖော်ပြတာ မဟုတ်ဘူးလေ။

သူသူ ။ ။ ဩော် . . . သမီးတို့သိပြီ၊ ဖျာတစ်ချပ်ဆိုရင် 'ချပ်'ဆိုတာ ဖျာရဲ့အချပ်လိုက် ပုံသဏ္ဌာန်ကို ဖော်ပြတယ်၊ ထမင်းတစ်နပ်ဆိုရင်တော့ ထမင်းရဲ့ပုံသဏ္ဌာန်ကို ဖော်ပြတာမဟုတ်ဘူးလို့ ပြောတာပေါ့နော်။

ဘကြီးအေး ။ ။ ဟုတ်တာပေါ့ကွယ်၊ 'ကွင်း'တို့၊ 'လုံး'တို့၊ 'ပြား'တို့ ဆိုတာက အကွင်း၊ အလုံး၊ အပြား ဆိုတဲ့ ပုံသဏ္ဌာန်တွေကို ပြပေမဲ့ 'ခွန်း'တို့ 'လက်'တို့ 'စီး'တို့ကျတော့ ပုံသဏ္ဌာန်ပြတာ မဟုတ်ဘူးကွဲ့၊ အရည်အသွေးတစ်ရပ်ရပ်ကို ပြတာလေ။

သူသူ ။ ။ ဘဘ သမီးသိပ်မရှင်းလို့၊ ရထားတစ်စင်းကျတော့ ပုံသဏ္ဌာန်ကို ဖော်ပြတယ်လို့ ပြောပြီး သင်္ဘောတစ်စီးကျတော့ ပုံသဏ္ဌာန်ဖော်ပြတာမဟုတ်ဘူးလို့ပြောတာ သမီးမရှင်းလို့ပါ ဘဘ။

ဘကြီးအေး ။ ။ ရထားတစ်စင်းဆိုတာ ပုံသဏ္ဌာန်ဖော်ပြတယ်ဆိုတာက 'စင်း' ဆိုတာ 'ဖြောင့်စင်းတယ်' ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ရှည်ရှည်ဖြောင့်ဖြောင့်အရာဝတ္ထုတွေကို 'စင်း' လို့သုံးတာ ပုံသဏ္ဌာန်ကို ပြတာပေါ့ကွဲ့၊ 'မြစ်တစ်စင်း၊ လှံတစ်စင်း၊ အပ်တစ်စင်း၊ လှေတစ်စင်း' ဆိုတာမျိုး သုံးတယ်၊ သင်္ဘောတစ်စီးဆိုတာက စီးရတဲ့ အရာဝတ္ထုတွေမို့ 'စီး' လို့ သုံးတာလေ၊ 'သင်္ဘောတစ်စီး၊ မြင်းလှည်းတစ်စီး'ဆိုတာမျိုးပေါ့။

နွယ်နွယ် ။ ။ မှတ်သားစရာပဲနော်၊ တခြားမျိုးပြစကားတွေကော ရှိသေးလား ဘဘ။

ဘကြီးအေး ။ ။ ရှိသေးတာပေါ့ကွယ်၊ ရတနာသုံးပါးတို့၊ အနာမျိုး ကိုးဆယ့်ခြောက်ပါးတို့လို အကောင်အထည်မရှိတဲ့ သဘောတရားတွေကို ဖော်ပြတဲ့ မျိုးပြတွေလဲ ရှိသေးတယ်ကွဲ့၊ 'ခု' လို မျိုးပြကျတော့ သက်မဲ့ပစ္စည်းတွေ၊ ဖြစ်မဲ့သဘောတွေနဲ့တွဲပြီး တွင်တွင်

ကျယ်ကျယ်သုံးတယ်၊ 'မုန့်တစ်ခု၊ ကစားစရာတစ်ခု'ဆိုတာမျိုး အကောင်အထည်ရှိတာနဲ့သုံးသလို 'ဘာသာရပ်တစ်ခု၊ သဘောတရားတစ်ခု'ဆိုတာမျိုး အကောင်အထည်မရှိတာတွေနဲ့လဲ သုံးတယ်ကွဲ့။ 'အမေတစ်ခု သားတစ်ခု' လို ထူးထူးခြားခြားသုံးတာမျိုးတော့ ရှိတယ်ပေါ့ကွယ်။

မောင်အောင် ။ ။ စိတ်ဝင်စားစရာကောင်းလိုက်တာနော် ဘဘ။

ဘကြီးအေး ။ ။ နောက်ထပ် ဘာများသိချင်တာရှိသေးလဲကွဲ့။

သူသူ ။ ။ ရပါပြီ ဘဘ။ ကျေးဇူးတင်ပါတယ်၊ သိချင်တာရှိရင် နောက်တော့ထပ်မေးပါမယ်၊ ဘဘလဲ သမီးတို့ကို ရှင်းပြရတာ ပင်ပန်းသွားပြီ အနားယူလိုက်ပါအုံး၊ သမီးတို့ ပြန်လိုက်ပါအုံးမယ်။

ဘကြီးအေး ။ ။ ကောင်းပါပြီကွယ်၊

**သင်ခန်းစာဆိုလိုရင်း**

- ❖ စကားအပြောပုံစံများမှ စကားဝိုင်းဆွေးနွေးခြင်း၏ သဘောသဘာဝ
- ❖ စကားဝိုင်းဆွေးနွေးခြင်း အပြောပုံစံသာဓကတွင်ပါဝင်သော မျိုးပြစကားလုံးအကြောင်း
- ❖ စကားဝိုင်းဆွေးနွေးခြင်း အပြောပုံစံနှင့် လက်တွေ့ပြောဆိုခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စကားဝိုင်းဆွေးနွေးခြင်းဟူသည် အဘယ်နည်း။

၂။ စကားဝိုင်းဆွေးနွေးရာတွင် လိုက်နာသင့်သည့်အချက်များကား အဘယ်နည်း။

၃။ စကားဝိုင်းဆွေးနွေးခြင်းပုံစံ သာဓကအဖြစ်ပေးထားသော မြန်မာစာစကားဝိုင်းတွင် မည်သူက မည်သည့်အကြောင်းကို ဦးဆောင်ဆွေးနွေးပြောဆိုသနည်း။ အဘယ်ကြောင့်နည်း။

၄။ ပါဝင်ဆွေးနွေးသူများတွင် မည်သူကအခြားသူများထက် ပို၍ပါဝင်ဆွေးနွေးသနည်း။ အဘယ်ကြောင့်နည်း။

၅။ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို ကျောင်းသားတစ်ယောက်က ဦးဆောင်၍ ကျောင်းသား ၅ ဦး ပါဝင်သော စကားဝိုင်းဆွေးနွေးပွဲ တစ်ခုပြုလုပ်ပါ။

## ကျပန်းစကားပြောခြင်း

စကားပြောဆိုရာတွင် ပုံစံအမျိုးမျိုးရှိသည့်အနက် စင်မြင့်ပေါ်မှနေ၍ ပရိသတ်ကို စကားပြောဆိုခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ စင်မြင့်ပေါ်က စကားပြောဆိုခြင်းများတွင် ကျပန်းစကားပြောခြင်း၊ စကားရည်လုခြင်း၊ ကျေးဇူးတင်စကားပြောခြင်း၊ ဟောပြောခြင်း အစရှိသည်တို့ ပါဝင်ပါသည်။ ထိုစကားပြောခြင်းများတွင် ယေဘုယျတူညီသည့် အချက်များရှိသကဲ့သို့ စကားပြောပုံစံအလိုက် သီးသန့်ကွဲပြားသည့်ပုံစံများလည်း ရှိပါသည်။ တူညီသည့်အချက်မှာ စင်မြင့်ပေါ်မှနေ၍ ပရိသတ်ကို စကားပြောရသည်ဖြစ်ရာ စင်မြင့်စိုးရွံ့စိတ်နှင့် ပရိသတ်စိုးရွံ့စိတ်တို့ကို ဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။ ထိုစကားပြောပုံစံများတွင် ကျပန်းစကားပြောခြင်းသည် ပြောသူ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် စကားပြောစွမ်းရည်ကို အကဲခတ်နိုင်သည့် အပြောပုံစံတစ်မျိုးဖြစ်ပါသည်။

ကျပန်းစကားပြောခြင်းတွင် ပြောမည့်သူမှာ မိမိပြောကြားရမည့် အကြောင်းအရာကို ကြိုတင်မသိထားရဘဲ စင်မြင့်ပေါ်သို့ရောက်မှ မဲလိပ်နှိုက်ပြီး မိမိကျရာခေါင်းစဉ်ကို လက်တန်းပြောဆိုရသည့် စကားပြောနည်းဖြစ်သည်။ ထို့ကြောင့် ကျပန်းစကားပြောမည့်သူသည် စာပေအဖတ်အမှတ် အလေ့အလာများသူ၊ ဗဟုသုတအတွေ့အကြုံများသူ၊ တခဏပွတ္တိဉာဏ်ထက်သန်၍ စကားကိုသွက်လက်ချက်ချာစွာ ပြောဆိုတတ်သူဖြစ်ရန် လိုအပ်ပါသည်။

ကျပန်းစကားပြောရန်ခေါင်းစဉ်သည် ပြောသူလက်လှမ်းမီနိုင်သည့် ခေါင်းစဉ်မျိုးဖြစ်ရပါသည်။ စီစဉ်သူသည် ကျပန်းစကားပြောသူများ လက်လှမ်းမီနိုင်မည့် ခေါင်းစဉ်မျိုးကို ရွေးချယ်ပေးရမည်ဖြစ်သည်။ လက်လှမ်းမမီနိုင်သည့် ခေါင်းစဉ်မျိုးကို ရွေးချယ်ပေးမိလျှင် ကျပန်းစကားပြောသူများအတွက် များစွာအခက်တွေ့နိုင်ပါသည်။

ကျပန်းစကားပြောဆိုမည့်သူသည် စိတ်တည်ငြိမ်ရန်လိုအပ်ပါသည်။ မိမိမထင်မှတ်ထားသောခေါင်းစဉ်ကို ကြားလိုက်မြင်လိုက်လျှင် စိတ်မလှုပ်ရှားရန်လိုပါသည်။ စိတ်လှုပ်ရှားသွားလျှင် ပြောရမည့်စကားအစရှာမရဖြစ်တတ်သဖြင့် ထိုအချက်ကို အထူးသတိထားရမည်ဖြစ်သည်။ မထင်မှတ်သောခေါင်းစဉ်မျိုးကို ကြားလျှင် ပရိသတ်ကလည်း 'ဝါးခနဲ' ရယ်မောတတ်ကြသည်။ ပရိသတ်၏ရယ်သံကိုလည်း လန့်စိတ်၊ ကြောက်စိတ် မဖြစ်အောင် သတိထားရမည်ဖြစ်သည်။ မည်သည့်ခေါင်းစဉ်မျိုးကိုမဆို ကြားရသည်ဖြစ်စေ မိမိစိတ်ကို တည်တည်ငြိမ်ငြိမ်ထားကာ မိမိပြောဆိုရမည့် အချက်အလက်များကို ခေါင်းအေးအေးဖြင့် စဉ်းစားလျှင် ပြောရမည့်စကားများ အစီအရီပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် ကျပန်းစကားပြောဆိုမည့်သူသည် စိတ်လှုပ်ရှားမှုမများရန် အထူးလိုအပ်ပါသည်။

ကျပန်းစကားပြောဆိုရာတွင် ကြုံရာကျပန်းပြောဆိုရမည့်အပိုင်းရှိသကဲ့သို့ ကြိုတင်ပြင်ဆင်ထားနိုင်သည့်အပိုင်းလည်းရှိပေသည်။ ထိုအပိုင်းမှာ နိဒါန်းစကားပိုင်းနှင့် နိဂုံးစကားပိုင်းဖြစ်သည်။ နိဒါန်းစကားပိုင်းကို ဟာသကလေးဖောက်၍ဖြစ်စေ၊ အသောများထည့်သွင်း၍ဖြစ်စေ ပရိသတ်ရွှင်မြူးလာအောင် ပြင်ဆင်ထားနိုင်ပါသည်။ နိဂုံးတွင် မည်သို့ပြောဆိုမည်ဆိုသည်ကိုလည်း ကြိုတင်ပြင်ဆင်နိုင်ပါသည်။

ကျပန်းစကားပြောရာတွင် ပရိသတ်ရှေ့တွင်ရပ်ကာ ပြောရသည်ဖြစ်သဖြင့် မိမိခန္ဓာကိုယ်တစ်ခုလုံးကို ပရိသတ်က မြင်တွေ့ခွင့်ရနေပါသည်။ ထို့ကြောင့် ကျပန်းစကားပြောဆိုရာတွင် ကိုယ်နေကိုယ်ဟန်ကို အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ ကျပန်းစကားပြောသူသည် စကားပြောခွက် ရှေ့တည့်တည့်၌နေ၍ ပရိသတ်ဘက်လှည့်ကာ ခြေစုံရပ်၍နေရပါမည်။ ကျပန်းစကားပြောနေစဉ်အတွင်း ပုဆိုး၊ ထဘီပြင်ဝတ်ခြင်း၊ အင်္ကျီဆွဲဆန့်ခြင်း၊ ကော်လာထောင်ခြင်း၊ ခေါင်းကုတ်ခြင်း၊ ဆံပင်သပ်ခြင်းစသည့် အပြုအမူများကို ရှောင်ရှားရမည်ဖြစ်သည်။ အဆိုးဆုံးမှာ လက်နှစ်ဖက်ကို မည်သို့ထားရမှန်းမသိခြင်းဖြစ်သည်။ ကျပန်းစကားစတင်ပြောစဉ်တွင် လက်နှစ်ဖက်ကို ရှေ့တွင်ဖြစ်စေ၊ ဘေးနှစ်ဖက်တွင်ဖြစ်စေ သင့်သလိုထားပါ။ နောက်ပိုင်းတွင်မူ မိမိပြောသည့် အကြောင်းအရာနှင့်အညီ လက်နှစ်ဖက်ကို ဟန်ချက်ကျကျလှုပ်ရှားပေးနိုင်ပါသည်။

စကားပြောခွက်ရှေ့တွင် စကားပြောဆိုရသည်ဖြစ်ရာ မပြောဆိုမီ စကားပြောခွက်နှင့်မိမိပါးစပ် အံကိုက်အောင် ပြုပြင်ပေးရမည်။ [illegible]ပေးမှာ အနည်းဆုံးတစ်ပေခန့်ရှိမှ အသံကြည်လင်ပီသမည် ဖြစ်သည်။ စကားပြောခွက်ကို လက်ဖြင့်ပြင်းစွာတောက်၍အသံစမ်းခြင်း မပြုလုပ်မိအောင် သတိပြုရမည်ဖြစ်သည်။

ကျပန်းစကားပြောရာတွင် ပထမဦးစွာ နိဒါန်းစကားပြောရမည်။ နိဒါန်းစကားပြောပြီးလျှင် ခေါင်းစဉ်နှင့်ပတ်သက်သည်များကို အကျယ်တဝင့်ပြောကြားရပါမည်။ ထို့နောက် နိဂုံးချုပ်စကား ပြောကြားရပါမည်။ ကျပန်းစကားပြောဆိုရာတွင် အထူးသတိပြုရမည့်အချက်မှာ သတ်မှတ်ထားသည့်အချိန်နှင့် အံဝင်ခွင်ကျဖြစ်အောင် ပြောဆိုရမည်ဖြစ်သည်။ အချိန်စေ့ကြောင်း အချက်ပေးခေါင်းလောင်းတီးလျှင် ဆက်လက်မပြောတော့ဘဲ နိဂုံးချုပ်ပေးရမည် ဖြစ်ပါသည်။

ကျပန်းစကားပြောခြင်းသည် စကားပြောစွမ်းရည်ကို ထက်မြက်စေသည့် အပြောပုံစံတစ်မျိုးဖြစ်ပါသည်။

## ကျပန်းစကားပြောခြင်းပုံစံ

ခေါင်းစဉ် – အမြိုးကို အရွက်မဖုံးစေနှင့်

သဘာပတိကြီးနဲ့တကွ ရွှေပွဲလာစည်ပရိသတ်များရှင်၊ ကျွန်မကတော့ စကားဒသမတန်း (ခ) ကမအေးမြသူ ဖြစ်ပါတယ်ရှင်။ ကျွန်မအခုပြောမဲ့ ကျပန်းစကားပြောခေါင်းစဉ်ကတော့ "အမြိုးကို အရွက်မဖုံးစေနှင့်" ဖြစ်ပါတယ်ရှင်။ အပင်တစ်ပင်မှာအမြိုးဟာ မူလရှိတဲ့အရာဖြစ်ပါတယ်။ အရွက်ကတော့ အမြိုးကိုအမှီပြုပြီး နောက်မှဆင့်ပွားပေါ်ထွက်လာရတဲ့အရာ ဖြစ်ပါတယ်ရှင်။ နောက်မှပေါ်ထွက်လာတဲ့အရွက်တွေက များပြားလာပြီး နဂိုရှိရင်းစွဲအမြိုးကို ဖုံးလွှမ်းအုပ်မိုးလာတဲ့အခါ ဘာအပင် ဘယ်မျိုးနွယ်ဆိုတာ မသိနိုင်တော့ဘဲ မူလဇာစ်မြစ် ပျောက်ကွယ်သွားတတ်ပါတယ်။ ဒီလိုမူလရှိရင်းစွဲအရာကို နောက်ပေါ်အရာတွေက လွှမ်းမိုးဝါးမျိုမသွားစေဖို့ကို သတိပေးတဲ့အနေနဲ့ လူကြီးသူမတွေက "အမြိုးကို အရွက်မဖုံးစေနှင့်"ဆိုတဲ့စကားနဲ့ ဆုံးမခဲ့ကြတာ ဖြစ်ပါတယ်ရှင်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးမှာ မူလရှိပြီးဖြစ်တဲ့ အစဉ်အလာ၊ ဓလေ့ထုံးစံယဉ်ကျေးမှုဟာအမြိုးနဲ့

တူပါတယ်ရှင်။ နောက်ပိုင်းမှာပေါ်ပေါက်လာတဲ့ အဆန်းအပြား တိုင်းတစ်ပါးယဉ်ကျေးမှုတွေဟာ အရွက်နဲ့ တူပါတယ်။ အမြစ်ကိုအရွက်မဖုံးစေသလိုဘဲ အစဉ်အလာဓလေ့ထုံးစံ အမျိုးသားယဉ်ကျေးမှုကို နောက်ပေါ် အဆန်းအပြားတွေနဲ့ တိုင်းတစ်ပါးယဉ်ကျေးမှုတွေက ဖုံးလွှမ်းမသွားစေသင့်ပါဘူး။ "အမြစ်ကို အရွက်မဖုံးစေနှင့်"လို့ ပြောဆိုကြတာဟာ အမျိုးသားယဉ်ကျေးမှု မပျောက်ကွယ်စေနဲ့လို့ ဆုံးမနေတာပဲ ဖြစ်ပါတယ်ရှင်။

ကျွန်မတို့မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုအစဉ်အလာကြီးမားတဲ့နိုင်ငံ၊ ကျွန်မတို့မြန်မာလူမျိုးဟာ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားတဲ့လူမျိုး မဟုတ်ပါလားရှင်။ ယဉ်ကျေးမှုဆိုရာမှာ ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ စာပေ၊ ဂီတ၊ သဘင်၊ မိုးရာပွဲလမ်းများ၊ ဘာသာအယူဝါဒ စတာတွေ အကျုံးဝင်ပါတယ်ရှင်။ မြန်မာ့ယဉ်ကျေးမှုဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့ပြီး တဖြည်းဖြည်းနဲ့ တိုးတက်ထွန်းကား လာခဲ့တာဖြစ်ပါတယ်ရှင်။

လောကသဘာဝအရ အဟောင်းတွေရဲ့နေရာမှာ အသစ်တွေက အစားထိုးဝင်ရောက်လာမြဲဖြစ်ပါတယ်ရှင်။ ဒါပေမဲ့ ဟောင်းတိုင်းပစ်ပယ်လို့မရသလို သစ်တိုင်းလဲ လက်ခံလို့မသင့်ဘူးဆိုတဲ့ အချက်ကိုတော့ သတိပြုရမှာ ဖြစ်ပါတယ်ရှင်။ ရှိနှင့်ပြီးသား ယဉ်ကျေးမှုတွေရဲ့နေရာမှာ ယဉ်ကျေးမှုအသစ်တွေ ထိုးဖောက်ဝင်ရောက်လာရာမှာ မြန်မာ့ဓလေ့ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ ယဉ်ကျေးမှုမျိုးကိုတော့ တားဆီးကာကွယ်ရမှာ ဖြစ်ပါတယ်ရှင်။ တစ်နည်းအားဖြင့် ပြောရရင်တော့ အမြစ်ကို အရွက်မဖုံးအောင် သတိမူရမှာ ဖြစ်ပါတယ်ရှင်။

ဝတ်စားဆင်ယင်မှုမှာ ရှေးမြန်မာတွေဟာ မြန်မာ့ရေမြေပတ်ဝန်းကျင်၊ ရာသီဥတု၊ ဓလေ့စရိုက်နဲ့ ကိုက်ညီမဲ့ဝတ်စုံကိုရွေးချယ်ပြီး ဝတ်ဆင်ခဲ့ကြပါတယ်ရှင်။ ဒါပေမဲ့ ခေတ်ကာလပြောင်းလဲလာတာနဲ့အမျှ ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်မဲ့ ဝတ်စားဆင်ယင်မှုတွေကို ပြောင်းလဲဝတ်ဆင်လာခဲ့ကြပါတယ်ရှင်။ ဒါပေမဲ့ အခုအခါမှာတော့ တိုင်းတစ်ပါးဝတ်စားဆင်ယင်မှုတွေ ထိုးဖောက်ဝင်ရောက်လာပြီး တိုင်းတစ်ပါးကို အထင်ကြီးအတုခိုးပြီး မြန်မာ့ယဉ်ကျေးမှုနဲ့သွေဖည်တဲ့ မြန်မာ့မျက်စိအမြင်မှာ မတင့်တယ်မဖွယ်ရာတဲ့ ဝတ်စားဆင်ယင်မှုမျိုးကို ဝတ်ဆင်လာကြပါတယ်ရှင်။ ဒီလိုဝတ်စားဆင်ယင်မှုမျိုးကို ကာကွယ်တားဆီးသွားကြရမှာ ဖြစ်ပါတယ်ရှင်။

ဘာသာစကားနဲ့စာပေဘက်မှာဆိုရင်လဲ ကျွန်မတို့ဟာ ရှေးကတည်းက ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေနဲ့ တစ်သီးတခြားရှိနေခဲ့တာ ဖြစ်ပါတယ်ရှင်။ တိုင်းခြားဘာသာစကားတွေကို တတ်ထားသင့်ပေမဲ့လဲ မိခင်ဘာသာစကားကိုတော့ ပယ်ဖျက်လို့မဖြစ်ပါဘူးရှင်။ ဖျက်ဆီးပစ်လို့ မဖြစ်ပါဘူးရှင်။ နက်နဲသိမ်မွေ့တဲ့ အမိဘာသာစကားရဲ့နေရာမှာ အဓိပ္ပာယ်မရှိတဲ့၊ ရင့်သီးရိုင်းပျတဲ့ ဗန်းစကားတွေ၊ တိုင်းခြားဘာသာစကားတွေကို အစားထိုးတာဟာ ကိုယ့်ဘာသာစကားရဲ့ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် ပြုလုပ်နေတာနဲ့ အတူတူပါပဲရှင်။ ပုဂံခေတ်ကတည်းကစပြီး ပေါ်ပေါက်လာခဲ့တဲ့ ကျွန်မတို့ရဲ့မြန်မာစာပေဟာ တစ်ခေတ်ပြီးတစ်ခေတ် တိုးတက်ထွန်းကား လာခဲ့ပါတယ်ရှင်။ ဒါပေမဲ့ အခုအခါမှာ တချို့သောပုဂ္ဂိုလ်တွေဟာ မြန်မာ့အကြောင်းကို မြန်မာလိုမတွေးဘဲ တိုင်းတစ်ပါးကို အထင်ကြီး၊ တိုင်းတစ်ပါးနောက်လိုက် အတွေးအခေါ်

အရေးအသားတွေနဲ့ မြန်မာစာပေကို ချိုးဖဲ့ဖျက်ဆီးလာကြပါတယ်ရှင်။ ဒါကြောင့် ကျွန်မတို့ရဲ့စာပေယဉ်ကျေးမှုကို ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်ရှင်။

ဂီတမှာလဲ ဒီသဘောအတိုင်းပါပဲရှင်။ မြန်မာတို့ရဲ့ဂီတဟာ မြန်မာလူမျိုးတွေနဲ့အတူ ရှေးဦးကတည်းက ပေါ်ထွန်းလာခဲ့ပါတယ်။ အထောက်အထားတွေအရ ပျူခေတ်ကတည်းက အတီးအမှုတ်၊ အကအခုန်တွေနဲ့ မြန်မာ့ဂီတဟာပေါ်ထွန်းလာပြီး ပုဂံခေတ်မှာလဲ စည်သည်၊ ပသာသည်၊ ခွက်ခွင်းသည်စတဲ့ တူရိယာတွေနဲ့ အသက်မွေးတဲ့ အနုပညာသည်တွေ ရှိနေပြီဖြစ်ပါတယ်ရှင်။ ဂီတပညာဟာ တဖြည်းဖြည်း တိုးတက်ထွန်းကားလာရာက မြန်မာတွေ ထီးကျိုးစည်ပေါက်ဖြစ်ရတဲ့အခါ နယ်ချဲ့တွေရဲ့ဂီတသံစဉ်က မြန်မာ့ဂီတကို ဝါးမျိုသွားခဲ့ပါတယ်ရှင်။ မြန်မာ့သီချင်းကြီးနေရာမှာ အနောက်တိုင်းရော့အင်ဖိုးက ဝင်ရောက်နေရာယူလာခဲ့ပါတယ်ရှင်။ ဒီဆိုးကျိုးကို ကာလရှည်စွာ ခံစားခဲ့ကြရပြီးနောက် မြန်မာ့ဂီတ၊ မြန်မာ့သီချင်းသံဟာ တဖြည်းဖြည်း မှေးမှိန်လာခဲ့တဲ့အတွက် ပြန်လည်ထိန်းသိမ်းဖော်ထုတ်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်ရှင်။

အဲ့ဒီလို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတွေဟာ အဘက်ဘက်က ယိုယွင်းမှေးမှိန်လာတဲ့အတွက် ကျွန်မတို့တစ်မျိုးသားလုံးဟာ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်ရှင်။ ဒါကြောင့် အမိုးကိုအရွက်မဖုံးစေနဲ့ဆိုတဲ့ စကားအတိုင်း ပင်မအမှိုဖြစ်တဲ့ ကျွန်မတို့ရဲ့မြန်မာ့ယဉ်ကျေးမှုကို အရွက်ဖြစ်တဲ့ တိုင်းတစ်ပါးကကူးစက်လာတဲ့ ယဉ်ကျေးမှုတွေ မဖုံးလွှမ်းသွားရအောင် ကျွန်မတို့အားလုံး အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း ကျွန်မရဲ့ကျပန်းစကားပြောကြားချက်ကို နိဂုံးချုပ်လိုက်ပါရစေရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**သင်ခန်းစာဆိုလိုရင်း**

- စကားအပြောပုံစံများမှ ကျပန်းစကားပြောခြင်း၏ သဘောသဘာဝ
- ကျပန်းစကားပြောရာတွင် လိုက်နာသင့်သည့်အချက်များ
- ကျပန်းစကားပြောခြင်း အပြောပုံစံနှင့် လက်တွေ့ပြောဆိုခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ ကျပန်းစကားအပြောပုံစံ သာဓကအဖြစ် ဖော်ပြထားသော" အမိုးကို အရွက်မဖုံးစေနှင့်" တွင် အချက်အလက်များကို မည်သို့စီစဉ်ပြောဆိုသနည်း။

၂။ ကျပန်းစကားပြောရာတွင် မည်သည့်ပြောဆိုပုံ ကိုယ်ဟန်မူရာဖြင့် ပြောဆိုဆွေးနွေးသင့်သည်ကို ဆွေးနွေးပါ။

၃။ ကျပန်းစကားပြောနိုင်သည့်ခေါင်းစဉ် သို့မဟုတ် အကြောင်းအရာကို ဝိုင်းဖွဲ့ဆွေးနွေးပါ။

၄။ အုပ်စုခွဲကာနှစ်သက်ရာခေါင်းစဉ်ဖြင့် ကျပန်းစကားပြောစေပြီး အချင်းချင်းအပြန်အလှန် သုံးသပ်ဆွေးနွေးပါ။

၅။ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို ကျပန်းပြောဆိုရန်အတွက် ပြောဟန်ဖြင့်ရေးသားပါ။

## စကားရည်လုခြင်း

လူတိုင်းပင် သာမန်အားဖြင့် စကားပြောကြပါသည်။ စကားပြောသောအတတ်ပညာသည် တိမ်မယောင်နှင့်နက်၍ လွယ်မယောင်နှင့်ခက်သော အလုပ်ဖြစ်သည်။ စကားပြောဆိုခြင်းအမျိုးမျိုးတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် သူနိုင်ကိုယ်နိုင်စကားနိုင်လု၍ အပြန်အလှန်ပြောဆိုရခြင်းမျိုးလည်း ရှိပါသည်။ ထိုသို့ပြောဆိုသည်ကို စကားရည်လုသည်ဟု ခေါ်ပါသည်။ စကားရည်လုရာတွင် ကိုယ်ပြောလိုသည်ကို အနိုင်ရအောင်ပြောဆိုရခြင်းသည် မလွယ်ကူပါ။ အထူးသဖြင့် စကားပြောနည်းအမျိုးမျိုးအနက် စကားရည်လုပြောဆိုခြင်းသည် အခြားပြောဆိုခြင်းများထက် ပိုမိုခက်ခဲသည်ဟု ဆိုနိုင်ပါသည်။ စကားရည်လုရာတွင် စကားပြောသူများသည် စကားလုံးပြောင်မြောက်ရသည်။ အသုံးအနှုန်းကောင်းမွန်ရသည်။ လှုပ်ရှားတက်ကြွသော ဟန်ပန်ရှိရသည်။ အင်အားကောင်းသော စကားလုံးများနှင့် ချက်ကျလက်ကျ ပီပီပြင်ပြင် ပြောဆိုနိုင်ရမည် ဖြစ်သည်။

စကားအနိုင်လု၍ ပြောဆိုခြင်းကို သာမန်စကားပြောဆိုမှုမျိုးတွင် တွေ့နိုင်သော်လည်း စကားရည်လုပြိုင်ပွဲများတွင် ပို၍သိသာထင်ရှားစွာ တွေ့ရပါသည်။ စကားရည်လုပြိုင်ပွဲများတွင် စကားအနိုင်လုရာ၌ ပါဝင်ပြောဆိုသူများ၏ စကားပြောစွမ်းရည်ကို ပြသရပါသည်။ စကားရည်လုပြောသူများသည် ပရိသတ်၏ ခံစားချက်နှင့်အတွေးကို မိမိတို့ဘက်သို့ပါအောင် ဆွဲဆောင်ပြောဆိုနိုင်စွမ်း ရှိကြရပါသည်။ စကားရည်လု ပြောဆိုရာတွင် ပြောဆိုရမည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ ပုံတိုပတ်စ၊ ကဗျာ၊ သီချင်း အစရှိသည့် ဗဟုသုတများကို အံဝင်ခွင်ကျဖြစ်အောင် ပြောဆိုအသုံးပြုရပါသည်။ ယဉ်ကျေးသိမ်မွေ့သောအမူအရာနှင့် ပြောဟန်ဆိုဟန်လည်း ရှိရသည်။

စကားရည်လုပြိုင်ပွဲတွင် အကြောင်းအရာတစ်ခု အဆိုပြုတင်သွင်းရသူကို အဆိုသမားဟု လည်းကောင်း၊ အဆိုချေပသူကို အချေသမားဟုလည်းကောင်း ခေါ်ပါသည်။ အဆိုသမားသည် မိမိတင်သွင်းသည့် အကြောင်းအရာဘက်ကနိုင်အောင် ရပ်တည်ပြောဆိုရပြီး အချေသမားသည် အဆိုသမားတင်သွင်းသည့် အကြောင်းအရာကို ဆန့်ကျင်ကာ နိုင်အောင်ပြောဆိုရပါသည်။

ကျောင်းများတွင် စကားပြောစွမ်းရည် ထက်မြက်လာစေရန် စကားရည်လုပြိုင်ပွဲများ ကျင်းပလေ့ရှိပါသည်။ စကားရည်လုပြိုင်ပွဲများတွင် ပြောဆိုရာ၌ လိုက်နာကျင့်သုံးသင့်သောအချက်များရှိပါသည်။

၁။ သဘာပတိ သို့မဟုတ် အကဲဖြတ်လူကြီးမင်းကို ဦးစွာနှုတ်ဆက်ပါ။ ထို့နောက် ပရိသတ်ကိုနှုတ်ဆက်ပါ။

၂။ သဘာပတိ သို့မဟုတ် အကဲဖြတ်လူကြီးမင်းများ ခင်ဗျား၊ ရှင် ဟူသောစကားကို အခွင့်သာတိုင်းပြောပါ။

၃။ တစ်ဖက်က စကားရည်လုပြောဆိုသူတို့၏အမည်ကို တိုက်ရိုက်မခေါ်ရပါ။ ပထမ အဆိုရှင်၊ အချေရှင် စသည်ဖြင့် သုံးနှုန်းပါ။

၄။ ခွင့်ပြုသည့်အချိန်ထက် ပိုမပြောရပါ။

၅။ ပြောစရာမရှိလျှင် အချိန်မပြည့်သော်လည်း မိမိနေရာတွင် ပြန်ထိုင်ပါ။

၆။ တစ်ဖက်လူအား ပုဂ္ဂိုလ်ရေးဝေဖန်ပြောဆိုမှုကိုရှောင်၍ ဓမ္မဓိဋ္ဌာန်ကျကျ ပြောဆိုပါ။

၇။ ပရိသတ်ကိုကြည့်၍ စကားပြောပါ။ တစ်ဖက်လူအားကြည့်၍ ပြောဆိုခြင်းကို ရှောင်ပါ။

၈။ အဝတ်အစားကို သန့်ရှင်းသပ်ရပ်အောင် ဝတ်ဆင်ပါ။ ပရိသတ်ရှေ့တွင် ပြင်မဝတ်သင့်ပါ။

၉။ ရှုန့်ရင်းကြမ်းတမ်းသော စကားအသုံးအနှုန်းများကို ရှောင်ကြဉ်ပါ။

၁၀။ စကားပြောပြီးလျှင် ကျေးဇူးတင်စကားပြော၍ မိမိနေရာတွင် ပြန်ထိုင်ပါ။

စကားရည်လုခြင်းသည် စကားပြောစွမ်းရည် ထက်မြက်စေရန် အလေ့အကျင့်ကောင်းများ ရရှိစေနိုင်သော အပြောပုံစံတစ်မျိုးပင်ဖြစ်ပါသည်။

## စကားရည်လုခြင်းပုံစံ

**အဆိုရှင်၏ အဆိုတင်သွင်းချက်**

စကားရည်လုပြိုင်ပွဲသို့ ကြွရောက်လာကြပါသော သဘာပတိလူကြီးမင်းနဲ့ အမှတ်ပေးအကဲဖြတ်ဒိုင်လူကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်ပါတယ်ရှင်၊ ကျွန်မကတော့ စကားအသမတန်းက ကျောင်းသူ မထွေးထွေး ဖြစ်ပါတယ်ရှင်၊ စကားရည်လုပြိုင်ပွဲမှာ ကျွန်မတင်သွင်းမဲ့ အဆိုကတော့ "စာမေးပွဲနီးရင် သူငယ်ချင်းတွေနဲ့ စာစုကျက်တာကောင်းတယ်"ဆိုတဲ့ အဆိုဖြစ်ပါတယ်ရှင်၊ အကဲဖြတ်လူကြီးမင်းများနဲ့ ပရိသတ်ကြီးပဲ စဉ်းစားကြည့်ပါရှင်၊ တစ်ယောက်တည်း စာကျက်ရတာ ဘယ်လောက်ပြီးငွေ့စရာ ကောင်းပါသလဲရှင်၊ တစ်ယောက်တည်း ဟိုတွေးဒီတွေးနဲ့ စာထဲမှာစိတ်ဝင်စားဖို့ မလွယ်ပါဘူးရှင်၊ ပြီးတော့ တစ်ယောက်တည်းစာကျက်ရင် တစ်ယောက်အားပဲကျက်နိုင်မှာပါရှင်၊ သူငယ်ချင်းတွေနဲ့ စာစုကျက်ရင်တော့ တစ်ယောက်နားမလည်တဲ့စာကို တစ်ယောက်က ရှင်းပြပေးနိုင်မှာပဲ ဖြစ်ပါတယ်ရှင်၊

စာမှာအားနည်းတဲ့သူငယ်ချင်းတွေရှိရင်လဲ အချင်းချင်းဖေးမကူညီနိုင်မှာ မဟုတ်ပါလားရှင်၊ "တစ်ယောက်အားနဲ့ ယူသော်မရ အများအားနဲ့ယူသော်ရ၏"ဆိုတဲ့ စကားလဲရှိတာပဲ မဟုတ်ပါလားရှင်၊ သူငယ်ချင်းတွေနဲ့ စာစုကျက်ရင် အချိန်တိုတိုအတွင်းမှာ စာမြန်မြန်လဲ ရနိုင်ပါတယ်ရှင်၊ နားမလည်တဲ့ စာကျက်ရင် စာတွေ ပြန်မေ့သွားတတ်ပေမဲ့ နားလည်တဲ့သူငယ်ချင်းက ရှင်းပြပေးပြီးကျက်တော့ ခလုတ်တိုက်ရင်တောင် မမေ့နိုင်တော့ပါဘူးရှင်၊ အရေးအကြီးဆုံးကတော့ စာစုကျက်တဲ့အခါ အတွေးအခေါ်တွေ ဝေမျှခွင့်ရစေတာပဲ ဖြစ်ပါတယ်၊ စာစုကျက်တဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်နိုင်တဲ့အတွက် စဉ်းစားတွေးခေါ်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်မှာပဲ ဖြစ်ပါတယ်ရှင်၊ တစ်ယောက်တည်း စာကျက်လို့ စာမရတဲ့

အခါမှာ စိတ်ဓာတ်ကျလွယ်ပေမဲ့ သူငယ်ချင်းတွေနဲ့ စာစုကျက်တဲ့ အခါမှာတော့ တစ်ယောက်ကိုတစ်ယောက် အားပေးနိုင်ပါသေးတယ်ရှင်။ သူငယ်ချင်းတွေနဲ့ စာစုကျက်တာဟာ စာမေးပွဲကို အထောက်အကူ ဖြစ်စေရုံသာမကပဲ လူအများနဲ့လိုက်လျောညီထွေ နေတတ်လာစေပြီး လူမှုဆက်ဆံရေးကိုလဲ အထောက်အကူဖြစ်စေနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မအနေနဲ့ကတော့ "စာမေးပွဲနီးလာရင် သူငယ်ချင်းတွေနဲ့ စာစုကျက်တာကောင်းတယ်"ဆိုတဲ့အဆိုကို အနိုင်အမာ တင်သွင်းလိုက်ရပါတယ်ရှင်။

**အချေရှင်၏ ချေပပြောဆိုချက်**

စကားရည်လုပြိုင်ပွဲသို့ ကြွရောက်လာကြပါသော သဘာပတိလူကြီးမင်းနဲ့ အမှတ်ပေးအကဲဖြတ်ဒိုင်လူကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျာ။ ကျွန်တော်ကတော့ ဧကာဒသမတန်းက ကျောင်းသားမောင်မင်းသီဟပဲ ဖြစ်ပါတယ်ခင်ဗျာ။ စကားရည်လုပြိုင်ပွဲမှာ "စာမေးပွဲနီးရင် သူငယ်ချင်းတွေနဲ့စာစုကျက်တာ ကောင်းတယ်" ဆိုတဲ့အဆိုကို ချေပပြီး စာမေးပွဲနီးရင် သူငယ်ချင်းတွေနဲ့စာစုကျက်တာ မကောင်းတဲ့အကြောင်းကို ပြောဆိုမှာပဲ ဖြစ်ပါတယ်ခင်ဗျာ။ အစောက အဆိုရှင်က သူငယ်ချင်းတွေနဲ့ စာစုကျက်တာ ကောင်းတယ်တဲ့၊ တစ်ယောက်တည်းကျက်ရင် ပျင်းတွေးဒီတွေး ဖြစ်နေမယ်တဲ့၊ ဒါကတော့ အဆိုရှင်နဲ့ပဲ ဆိုင်တာဖြစ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ဆိုရင်တော့ စာမေးပွဲနီးလို့ စာကျက်တဲ့အခါ ဟိုတွေး ဒီတွေး တွေးဖို့နေနေသာသာ စာကိုပဲစိတ်ပူ စာဆီပဲ စိတ်ရောက်နေတာပါခင်ဗျာ။ နောက်ပြီး သူကပြောတယ်၊ တစ်ယောက်နားမလည်တဲ့စာကို တစ်ယောက်က ရှင်းပြပေးနိုင်မှာတဲ့၊ နားမလည်တဲ့စာက သူငယ်ချင်း ရှင်းပြမှရမှာလားခင်ဗျာ၊ မရှင်းတဲ့စာရှိရင် ကိုယ့်ဘာကိုယ် ဆရာကို သွားမေးလို့တော မရဘူးလားခင်ဗျာ၊ ပရိသတ်ကြီး နားမယောင်ပါနဲ့ခင်ဗျာ၊ တကယ်တော့ စာရှင်းပြဖို့ နေနေသာသာ လူစုမိပြီဆိုရင် မုန့်စားလိုက် ရေသောက်လိုက်နဲ့ စာတောင်ကျက်ဖြစ်မှာ မဟုတ်တော့ပါဘူးခင်ဗျာ၊ အဆိုရှင်ပြောသွားတဲ့ စာစုကျက်ရင် စာမြန်မြန်ရတယ်ဆိုတာလဲ မဖြစ်နိုင်ပါဘူးခင်ဗျာ၊ လူများတော့ တစ်ယောက်တစ်ပေါက် စကားများပြီး စာကျက်ဖို့ အာရုံစူးစိုက်နိုင်မှာ မဟုတ်ပါဘူးခင်ဗျာ၊ အဆိုရှင်က ပြောသွားပါသေးတယ်၊ စာစုကျက်တာဟာ စဉ်းစားတွေးခေါ်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်တယ်တဲ့၊ ကျွန်တော် မေးခွန်းထုတ်ချင်တာက တစ်ယောက်တည်း စာကျက်ရင် စဉ်းစားတွေးခေါ်တတ်တဲ့ဉာဏ်ကို မရနိုင်တော့ဘူးလား ခင်ဗျာ၊ စိတ်ဓာတ်ကျရင် အချင်းချင်း အားပေးလို့ရတယ်ဆိုတာတလဲ မဟုတ်ပါဘူးခင်ဗျာ၊ သူလဲကျောင်းသား ကိုယ်လဲကျောင်းသားပါခင်ဗျာ၊ မိမိကိုယ်သာအားကိုးရာ ဆိုတဲ့စကားလဲ ရှိတာပဲမဟုတ်ပါလားခင်ဗျာ၊ လူမှုဆက်ဆံရေးကို အထောက်အကူပြုစေနိုင်တယ်ဆိုတာလဲ စာစုကျက်မှ မဟုတ်ပါဘူး၊ စာမေးပွဲပြီးမှ ပရဟိတလုပ်ရင်လဲ ကိုယ့်ရဲ့လူမှုဆက်ဆံရေးစွမ်းရည် တိုးတက်လာမှာပဲ ဖြစ်ပါတယ်၊ အထူးသဖြင့်တော့ စာမေးပွဲနီးတဲ့အချိန်မှာ သူငယ်ချင်းတွေနဲ့ စာစုကျက်တာဟာ အချိန်ကုန်ပြီး စာမေးပွဲအတွက်လဲ အထောက်အကူ မပြုနိုင်ပါဘူးလို့ အထောက်အထားနဲ့ ပြောကြားရင်း ကျွန်တော့်ရဲ့ချေပပြောဆိုမှုကို နိဂုံးချုပ်လိုက်ရပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ၊

**သင်ခန်းစာဆိုလိုရင်း**

- ❖ စကားအပြောပုံစံများမှ စကားရည်လု ပြောဆိုခြင်း၏ သဘောသဘာဝ
- ❖ စကားရည်လုပြိုင်ပွဲများတွင် ပြောဆိုရာ၌ လိုက်နာသင့်သည့်အချက်များ
- ❖ စကားရည်လုပြောဆိုခြင်း အပြောပုံစံနှင့် လက်တွေ့ပြောဆိုခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စကားရည်လုပြောဆိုရာတွင် ရှောင်ကြဉ်သင့်သည့်အချက်များနှင့် လိုက်နာသင့်သည့်အချက်များကို ဖော်ပြပါ။

၂။ စကားရည်လုခြင်း အပြောပုံစံအဖြစ်ပေးထားသော သာဓကတွင် အဆိုဘက်နှင့် အချေဘက် မည်သည့်ဘက်က ပြောဆိုမှုကို သင်ပို၍နှစ်သက်ကြောင်း ဆွေးနွေးပြောဆိုပါ။

၃။ စကားရည်လုပြောဆိုနိုင်သော ခေါင်းစဉ် သို့မဟုတ် အကြောင်းအရာကို အုပ်စုဖွဲ့ဆွေးနွေးပါ။

၄။ စကားရည်လုပြောဆိုနိုင်သည့် အကြောင်းအရာကို အဆိုခေါင်းစဉ်ပေးကာ ကျောင်းသားသုံးဦးစီပါဝင်သော အဆိုဘက်နှင့် အချေဘက် နှစ်ဖက်ခွဲ၍ စကားရည်လုပြောဆိုပါ။

၅။ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို အဆိုဘက်မှလည်းကောင်း၊ အချေဘက်မှလည်းကောင်း ပြောဆိုမှု သာဓကအဖြစ် ပြောဟန်အရေးအသားဖြင့် ရေးသားပါ။

## ကျေးဇူးတင်စကားပြောခြင်း

ကျေးဇူးတင်စကားဟူသည်မှာ ဆုပေးပွဲများ၊ ဂုဏ်ပြုပွဲများ၊ အခမ်းအနားပွဲများတွင် ဂုဏ်ပြုခံရသည့်သူကဖြစ်စေ၊ တက်ရောက်သူများ၏ကိုယ်စား တစ်ဦးတစ်ယောက်ကဖြစ်စေ၊ ပွဲစီစဉ်ကျင်းပသူကဖြစ်စေ သက်ဆိုင်ရာပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိကြောင်း ပြောဆိုသည့်စကားမျိုးဖြစ်သည်။

ကျေးဇူးတင်စကားပြောကြားရန်အတွက် မိမိပြောမည့်အချက်များကို အစ၊ အလယ်၊ အဆုံး သေချာစွာ ပြင်ဆင်ထားရမည် ဖြစ်ပါသည်။ မိမိပြောမည့် ကျေးဇူးတင်စကားကို အချိန်တိုတိုအတွင်း ထိထိမိမိပြောနိုင်အောင် ပြင်ဆင်ထားရပါမည်။ ကျေးဇူးတင်စကားပြောဆိုရာတွင် ပထမဦးစွာ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပြီး ကျေးဇူးတင်ရှိရမည့် ပုဂ္ဂိုလ်များကို ဖော်ထုတ်ပြောကြားရမည်ဖြစ်ပါသည်။ ပြီးနောက် ထိုပုဂ္ဂိုလ်များ၏ ဂုဏ်ရည်နှင့် ကျေးဇူးတင်ထိုက်သည့် အကြောင်းအရာများကို ဖော်ထုတ်ပြောကြားရမည် ဖြစ်ပါသည်။ မိမိကိုထိုပုဂ္ဂိုလ်များ ကျေးဇူးပြုသည့် အကြောင်းအချက်ကြောင့် မိမိရရှိခဲ့သည့် အကျိုးရလဒ်များကိုလည်း ဖော်ထုတ်ပြောဆိုရပါမည်။ နောက်ဆုံးတွင် ထိုကဲ့သို့ မိမိအပေါ် ကျေးဇူးပြုခဲ့သဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားကာ အဆုံးသတ်ရမည်ဖြစ်သည်။

ကျေးဇူးတင်စကား ပြောကြားရာတွင် များသောအားဖြင့် မိမိထက် ဝါကြီးသူ ဂုဏ်သရေကြီးသူတို့ကို ပြောကြားရမည်ဖြစ်ရာ စကားအသုံးအနှုန်း ယဉ်ကျေးရန်၊ လေသံ နူးညံ့ညင်သာရန်၊ ပြောပုံဆိုပုံ ရိုကျိုးရန်၊ ကိုယ်နေဟန်ထား သိမ်မွေ့ယဉ်ကျေးရန် ဂရုပြုရမည် ဖြစ်ပါသည်။

စင်မြင့်ပေါ်က စကားပြောရာတွင် စကားပြောစင်နောက်၌ ခြေတစ်ဖက်ထောက်၍ပြောဆိုခြင်းကို ရှောင်ကြဉ်ရပါမည်။ ဒေါးတိုက်ရပ်၍ပြောခြင်းကိုလည်း ရှောင်ကြဉ်ရပါမည်။ ခြေတစ်ချောင်းပေါ်တွင်သာ ရပ်ပြီး ခြေတစ်ချောင်းကို ဖွဖွသာထောက်ထားသည့် ဟန်မျိုးမဖြစ်စေရန်လည်း သတိပြုရမည်ဖြစ်ပါသည်။ ကျေးဇူးတင်စကားပြောဆိုမည့်သူသည် ပရိသတ်ဘက်သို့လှည့်ကာ ခြေစုံရပ်၍ နေရပါမည်။ အထူးရှောင်ကြဉ်သင့်သည့် ကိုယ်ဟန်အမူအရာမှာ ပရိသတ်ရှေ့ ရှောက်မှ ပုဆိုး၊ ထဘီပြင်ဝတ်ခြင်း၊ အင်္ကျီဆွဲဆန့်ခြင်း၊ ဆံပင်ကို လက်ဖြင့်ပြင်ခြင်း၊ လက်ဖဝါး အချင်းချင်း ပွတ်နေခြင်း၊ လက်နှစ်ဖက်ကို ပူးယှက်ခြင်း၊ ခြေထောက်လှုပ်ခြင်း အစရှိသည်တို့ဖြစ်ပါသည်။ ကျေးဇူးတင်စကား ပြောရာတွင် လက်ကိုဒေါးနှစ်ဖက်၌ ချ၍ဖြစ်စေ၊ ရှေ့တွင်ဖြစ်စေ သင့်သလိုထားနိုင်ပါသည်။ စကားပြောခွက်ကို တစ်ပေခန့်အကွာတွင် မိမိပါးစပ်နှင့် တည့်တည့်ထားကာ ပြောဆိုရမည်ဖြစ်ပါသည်။

ကျေးဇူးတင်စကားသည် ပရိသတ်ရှေ့၌ ပြောရသည့်စကား၊ စင်မြင့်ပေါ်၌ ပြောရသည့်စကား ဖြစ်သော်လည်း ဟောပြောသည့်စကားတို့နှင့် ပုံစံမတူချေ။ "ထောင်တန်သည့်စကား ရယ်လျှင်ပေါ့"ဟူသည့် စကားအတိုင်းပင် ရယ်ရယ်မောမော ပေါ့ပေါ့တန်တန် ပြောဆိုအပ်သည့်စကားမျိုး မဟုတ်ချေ။ ပြောသည့် သူကတည်ကြည်လေးမြတ်စွာ ပြောသကဲ့သို့ နားထောင်သည့်သူကလည်း အလေးအနက်ထားကာ နားထောင်ရသည့် စကားမျိုးဖြစ်ပါသည်။

## ကျေးဇူးတင်စကားပြောခြင်းပုံစံ

### ပညာရည်ချွန်ဆုပေးပွဲ၌ပြောကြားသည့် ကျေးဇူးတင်စကား

ကြွရောက်လာကြတဲ့ လူကြီးမင်းများ၊ ဧည့်ပရိသတ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ခင်ဗျား ကျွန်တော်ကတော့ ဒသမတန်းအတန်းတင်စာမေးပွဲကြီးမှာ ပထမဆုဆွတ်ခူးရရှိတဲ့ မောင်ဆလိုင်း စာခေါင်ဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့ကျောင်းရဲ့ ၂၁ ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲမှာ ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောခွင့်ရတဲ့အတွက် အထူးပဲဂုဏ်ယူဝမ်းမြောက်မိပါတယ်။

အခုလို ကျွန်တော်တို့ ဆုရတာဟာ မိဘအုပ်ထိန်းသူတွေ၊ ဆရာ ဆရာမတွေနဲ့ သူငယ်ချင်း အပေါင်းအသင်းတွေရဲ့ ကျေးဇူးကြောင့်ပဲဖြစ်ပါတယ်။

ဦးစွာ ကျွန်တော်တို့ကို မိဘဝတ္တရားငါးပါးနဲ့အညီ မဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်ကစပြီး အချိန်တန်အရွယ်ရောက် လူလားမြောက်တဲ့အထိ ပြုစုကျွေးမွေးစောင့်ရှောက် ပေးခဲ့ကြတဲ့၊ ပညာတတ်ကြီး တွေဖြစ်အောင် ပညာသင်ကြားပေးခဲ့တဲ့ မိဘတွေရဲ့ ကျေးဇူးကို အထူးအောက်မေ့မိပါတယ်။

နောက်ထပ် ကျေးဇူးတင်ဦးခိုက်လိုတာကတော့ ဆရာ ဆရာမများ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့အခုလို ပညာရည်ချွန်ဆုရခြင်းရဲ့ အဓိကအချက်ဟာ ဆရာ ဆရာမများရဲ့ လမ်းညွှန်သင်ပြ ဆုံးမမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျေးဇူးရှင် ဆရာ ဆရာမတို့ကို အထူးကျေးဇူးတင်မိပါတယ်။ ကျွန်တော်တို့ရဲ့ ဆရာ ဆရာမတွေဟာ စေတနာ၊ ဝါသနာ၊ အနစ်နာခံတဲ့ နာသုံးနာကို ရင်မှာပိုက်ပြီး ကျွန်တော် တို့ကို မီးရှူးတိုင်သဖွယ် လမ်းပြပေးခဲ့ကြပါတယ်။ ဆရာ ဆရာမများရဲ့ လမ်းညွှန်ဆုံးမမှု၊ သင်ကြားပို့ချမှု တွေကြောင့် ကျွန်တော်တို့ အခုလိုအကျိုးကျေးဇူးကို ခံစားရတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဆရာ ဆရာမတွေကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

နောက်ဆုံးကျေးဇူးတင်လိုတာကတော့ ကျွန်တော်တို့ရဲ့ အတန်းဖော်သူငယ်ချင်းတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သူငယ်ချင်းတွေထဲမှာ ဆုမရပေမဲ့ စာတော်တဲ့သူတွေ၊ ကူညီတတ်တဲ့သူတွေ၊ စာနာတတ်တဲ့ သူတွေ အများကြီးရှိပါတယ်။ သူငယ်ချင်းတွေဟာ သင်ခန်းစာတွေကို ဝိုင်းဝန်းဆွေးနွေးကြပြီး လိုအပ်တာ တွေကို ကူညီဖေးမပေးခဲ့ကြပါတယ်။ ဒီလိုသူငယ်ချင်းတွေရှိနေလို့သာ ကျွန်တော်တို့ အခုလိုဆုယူနိုင်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူငယ်ချင်းတွေကိုလဲ ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောပါရစေ။

အခုလို အဘက်ဘက်က ကျွန်တော်တို့ကို ပံ့ပိုးညွှန်ပြ ဆုံးမကူညီပေးခဲ့ကြတဲ့သူတွေ ရှိနေတဲ့အတွက် အခုလိုမျိုး ဆုယူနိုင်တာဖြစ်ပါတယ်။ ဒါကြောင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ဆုရကျောင်းသား ကျောင်းသူ များကိုယ်စား ဒီနေရာကနေ အထူးပဲလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း ကျွန်တော့်ရဲ့ ကျေးဇူးတင်စကားကို အဆုံးသတ်ပါရစေ။

### သင်ခန်းစာဆိုလိုရင်း

- စကားအပြောပုံစံများမှ ကျေးဇူးတင်စကားပြောခြင်း၏ သဘောသဘာဝ
- ကျေးဇူးတင်စကား ပြောဆိုရာ၌ လိုက်နာသင့်သည့်အချက်များ
- ကျေးဇူးတင်စကားပြောခြင်း အပြောပုံစံနှင့် လက်တွေ့ပြောဆိုခြင်းတို့ဖြစ်ပါသည်။

### လေ့ကျင့်ခန်း

၁။ ကျေးဇူးတင်စကားပြောဆိုရာတွင် ပါဝင်သင့်သည့် အချက်များကိုဆွေးနွေးပါ။

၂။ ကျေးဇူးတင်စကားပြောဆိုရာတွင် မည်သည့်ကိုယ်ဟန်အမူအရာများကို ရှောင်ရှားသင့်သနည်း။

၃။ ကျေးဇူးတင်စကားပြောရာတွင် မည်သည့်ပြောပုံဆိုပုံ၊ လေယူလေသိမ်းဖြင့် ပြောဆိုသင့်ကြောင်း ဆွေးနွေးပါ။

၄။ ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးပွဲတွင် ဆုရသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပါ။

၅။ အားကစားပြိုင်ပွဲ ဆုပေးပွဲတွင် ဆုရသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပါ။

# အပိုင်း - ၂
# အဖတ်အရွတ်သင်ခန်းစာ

## မာတိကာ

## အပိုင်း - ၂
## အဖတ်အရွတ်သင်ခန်းစာ

### အခန်း - ၁။ မြန်မာစကားပြေရွေးချယ်ချက်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သိယ်သူသမီး | ၄၆ |
| ၂။ | ပတ္တမြားပြသနာဖြင့်စုံစမ်းခန်း | ၄၉ |
| ၃။ | ဝဇီကိုင် | ၅၂ |
| ၄။ | မျိုးချစ်ဇာတ်မင်းသားကြီးမင်းလှဦးအောင်မောင်း | ၅၉ |
| ၅။ | အလုပ် | ၆၄ |
| ၆။ | ဆားဒယ် | ၆၈ |
| ၇။ | လူလည်းတစ်တွေ ရေလည်းတခြား | ၇၄ |
| ၈။ | ကျွန်ုပ်တို့၏နိုင်ငံတော် | ၇၈ |


### အခန်း - ၂။ မြန်မာကဗျာရွေးချယ်ချက်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရွှေနှင့်ယိုးမှားပန်းစံကား | ၈၁ |
| ၂။ | ဝိဇ္ဇာသိပ္ပလူ့ကိစ္စ | ၈၄ |
| ၃။ | မပန်ရလည်းမပန်ချင် | ၈၈ |
| ၄။ | နွေဦးကာလမြူထသောခါ | ၉၂ |
| ၅။ | မဲဇာတောင်ခြေ | ၉၆ |
| ၆။ | သင်သေသွားသော် | ၁၀၂ |
| ၇။ | အလှရှိရာ | ၁၀၅ |
| ၈။ | ဂိုန်းဖော့ပွဲတော် | ၁၀၈ |


### အခန်း - ၃။ မြန်မာပြဇာတ်ရွေးချယ်ချက်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ် | ၁၁၁ |

# အပိုင်း - ၂

# အဖတ်အရွတ်သင်ခန်းစာ

## နိဒါန်း

ကောဒသမတန်း မြန်မာစာ ကျောင်းသုံးစာအုပ်ပါ အဖတ်အရွတ်သင်ခန်းစာသည် အဖတ်အရွတ်စွမ်းရည်ကို အဓိကထားသည့် သင်ခန်းစာဖြစ်သော်လည်း အနားအကြားစွမ်းရည်၊ အပြောစွမ်းရည်၊ အရေးစွမ်းရည် အားလုံးနှင့်သက်ဆိုင်သော သင်ခန်းစာဖြစ်ပါသည်။ ဤသင်ခန်းစာတွင် အခန်းသုံးခန်း ပါဝင်ပါသည်။ အခန်း ၁ မြန်မာစကားပြေရွေးချယ်ချက်၊ အခန်း ၂ မြန်မာကဗျာရွေးချယ်ချက်၊ အခန်း ၃ မြန်မာပြဇာတ်ရွေးချယ်ချက်တို့ ဖြစ်ပါသည်။ အခန်း ၁ မြန်မာစကားပြေရွေးချယ်ချက်တွင် ကျောက်စာစကားပြေ၊ ဇာတ်တော်ကြီးဝတ္ထု၊ ဝတ္ထုတို၊ အတ္ထုပ္ပတ္တိ၊ ဆောင်းပါး၊ ရသစာတမ်း ရွေးချယ်ချက် ၈ ပုဒ်ကို လေ့လာရမည် ဖြစ်သည်။ အခန်း ၂ မြန်မာကဗျာရွေးချယ်ချက်တွင် လင်္ကာ၊ ပို့၊ အန်ချင်း၊ တျာချင်း၊ ပိုဒ်စုံရတု၊ အချိုး ရွေးချယ်ချက် ၈ ပုဒ်ကို လေ့လာရမည် ဖြစ်သည်။ အခန်း ၃ တွင် မြန်မာပြဇာတ်ရွေးချယ်ချက်အဖြစ် ဇော်ဂျီ၏ မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ်ကို လေ့လာရမည်ဖြစ်သည်။ ယင်းပြဇာတ်သည် လက်ဝဲသုန္ဒရအမတ်ကြီး၏ မဲဇာတောင်ခြေရတုနှင့် ဆက်စပ်လေ့လာနိုင်သော ပြဇာတ်ဖြစ်သည်။

## ယခင်သိရှိပြီးသောအကြောင်းအရာများ

ယခင် ဒသမတန်း အဖတ်အရွတ်သင်ခန်းစာများတွင် စကားပြေသင်ခန်းစာအဖြစ် အတ္ထုပ္ပတ္တိ နှစ်ပုဒ်၊ သုတဆောင်းပါး လေးပုဒ်၊ ဝတ္ထုတို နှစ်ပုဒ်၊ ရသစာတမ်း နှစ်ပုဒ်တို့ကိုလည်းကောင်း၊ ကဗျာသင်ခန်းစာအဖြစ် စကပိုဒ်ရတု၊ ရာပြည့်တိုင်ချင်း၊ တျာချင်း၊ ပုံကြီးသံ၊ အင်းလေးတိုက်တေး တစ်ပုဒ်စီ၊ လေးဆစ်နှစ်ပုဒ်၊ လေးချိုးသုံးပုဒ်တို့ကို လေ့လာသင်ယူခဲ့ပြီးဖြစ်ပါသည်။ ယခင်သိရှိပြီးသော စကားပြေနှင့်ကဗျာဆိုင်ရာ သဘောတရားနည်းနာများ၊ သုတရသအသိအမြင်များကို အခြေခံ၍ မြန်မာစာလေ့လာဖတ်ရှုမှုစွမ်းရည် ပိုမိုမြင့်တက်လာစေရန် ယခု အဖတ်အရွတ် သင်ခန်းစာများကို ဆက်လက်လေ့လာသွားရမည်ဖြစ်ပါသည်။

## အဖတ်အရွတ်သင်ခန်းစာများသင်ယူပြီးလျှင် လုပ်ဆောင်နိုင်မည့်အချက်များ

အဖတ်အရွတ်သင်ခန်းစာကို သင်ယူပြီးနောက် ရှေးသုံးဝေါဟာရများ၊ ခေတ်သုံးဝေါဟာရများ၊ အကြောင်းအရာအချက်အလက်များ၊ ဖန်တီးရေးဖွဲ့ပုံများ သိရှိနားလည်လာမည်။ စကားပြေ၊ ကဗျာ၊ ပြဇာတ်တို့ကို ဖတ်ရှုလေ့လာသည့် အလေ့အထမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်တို့ကို ထူးထူးခြားခြား သိမြင်ခံစားတတ်လာမည်။ စာပေအရေးအဖွဲ့တို့မှ ဇာတ်ဆောင်တို့၏ စရိုက်သဘာဝတို့ကို လေ့လာတတ်လာပြီး ဒိဋ္ဌမမ္မလူ့လောကမှ လူတို့၏စရိုက်သဘာဝနှင့် ချိန်ထိုးလေ့လာတတ်လာမည်။ စာပေလေ့လာမှုမှ တစ်ဆင့် ဘာသာစကားဆိုင်ရာ အရည်အသွေး၊ စာပေလေ့လာမှုဆိုင်ရာ အရည်အသွေး၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေပြီး စာပေဖန်တီးရေးသားလိုစိတ်များ ဖြစ်ပေါ်လာမည်။ စာပေမှရရှိသော သုတရသများ၊ ဘဝအသိအမြင်များ၊ လမ်းညွှန်မှုများမှတစ်ဆင့် နိုင်ငံသားကောင်းတစ်ယောက်၏ စိတ်ဓာတ်ကို မွေးမြူတတ်လာမည်။

# အခန်း - ၁
# မြန်မာစကားပြေရွေးချယ်ချက်

**ကျောက်စာစကားပြေ**

## သိယ်သူ့သမီး

**(ပုဂံခေတ်)**

သိယ်သူ့သမီး စကားပြေသည် ပုဂံခေတ်တွင် ရေးထိုးခဲ့သော ကျောက်စာဖြစ်ပါသည်။

ဤကျောက်စာရေးထိုးသူ၏ အမည်ကိုမသိရ။ သို့သော်ကျောက်စာပါစကားအရ မထိလို၏ မြေးဖြစ်ကြောင်း၊ မြန်မာနှစ် ၆၂၈ ခုနှစ် (ခရစ်နှစ် ၁၂၆၆ ခုနှစ်)တွင် ပုဂံ၌ထီးနန်းစိုးစံလျက်ရှိခဲ့သော မင်း၏ မိဖုရားဖြစ်ကြောင်း၊ သိယ်သူ့သမီးဖြစ်ကြောင်းတို့ကိုသိရသည်။ မြန်မာနှစ် ၆၂၈ ခုနှစ်တွင် ထီးနန်းစိုးစံလျက်ရှိခဲ့သောမင်းမှာ တရုတ်ပြေးမင်းခေါ် နရသီဟပတေ့မင်း မြန်မာနှစ် ၆၁၈ - ၆၆၉ ခုနှစ် (ခရစ်နှစ် ၁၂၅၆-၁၃၀၇ ခုနှစ်) ဖြစ်သည်။ သိယ်သူမှာ ကျစွာမင်းကြီး၏သားတော်တစ်ပါးပင်ဖြစ်သည်။ သမက်တော် နရသီဟပတေ့မင်း လက်ထက်တွင် မင်းအမတ်ဖြစ်သည်။

သိယ်သူ့သမီးသည် မြန်မာနှစ် ၆၂၈ ခုနှစ်တွင် ကျောင်းဆောက်သည်။ ထိုကျောင်းနေ ရဟန်းသံဃာတို့အတွက် လယ်၊ ဥယျာဉ်နှင့်ကျွန်များ လှူသည်။ ထို့နောက် ထိုကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရယူလိုသောဆုကို တောင်းသည်။ အလှူကို ကျောက်စာရေးထိုးမှတ်တမ်းတင်ထားသည်။

မိမိအလှူပြုပုံကို ပြောပြရာတွင်လည်းကောင်း၊ ဆုတောင်းစကားဆိုရာတွင်လည်းကောင်း သိယ်သူ့သမီး၏ စိတ်နေစိတ်ထားမှာ နှစ်သက်လေးစားကြည်ညိုဖွယ်ဖြစ်သည်။ ထိုစိတ်နေစိတ်ထားကို ပေါ်လွင်အောင် ပြေပြေပြစ်ပြစ် သိမ်သိမ်မွေ့မွေ့ ဖွဲ့စည်းထားနိုင်စွမ်းသော စကားပြေအရေးအသားမှာလည်း နည်းမှီစံယူဖွယ်ဖြစ်သည်။

## သိယံသူသမီး

နမောဗုဒ္ဓါယ။ ။ သက္ကရာဇ် ၆၂၈ ခု၊ ပိဿျက်နှစ်၊ နံကာလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ မထီလို
မြေး မင်းမယား၊ သိယံသူသမီး၊ ဖြစ်သောဆင်းရဲ ဖိုမင်းသောဆင်းရဲ သေသောဆင်းရဲ မချစ်သောသူနှင့် တကွ
နေသောဆင်းရဲ ချစ်သောသူနှင့် ကွေကွင်းသောဆင်းရဲ လို၍မရသောဆင်းရဲ ဤသို့ကစသော အတိုင်းမသိသော
ဆင်းရဲတို့သည် နိပ်စက်သောခန္ဓာကို စွန့်ထားခဲ့၍ ဆင်းရဲခပ်သိမ်းကင်းသော၊ ချမ်းသာစွာသော၊ မြတ်သော
နိဗ္ဗာန်ကိုလျှင် ငါလိုသတည်းဟူ၍ ချစ်စွာသော၊ မြတ်သော၊ ရွှေငွေကစသော ဥစ္စာတို့ကိုစွန့်၍ ပြုသော
ကျောင်းတွင်နေသော၊ သီလ၊ သမာဓိ၊ ပညာဟူသော ကျေးဇူးသုံးပါးကိုရှာသော၊ သတင်းစင်သော ဘုရား
တပည့်သား ရဟန်းသံဃာ ချမ်းသာစိမ့်သောငှာ လယ်၊ ဥယျာဉ်၊ ကျွန်ခပင်း အကြွင်းမဲ့လျှင် လှူ၏။ ဤငါတို့
ပြုသော ကောင်းမှုအကျိုး အတို့ခပ်သိမ်းသော အစိုးရသော ရေမြေသခင်ဖြစ်သော မင်းကြီးလည်း ရစေ၏။
ဤကောင်းမှုအာနုဘော်ဖြင့် ပြည်တိုင်းကား ခပ်သိမ်းသော၌နေသော လူခပ်သိမ်းသော၏ အစီးအပွားချမ်းသာ
ကို ရှာပေလျက် သက်တော်ရှည်စွာနေ၍ ဤကောင်းမှုကို ထောက်ပင့်စေသတည်း။ မိဖုရားစသော မောင်းမတော်
ခပ်သိမ်းလည်းရစေ၏။ အချင်းချင်း အမျက်အဏ္ဍ တစ်စေ့မရှိ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏။ ယခုရှိသော
နောင်ဖြစ်လတ်အံ့သော မင်းကြီး၊ မင်းသား၊ အမတ်စသော သူခပ်သိမ်းလည်း ရစေသတည်း၊ အရေးအရာ ယူပါစေ
သတည်း။ ယမမင်းစသော သတ္တဝါခပ်သိမ်းလည်း ရစေသတည်း။ အရအမိကို လိုသောသူကား အရအမိရစေ၏၊
ကောင်းမှုကို လိုသောသူကား ကောင်းမှုကို ရစေ၏။ ငါလည်း ရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော၊ အမျက်
ကြီးသော၊ သူတစ်ထူးကို ညှဉ်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော၊
သစ္စာမရှိသော၊ ပြက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသကင်းသော မဖြစ်မူ၍ ရမ္မက်နည်းသော၊
ရောင့်ရဲလွယ်သော၊ အမျက်နည်းသော၊ သနားတတ်သော၊ ပညာရှိသော၊ အကြောင်းကိုသိတတ်သော၊ ဝန်မတို
သော၊ အပေးအကမ်းရှိသော၊ သစ္စာရှိသော၊ မပြက်တတ်သော၊ မမေ့လျော့သော၊ အောက်မေ့တသရှိသော
ဤသို့သော ကျေးဇူးတို့နှင့်ပြည့်စုံလျက် သံသရာ၌ကျင်လည်၍ မေတ္တေယျဘုရား မျက်မှောက်ကကာ်လျှင်
မြတ်သောအကျွတ်တရား ရလိုသတည်း။

၁၃ ရာစု

သိယံသူသမီး

မြန်မာတိုင်းရင်းကျောက်စာများ

ပုံအမှတ် ၂၁၆

ရေးထိုးနှစ် ၆၂၈

**စကားဆစ်အဖွင့်**

၁။ ကကာ် = မျက်မှောက်။

၂။ ကျေးဇူး = အကျိုး။ ဂုဏ်။

၃။ ခပင်း = အားလုံး။ ခပ်သိမ်း။

၄။ နမောဗုဒ္ဓဿ = ဘုရားအားရှိခိုးပါ၏၊
၅။ နံကာလ = ဝါခေါင်လ၊
၆။ ဝိသ္သကြ်နှစ် = ကဆုန်လ၏ စန်းယှဉ်နက္ခတ်ဖြစ်သော ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောနှစ်၊ ဆယ့်နှစ်နှစ်စက်ဝန်းတွင် ဒုတိယမြောက်နှစ်၏အမည်၊
၇။ ပြက် = ပေါ့တန်သည်၊ မှုသားဆိုသည်၊ မတည်ကြည်၊
၈။ မောင်းမတော် = မင်းမိဖုရားတို့၏ ရံရွေတော်၊
၉။ မေတ္တေယျ = ဤဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရားနောက်ပွင့်မည့် အရိမေတ္တေယျဘုရား၊
၁၀။ ရမ္မက် = တပ်မက်ခြင်း၊ လောဘ၊
၁၁။ သတင်းစင် = အကျင့်စင်ကြယ်သည်၊
၁၂။ သံသရာ = အဖန်တလဲလဲဖြစ်ခြင်း၊
၁၃။ သီယံသူ = ခြသေ့်ကဲ့သို့ရဲရင့်သူဟု အနက်ဆောင်သည့် ဘွဲ့အမည်၊
၁၄။ သစ္စာ = အမှန်တရား၊
၁၅။ အကျွတ်တရား = သံသရာမှလွတ်မြောက်စေသောတရား၊
၁၆။ အတို့ = ကျွန်ုပ်တို့၊
၁၇။ အမျက်အဏ္ဍ = အမျက်ဒေါသ၊ မလိုမုန်းထားခြင်း၊ ရန်ငြိုး၊
၁၈။ အရအမိ = လက်ငင်းအကျိုး၊
၁၉။ အရေးအရာယူ = အရေးတယူပြုသည်၊
၂၀။ အာနုဘော် = ဘုန်းတန်ခိုး၊ စွမ်းရည်၊

> **သင်ခန်းစာဆိုလိုရင်း**
>
> ❖ ပုဂံခေတ်စကားပြေအရေးအသား
>
> ❖ အလှူပြုချိန်၊ အလှူရည်ရွယ်ချက်၊ ပြုသောအလှူ၊ အမှုဝေဆုတောင်းတို့ဖြင့် မှတ်တမ်းတင်ပုံ
>
> ❖ အလှူမှတ်တမ်းမှတစ်ဆင့်တွေ့ရသော သီယံသူသမီး၏ စိတ်နေသဘောထားတို့ဖြစ်ပါသည်၊

**လေ့ကျင့်ခန်း**

၁။ သီယံသူသမီး၏ စိတ်နေသဘောထားကို ဖော်ထုတ်တင်ပြပါ၊

၂။ သီယံသူသမီးစကားပြေတွင် အကြောင်းအရာကို မည်သို့စီစဉ်ရေးသားထားသနည်း၊

၃။ ယခုခေတ်စကားလုံးများနှင့်မတူသော ပုဂံခေတ်စကားလုံးများကို လေ့လာတင်ပြပါ၊

၄။ ပုဂံခေတ်ကျောက်စာစကားပြေအရေးအသားကို လေ့လာတင်ပြပါ၊

၅။ သီယံသူသမီးစကားပြေကိုဖတ်ရှုပြီး သင့်စိတ်တွင်မည်သို့ဖြစ်ပေါ်ခံစားရသည်ကို ရှင်းလင်းတင်ပြပါ၊

**ဇာတ်တော်ကြီးဝတ္ထု**

## ပတ္တမြားပြဿနာဖြင့်စုံစမ်းခန်း

### (ကုန်းဘောင်ခေတ်)

ပတ္တမြားပြဿနာဖြင့်စုံစမ်းခန်း ကောက်နုတ်ချက်ကို မင်းပူးဆရာတော် ဦးဩဘာသရေးသော မဟောသဓာ (မဟော်သဓာ) ဇာတ်တော်မှ ထုတ်နုတ်သည်။

ဆရာတော်ဦးဩဘာသသည် ကုန်းဘောင်ခေတ်တွင် စကားပြေအရေးအသား၌ ထင်ရှားသောဆရာတော် တစ်ပါး ဖြစ်သည်။ ဆရာတော်၏ ဇာတိမှာ မင်းပူး(မင်းဘူး)မြို့အနီး ရပ်သာရွာဖြစ်သည်ဟု ဆိုကြသည်။ ဖွားမြင်သောနှစ်ကို အတိအကျမသိရသော်လည်း မြန်မာနှစ် ၁၁၂၀ ပြည့်နှစ်ခန့် (ခရစ်နှစ် ၁၇၅၈ ခုနှစ်ခန့်) ဟု ခန့်မှန်းကြသည်။ ခမည်းတော်မှာ ရပ်သာမြို့ အသည်ကြီးဖြစ်ကြောင်း သိရသည်။

ဆရာတော်သည် ငယ်စဉ်ကပင် မင်းပူးမြို့ လေသာကျောင်းဆရာတော်ထံတွင် စာပေပညာ လေ့လာဆည်းပူးခဲ့သည်။ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ နီတိ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အဖြာဖြာတို့ကို တတ်ကျွမ်းခဲ့သည်။ လေသာကျောင်းဆရာတော်၏ လက်ရင်းငယ်တပည့်ဟု အလွန်ထင်ရှားခဲ့သည်။ အသက် ၂၀ တွင် ရဟန်းပြု၍ ၄ ဝါ ၅ ဝါ အရတွင် မြန်မာနှစ် ၁၁၄၄ ခုနှစ်၊ ပြာသိုလ၌ လေသာကျောင်းဒါယကာဦးဝ၏သား မောင်ထောက်၏ တောင်းပန်ချက်အရ 'တေ၊ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ' ဟူသော ဇာတ်ကြီးဆယ်ဘွဲ့မှ စန္ဒကုမာရဇာတ်တော်ကြီးဝတ္ထုကို မြန်မာစကားပြေဖြင့် စတင်ရေးသားသည်။

ဆရာတော်သည် ဇာတ်တော်ကြီးဆယ်ဘွဲ့အနက် သုဝဏ္ဏသာမဇာတ်နှင့် ဘူရိဒတ်ဇာတ်မှတစ်ပါး ကျန်ဇာတ်တော်ကြီးရှစ်ဘွဲ့ကို ရေးသားခဲ့သည်။ ဆရာတော်၏ ဝေဿန္တရာဇာတ်တော်ကြီးသည် နှောင်းလူတို့ စံထားရသော စကားပြေဖြစ်သည်။ အခြားဇာတ်တော်ကြီးများနှင့်မတူ ထူးခြားကောင်းမွန်၍ ဆရာတော်၏ လက်စွမ်းပြ ဇာတ်တော်ကြီးဝတ္ထုဟုပင် ဆိုထိုက်ပေသည်။ မြန်မာနှစ် ၁၁၄၆ ခုနှစ် တန်ဆောင်မုန်းလတွင် မိမိရေးသော ဇာတ်တော်ကြီးဝတ္ထုများအနက် အရှည်လျားဆုံးဖြစ်သော မဟောသဓာဇာတ်တော်ကြီးဝတ္ထုကို ရေးသားပြုစုခဲ့သည်။ ဆရာတော်၏ စကားပြေအရေးအသားမှာ ပြေပြစ်ချောမွေ့၍ နှစ်လိုဖွယ်ရှိသည်။

ဆရာတော်သည် ဇာတ်တော်ကြီးဝတ္ထုများကို ရေးသားစီရင်တော်မူသည့် အချိန်များတွင်လည်း စာပေသင်ကြားခြင်း၊ စာပေကြည့်ရှုခြင်း၊ စာပေပို့ချခြင်း အစရှိသည့် ကိစ္စကြီးငယ်တို့ကို မယုတ်လျော့စေခဲ့ပေ။ လေသာကျောင်းဆရာတော်ကြီး ပျံလွန်တော်မူလျှင် ဆရာတော်သည် လေသာကျောင်းတွင် ကျောင်းထိုင်၍ စာပေပို့ချခဲ့သည်။ ဆရာတော်သည် မြန်မာနှစ် ၁၁၆၀ ပြည့်နှစ်ခန့် ဝါတော် ၂၀ တွင် ပျံလွန်တော်မူသည်။

ပတ္တမြားပြဿနာဖြင့်စုံစမ်းခန်း ဇာတ်တော်ကြီးဝတ္ထုတွင် မဟောသဓာဖြေရှင်းရသော ပြဿနာများအနက် ပတ္တမြားပြဿနာ ဖြေရှင်းပုံကို ဖော်ပြထားသည်။

## ပတ္တမြားပြဿနာဖြင့်စုံစမ်းခန်း

ပတ္တမြားပြဿနာဟူသည်ကား ထိုဝိဒေဟရာဇ်မင်းကြီး၌ ဘုရားလောင်း ကုသမင်း ဖြစ်တော်မူသောအခါ သိကြားမင်း ပေးအပ်သောပတ္တမြားသည် ထီးနန်းလဲဖောက်သော်လည်း မပျောက်မပျက် အဆက်ဆက်မင်းတို့သုံးဆောင်ရာဖြစ်၍ ဝိဒေဟရာဇ်မင်းလက်ထက်တိုင်ရှိ၏။ ထိုပတ္တမြားသည် ကြိုးထားရာအပေါက်အကောက်ရှစ်ပါးရှိသည်ဖြစ်၍ ဝိဒေဟရာဇ်မင်းလက်ထက် အထက်က ကြိုးဟောင်းပြတ်သဖြင့် ကြိုးဟောင်းကို နုတ်ပစ်၍ ကြိုးသစ်တပ်ခြင်းငှာ မတတ်နိုင်ခြင်းကြောင့် ကြိုးတပ်၍ မသုံးမဆောင်ရ ဖြစ်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုပတ္တမြားကို ပြဿနာပြု၍ မဟောသဓာသုခမိန်ကို စုံစမ်းလိုသောကြောင့် အရှေ့မဇ္ဈုဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူသည်နှင့်အညီ ဤပတ္တမြား၌ ကြိုးဟောင်းစကို နုတ်ပစ်၍ ကြိုးသစ်တပ်ကြရမည်။ ကြိုးသစ်မတပ်နိုင်လျှင် ရာဇဒဏ်တစ်ထောင်သင့်စေဟု ရာဇသံနှင့်ပတ္တမြားကို ပါစီနယဝမဇ္ဈုဂုံးရွာသို့ ပို့စေ၏။ ရွာသူရွာသားအပေါင်းတို့သည် ထိုပတ္တမြား၌ ကြိုးဟောင်းကို မည်သို့နုတ်ရမည်၊ ကြိုးသစ်ကိုကား မည်သို့တပ်ရမည်ဟု မသိနိုင်ကြသဖြင့် ရှေးနည်းအတူ မဟောသဓာသုခမိန်ကိုပြ၍ မေးကြကုန်၏။

မဟောသဓာသုခမိန်သည် ထိုပတ္တမြားကိုမြင်လျှင် သင်တို့မစိုးရိမ်ကြလင့်၊ ပျားရည်သာ ဆောင်ယူကြစေဟုဆို၍ ပျားရည်ကို ဆောင်ယူစေပြီးသော် ပတ္တမြား၌ အပေါက်ဝနှစ်ဖက်ကို လိမ်းသုတ်ပြီးမှ နူးညံ့သိမ်မွေ့လှစွာသော ကမ္ဗလာချည်ကို ကြိုးကျစ်ပြီးလျှင် ထိုကမ္ဗလာကြိုးစ၌ ပျားရည်ဖြင့်သုတ်၍ ကမ္ဗလာကြိုးစကို ပတ္တမြားပေါက်ဝ ကြိုးဟောင်းစတစ်ဖက်နှင့်တော့လျက် စဉ်းငယ်သွင်း၍ ထားပြီးသော် ပတ္တမြားဝတစ်ဖက်က ပုရွက်၊ ကျဉ်နီ၊ ပိုးရွမျှားကို စားသောက်စေခြင်းငှာ ပုရွက်၊ ကျဉ်နီ၊ ပိုးရွမျှား တို့နေရာ လမ်းဝ၌တော့လျက် ပတ္တမြားကိုထား၏။ ထိုအခါ ပုရွက်၊ ကျဉ်နီ၊ ပိုးရွတို့သည် ပျားရည်အနံ့ဖြင့်ထွက်လာလျက် တစ်ဖက်သော ပတ္တမြားဝ၌ ကြိုးဟောင်းစဆွေးဆွေးကို ထွေးရော၍သုတ်ထားသော ပျားရည်ရမ္မက်ဆော်နှိုးသဖြင့် ကြိုးနှင့်ပျားကို ခြားနားမထင် သူ့အလျှင်ငါ ဦးအောင်သာ ကိုက်ခဲသောက်စားကာ ပတ္တမြားတွင်းသို့ဝင်လျက် တစ်ဖက်က ကမ္ဗလာကြိုးစ်သစ်ကို ကိုက်ငင်၍ ဝင်ခဲ့သောအပေါက်ကို နောက်ဆုတ်ဆောင်ယူ ထွက်ကုန်၏။

ဤသို့ အကောက်ရှစ်ပါးနှင့် ပတ္တမြားမျက်မြတ်ကို ကြိုးတပ်၍ ပြီးပြီးသော် မဟောသဓာသုခမိန်သည် "ရွာသားအပေါင်း ဤပတ္တမြား၌ ကြိုးဟောင်းကိုနုတ်ပစ်၍ ကြိုးသစ်တပ်ခြင်းသည် သူဌေးသားမဟောသဓာပညာဖြစ်သည်ဟု လျှောက်ထား၍ မင်းကြီးအား ဆက်လေတော့" ဟုဆို၏။ ရွာသူရွာသားအပေါင်းတို့လည်း ဘုရားလောင်းဆိုတိုင်းပင်လျှင် မင်းကြီးအားလျှောက်ထား၍ ပတ္တမြားကိုပို့ဆက်ကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ပတ္တမြား၌ ကြိုးနုတ်၊ ကြိုးသွင်းအခြင်းအရာ ပညာဂုဏ်သတ္တိကို ကြားသိရလျှင် အလွန်နှစ်သက်သဖြင့် သေနကအမတ်ကြီးကိုခေါ်၍ တိုင်ပင်မြဲတိုင်ပင်ပြန်၏။ သေနကအမတ်သုခမိန်လည်း "အရှင်မင်းကြီး ဤမျှဖြင့် မဆောင်ယူသင့်သေး၊ ပညာစမ်းရန် ရှိပါသေးသည်၊ ငံ့တော်မူပါဦးလော့" ဟု လျှောက်သဖြင့် မင်းကြီးငံ့နေပြန်၍ တစ်ဖန် ပြဿနာတစ်နည်း စီရင်ပြန်၏။ ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာတစ်ကြိမ်ဖြစ်သတည်း။

၁၉ ရာစု မင်းပွေးဦးဩဘာသ

**စကားဆစ်အဖွင့်**

၁။ ကမ္ဗလာချည် = နူးညံ့သောသားမွေးချည်၊
၂။ ခြားနားမထင် = ကွဲကွဲပြားပြားမသိ၊
၃။ ငံ့ = စောင့်မျှော်သည်၊
၄။ စဉ်းငယ် = အနည်းငယ်၊
၅။ ဆော်နှိုး = နှိုးဆော်သည်၊ သွေးဆောင်သည်၊
၆။ ဆက် = မြင့်မြတ်သူအားပေးသည်၊
၇။ ထီးနန်းလဲဖောက် = မင်းအဆက်ဆက်ပြောင်းသည်၊
၈။ ပါစီနယဝမဇ္ဈိုဂုံးရွာ= အရှေ့အရပ် မုယောစပါးစိုက်သော အလယ်ရွာ၊
၉။ မဟောသဓာ = ဘုရားလောင်းသုခမိန်၊ (မဟာ+ဩသဓ=ဆေးစွမ်းကောင်းပိုင်ရှင်၊ ဆေးတောင့် ကိုင်လျက်ဖွားမြင်လာသူ၊)
၁၀။ မဇ္ဈိုဂုံးရွာ = အလယ်ရွာ၊ (မဇ္ဈိမ)
၁၁။ ရာဇဒဏ် = မင်းပေးသောအပြစ်ဒဏ်၊ မင်းပြစ်မင်းဒဏ်၊
၁၂။ ရာဇသံ = မင်းတစ်ပါးမှတစ်ပါးသို့ အကြောင်းကြားချက်၊
၁၃။ ရမ္မက် = တပ်မက်ခြင်း၊
၁၄။ လျှောက်ထား = မြင့်မြတ်သူအား ရိုသေစွာပြောကြားသည်၊
၁၅။ သုခမိန် = သိမ်မွေ့ထက်မြက်သော အသိအမြင်ရှိသူ၊ ပညာရှိ၊
၁၆။ သုံးဆောင် = အသုံးပြုသည်၊

**သင်ခန်းစာဆိုလိုရင်း**

- ကုန်းဘောင်ခေတ်စကားပြေအရေးအသား
- ဝိဒေဟရာဇ်မင်းကြီးက မဟောသဓာ၏ ပညာရှိပုံကိုစုံစမ်းလို၍ ပဋ္ဌမြားပြဿနာမေးဖြေရှင်းခိုင်းပုံ
- မဟောသဓာသုခမိန်က သူ၏ပညာဉာဏ်အစွမ်းဖြင့် အလွယ်တကူ ဖြေရှင်းနိုင်ပုံတို့ဖြစ်ပါသည်၊

**လေ့ကျင့်ခန်း**

၁။ ဝိဒေဟရာဇ်မင်းကြီးတွင်ရှိသော ပဋ္ဌမြားသည် မည်သို့သောပဋ္ဌမြားဖြစ်သနည်း။ ထိုပဋ္ဌမြား၌ မည်သည့် ပြဿနာ ပေါ်ပေါက်နေသနည်း။

၂။ ပဋ္ဌမြားပြဿနာဖြေရှင်းပုံကို သာဓကဆောင်၍ မဟောသဓာ၏ ပညာဉာဏ်ကြီးမားပုံကို ဆွေးနွေးပါ။

၃။ ပဋ္ဌမြားပြဿနာဖြင့်စုံစမ်းခန်းမှ မင်းပူးဆရာတော်ဦးဩဘာသ၏ စကားပြေအရေးအသားကို လေ့လာတင်ပြပါ၊

၄။ ပဋ္ဌမြားပြဿနာဖြင့်စုံစမ်းခန်းမှ သရုပ်ဖော်အရေးအသားတို့ကို တင်ပြပါ၊

၅။ ပဋ္ဌမြားပြဿနာဖြင့်စုံစမ်းခန်းကို ဖတ်ရှုပြီး သင်၏စိတ်တွင် မည်သို့ဖြစ်ပေါ်ခံစားရသည်ကို ရေးသား တင်ပြပါ၊

## ဝတ္ထုတို

# ဝဇီကိုင်
## (ကိုလိုနီခေတ်)



ဝဇီကိုင် သည် ကုသ၏ ဝတ္ထုတိုတစ်ပုဒ် ဖြစ်သည်။

ဆရာကုသကို အဖ ရွာသူကြီး ဦးဖိုးမှိန်၊ အမိ ဒေါ်စိန်းရင် (ဒေါ်စိမ်းရင်) တို့က သထုံမြို့နယ်၊ သိမ်ဆိပ်ရွာ၌ ၁၉၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းလေးယောက်အနက် ဒုတိယမြောက်သားဖြစ်ပြီး အမည်ရင်းမှာ မောင်တိုးအောင်ဖြစ်သည်။

ငယ်စဉ်က မော်လမြိုင်မြို့၊ ရှင်မဟာဗုဒ္ဓဃောသကျောင်းတွင် ပညာသင်ယူခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲအောင်ခဲ့ပြီး ဥပစာတန်းကို ၁၉၃၀ ပြည့်နှစ်တွင် အောင်မြင်ခဲ့သည်။ သာဓိုးအောင်ဆုလည်းရခဲ့သည်။ ၁၉၃၁ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံတည်ဆောက်ရေး ရန်ပုံငွေပဒေသာတပွဲ၌ ကုသဇာတ်ကပြရာတွင် မောင်တိုးအောင်သည် ကုသမင်းအဖြစ် အောင်မြင်စွာကပြနိုင်ခဲ့သဖြင့် ရင်းနှီးသူများကသူ့အား 'ကုသ' ဟုပင် ခေါ်ဝေါ်ကြသည်။ နောင် စာပေရေးသားရာတွင် ကလောင်အမည်ကို 'ကုသ' ဟုပင် ခံယူခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်း၊ ၁၉၃၅ ခုနှစ်တွင် မဟာဝိဇ္ဇာဂုဏ်ထူးတန်းတို့ကို အောင်မြင်ခဲ့သည်။ မြန်မာစာဂုဏ်ထူးတန်း အောင်မြင်ပြီးသည်မှစ၍ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ နည်းပြဆရာအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ လက်ထောက်ကထိကအဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် မန္တလေးကောလိပ်၌ မြန်မာစာကထိကအဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် မော်လမြိုင်ဥပစာကောလိပ် ကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ကောလိပ်နှင့် တက္ကသိုလ်အုပ်ချုပ်ရေးဆိုင်ရာပညာလေ့လာရန် ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လတွင် အငြိမ်းစားယူခဲ့သည်။

၁၉၂၆ ခုနှစ်ကစ၍ မြန်မာ၊ အင်္ဂလိပ်သတင်းစာများ၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် စာပေများ စတင်ရေးသားခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း (၁၉၃၂ ခုနှစ်၊ ၁၉၃၃ ခုနှစ်) နှစ်ပတ်လည်စာစောင်တို့တွင် စာတည်းအဖြစ် တာဝန်ယူခဲ့သည်။ ဂန္ထလောကမဂ္ဂဇင်းနှင့် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းများတွင် ကဗျာများ၊ ဟာသဝတ္ထုတိုများ၊ ဘဝသရုပ်ဖော်ဝတ္ထုတိုများ ရေးသားခဲ့သည်။

စစ်ပြီးခေတ်တွင် စာနယ်ဇင်းအသီးသီး၌ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ အတ္ထုပ္ပတ္တိနှင့် စာပေဆောင်းပါး အများအပြား ရေးသားခဲ့သည်။ အထူးသဖြင့် အမဲလိုက်ဝတ္ထုများဖြစ်သည့် 'မုဆိုးကြီးကိုရဲ၏ မှတ်တမ်းများ' ကို အစဉ်တစိုက် ရေးသားခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းအတွက် စတုဓမ္မသာရကိုးခန်းပျို့ကို တည်းဖြတ်ပေးခဲ့သည်။ မွန်ပညာရှိ 'ထော်ခဲ' အကြောင်း မွန်စာပေများမှရှာဖွေ၍ မဂ္ဂဇင်းများတွင် ထုံ့ပိုင်းထုံ့ပိုင်း ရေးသားခဲ့ရာ နောင်တွင် 'ဓေါက်ခဲ' အမည်ဖြင့် လုံးချင်းစာအုပ်ထုတ်ဝေခဲ့သည်။

၁၉၇၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၊ အင်းယားမြိုင်လမ်းနေအိမ်၌ ကွယ်လွန်ခဲ့သည်။

ဝဇီကိုင်ဝတ္ထုတိုတွင် မန်ကျည်းပင်ရွာဘောလုံးပွဲကို ဟာသမြောက်စွာ သရုပ်ဖော်ထားသည်။ အချို့စကားအသုံးအနှုန်းများကို ပုံမှန်အတိုင်းမရေးဘဲ ရယ်မောပျော်ရွှင်ဖွယ်ဖြစ်အောင် ဖန်တီးထားသည်။

## ဝဇီကိုင်

အခါကား လွန်ခဲ့သော နွေဥတုကျောင်းပိတ်စဉ် နေ့ကား စနေနေ့တည်း၊ နေမင်းက အလွန်ပူ၊ ညည်းညူရဘနန်း၊ စိတ်ဝမ်းမချမ်းသာစရာပင်တည်း၊ ကျွန်တော်၏ရွာအနီး မန်ကျည်းပင်ရွာနေ မိတ်ဆွေ ဆယ်အိမ်ခေါင်း မောင်ဖိုးဘသည် ကျွန်တော့်ထံသို့ အရေးတကြီး ရောက်လာခဲ့လေ၏၊ လာရခြင်းအကြောင်းမှာကား အခြားမဟုတ်၊ ဘောလုံးပွဲတွင် 'ဝဇီကိုင်'လုပ်ရန် ပြောကြားလိုသောကြောင့်တည်း (ဝဇီကိုင်ဆိုသည်မှာ မန်ကျည်းပင်ရွာသုံးစကား၊ ဝီစီ ခေါ် ပီပီကို ကိုင်မှုတ်ကာ ဘောလုံးပွဲတွင် ဒိုင်ပြုလုပ်သူပင်တည်း၊ ။ ဤကားအမှာ)၊

မကြာမီ ကျွန်တော်သည် ကျောင်းတွင်ဝတ်လေ့ရှိသော ဘောလုံးကန်အင်္ကျီကျား၊ ခြေအိတ်ကျားနှင့် ဘောင်းဘီကိုဝတ်ပြီးသော် လှေလှော်အသင်းကုတ်အင်္ကျီစိမ်းကို အပေါ်ရုံ၍ အရန်သင့်စောင့်လျက်ရှိသော လှည်းပေါ်သို့ တက်ခဲ့လေ၏၊ ဖိုးဘသည် ဝီယာနံပါတ် တစ်တည်းဟူသော တံဖျာကိုကိုင်၍ဝင့်ရာ နွားတို့သည် ရှန်းစပြုလေ၏၊ ထို့နောက် ကြိမ်တံဖျာနှင့် ခပ်ဆတ်ဆတ်ရိုက်၍ငေါက်ရာ လှည်းသည် အလွန်လျင်မြန်လေ၏၊ ဤကား ဂီယာနံပါတ် နှစ်နှင့်သုံးတည်း၊ လှည်းသွားစဉ် ဖိုးဘက "ဟဲ့ ဝိုင်းကြီး ဘာ နှေးတန်နေရတာလဲ၊ နန်းတော်သူလို လုပ်မနေနဲ့၊ အခု ထိသွားမယ်၊ အောင်မယ် ဟိုဘက်က နကျားကြီးကကော၊ ဘာ ဟန်လုပ်နေရတာလဲ၊ လမ်းဘေးက နဖြူမကလေးကို မြင်လို့လား၊ ဒီလိုတော့ မလုပ်နဲ့၊ ကြိုက်ရင်ကြိုက်တယ်ပြော၊ အခုဝယ်ပြီး အိမ်ခေါ်သွားပေးမယ်" ဟုဆိုကာ တံဖျာကို အထက်မြှောက်၍ အချက်ကျငေါက်ရာတွင် အလိုက်သိသောနွားတို့သည် ခြေကုန်သုတ်ကြလေ၏၊ ရန်ကုန်မြို့တွင် မော်တော်ကားမှ ထွက်လေ့ရှိသော ဓာတ်ဆီအနံ့အနံ့ကို ရှူရှိုက်နေကျဖြစ်ပေမင့် ထိုစဉ်အခါဝယ် နွားချေးအနံ့ဖြင့်သာ တင်းတိမ်ရတော့၏၊ တောရွာမှာ ဘယ်က ဓာတ်ဆီနံ့ ရပါမတုံး၊ စဉ်းစားကြည့်ကြလေ၊ သူ့အလိုက်အထိုက်နှင့်သာ ကျေနပ်ကြရသည်ပင်တည်း၊

မကြာမီ ဂေါဏမော်တော်ကားသည် ရပ်တန့်လေ၏၊ မေးကြည့်ရာ မန်ကျည်းပင်ရွာသို့ ရောက်ပြီဖြစ်ကြောင်းသိရ၏၊ တက္ကသိုလ်ကျောင်းမှ ဝဇီကိုင်ရောက်မည်ဟု ကြားသိရ၍ ဘယ်လိုအကောင်စားမျိုးလဲဟုသိရှိရန် လာ၍စောင့်နေကြသည်မှာ မနည်းလှပေ၊ တက္ကသိုလ်ကဆို၍ မင်းသားဖြစ်မည်ဟု အထင်ရှိနေကြသေးသော လူအချို့တို့မှာ မျက်လွှာကိုအောက်ချ၍ မနီးမဝေးမှ ဒူးတုပ်ကာ ခစားနေကြ၏၊ ထိုစဉ်ပင် ရွာလူကြီးနှင့် ကျေးရွာလူကြီးလေးဦးတို့သည် အနီးသို့ချဉ်းကာ "အရှင် ဒီကိုကြွပါ၊ အရန်သင့် ပွဲတော်များ ပြင်ဆင်ထားနှင့်ပါတယ်" ဟု မရဲတရဲကြည့်ကာ နားတော်လျှောက်ကြလေ၏၊ ကျွန်တော်သည်ကား မျက်နှာထား ခပ်တည်တည်နှင့် ဂေါဏယာဉ်ပေါ်မှ ဆင်းသက်ခဲ့တော့၏၊

ထမင်းပွဲမှာ အရန်သင့် ရှိနေနှင့်ပေပြီ၊ ငါးခြောက်နှင့် ခရမ်းသီးဟင်း၊ သစ်တိုသီးအိုးစိမ်၊ ကန်စွန်းရွက်ကြော်၊ ငါးသေတ္တာနှင့် ဘူးသီးဟင်းချိုတို့သည် မင်းသားပွဲတော်တည်ရန် ငံ့လင့်၍နေကြဘိ၏၊ ရာဇကုမာရလည်း ရာဇိန္ဒြေမှ မငဲ့ကွက်နိုင်တော့ဘဲ ခပ်ဆာဆာနှင့် အတွင်းသားဟပ်ရာ ဝိုက်ကားမှ တော်တော့၏၊ မကြာမကြာလည်း နန်းတော်သူထက် မသာသော်လည်း နန်းတော်သူထက်ပင် နုပျိုသော အဆင်းအရွယ်နှင့် ပြည့်စုံ

သည့် မန်ကျည်းပင်သူကလေးတွေကို စောင်းငဲ့ကြည့်ရှုမိ၏။ ပွဲတော်တည်၍ဝပြီ၊ ဗိုက်ကားပြီဖြစ်၍ ဘောလုံးကွင်းသို့ သွားရန်သာလိုတော့သည်၊ သူ့ဆန်စား ရဲမှပေ့ါ။

ရန်ကုန်မြို့ မြင်းပြိုင်ကွင်းမှ ဝင်းသန်း၊ ဝင်းစိန်တို့လောက်ပင် နာမည်မကျော်ကြားသော်လည်း မန်ကျည်းပင်ရွာတွင် အကောင်းဆုံးဟုပင် သမုတ်ခြင်းကိုခံရသော ကွတ်နီနာမ အဿလိမ္မာသည် ရောက်နှင့်နေပေပြီ၊ မင်းသားလည်း လေးလံသောခန္ဓာကိုယ်ကို အနိုင်နိုင်ပင့်ထူကာ အဿတိုရ်ပေါ်သို့ တက်ပြီးလျှင် နောက်လိုက်နောက်ပါတို့ခြံရံ့ထွက်ရာ နေ့လယ် ၁၂ နာရီခန့်တွင် ဘောလုံးကွင်းသို့ ရောက်ချေ၏၊ နေ အလွန်ပူသနင့်၊

ဘယ်ကသတင်းကြားမှန်းမသိ၊ ဘောလုံးကွင်းတွင် လာရောက်စောင့်ဆိုင်းနေကြသူတို့မှာ ၅၀၀ ခန့်လောက်ရှိ၏၊ လူပျို အပျို လူအိုနှင့် သားသည်အမေတို့မှာ အများပင်ဖြစ်၏၊ ဘောလုံးကွင်းမှာ ဘီအေအေကလို မဟုတ်၊ ထူးဆန်းသဖြင့် မှတ်သားစရာ ကောင်းလှ၏၊ အလျားနှင့်အနံမှာ ထပ်တူဖြစ်ရကား လေးထောင့်ပုံသဏ္ဍာန်ရှိ၏၊ သို့သော် အထူးကျဉ်းလေသည်၊ မျဉ်းကြောင်းဟူ၍မရှိ၊ ဘေးနှစ်ဖက်နှစ်ချက်တို့တွင် မိုးငယ်နှစ်ခုသာ ရှိလေတော့သည်၊ ဘောလုံးမိုးထဲသို့ကျမှ ယူ၍မြှောက်ရလေသည်၊ ကြုံမှ ကြုံတွေ့ရတတ်ပလေ၊

မကြာမီ ဘောလုံးကစားသူများ ရောက်ပြီဖြစ်၍ ဝီစီမှုတ်ရန်သာ လိုတော့သည်၊ ဝီစီအဘယ်မှာနည်း၊ ရှာ၍မရချေ၊ သို့သော် ဝီစီအစား ဝါးကလတက်ငယ်နှင့် ခေါက်ရန်တုတ်တိုတစ်ချောင်းကို လာရောက်ပေးအပ်လေ၏၊ တစ်ဖက်အသင်းမှာ အင်္ကျီဗလာ၊ ကျန်တစ်ဖက်မှာကား နတ္ထိ၊ သို့ရှိဘိလည်း တစ်ဖက်အသင်းက ထုံးကိုအရည်ဖျော်၍ ကိုယ်တွင်သုတ်ထားဘိ၏၊ ဤကား ချွေတာရေး အစစ်ပင်တည်း၊ မြို့သားတွေလို အင်္ကျီ၊ ဖိနပ်၊ ခြေအိတ်ဝယ်ရ၍ စရိတ်ငွေ မကုန်ကျချေ၊

ထိုစဉ်ပင်လျှင် အပေါက်စောင့်၊ ၂ တန်းလူ၊ ၃ တန်းလူ၊ ၅ တန်းလူ၊ လက်ဘော်၊ ရမ်းကား၊ ရှေ့လွန်၊ ပိန္နဲသီးစသော စကားထူးစကားဆန်းများကို ကြားရ၍မေးကြည့်ရာ ၅ တန်းလူမှာ ဖောဝါဒ်၊ အပေါက်စောင့်မှာ ဂိုးသမား၊ ၂ တန်းလူမှာ ဖူးလ်ဘက်၊ ၃ တန်းလူမှာ ဟဖ်ဘက်၊ လက်ဘော်မှာ သီသာပြီ၊ ရမ်းကားမှာ ဖောင်းလ်၊ ရှေ့လွန်မှာ အောက်ဆိုက်၊ ပိန္နဲသီးမှာ ပီနယ်လတီတို့နှင့်ညီကြောင်းများကို အံ့ဩဝမ်းမြောက်စွာ သိရ၏၊ အံ့ဩခြင်းမှာကား သင့်လျော်စွာ ဘာသာပြန်ဆိုနိုင်ခြင်းကြောင့်ဖြစ်၏၊ ဝမ်းမြောက်ခြင်း၌ နိုင်ငံခြားစကား အခေါ်အဝေါ်တို့ကို မြန်မာစာသက်သက်ဖြင့် မှန်ကန်ကျနစွာ ပြန်ဆိုနိုင်ကြောင်းကို ထင်ရှားသိသာသောကြောင့်တည်း၊ ဘောလုံးကွင်း နံဘေးနှစ်ဖက်နှစ်ချက်တွင် မိုးငယ်ကလေးရှိနေရာ 'ကော်နာ' ကန်၍မရသဖြင့် ၎င်းစကားကို မည်သို့ခေါ်ကြောင်း မသိရ၊ သို့သော် ထောင့်ကန်ဟူသော စကားသည် အလွန်သင့်လျော်ပေမည်၊ ပိန္နဲသီးမှာကား ပီနယ်လတီပင်တည်း၊ ဂိုးအနီးတွင် ရမ်းကားသည်ဖြစ်စေ၊ ဘောလုံးကိုလက်ဖြင့်ကိုင်သည်ဖြစ်စေ ဝဇီကိုင်က ပိန္နဲသီး ၁၈ လုံး အကွာနေရာလောက်က ဂိုးပေါက်သို့သွင်းရန် အခွင့်ပေးနိုင်လေသည်၊ ဤကား မန်ကျည်းပင်သားတို့ ဥပဒေတည်း၊ ပီနယ်လတီကို ဂိုးနီးကန်ဟုခေါ်ဆိုက သင့်ပေမည်၊ ဤကား ကျွန်တော့်ထင်မြင်ချက်တည်း၊ သင့်လျော်ရာကို ကြံဆကြပါကုန်၊

လောင်းစားသောပွဲဖြစ်ရကား ငွေသံတချွင်ချွင် ကြားရ၏။ နေမွန်းတည့်ချိန်ပင် ဖြစ်သော်လည်း ကြည့်ရှုသူတွေ ပမာနမပြုကြ၊ ရွှေလသာဝါဝင်းစဉ် ဖျာခင်း၍ထိုင်သလို ထင်မှတ်ကြသလားမသိ။ အချိန်ကျပြီဖြစ်၍ ကလတက်ကိုခေါက်ရာ ဘောလုံးကန်သူတွေ ထွက်လာကြ၏။ ပရိသတ်ထဲမှ "ဝါးရင်းတုတ်ကွဲ့နော်"၊ "တည်းကျား"၊ "ခွေးဘီလူး"၊ "သျှားနှစ်"၊ "သံချောင်း"၊ "ပုဏ္ဏက"၊ "ကျော်ဟိုး"၊ "အယ်ဒီပိုလို"၊ "တောက်တဲ့"၊ "ပုဆိန်ပေါက်"၊ "ဗန္ဓုလ"၊ "မြွေနဂါး"၊ "ဂဠုန်" စသော ခေါ်သံအော်သံတို့ကို ကြားသိရမှ ဘောလုံးကန်သမားများ၏ နာမည်ရင်းကိုမခေါ်၊ နာမည်သစ်မှည့်၍ခေါ်ကြောင်းသိရ၍ အလွန်အမင်းရယ်ချင်၏။

ဝါးကလတက် တစ်ချက်ခေါက်သည်တွင် ရွှေဖရုံသီးနှင့်အသွင်တူသော ၂ ကျပ် ၈ ပဲတန် ဘာဘူချုပ်ဘောလုံးသည် ထိုမှ ဤမှ လူးလာတုံ့ပြန်၍နေလေ၏။ ဘောလုံးကန်စဉ် အချို့မှာ ခွေးများထွက်သဖြင့် မိမိတို့ကိုယ်တွင် သုတ်ထားသောထုံးသည် ပျက်လေရကား ခဏခဏအပြင်ထွက်၍ ထုံးသုတ်ရပြန်လေ၏။ မကြာမကြာလည်း ဘောလုံးနှင့် လူ ၂ ယောက် ၃ ယောက် ရိုးထဲသို့ကျလေဘိ၏။ ဤအခါတွင် ရယ်သံကြီးကို ကြားလိုက်ရ၏။ မကြာမီ 'တောက်တဲ့' သည် 'မြွေနဂါး' ယူလာသော ဘောလုံးကို ပြေး၍ဖျက်ရာ ပျက်လေသဖြင့် ပရိသတ်ထဲမှ "တောက်တဲ့ကွနော်" ဟူသော ချီးမွမ်းသံသည် ဟိန်းသွားလေ၏။ မကြာခဏလည်း ကျွန်တော့်အားလက်ညှိုးထိုးကာ "ဆရာကြီးနဲ့ မြင်းကျား မတရားတော့ မလုပ်ပါနဲ့၊ ကာမေသု မုတ်စားဆာလားကံ ထိုက်ပါ့မယ်" ဟု အော်သူတွေကမရှား၊ "သံခရာဘေးကို ကြောက်ပါနော်" ဟု ဟစ်သူတွေက အဖုံဖုံ၊ အလုံးစုံသော တစ်ခဲနက်သော အသံဆိုးကြီးတို့သည် အထက်မိုးကို ပျံ့နှံ့၍သွားလေတော့၏။

ထိုအတွင်းဝယ် 'မြွေနဂါး' ဘောလုံးယူလာရာ 'ပုဆိန်ပေါက်' သည် ရုတ်တရက်ပြေး၍ ညို့သကျည်းကို ကန်သဖြင့် 'မြွေနဂါး' လဲလေ၏။ ပရိသတ်ထဲမှ "ရမ်းကား" ဟူသောအသံကြီးကို ကြားလိုက်ရကား 'ရမ်းကား' ကို 'မြွေနဂါး'ဘက်သို့ ပေးလိုက်ရန် ကလတက်ခေါက်မှ အသံတိတ်တော့၏။ ကြည့်သူတွေထဲမှ "ဟေ့ သျှားနှစ်၊ ပုဏ္ဏက ဘာလုပ်နေသလဲ" "ချပါတော့လား၊ ဆော်လေ" "တို့ဆီမှာ ခါးမြှောင်ပါတယ်" "မကြောက်နဲ့" "ဘာခံနေသလဲ" စသည်ဖြင့် အော်စပြုလာလေ၏။ ဘောလုံးကစားသူတို့မှာလည်း တဖြည်းဖြည်း ကြမ်းစပြုလာလေ၏။ ကလတက်ကို ခဏခဏခေါက်ရလွန်း၍ တုတ်မှာကျိုးလုမတတ်ဖြစ်ခဲ့၏။ 'ပုဆိန်ပေါက်'၊ 'ကျော်ဟိုး' နှင့် 'ခွေးဘီလူး' တို့သည် အထူးကြမ်းတမ်းကြလေပြီ။ 'ဝါးရင်းတုတ်' နှင့် 'ဂဠုန်' တို့သည်လည်း ဘယ်သူကိုမျှ လူမထင်ကြတော့ချေ။ ထိုစဉ်ပင် ကလတက်ခေါက်သောတုတ်မှာ ကျိုးသွားလေပြီဖြစ်၍ ကျန်တစ်ပိုင်းနှင့်သာ အနိုင်နိုင်ခေါက်နေရချေသည်။ ထိုခဏ၌ပင်လျှင် 'ခွေးဘီလူး' ဘောလုံးယူသွားသည်မှာ အခြားဘက်ဂိုးပေါက်သို့ ရောက်လုနီး၏။ သွင်းမည်အပြုတွင် 'အယ်ဒီပိုလို' ပြေး၍ လက်သီးဖြင့်ထိုးရာ 'ခွေးဘီလူး' နှာခေါင်းသွေးထွက်လေ၏။ ပရိသတ်ထဲမှ "ပိန္နဲသီး" ဟူသော တစ်ခဲနက်သော အသံကြီးကို ကြားလိုက်ရ၏။ ထိုစဉ်အခါ ကျွန်တော့်ထံ၌ တုတ်မရှိတော့၊ ဘယ်မှာချထားသည် မသိရ၊ ကလတက်လည်း မခေါက်နိုင်တော့ချေ။ "ဝဇီကိုင် မတရားဘူး"ဟု ကြိမ်းမောင်းသံကြီးကို ကြားရဘိ၏။ ခက်ချေပြီ၊ မည်သို့ကြံရအံ့နည်းဟု အောက်မေ့မိ၏။

တစ်ပြိုင်နက်ပင်လျှင် ထိုနှစ်ဖက်သော လူစုတို့သည် တုတ်ကိုင်သူကိုင်၊ လက်သီးဆုပ်သူဆုပ်၍ ရိုက်နှက်ထိုးကြိတ်ကာ ရန်ပွဲကြီး စတင်လေ၏။ ပရိသတ်ထဲမှ အများဝင်ရောက်ရိုက်နှက်ကြလေ၏။ 'မြွေနဂါး' မှာ ထိပ်ပြဲသွားလေ၏။ 'တညင်းကျား'မှာ နှာခေါင်းသွေးထွက်ဘိ၏။ 'အယ်ဒီပိုလို'တား အတွင်းသာထိုး နေတော့၏။ 'တောက်တဲ့' မှာ သွားတစ်ချောင်း ကျွတ်သွား၏။ ထိုအခြင်းအရာကို မြင်ရသော ကျွန်တော်သည် အခက်အခဲကြုံရပြီဖြစ်၍ အလျင်အမြန် ဘောလုံးကွင်းမှ ထွက်ခဲ့ပြီးသော် ကွက်နီအသသတိုရ်ပေါ်သို့ လွှား တက်ကာ လေ၏လျင်မြန်ခြင်းဖြင့် အတွင်းသားနှင်ရာ နေအိမ်သို့ ညနေတွင် ရောက်လေ၏။ သို့မှ စိတ်အေး သွားတော့သည်။ အပူလုံးကြီး ကျသွားပြီတကား။

၂၀ ရာစု ကုသ

**စကားဆစ်အဖွင့်**

၁။ ကလတက် = တီးခေါက်အချက်ပေးရန်သုံးသည့် အခေါင်းထွင်းသစ်တုံး၊ အုန်းမောင်း။

၂။ ကာမေသု
မှတ်စားဆာလားကဲ = ကာမေသုမိစ္ဆာစာရကံ၊ သူတစ်ပါးသားမယားကိုပြစ်မှားကျူးလွန်သောကံ။

၃။ ကြိမ်းမောင်း = ပြင်းထန်စွာငေါက်ငမ်းသည်။

၄။ ခြေကုန်သုတ် = အမြန်ဆုံးသွားသည်။

၅။ ဂီယာ = စက်ယန္တရားမောင်းနှင်ရာတွင် အနှေး၊ အမြန်၊ ရှေ့တိုး၊ နောက်ဆုတ် ပြောင်းလဲပေးသော စက်အစိတ်အပိုင်း။

၆။ ဝေါ်ကာ = နွား။

၇။ တံဖျာ = နှင်တံ၊ နွားကန်တုတ်။

၈။ တက္ကသိုလ် = တက္ကသီလ၊ ရှေးမြန်မာမင်းများ လက်ထက်က မင်းညီမင်းသားများ အတတ်ပညာများ သင်ယူဆည်းပူးရာနေရာ။

၉။ တက္ကသိုလ်ကျောင်း = အဆင့်မြင့်ပညာရပ်များကို သင်ယူဆည်းပူးရာကျောင်းကြီး။

၁၀။ တင်းတိမ် = ရောင့်ရဲသည်၊ ကျေနပ်သည်။

၁၁။ တစ်ခဲနက် = တစုတဝေး တစ်ပြိုင်တည်း။

၁၂။ ထောင့်ကန် = ကော်နာ(corner)၊ ထောင့်ကန်ဘော။

၁၃။ ထပ်တူ = အတူအမျှ တစ်ထပ်တည်း။

၁၄။ နကျား = နွားကျား။

၁၅။ နဖြူ = နွားဖြူ။

၁၆။ နဒမ = အမည်။

၁၇။ နားတော်လျှောက် = ကြီးမြင့်သူအားပြောကြားသည်၊ လျှောက်ထားသည်၊ ပြောကြားသည်။

၁၈။ နတ္ထိ = မရှိ။

၁၉။ ပိန္နသီး = ပီနယ်လတီ(penalty)။ ဂိုးစည်းရှေ့တွင် အပြစ်ကျူးလွန်၍ ပေးရသည့် ပြစ်ဒဏ်ဘော။

၂၀။ ပွဲတော်တည် = (မင်း၊ မိဖုရား) စားသောက်သည်။

၂၁။ ရမ်းကား = ဖောင်းလ်(foul)။ ပြစ်ဒဏ်။

၂၂။ ဗလာ = ဘာမျှမရှိခြင်း။

၂၃။ ဘီအေအေ = ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၏ စတင်တည်ထောင်စဉ်က အခေါ်အဝေါ်။ Burma Athletic Association (BAA မြန်မာနိုင်ငံ အားကစားအသင်း)

၂၄။ မင်းသား = မင်း၏သား။

၂၅။ ရာဇကုမာရ = (ရာဇ + ကုမာရ) မင်း+သား - မင်းသား။

၂၆။ ရာဇဓမ္မ = ခံ့ညားတည်ကြည်စွာနေသော မင်း၏အမူအရာ၊ မင်းတို့၏ကျင့်ထုံး။

၂၇။ ရိုး = ချောင်းလောက်မကြီးသော ရေစီးကြောင်း၊ မြေနိမ့်မြောင်း။

၂၈။ လက်ဘော် = ဟန်းဘော (handball)။ လက်ပစ်ဘော။

၂၉။ ဝဇီကိုင် = ဒိုင်လူကြီး၊ ဝီစီကိုင်။

၃၀။ သံခရာဘေး = သံသရာဘေး။

၃၁။ အောက်ဆိုက်(outside) = ဘောလုံးကွင်းဘေးစည်းကျော်သွားခြင်း။

၃၂။ အောက်မေ့ = စဉ်းစားသည်။

၃၃။ အသာတိုရ် = မြင်းကောင်း။

၃၄။ ၂ တန်းလူ = ဖူးလ်ဘက်(fullback)။ ဘောလုံးပွဲတွင် နောက်တန်း(ဂိုးစည်းနားမှ) ကာကွယ်ကစားသူ။

၃၅။ ၃ တန်းလူ = ဟာဖ်ဘက် (halfback)။ ရှေ့တန်းနောက်မှ ဘောလုံးသမား။

၃၆။ ၅ တန်းလူ = ဖောဝါဒ်(forward)။ ဘောလုံးပွဲတွင် ရှေ့တန်းမှ ကာကွယ်ကစားသူ။

### သင်ခန်းစာဆိုလိုရင်း

- ❖ တက္ကသိုလ်ကျောင်းသားကို ရွာသူရွာသားများ အထင်ကြီးအားကိုးကြပုံ
- ❖ ရိုးသားပွင့်လင်းသော ရွာသူရွာသားများ၏စရိုက်
- ❖ တက္ကသိုလ်ကျောင်းသားတစ်ဦး မန်ကျည်းပင်ကျေးရွာဘောလုံးပွဲတွင် ဒိုင်လူကြီးအဖြစ်ဆောင်ရွက်ရသောဖြစ်ရပ်ကို ရယ်ရွှင်ဖွယ်ဝတ္ထုတိုတစ်ပုဒ်အဖြစ် ဖန်တီးထားပုံ
- ❖ ရယ်ရွှင်ဖွယ်ဖြစ်အောင် ထူးထူးခြားခြားသုံးနှုန်းထားသော စာဆို၏ စကားအသုံးအနှုန်းများ
- ❖ ဝဇီကိုင် ဝတ္ထုတိုမှပေးသော ရသခံစားမှုတို့ဖြစ်ပါသည်။

## လေ့ကျင့်ခန်း

၁။ ဝဇီကိုင် ဝတ္ထုတိုတွင် အဓိကဇာတ်ဆောင်ဝဇီကိုင်၏စရိုက်ကို မည်သို့တင်ပြရေးဖွဲ့ထားသနည်း။

၂။ ဝဇီကိုင် ဝတ္ထုတိုမှ စကားအသုံးအနှုန်းများသည် ဝတ္ထုကို မည်သို့နှစ်သက်ဖွယ်ဖြစ်စေကြောင်း လေ့လာတင်ပြပါ။

၃။ ဝဇီကိုင် ဝတ္ထုတို၌ မည်သည့်သရုပ်ဖော်အဖွဲ့များ ပါဝင်သနည်း။ သင်နှစ်သက်သည့် သရုပ်ဖော်အဖွဲ့တစ်ခုအကြောင်းကို စိတ်ဝင်စားဖွယ် တင်ပြပါ။

၄။ ဝဇီကိုင် ဝတ္ထုတိုမှ သင့်ကိုရွှင်မြူးစေသည့် ဖြစ်ရပ်နှစ်ခုကို ထုတ်ပြပါ။

၅။ သင်ကြည့်ဖူးသည့် ဘောလုံးပွဲတစ်ပွဲအကြောင်းကို သရုပ်ဖော်တင်ပြပါ။

**အတ္ထုပ္ပတ္တိ**

## မျိုးချစ်ဇာတ်မင်းသားကြီးမင်္ဂလာဦးအောင်မောင်း
### (မျက်မှောက်ခေတ်)



မျိုးချစ်ဇာတ်မင်းသားကြီးမင်္ဂလာဦးအောင်မောင်း အတ္ထုပ္ပတ္တိကို ဦးအောင်သောင်း ရေးသားသည်။

ဆရာဦးအောင်သောင်းကို တောင်သာမြို့နယ်၊ မီးပေါက်ကျေးရွာ၌ အဘ ဦးအေးမောင်၊ အမိ ဒေါ်လှခြယ်တို့က ၁၉၄၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ဖွားမြင်သည်။ အမည်ရင်းမှာ ဦးအောင်သောင်းဖြစ်သည်။

တက္ကသိုလ်ဝင်တန်းကို တောင်သာမြို့နယ် တလိုင်းရပ် ရွာသစ်ကျောင်းမှ အောင်မြင်ခဲ့ပြီး မန္တလေးတက္ကသိုလ်ကို ၁၉၆၀ ပြည့်နှစ်တွင် တက်ရောက်ပညာဆည်းပူးခဲ့ရာ ၁၉၆၅ ခုနှစ်တွင် မြန်မာစာဝိဇ္ဇာဂုဏ်ထူးဘွဲ့ ရရှိခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ၁၉၇၃ ခုနှစ်တွင် ရရှိခဲ့သည်။

တက္ကသိုလ် မြန်မာစာနည်းပြအဖြစ် ၁၉၆၆ ခုနှစ်တွင် စတင်အမှုထမ်းခဲ့သည်။ နည်းပြမှ ပါမောက္ခအထိ ရာထူးတာဝန်အဆင့်ဆင့်ကို လုပ်သားများကောလိပ်၊ မြစ်ကြီးနားကောလိပ်၊ မော်လမြိုင်ဒီဂရီကောလိပ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့တွင် ထမ်းဆောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ပါမောက္ခတာဝန်မှ အငြိမ်းစားယူခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့တွင် အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါရဂူသင်တန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်၊ အခြေခံပညာမြန်မာစာဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါရဂူသင်တန်းတွင် စာပေဘာသာရပ်၊ ဘာသာစကား ဘာသာရပ်များကို ပို့ချနေဆဲဖြစ်သည်။

၁၉၆၀ ပြည့်နှစ် တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် 'ဘာလဲဟဲ့လောကမံ' ဝတ္ထုတိုကို စတင်ပုံနှိပ်ဖော်ပြခြင်းခံရသည်။ အောင်နိုင်(တက္ကသိုလ်) တက္ကသိုလ်တောသား၊ ဦးအောင်သောင်း ကလောင်အမည်များဖြင့် အထွေထွေဆောင်းပါးနှင့်စာတမ်းများ ၂၀၀ ခန့်၊ ဝတ္ထုတို ၄၀ ခန့်၊ မဂ္ဂဇင်းစာစောင်ကဗျာများ ၃၀၀ ကျော်၊ လုံးချင်းစာအုပ် ၁၅ အုပ်ကို ရေးသားခဲ့သည်။

'ဝေဟင်စံမိတ်ဆွေများ' စာမူဖြင့် ၁၉၉၀ ပြည့်နှစ် စာပေဗိမာန်စာမူ (ကလေးစာပေ)ပထမဆု၊ 'နယ်ချဲ့ခုခံစစ်နှင့် မျိုးချစ်သူရဲကောင်းဗိုလ်ရာညွန့်' စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေ (အတ္ထုပ္ပတ္တိ)ဆု၊ 'မြန်မာဂုဏ်ရည်နှင့် အခြားကဗျာများ' စာမူဖြင့် ၂၀၀၆ ခုနှစ် စာပေဗိမာန်စာမူ(ကဗျာ)တတိယဆု၊ 'မင်္ဂလာချိုတေးသံကဗျာများ'စာမူဖြင့် ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူ (ကလေးစာပေ) ဒုတိယဆုများရရှိခဲ့သည်။

ဆရာဦးအောင်သောင်းသည် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၃ ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်-၁၃ နေအိမ်တွင် မိသားစုနှင့်နေထိုင်လျက်ရှိသည်။

မျိုးချစ်ဇာတ်မင်းသားကြီးမင်္ဂလာဦးအောင်မောင်း အတ္ထုပ္ပတ္တိတွင် ဇာတ်မင်းသားကြီးဦးအောင်မောင်း၏ မြန်မာ့ဇာတ်သဘင်လောကအတွက် တီထွင်ဆန်းသစ်မှုများနှင့် မျိုးချစ်စိတ်ဓာတ်ကို လေးစားဂုဏ်ယူဖွယ် တင်ပြထားသည်။

# မျိုးချစ်ဇာတ်မင်းသားကြီးမင်္ဂလာဦးအောင်မောင်း

"တောင့်ထားကွ အောင်မောင်း"

"အောင်မောင်း ခြေတိုး"

"အောင်မောင်းပန်းပဲ၊ တင်မောင် လက်ဝဲ"

အထက်ပါ ဆိုရိုးစကားတို့သည် ဇာတ်မင်းသားကြီး ဦးအောင်မောင်းကို အစွဲပြုလျက်ပေါ်ထွက်လာခဲ့သည်။ မြန်မာပြည်တစ်လွှား အရပ်သုံးစကားအဖြစ် လှိုင်လှိုင်သုံးခဲ့ကြသည်။

လှည်းများ ဗွက်နစ်နေသဖြင့် မရုန်းနိုင်ဖြစ်နေလျှင်ဖြစ်စေ၊ လှေများသောင်တင်နေသဖြင့် မရွေ့နိုင်ဖြစ်နေလျှင်ဖြစ်စေ၊ ဝန်ထုပ်ဝန်ပိုးများ ကြီးမားလေးလံသဖြင့် မ မနိုင်၊ မသယ်နိုင်ဘဲ 'ဗဲ' ခံနေလျှင်ဖြစ်စေ အားထုတ်ကြိုးပမ်းကြရန် အချင်းချင်းအားပေးသည့်သဘောဖြင့် 'တောင့်ထားကွ အောင်မောင်း'ဟု ဆိုလျက် ထမ်းပိုးတွန်းထိုးကြလေသည်။

အတူယှဉ်တွဲသွားကြရာတွင် တစ်ဦးဦး လျှောတိုက်ချော်လဲသွားပါလျှင်လည်း အတူပါလာသူတို့က အောင်မောင်းခြေတိုးကွဟု အားပေးလိုက်တတ်ကြသည်။ အရှက်ပြေစေရန်ဖြစ်သည်။ အထူးသဖြင့် ကလေးငယ်များ ချော်လဲသွားလျှင် 'အောင်မောင်းလေး ခြေတိုးကွ' ဟု လူကြီးမိဘတို့က အားပေးလိုက်တတ်ကြသည်။ ကလေးမငိုစေရန်၊ အားမငယ်စေရန်၊ အရှက်ပြေစေရန် ဖြေဖျောက်ပေးလိုက်ခြင်းပင်တည်း။ ဤသို့ဖြင့် ဦးအောင်မောင်း၏ နာမည်ကြီးခြေတိုးအကကိုစွဲ၍ အဆိုပါစကားနှစ်ရပ် တွင်ကျန်ရစ်ခြင်းဖြစ်၏။

ဇာတ်သဘင်လောကတွင် ဦးအောင်မောင်းက မောင်တင့်တယ်ဇာတ်ကို အကောင်းဆုံး တင်ဆက်နိုင်သည်။ ရွှေမန်းတင်မောင်က လက်ဝဲသုန္ဒရဇာတ်ကို အကောင်းဆုံးတင်ဆက်နိုင်သည်ဟူသော အဓိပ္ပာယ်ဖြင့် 'အောင်မောင်းပန်းပဲ၊ တင်မောင်လက်ဝဲ' ဟု ဆိုရိုးတွင်ခဲ့ခြင်းလည်းဖြစ်၏။

ဦးအောင်မောင်းကို မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ လဲလူရွာဇာတိ အဘဦးနေဒွန်းနှင့် မင်းပူးမြို့နယ် ဆင်ခေါင်းရွာဇာတိ အမိဒေါ်ငွေပွင့်တို့က လဲလူရွာတွင် မြန်မာနှစ် ၁၂၅၉ ခုနှစ် တော်သလင်း လဆုတ် ၉ ရက် နေ့တွင်ဖွား၍ တနင်္ဂနွေသား ဖြစ်သည်။ ငယ်မည်မှာ မောင်အုန်းမောင်၊ ဇာတ်မင်းသားအမည်မှာ အောင်မောင်း၊ ရဟန်းဘွဲ့မှာ ဩဘာသဖြစ်၏။

မကွေး၊ မင်းပူးဒေသတို့သည် ဇာတ်စာဆို၊ ဇာတ်စာသားရေးသူ၊ သဘင်ပညာသည်များ ထွန်းကားရာ ဒေသဖြစ်သဖြင့် မောင်အုန်းမောင်သည်လည်း သဘင်ဝါသနာပါလာသည်။ မောင်အုန်းမောင် ၁၃ နှစ်သားအရွယ်တွင် ဇာတ်သဘင်ပညာရှင်ကြီး ဦးမာဒင်က ခေါ်ယူစင်တင် ကပြစေသည်။ ဦးမာဒင်၏သား စိန်ကျော်လေးထံမှ အခြေခံသဘင်ပညာအချို့ ရခဲ့သည်။ စိန်ကျော်လေး ရုတ်တရက် ကွယ်လွန်သွားခဲ့လေရာ မောင်အုန်းမောင်ကိုပင် အောင်ကျော်စိန်အမည်ဖြင့် မင်းသားအဖြစ် စင်တင်ပြန်လေသည်။ သို့ရာတွင်

မောင်အုန်းမောင်၏ အောင်မြင်ခဲ့ညားသည့် အသံဩဇာကြောင့် အောင်မောင်းအမည်ဖြင့်သာ နာမည်ထွက်လာခဲ့သည်။

အောင်မောင်းအမည် ထိုးထွက်လာသောအခါ ဝန်ထောက်ဦးမောင်ကြီးနှင့် သားဖြစ်သူ မင်းကြီးဦးဘဆန်းတို့၏ စောင့်ရှောက်ပံ့ပိုးမှုတို့ကြောင့် ကိုယ်ပိုင်ဇာတ်အဖွဲ့ ထူထောင်နိုင်လျက် တန်းမီလမ်းမီ ဇာတ်သဘင်အဖွဲ့ကြီး ဖြစ်လာသည်။

ဦးအောင်မောင်းသည် မင်းသားကြီးဦးစိန်ကတုံးနှင့် ဦးဘိုးစိန်တို့ကို လေးစားအားကျသည်။ အထူးသဖြင့် ဦးဘိုးစိန်ကို အတုယူကြိုးစားသည်။ ဦးဘိုးစိန်၏ ဓာတ်ပြားများကို နားထောင်လျက် အဆိုအငိုများကို အတုယူလေ့ကျင့်သည်။ ဦးဘိုးစိန်ကလည်း တက်သစ်စ အောင်မောင်းကို သဘောကျသည်။ ဦးဘိုးစိန်က ချင်းဖဝေးဇာတ်ကိုကပြစဉ် မင်းသားအောင်မောင်းအား မင်းသမီးကြေးမုံ၏ ဖခင် ဇာတ်ရှပ်ကနိုင်းရာ အမူအရာအပြောအဆိုအားလုံးကို သဘောကျသဖြင့် 'ဒါမှငါ့သားကြီးကွ' ဟု ကျေသပ်ကာ ကောင်းချီးပေးခဲ့သည်။ ဦးအောင်မောင်းလည်း များစွာအားတက်သွားလေသည်။

ကိုလိုနီအစိုးရလက်ထက်တွင် ဖာရစီဇာတ်ကြီးများ၊ တရုတ်ဇာတ်ကြီးများ၏ ခြေလှုပ်ခြေဆတ်အကများကို ပရိသတ်တို့ သဘောကျသဖြင့် ဦးဘိုးစိန်ကြီးကိုယ်တိုင်က ခြေအကကို အစမ်းကသည်။ မြန်မာဇာတ်မင်းသားများကိုလည်း ခြေကထွင်ကြဖို့ စေ့ဆော်ပေးသည်။ ထို့ကြောင့် ဦးအောင်မောင်းက ခြေထိုးအကကို စတင်တီထွင်ခဲ့တော့သည်။

ခြေထိုးအကသည် စင်စစ်အားဖြင့် အလွန်ခက်သည်။ အန္တရာယ်လည်း များသည်။ ဟပ်ထိုးလဲကျသွားနိုင်သည်။ ဦးအောင်မောင်းအဖို့မူ မခက်ခဲလှ။ ခြေထိုးကရန် အခြေခံနှစ်ရပ် ဦးအောင်မောင်း၌ အသင့်ရှိပြီးဖြစ်သည်။ နှစ်ရပ်ဆိုသည်ကား ခြင်းလုံးခတ်အတတ်နှင့် လက်ဝှေ့ထိုးအတတ်တို့ပါတည်း။ ခြင်းလုံးခတ်အတတ်တွင် ကိုယ်ဟန်ချိန်ဆမှုနှင့် ကကြိုးကဟန်များ ပါဝင်နေသည်။ လက်ဝှေ့ထိုး အတတ်ကလည်း ခြေကို နိုင်မြဲစေလျက် ကိုယ်ကိုကြံ့ခိုင်စေသည်။ ဤအတတ်နှစ်ရပ်နှင့် ကကြိုးကကွက်များကို ပေါင်းစပ်လိုက်သောအခါ အများကြိုက်နာမည်ကြီးသည့် ခြေထိုးအက ပေါ်ထွက်လာပါတော့သည်။ ဦးအောင်မောင်းကပြသောအခါ ရွက်လှေကလေး လေတွင်လွင့်လာသည်နှင့်တူသည်။ အနောက်တိုင်း ရေခဲလျှောစီးအကနှင့်လည်း ဆင်တူသည်။

ဦးအောင်မောင်းသည် ၁၉၂၀ ခုနှစ်က မန္တလေး၌ ပါတော်မူဇာတ်ကိုကပြရင်း လွတ်လပ်ရေးလှုံ့ဆော်မှု စကားများကို အားရပါးရပြောလျက် ခြေထိုးအက ကပြလိုက်ရာ 'အောင်မောင်းခြေထိုးကွ၊ အောင်မောင်း တောင့်ထားကွ' ဟု ပရိသတ်က တစ်ခဲနက် အားပေးလိုက်ကြသည်။ ထိုအခါမှစ၍ ခြေထိုးအကနှင့် 'အောင်မောင်းတောင့်ထားကွ' ဟူသည့် အားပေးသံတို့သည် အစဉ်တွဲနေလေတော့သည်။ ဦးအောင်မောင်းက နယ်ချဲ့ဆန့်ကျင်ရေးစကားများပြောလျက် ခြေထိုးကလိုက်တိုင်း 'တောင့်ထားကွ အောင်မောင်း'ဟု အားပေးကြရာမှ ထိုအားပေးစကားသည် လွတ်လပ်ရေးရရှိမှုအတွက် တောင့်ထားကြရန် နှိုးဆွစေ့ဆော်သည့် အဓိပ္ပာယ်သို့ သက်ရောက်သွားလေသည်။

ဦးအောင်မောင်းသည် ခြေထိုးအက တီထွင်ခဲ့သည့်အပြင် အစဉ်အလာဝိုချင်း၊ ညည်းချင်းတို့ကိုလည်း မွမ်းမံခဲ့သေးသည်။ ဦးအောင်မောင်းကား ပြောင့်၊ ဒေါင့်နှစ်ရပ်ကို မှတ်တမ်းတင်ရအောင် မွမ်းမံလိုက်နိုင်ကြောင်း အသိအမှတ်ပြုကြရသည်။

ပြောင့်ဆိုသည်မှာ လွမ်းဆွတ်လာစေရန် အပြောစကားဖြင့် စီကာပတ်ကုံး ညည်းပြ၊ မဲ့ပြခြင်းပင် ဖြစ်သည်။ ယင်းကို အညည်း၊ အမဲ့ ဟုခေါ်သည်။ ဦးအောင်မောင်း၏အမဲ့ကို ပရိသတ်မခံနိုင်၊ ညည်းပြနေစဉ်မှာပင် ပရိသတ်၏လည်ချောင်းထဲ တစ်ဆို့တစ်ဆို့ ဖြစ်လာစေသည်။ အမယ်လေးဟု ချုံးချငိုလိုက်သောအခါမှာမူ ပရိသတ်တို့လည်း မျက်ရည်မိုး ရွာချသွားရလေတော့သည်။

ဒေါင့်ဆိုသည်မှာ ဝမ်းနည်းပူဆွေးရသဖြင့် ငိုယိုနေရာမှ နာကြည်းခံပြင်းလွန်းကာ ဒေါသသံဖြင့် ကြိမ်းမောင်းကြုံးဝါးသော ငိုဟန်ဖြစ်သည်။ ထိုငိုဟန်ကို ဦးအောင်မောင်းပင် ထွင်သည်ဟု ဆိုနိုင်သည်။ အဆိုပါ ဆိုဟန်၊ ငိုဟန်များကို မှတ်တမ်းကျန်စေရန် မြန်မာ့အသံ တာဝန်ရှိသူတို့က စာရေးဆရာ သခင်တင်ဦး၊ ဇာတ်ပို့ဆိုင်းဆရာဦးလှမြိုင်တို့၏ အကူအညီဖြင့် ဦးအောင်မောင်း၊ ဒေါ်ဗလယုံ၊ ဦးလေလှိုင်၊ ဦးစန္ဒယော်တို့၏ ဇာတ်ခင်းပုံကို အသံဖမ်း၊ အသံလွှင့်နိုင်ခဲ့သည်။

ဦးအောင်မောင်းသည် မျိုးချစ်စိတ်ဓာတ် အလွန်ထက်သန်သူဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးဟုတွင်ခဲ့သော ရေနံမြေသပိတ်တပ်ဖွဲ့ကြီး ရန်ကုန်သို့ချီတက်လာရာ ကြို့ပင်ကောက်မြို့၌ ဇာတ်ကနေသည့် မင်းသားအောင်မောင်းက ဇာတ်အဖွဲ့နှင့်အတူ စည်တော်တီး၍ ကြိုဆိုဂုဏ်ပြုခဲ့သည်။ မင်းသားကြီး ဦးအောင်မောင်းသည် တစ်နယ်တည်းသားချင်းဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းကို လေးစားအားကျသူ ဖြစ်သည်။ ဇာတ်ကရာတွင် ဇာတ်စကားများ၊ ဇာတ်သီချင်းများဖြင့် နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ခဲ့သည်။ ဦးအောင်မောင်း၏ ဇာတ်ထုပ်များကို ဓာတ်ပြားသွင်းခဲ့ပြီး ကိုယ်တိုင်လည်း ဒေသအနှံ့ကပြခဲ့ရာ ဦးအောင်မောင်း၏ နယ်ချဲ့ဆန့်ကျင်ရေး စကားသံတို့မှာ တစ်နိုင်ငံလုံး ပျံ့နှံ့ရောက်ရှိခဲ့သည်။

မြန်မာ့ဇာတ်သဘင်လောက၌ တီထွင်မှုအသစ်များ၊ တင်ဆက်မှုအသစ်များဖြင့် နိုင်ငံကျော်ခဲ့သည့် မင်းသားကြီး မင်္ဂလာဦးအောင်မောင်းသည် မြန်မာမှုနှင့် မျိုးချစ်စိတ်များကို ကိုင်စွဲလျက် ၁၃၃၄ ခုနှစ်၊ ပြာသိုလဆုတ် ၂ ရက် (၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ စနေ) နေ့တွင် အင်္ဂပူမြို့၌ ဇာတ်ကရင်း ကွယ်လွန်သွားခဲ့ပါသည်။

၂၀ ရာစု ဦးအောင်သောင်း

မှတ်ချက်။ ။ ဦးအောင်မောင်း၏ မွေးသက္ကရာဇ်ကို စာအုပ်စာစောင်များတွင် ၁၂၅၉ ခု၊ တော်သလင်းလဆုတ် ၈ ရက်နေ့ဟု ဖော်ပြထားကြသည်။ ထိုနေ့သည် နှစ်တစ်ရာပြက္ခဒိန်တွင် စနေနေ့ဖြစ်သည်။ ဦးအောင်မောင်း၏ ငယ်မည်မှာ အုန်းမောင်၊ ဇာတ်မင်းသားအမည်မှာ အောင်မောင်း၊ ရဟန်းဘွဲ့မှာ ဉာဏသဖြစ်သောကြောင့် နေ့နံအရ တနင်္ဂနွေသားဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဦးအောင်မောင်း၏ ဖြစ်နိုင်သောမွေးနေ့ကို ၁၂၅၉ ခု၊ တော်သလင်းလဆုတ် ၉ ရက် (တနင်္ဂနွေနေ့) အဖြစ်ဖော်ပြထားပါသည်။

စာရေးသူ

**ဝေါ်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ကကြိုးကကွက် | = ကနည်းကဟန်စနစ်၊ ကပြပုံ၊ |
| ၂။ ကျောချမ်း | = ကြောက်ရွံ့သည်၊ |
| ၃။ ချုံးချ | = ရှိုက်ကြီးတငင် (ငိုသည်)၊ (ချုံးပွဲချ၊ ချုံးမဲချဟုလည်းသုံးသည်)၊ |
| ၄။ ခြေထိုးအက | = ခြေကို ရှေ့သို့လျှောတိုက်ထိုးလျက် ကပုံကနည်း တစ်မျိုး၊ |
| ၅။ ခေ့ဆော် | = နိုးဆော်တိုက်တွန်းသည်၊ |
| ၆။ တစ်နယ်တည်းသားချင်း | = ဒေသတစ်ခုအတွင်း မွေးဖွားကြသူများ၊ |
| ၇။ ဖာရစီဇာတ် | = အိန္ဒိယဇာတ်ကြီး၊ |
| ၈။ အမဲ့ | = ငိုချင်းမဆိုမီ နာကြည်းဖွယ်၊ ကြေကွဲဖွယ်၊ လွမ်းဆွတ်ဖွယ်စကားများကို ပြောဆိုသရုပ်ဆောင်ခြင်း၊ |

**သင်ခန်းစာဆိုလိုရင်း**

- ❖ ဇာတ်မင်းသားကြီးဦးအောင်မောင်းကိုအစွဲပြု၍ ပေါ်ထွက်လာသော ဆိုရိုးစကားသုံးခု
- ❖ ဇာတ်မင်းသားကြီးဦးအောင်မောင်း တီထွင်ခဲ့သော ခြေထိုးအကအကြောင်း
- ❖ ဇာတ်မင်းသားကြီးဦးအောင်မောင်းမွမ်းမံခဲ့သော ပြောင်ပုံ၊ ဒေါ်ငို နှစ်ရပ်
- ❖ ဇာတ်မင်းသားကြီးဦးအောင်မောင်း၏ မျိုးချစ်စိတ်ဓာတ်
- ❖ ဆရာဦးအောင်သောင်း၏ အတ္ထုပ္ပတ္တိစကားပြေ ရေးသားတင်ပြပုံတို့ဖြစ်ပါသည်၊

**လေ့ကျင့်ခန်း**

၁။ ဦးအောင်မောင်း တီထွင်ခဲ့သည့် သဘင်ပညာရပ်တို့ကား မည်သည်တို့နည်း။ ရှင်းပြပါ။

၂။ ဦးအောင်မောင်း ထင်ရှားကျော်ကြားလာရခြင်း အကြောင်းများကို ဖော်ပြရေးသားပါ။

၃။ ဦးအောင်မောင်းကို ကျေးလက်တောရွာတို့ကပို၍ ကြိုက်ကြသည်ဟု ဆိုကြသည်၊ အဘယ်ကြောင့်ဟု ထင်သနည်း။

၄။ ဦးအောင်မောင်း၏ မျိုးချစ်စိတ်ဓာတ်ပေါ်လွင်အောင် စာရေးသူက မည်သို့ရေးဖွဲ့တင်ပြထားသနည်း။

၅။ မင်းသားကြီးဦးအောင်မောင်းနှင့်ပတ်သက်သည့် ဆိုရိုးစကား ၃ ခွန်းကို သင်မည်သို့နားလည်သနည်း။ ရှင်းပြပါ။

ဆောင်းပါး

## အလုပ်
### (ကိုလိုနီခေတ်)



အလုပ် ဆောင်းပါးသည် ပီမိုးနင်း၏ ထူးခြွန်ရေးစာအုပ်မှ ရွေးချယ်ချက် ဖြစ်သည်။

ဆရာပီမိုးနင်းကို ၁၈၈၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ တနင်္လာနေ့ နံနက် ၉ နာရီတွင် သုံးဆယ်မြို့၊ ရွာမရပ်၌ အဘ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့က မွေးဖွားသည်။ မိုးနှင်းများ လွန်စွာကျဆင်းချိန်၌ မွေးဖွားသောကြောင့် ငယ်မည်မှာ မောင်မိုးနှင်း ဖြစ်သည်။ ဇာတာအမည်မှာ မောင်ကျော်ညွှန့်ဖြစ်သည်။ အင်္ဂလိပ်ကျောင်းက အမည် ဖိလစ် (Phillip) မှ ပီ (P) ကို အဖျားဆွတ်၍ ငယ်မည် မိုးနှင်းနှင့်ပေါင်းစပ်ကာ ပီမိုးနင်းဟူသော ကလောင်အမည်ကို ခံယူခဲ့သည်။

၁၈၉၃ ခုနှစ်တွင် သုံးဆယ်မြို့ အာ-စီ-အင်(မ်)ကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် မော်လမြိုင်မြို့ရှိ ဆင်မင်နရီကျောင်းတွင် ဆက်လက်၍ ပညာသင်သည်။ ၁၈၉၉ ခုနှစ်တွင် လက်တင်ဘာသာကို ကောင်းစွာတတ်မြောက်ပြီးဖြစ်၍ ပလောပီနံမြို့ရှိ ဇွင်နရယ်ကောလိပ် ခေါ် ပြင်သစ်ပြည် ပဲရစ်မြို့တော်မှ ခွဲထားသော သိပ္ပံကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ထိုကျောင်းတွင် ယုတ္တိဗေဒ၊ ဒဿနိကဗေဒနှင့် လောကီပညာအမျိုးမျိုးကို သင်ကြားခဲ့သည်။ ၁၉၀၂ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်ရောက်ပြီး အာ- စီ- အင်(မ်) ကျောင်းတွင် ဆရာလုပ်ခဲ့သည်။

သူရိယသတင်းစာတိုက်၊ ပညာ့အလင်းသတင်းစာတိုက်တို့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဆရာပီမိုးနင်းသည် စာစုံရေးခဲ့သူဖြစ်သည်။ ဗန္ဓုလဂျာနယ်တွင် 'ကမ္ဘာ့မင်းတံ' အခန်းဆက်ကိုလည်းကောင်း၊ ပညာ့အလင်းသတင်းစာ၌ 'ပိုက်ဆံကြီး' အမည်ဖြင့် ဆောင်းပါးများကိုလည်းကောင်း၊ မြန်မာ့အလင်းသတင်းစာ၌ 'လေပွေ' အမည်ဖြင့် ထွေရာလေးပါး ပုံသေခန်းတစ်ခုကိုလည်းကောင်း၊ နေ့ာ်လိပ်မဂ္ဂဇင်းတွင် အယ်ဒီတာလုပ်ခဲ့ပြီး 'ဦးလေပွေ' အမည်ဖြင့် အင်္ဂလိပ်ဆောင်းပါးများကိုလည်းကောင်း၊ ကမ္ဘာ့အလင်းကျမ်းကို 'လူမင်း' အမည်ဖြင့်လည်းကောင်း၊ နေရိုးရိုး ပွဲစားကြီးသားအဖနှင့် မြမြ စသော ဝတ္ထုရှည်ကြီးများ၊ လောကီကျမ်းများ၊ ဝတ္ထုတိုများကိုလည်းကောင်းရေးခဲ့ပြီး ၁၉၁၉ ခုနှစ်က ရိုက်ကူးခဲ့သော ပထမဆုံးမြန်မာရုပ်ရှင် 'မေတ္တာနှင့် သူရာ'၏ ပထမဆုံး ဇာတ်ညွှန်းဆရာလည်း ဖြစ်သည်။

၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

အလုပ် ဆောင်းပါးတွင် အလုပ်လုပ်ခြင်း၏ အရေးပါပုံနှင့် အလုပ်၏တန်ဖိုးကို ဖော်ပြထားသည်။

# အလုပ်

လူ၏ ကျင့်ဝတ္တရားကို အလုပ်ဖြင့် ပြရ၏၊ အလုပ်သည် အကောင်းဆုံးသော သင်ဆရာဖြစ်သည်၊ ဖျင်းရိပေါ့လျော့အားလပ်ခြင်းသည် စိတ်ကိုယုတ်နိမ့်သော အဖြစ်သို့ရောက်စေ၍ အလုပ်လုပ်ခြင်းသည် စိတ်ကို မြင့်မြတ်တည်ကြည်စေနိုင်လေသည်၊ ဖျင်းရိပေါ့လျော့ အားလပ်သောသူသည် လူ့ကျင့်ဝတ် လူ့ဝတ္တရား ကျေပွန်မည်မဟုတ်ပေ၊

လောက၌ ဆင်းရဲဒုက္ခဖြစ်သမျှ၏ ရာနိုင်နှုန်းကိုးဆယ်ခန့်သည် ပေါ့လျော့အားလပ်ခြင်းမှ ထွက်ပေါ်လေသည်၊ အားလပ်ခြင်းသည် မကောင်းမှုဒုစရိုက်တို့၏ ထွက်ပေါ်ရာ လိုဏ်ခေါင်းသဖွယ်ဖြစ်လေသည်၊

အလုပ်သည် စိတ်၏ချမ်းသာခြင်းကို ဖြစ်စေ၏၊ သောကအပူတို့ကို မေ့စေ၏၊ လူတစ်ယောက်အား တစ်သက်လုံး ဘာမျှမလုပ်ရဟူသောဒဏ်ကို ပေး၍ကြည့်ချေက ထိုသူမှာ အဘယ်မျှလောက်ကြီးမားသော ဆင်းရဲဒုက္ခကို ခံစားရမည်ကို သိရပေလိမ့်မည်၊

မသေလည်း မသေရ၊ အဘယ်အလုပ်ကိုမျှလည်း မလုပ်ရဟူသော ဒဏ်ကိုပေးချေက သေချင်သော စိတ်သည် ထက်သန်စွာပေါ်လာမည်ကား မလွဲပေ၊

အခက်အခဲတွေ့လျှင် ထိုအခက်အခဲကို အခြားနည်းဖြင့် မအောင်မြင်နိုင်၊ အလုပ်ဖြင့်သာ အောင်မြင်နိုင်၏၊

အားလပ်ခြင်းသည် သံချေးနှင့်တူ၏၊ အားလပ်ခြင်းသည် အလုပ်လုပ်ခြင်းထက် စိတ်အား ကိုယ်အားကို ဆုတ်ယုတ်ညှိုးဖျင်းခြင်းအဖြစ်သို့ ပိုမိုလျင်မြန်စွာ ရောက်စေနိုင်၏၊

ဆင်းရဲဒုက္ခ အခက်အခဲတို့သည် လူသတ္တဝါတို့အား မကောင်းကျိုးပေးရန် ပေါ်လာတတ်ကြသည် မဟုတ်၊ ကောင်းကျိုးပေးရန် ပေါ်လာတတ်ကြလေသည်၊ အခါများစွာ မတွေးမခေါ် မမျှော်လင့်သော နေရာဌာန အကြောင်းတစ်ခုခုမှ ထိုအနှောင့်အယှက်၊ အခက်အခဲတို့သည် ပေါ်လာတတ်၏၊

အခက်အခဲတွေ့ကြုံရာ၌ တည်ကြည်မြဲမြံ၍ မယိမ်းမယိုင်သောစိတ်နှင့်ခုခံကာ မိမိ၏တာဝန်ဝတ္တရား မပျက်မကွက်အောင် ကြိုးစားသူတို့မှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းကို ရရှိခံစားကြရမည်မှာကား ဧကန္တာသဘောတရားပေတည်း၊

အခက်အခဲသည် စိတ်သဘော ကြီးမားရင့်သန်ခြင်းအတွက် အကောင်းဆုံးသော သင်ခန်းစာများ ဖြစ်ကြ၏၊ အခက်အခဲတွေ့သည့်အခါ ရဲရင့်ခြင်းနှင့် ရွှင်ပျသောစိတ်ကိုဆောင်ကာ ခုခံကြရမည်၊ ထိုအခါ ခက်ခဲခြင်းသည် မိမိ၏ကြောက်မက်ဖွယ်သောအသွင်ကို လျှော့၍ပေးလတ္တံ့၊

ခက်ခဲခြင်းများကို တွန်းလှန်ခုခံလေ့ရှိသောသူမှာ အကျင့်ရလျက် စစ်တိုက်ဝါသနာပါသောသူ၊ လက်ဝှေ့ဝါသနာပါသောသူများ၊ စစ်ပွဲ၊ လက်ဝှေ့ပွဲမှာကျော်သလို ခက်ခဲခြင်းနှင့် တိုက်ခိုက်ရခြင်း အလုပ်မှာပင် ပျော်ရွှင်၍ လာတတ်ကြလေသည်။

အခက်အခဲကို နိုင်နင်းစွာ ဖြိုဖျက်လုပ်ကိုင်ကြခြင်းသည် အလုပ်၏ရည်ရွယ်ချက်တည်းဟူသော အလုပ်၏ အကျိုးစီးပွားကို ခံစားရခြင်းထက်ပိုမို၍ စိတ်၏သာယာချမ်းမြေ့ခြင်းကို ဖြစ်စေနိုင်သည်ဟု ဂရိပညာရှိကြီး အရစ္စတိုတယ်ပြောခဲ့လေသည်။

အမဲလိုက်ခွေးသည် အမဲကိုရမှ ပျော်သည်မဟုတ်၊ လိုက်ရခြင်း၌ပင် ပျော်ရွှင်ပြီးဖြစ်၏၊ ထို့အတူ ခက်ခဲစွာလုပ်ကိုင်ကြိုးစည်ရခြင်း၌ အလုပ်၏အကျိုး ခံစားရရှိခြင်း၊ မရရှိခြင်းကို ပဓာနမထား၊ အလုပ်လုပ်ရခြင်း၌ ပျော်ပိုက်သော အလေ့အကျင့်ကိုရအောင် အလုပ်၏လေ့ကျင့်ခန်းကို ယူရသည်။

များစွာသောသူတို့သည် အားလပ်စွာနေ၍မရ၊ ဘာကိုလုပ်ရပါ့မလဲဟု ရှာကြကြ၏၊ ၎င်းတို့မှာ မရှိခြင်း၊ ငတ်ခြင်းကြောင့် လုပ်ရခြင်းမဟုတ်၊ အလုပ်၌ ပျော်ပိုက်ခြင်းကြောင့်ဖြစ်ရာ အလုပ်သည်လူ၏ တာဝန်ဝတ္တရားဖြစ်ရကား၊ ထိုလူမျိုးသည် တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်းသက်သက်မှာပင် ကြည်နူးပျော်ပိုက်သူများဖြစ်သည်ဟု ဆိုရပေမည်၊ ထိုလူမျိုး၏စိတ်သည် နိမ့်ရာသို့ မရောက်နိုင်တော့ပေ။

အဟုတ်တကယ် ကြီးပွားအောင်မြင်လိုသောစိတ်နှင့် တကယ်ကြိုးစားလုပ်ကိုင်ကြိုးစည်သူမှန်က အများအားဖြင့် အောင်မြင်ရ၏၊ မအောင်မြင်သူတို့မှာ ရာခိုင်နှုန်း တစ်ယောက်နှစ်ယောက်လောက်သာ ရှိလေသည်။

အောင်မြင်သူတို့သည် ရှေးဦးပထမ ဆုံးပါးကြ၏၊ ဆုံးရှုံးကြ၏၊ အထပ်ထပ်ကြိုးစားခြင်းကြောင့်သာ အောင်မြင်ကြလေသည်၊ ရှေးဦးပထမ အထမမြောက် မအောင်မြင်သည့်အခါ အများအားဖြင့် စိတ်လျှော့ကြသည့်အတွက် မအောင်မမြင်ဖြစ်ကြရလေသည်၊ စိတ်မလျှော့ဘဲ ထပ်ကာထပ်ကာ ကြိုးစားသူတို့မှာ အောင်မြင်မြဲသာတည်း။

အပင်ပန်းမခံလိုဘဲ လိုချင်ရာကို ရလိုသောစိတ်သည် စိတ်ဖျင်းစိတ်ညံ့ဖြစ်၏၊ အဖိုးတန်သော အရာမှန်သမျှသည် အလုပ်ဖြင့် ရင်းနှီးရလေသည်။

ဘာမဆို လုပ်လျှင်ရ၏၊ ငွေမရှိသောကြောင့် မလုပ်နိုင်ဟူသောစကားသည် လူဖျင်းလူညံ့တို့၏ စကားဖြစ်၏၊ ငွေလိုလျှင် လုပ်ရမည်၊ လုပ်လျှင် ရမည်သာတည်း။

၂၀ ရာစု ပီမိုးနင်း

### သင်ခန်းစာဆိုလိုရင်း

- ❖ အလုပ်သည် လူ့ကျင့်ဝတ် လူ့ဝတ္တရားဖြစ်ပုံ
- ❖ အခက်အခဲသည် စိတ်ဓာတ်ကို တည်ငြိမ်ရင့်ကျက်စေပုံ
- ❖ အခက်အခဲကို အလုပ်ဖြင့်သာ ဖြိုဖျက်နိုင်ပုံ
- ❖ အလုပ်၏ အရေးပါပုံနှင့် အလုပ်လုပ်ခြင်း၏အကျိုးကျေးဇူးများ
- ❖ ဆရာပီမိုးနင်း၏ ဆောင်းပါးစကားပြေ အရေးအသားတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ အလုပ် ဆောင်းပါးတွင် ပီမိုးနင်းသည် အလုပ်၏အရေးပါပုံများကို မည်သို့ဖွင့်ဆိုရှင်းပြထားသနည်း။

၂။ အလုပ် ဆောင်းပါးတွင် ပီမိုးနင်းသည် အလုပ်၏ကောင်းကျိုးနှင့် အားလပ်ခြင်း၏ဆိုးကျိုးများကို မည်သို့ နှိုင်းယှဉ်ရေးပြသွားသနည်း။ ရှင်းလင်းဖြေဆိုပါ။

၃။ အလုပ် ဆောင်းပါးမှ ဆိုလိုချက်ကို ပေါ်လွင်စေသော စကားအသုံးအနှုန်းများကို လေ့လာတင်ပြပါ။

၄။ အလုပ်ဟူသော ခေါင်းစဉ်ဖြင့် သင့်ဘဝတစ်လျှောက်၌ သင်လုပ်ခဲ့ဖူးသည့် အလုပ်တစ်ခုအကြောင်းကို တစ်မျက်နှာခန့် စာစီကုံးပါ။

၅။ အလုပ်လုပ်နေချိန်တွင် သင်၏စိတ်၌ဖြစ်ပေါ်ရသော ခံစားချက်နှင့် အားလပ်နေချိန်တွင်ဖြစ်ပေါ်ရသော ခံစားချက်တို့ကို နှိုင်းယှဉ်တင်ပြပါ။

ရသစာတမ်း

## ဆားဒယ်
### (လွတ်လပ်ရေးခေတ်)



ဆားဒယ်သည် တက္ကသိုလ်ဝင်းမွန်၏ ရသစာတမ်းတစ်ပုဒ်ဖြစ်သည်။

ဆရာတက္ကသိုလ်ဝင်းမွန်ကို ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ရစ်တန်ကြီးကျေးရွာတွင် အဖ ဦးအောင်သန်းခင်၊ အမိ ဒေါ်သန်းကြည်တို့၏ တစ်ဦးတည်းသော သားအဖြစ် ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မွေးဖွားသည်။ ငယ်မည်မှာ နှစ်ငါး၊ တိုးမြင့်နှင့် ဝင်းဆွေတို့ဖြစ်သည်။ အမည်ရင်း ဦးဝင်းမွန်ဖြစ်သည်။

ကမာစဲကျေးရွာနှင့် ရန်ကုန်မလွှကုန်းတို့၌ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၆ ခုနှစ်ထိ ပဲခူးမြို့အစိုးရအထက်တန်းကျောင်း၌ အလယ်တန်းနှင့်အထက်တန်းပညာကို သင်ယူခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဥပစာတန်း အပိုင်း(ခ)၌ မြန်မာစာအမှတ်အများဆုံး (ပထမ) ရရှိသဖြင့် 'သာဒိုးအောင်ဆု' ရရှိခဲ့သည်။

အသက်နှစ်ဆယ်အရွယ် ၁၉၅၉ ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင် မောင်ဝင်းဆွေအမည်ဖြင့် ရေးသားခဲ့သော 'ဝဏ္ဏပဘာ လှကလျာ' ဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ စာပေရေးသားရာတွင် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ၊ စာတမ်းများကို တက္ကသိုလ်ဝင်းမွန် အမည်ဖြင့်ရေးသားခဲ့ပြီး အခြားကမ္ဘာ့ဝတ္ထုစာရေးဆရာကြီးများ၏ ဝတ္ထုဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို အောင်ခန့်အမည်ဖြင့် ဘာသာပြန်ရေးသားခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားစာပေဆု (စာပဒေသာ တတိယဆု)ကို တက္ကသိုလ်ဝင်းမွန် ကလောင်အမည်ဖြင့်ရေးသော 'ခေတ်သစ်ကဗျာမိတ်ဖွဲ့' စာအုပ်ဖြင့်လည်းကောင်း၊ အမျိုးသားစာပေဆု (ဘာသာပြန်စာပေ တတိယဆု) ကို အောင်ခန့်ကလောင်အမည်ခွဲဖြင့်ရေးသော 'ရဲသွေးနီနီ' စာအုပ်ဖြင့်လည်းကောင်း တစ်ပြိုင်တည်းဆွတ်ခူးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆုနှင့် ၂၀၁၅ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာဆု ချီးမြှင့်ခံရသည်။

၁၉၆၀ ပြည့်နှစ် ဇွန်လတွင် မော်လမြိုင်ကောလိပ်၊ မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်အမှုထမ်းသည်။ မြစ်ကြီးနား ကောလိပ်၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)တို့တွင် မြန်မာစာဌာနမှူးအဖြစ်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ရွေးချယ်စေလွှတ်ချက်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပီကင်း(ပေကျင်း)မြို့တော် နိုင်ငံခြားဘာသာသိပ္ပံကျောင်း၌ မြန်မာစာပေပညာရှင် (ဧည့်ပါမောက္ခ) အဖြစ် ၂ နှစ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ ၁၉၉၉ ခုနှစ်တွင် တွဲဖက်ပါမောက္ခ (ဌာနမှူး)အဖြစ် တာဝန်ထမ်းဆောင်ပြီး ၂၀၀၀ ပြည့်နှစ်တွင် အငြိမ်းစားယူခဲ့သည်။ တက္ကသိုလ်မြန်မာစာသင်ကြားရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အခြေခံပညာ မြန်မာစာဘာသာရပ်သင်ရိုးညွှန်းတမ်း ကော်မတီဝင်အဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မြန်မာစာပါရဂူ သင်တန်းကြီးကြပ်မှုကော်မတီဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဆားဒယ် ရသစာတမ်းတွင် ဘဝခရီး၌ ကြုံတွေ့ရမည့် အခက်အခဲများကို ဝယ်စဥ်အခါ ဆားဒယ်စီးစဉ်ကကဲ့သို့ ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်ကျော်လွှားသင့်ပုံကို ရေးဖွဲ့ထားသည်။

# ဆားဒယ်

ငယ်စဉ်က ဆားဒယ်စီး၍ ပျော်ခဲ့သည်များကို ကျွန်တော်မကြာမကြာ သတိရနေပါသည်။ ကျွန်တော်တို့ ရွာကလေးသည် မိုးတွင်းအခါ၌ 'ရေပတ်လည်ဝိုင်းသောကုန်းမြေ' ဟူသော စကားကို အမှတ်ရစရာကောင်း လှသည်။ ကျွန်တော်တို့ တောင်ပိုင်း၌ ရေပတ်လည် အဝိုင်းဆုံးဖြစ်သည်။ ကျွန်တော်တို့ အိမ်ကုန်းတစ်ခုလုံး သည် ရေအောက်၌ ခေါင်းလျှိုးနေသည်။ အိမ်ရှေ့ရှိ လမ်းမကြီးသည် နွေအခါက ဖုန်တထောင်းထောင်းထ ခဲ့သည်။ ခလောက်သံ၊ ခြူသံတို့ဖြင့် ဆူညံခဲ့သည်။ ယခုအခါ၌ကား လမ်းမကြီးသည် ရေအောက်တွင် စုပ်စုပ် မြုပ်နေပေပြီ။ လှည်းတို့အစား လှေတို့ လူးလာနေပေပြီ။ ချောင်းကြီးဖြစ်နေပေပြီ။ ရေကားမနက်လှ၊ ပေါင် လယ်လောက် ခါးလောက်သာရှိသည်။ သည်ချောင်းရိုး တစ်လျှောက်၌ ကျွန်တော်တို့သည် ဆားဒယ်စီး၍ အပျော်ကြီးပျော်ခဲ့ကြသည်။

ဆားဒယ်မှာ လေးပေပတ်လည်ခန့် သံဒယ်ပိုင်းကြီး ဖြစ်သည်။ အဝိုင်းမဟုတ်၊ လေးထောင့်ဖြစ်သည်။ ဇောက်မှာ မနက်လှ၊ ခြောက်လက်မခန့်သာရှိသည်။ ရွာအရှေ့ပိုင်းမှ သံဖြူဆရာကြီးဦးတင်လှ၏ တဲကုပ်ထွက် ပစ္စည်းဖြစ်သည်။ ကျွန်တော့်မိဘများသည် တပေါင်းတန်ခူးဆားမြေတက်ချိန်၌ စစ်တောင်းမြစ်ကမ်းခြေရှိ သစ်ဖြူရွာ၊ ရွာသစ်ရွာတို့ကို ဆားမြေခြစ်ရန် နံနက်ဝေလီဝေလင်းတွင် နွားလှည်းကြီးများဖြင့် ထွက်သွားတတ် ကြလေသည်။ ညနေစောင်းတွင် နွားလှည်းကြီးများနှင့်အပြည့် ဆားမြေများတိုက်၍ လာတတ်ကြသည်။ ထို ဆားမြေများကို ရေဖြင့်ဖျော်၍ ဆားရည်စင်ပေါ်သို့လောင်းကြသည်။ ထိုဆားရည်စင်ပေါ်မှကျသော ဆားရည်သန့်သန့်များကို ဆားဒယ်ကြီးများတွင်ထည့်၍ ကောက်ရိုးမီးဖြင့် ချက်ကြသည်။ ကောက်ရိုး ခြောက် ပွေ့၊ ခုနစ်ပွေ့ခန့်ကုန်လျှင် ဆားတစ်ဒယ်ကျတော့သည်။ ထိုဆားဒယ်ကြီးများ အလုပ်စခန်းသည် မိုးတွင်း အခါ၌ သိမ်းပြီး၊ အလုပ်အား၍ အနားယူပြီ။ ထမ်းစင်ပေါ်တွင် အမြိန့်သား ဇိမ်ခံနေပြီ။ သို့သော် ကျွန်တော်တို့ ကား သူတို့ကို အနားမပေးနိုင်ပြီ။ ထမ်းစင်ပေါ်မှသူတို့ကို အတင်းဆွဲခေါ်၍ ချောင်းရိုးတစ်လျှောက်တွင် အမှုထမ်းစေတော့သည်။

ကျွန်တော်တို့ရွာတွင် အိမ်တိုင်းလိုလိုပင် ဘောက်တူလှေများရှိကြပါသည်။ သို့သော် လယ်ကိစ္စ၊ အရပ် ကိစ္စများကြောင့် ဘောက်တူကို အနားမနေရအောင် လူကြီးများအသုံးပြုလွန်းသည်။ လူကြီးများ အားမှ လစ်မှ စီးခွင့်ရသည်။ လှော်ခွင့်ရသည်။ ဘောက်တူကို လှော်၍ ပျော်ရသည်မှာ မကြာသေး၊ သူတို့ တကြော်ကြော် အော်ဟစ်ခေါ်တော့သည်။ ဘောက်တူနှင့်သွားစရာကိစ္စ သူတို့မှာ ပေါ်တော့သည်။ ကျွန်တော်တို့ကိုလည်း ဆော့လွန်းသည်၊ ကမြင်းလွန်းသည်ဟု သူတို့ဆူပူကြိမ်းမောင်းတော့သည်။ အိမ်ရှိဘောက်တူသည် ကျွန်တော်တို့ ကလေးများနှင့် လုံးဝမသက်ဆိုင်ဘိသကဲ့သို့ ရှိလှသည်။ ချောင်းရိုးတစ်လျှောက်၌ ကျွန်တော်တို့သည် ဘောက် တူစီး၍ ပျော်ခွင့်မရ၊ ဆားဒယ်စီး၍သာ ပျော်ခဲ့ကြရသည်။

ဆားဒယ်စီးရသည်မှာ ဘောက်တူစီးရသည်နှင့် မတူ၊ ဘောက်တူစီးရသည်မှာ သက်သောင့်သက်သာ ရှိလှသည်။ မြန်မာစကားပုံတစ်ခုရှိသည်၊ 'လှေအဆင်း မြင်းအတက် ခက်သတဲ့'။ ဘောက်တူကား

အဆင်းလည်း လွယ်သည်၊ အတက်လည်းလွယ်သည်၊ အတက်မတော်၍လည်း တိမ်းမှာ စောင်းမှာ မှောက်မှာ မပူရ၊ အဆင်းမတော်၍လည်း တိမ်းမှာ စောင်းမှာ မှောက်မှာ မပူရ၊ ဘောက်တူပေါ်သို့ ရောက်၍ တက်ဖြင့် တစ်ဖက်သတ် လှော်လည်းရသည်၊ ဘယ်ဘက် ညာဘက် မှန်၍ လှော်လည်းရသည်၊ ဘောက်တူကို ပဲ့ကိုင်ရသည်မှာ မခက်လှ၊ ပဲ့ကို သာမန်ကိုင်တတ်ရုံဖြင့် ရည်မှန်းရာသို့ ချောချောမောမော ဖြူးဖြူးဖြောင့်ဖြောင့် တန်းတန်းမတ်မတ် ရောက်သည်။

ဆားဒယ်စီးရသည်မှာ ပင်ပင်ပန်းပန်းရှိလှသည်၊ ဆားဒယ်ကား အဆင်းလည်းခက်သည်၊ အတက်လည်း ခက်သည်၊ ဆားဒယ်မှာ ပက်ကလန်ကြီးဖြစ်သည်၊ လူတစ်ယောက်၏ ဝန်လောက်သာ ထမ်းနိုင်ရာသည်၊ လူတစ်ယောက်အပေါ်သို့ တက်မိသည်နှင့် ရေမျက်နှာပြင်ထက် သုံးလက်မခန့်သာ ခေါင်းဖော်နိုင်ရာတော့သည်၊ ထို့ကြောင့်ဆားဒယ်သည် အတိမ်းအစောင်းမခံ၊ တိမ်းမှာ စောင်းမှာ မှောက်မှာ အလွန်ပူရသည်၊ အတက်မတော်ပါကလည်း ဆားဒယ်မှောက်သည်၊ အဆင်းမတော်ကလည်း ဆားဒယ်မှောက်သည်၊ ဆားဒယ်အပေါ်သို့ တက်သည့်အခါ ဆားဒယ်၏ နှုတ်ခမ်းစွန်းနှစ်ဖက်ကို လက်ဖြင့်တည်တည်ငြိမ်ငြိမ်ထိန်း၍ ကိုင်ရသည်၊ ထို့နောက် ဆားဒယ်၏ အလယ်တည့်တည့်သို့ကျအောင် ကြိုးစား၍တက်ထိုင်ရသည်၊ ဤသို့ အလွန်ဂရုထား၍ ကြိုးစားပြီးတက်ပါမှ ဆားဒယ်မမှောက်ဘဲနေသည်၊ သို့သော် ဟိုယိမ်းသည်ထိုး လှုပ်လှုပ်ရှားရှား လူးလူးလွန့်လွန့်ကား ဖြစ်လိုက်သေးသည်၊ ဆားဒယ်ငြိမ်၍ အထိုင်ကျသောအခါမှ လှော်ခွင့်ရသည်၊ ကျွန်တော်တို့သည် ဆားဒယ်ကို တက်ဖြင့်မလှော်ကြ၊ ကိုယ်ကိုအနည်းငယ် ရှေ့သို့ညွတ်၍ ကိုင်း၍ လက်ဖြင့် ယက်ကြ လှော်ကြသည်၊ ယက်ရာ၌ ဘယ်ညာမျှ၍ ယက်ရသည်၊ တစ်ဖက်သတ်ကျုံးကာ ယက်၍မရ၊ ဘယ် ညာ မမျှဘဲ ဘယ်လက်ဖြင့်ကျုံး၍ ယက်လိုက်ပါက လက်ယာရစ် ချာချာလည်သွားပေလိမ့်မည်၊ ညာလက်ဖြင့် ကျုံး၍ ယက်ပါက လက်ဝဲရစ် ချာချာလည်သွားပေလိမ့်မည်၊ ဘယ်ညာမျှ၍ ထိန်းယက်နိုင်ပါမှ ဆားဒယ်သည် ဝဲကာလည်ကာ ယိမ်းကာယိုင်ကာဖြင့် ရည်မှန်းရာသို့ တရွေ့ရွေ့ တဖြည်းဖြည်းကွေ့၍ စောင်း၍ရောက်သည်၊

မိမိရည်မှန်းရာသို့မရောက်ခင်၌ ဆားဒယ်မှောက်မသွားရအောင်၊ ရည်မှန်းရာသို့လည်း ရောက်အောင် ဆားဒယ်ကို ယက်ရလှော်ရသည်မှာ မလွယ်၊ ကျွမ်းကျင်မှု လိုသည်၊ ကိုယ်ကို တည်တည်ငြိမ်ငြိမ် ထားတတ်ဖို့ လိုသည်၊ စိတ်ရှည်ဖို့လိုသည်၊ ဇွဲကောင်းဖို့ လိုသည်၊ လုံ့လရှိဖို့ လိုသည်၊ ဤအချက်များမှ တစ်ချက်ချက် လစ်ဟင်းသည်နှင့် ဆားဒယ်သည် ရည်မှန်းရာသို့ မရောက်၊ မှောက်၍မှောက်၍ သွားတတ်သည်၊

သို့သော် ကျွန်တော်တို့ကား ချောင်းရိုးတစ်လျှောက်၌ ဆားဒယ်ကိုယ်စီဖြင့် ချာလည်ချာလည် ဖြစ်နေရသည်ကိုပင် ပျော်ကြသည်၊ ဝမ်းမြောက်ကြသည်၊ ရည်မှန်းရာသို့မရောက်ဘဲ ဆားဒယ်ကိုယ်စီဖြင့် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ချာလည်ချာလည်ဖြစ်နေစဉ်၊ အခြားသူများသည် ဘောက်တူများ လှေကြီး လှေလေးများဖြင့် ကျွန်တော်တို့ကို ဖြတ်ကျော်၍ ရည်မှန်းရာသို့ ချောချောမောမော ဖြောင့်ဖြောင့်တန်းတန်း သွားကြသည်ကို တွေ့ကြရသည်၊ ကြုံကြရသည်၊ ထိုအခါ သူတို့အတွက် ကျွန်တော်တို့သည် မည်သို့မျှ စိတ်မလှုပ်ရှားကြ၊ သူတို့ကို ဝမ်းပန်းတသာ အော်ဟစ်၍ နှုတ်ဆက်လိုက်ကြသေးသည်၊ ကျွန်တော်တို့လူသိုက်ထဲမှ

တစ်ယောက်ယောက်၏ ဆားဒယ်အခန့်မသင့်၍ မှောက်သွားပါက "မင်းက ရောက်လိုဇော အားကြီးပြီး သိပ်ကျုံး ယက်တာကိုးကွ၊ မှောက်မှာပေါ့၊ ဖြည်းဖြည်းပေ့ ဖြည်းဖြည်း၊ လောမကြီးနဲ့၊ ကိုယ့်ကိုယ်ကိုယ်လဲ ထိန်းအုံးကွ" ဟု ဝိုင်း၍ သတိပေးတတ်ကြသည်၊ စတတ်ကြသည်၊ ပြောင်တတ်ကြသည်၊ ဆားဒယ် မှောက်သွားသည့် သူကလည်း သူ့ကို စ၍ပြောင်၍ စိတ်မဆိုး၊ ဒေါမပွ၊ စပ်ဖြဲဖြဲနှင့် နှုတ်တုံ့ပြန်သည်၊ သူ့ဆားဒယ်ကို ပြန်၍ဆယ်ကာတည့်ကာ ပြန်၍ ဆားဒယ်စီးပြန်သည်၊ ဖွဲ့မလျှော့၊ ဆားဒယ်စီး၍ ကျွန်တော်တို့ အားရသော အခါ၌ ရေထဲတွင်တဝုန်းဝုန်း တပျော်တပါး ကူးခပ်ဆော့ကစားတတ်ကြသည်၊

ရွာကိုခွာ၍၊ သူငယ်ချင်းများကိုခွဲ၍ ကျွန်တော်ထွက်လာခဲ့သည်မှာ ကြာပြီ၊ သို့သော် ရွာကို ကျွန်တော် မမေ့၊ သူငယ်ချင်းများကိုလည်း ကျွန်တော် မမေ့၊ သူတို့နှင့် ချောင်းရိုးတစ်လျှောက် ဆားဒယ်စီး၍ ပျော်ခဲ့ကြသည်များကိုလည်း ကျွန်တော်မမေ့၊ သို့သော် ရွာသို့ကား တစ်ခေါက်မျှပင် မရောက်နိုင်ခဲ့၊ သူငယ်ချင်းများနှင့်လည်း မတွေ့နိုင်ခဲ့၊ ကိုယ့်အလုပ်နှင့်ကိုယ် ချာလပတ်လည်၍ အားသည်ပင် မရှိနိုင်ခဲ့၊

အလုပ်အကိုင်နှင့် ဖြစ်လာသောအခါ ကိုယ့်အလုပ် ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရသေးသည်၊ ကိုယ့်အလုပ် ကိုယ့်တာဝန်နှင့်ပတ်သက်သော လေ့လာစရာ ဆည်းပူးစရာများကိုလည်း လေ့လာရသေးသည်၊ ဆည်းပူးရသေးသည်၊ ထို့ပြင် ကိုယ်ရေးကိုယ်တာကိစ္စ၊ ဆွေရေးမျိုးရေးကိစ္စ၊ ရပ်ရေးရွာရေးကိစ္စ၊ သာရေးနာရေးကိစ္စ၊ ကိစ္စပေါင်း သောင်းခြောက်ထောင် ရှိသေးသည်၊ လူ့ဘောင် လူ့အသိုင်းအဝိုင်းတွင်နေ၍ သည်လူ့ကိစ္စများကို ရှောင်၍တိမ်း၍မရ၊ အဆင်ပြေအောင် ဆောင်ရွက်ကြရသည်၊ ဤသို့ဖြင့် ဘဝရေစီးကြောင်းထဲတွင် တဝဲလည်လည် မျောပါနေရသည်၊ သည်ကြားတွင်မှ ကိုယ့်တိုးလမ်း တက်လမ်းအတွက် ကြိုးစည်ရသေးသည်၊ တယက်ကန်ကန် ခွေးသံထွက်အောင် ကြိုးစားရသေးသည်၊ ထိုအခါ မိမိရည်မှန်းချက်သို့ ချောချောမောမော ဖြောင့်ဖြောင့်တန်းတန်း ဆိုက်ရလေအောင်၊ မိမိဆန္ဒပြည့်ဝလေအောင် တိုး၍ကြိုးစားရပြန်သည်၊ ယက်ကန်ရပြန်သည်၊ လော်ခတ်ရပြန်သည်၊ ထို့ကြောင့်ဘဝသည် ချာလည်ချာလည်နှင့် လည်၍မဆုံးဖြစ်ရပြန်သည်၊ သို့သော် ကိုယ့်မျှော်လင့်ချက်ဖြင့်ကိုယ်မို့ ပင်ပန်းသော်မှ ပင်ပန်းသည်ဟုမမှတ်ထင်၊ ပျော်သည်၊ ရွှင်သည်၊

သို့သော် တချို့သောသူတို့သည် ကျွန်တော်တို့နှင့် အရည်တူများ ဖြစ်ကြပါလျက် ကျွန်တော်တို့လို တယက်ကန်ကန် ခွေးသံထွက်အောင်မကြိုးစား မလုပ်ဆောင်ရဘဲ သက်သောင့်သက်သာဖြင့် ပန်းတိုင်သို့ ဝင်၍ဝင်၍ သွားကြသည်၊ တယက်ကန်ကန် ခွေးသံထွက်အောင် ကြိုးစားရသော ကျွန်တော်ကား ပန်းတိုင်နှင့် မနီး၊ ချာလည်ချာလည်နှင့် ကျန်နေရပေသည်၊ ထိုအခါ ကျွန်တော့်တွင် လော်ချင်ခတ်ချင်စိတ်များ ပျောက်၍ ပျောက်၍ သွားတတ်သည်၊ အမည်မတပ်နိုင်သော ခံပြင်းခြင်းဖြစ်ပေါ်လာတတ်သည်၊ စိတ်ဝမ်းငယ်ခြင်း၊ အားလျှော့ခြင်း၊ ဆုတ်နစ်ခြင်းများ ဖြစ်ပေါ်လာတတ်သည်၊ "ငါ့ဘဝနှယ် ဆားဒယ်စီးရသလိုပါပဲလား" ဟု ညည်းတွားမိတတ်သည်၊ ထိုမှတစ်ဆင့် ချောင်းရိုးတစ်လျှောက်၌ ကျွန်တော်တို့ ဆားဒယ်စီး၍ ပျော်ခဲ့ကြသည်များကို ပြန်၍ပြန်၍ အမှတ်ရလာမိသည်၊

ကျွန်တော် ဆားဒယ်စီးခဲ့စဉ်က ချောင်းရိုးတစ်လျှောက်၌ ဆားဒယ်ဖြင့် ချာလည်ချာလည် တယက်ကန်ကန် မျှောသံထွက်နေချိန်တွင် တချို့သောသူများသည် ဘောက်တူများ၊ လှေကြီးလှေငယ်များဖြင့် ကျွန်တော်တို့ကို ဖြတ်၍ကျော်၍ ရည်မှန်းရာသို့ ချောချောမောမော ဖြောင့်ဖြောင့်တန်းတန်း ပန်းဝင်၍ သွားတတ်ကြသည်။ ထိုစဉ်က ကျွန်တော် အားလျှော့ခြင်း၊ ဆုတ်နစ်ခြင်း ဖြစ်ခဲ့ပါသလော၊ ဖြစ်ခဲ့သည်ဟု ကျွန်တော် အမှတ်မရ၊ သူတို့အတွက် ဝမ်းမြောက်ခြင်းပင် ဖြစ်ခဲ့သေးသည်ကို အမှတ်ရနေမိသည်။ ကလေးအရွယ် လူမမယ်အခါကပင် အားလျှော့ခြင်း၊ ဆုတ်နစ်ခြင်းမရှိဘဲ ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်လှေဖြင့် ကိုယ်လှော်နိုင်သေးသည်။ ယခုအခါ အရွယ်လည်းမြောက်နေပြီ၊ ပညာအဆင်အခြင်လည်း အတော်အသင့် ရှိနေပြီ၊ အတွေ့အကြုံလည်း အသင့်အတင့်ရနေပြီ၊ ယခုလိုအခါတွင်မှ ကျွန်တော်သည် အားလျှော့ခြင်း၊ ဆုတ်နစ်ခြင်းများ ဖြစ်သင့်ပါသလော၊ ငယ်စဉ်အခါကကဲ့သို့ သတ္တိမကောင်းတော့ပြီလော၊ ဇွဲမကောင်းတော့ပြီလော၊ ဆားဒယ်စီး၍ မလှော်နိုင်တော့ပြီလော၊ ဤသို့ ကိုယ့်ကိုယ်ကိုယ် ကျွန်တော်ဆုံးမရသည်၊ သတိပေးရသည်၊ ထိုအခါမှ စိတ်နှလုံး အေးချမ်းလာတော့သည်၊ ထို့ပြင် အားသစ်တို့ ဝင်လာသည်၊ စိတ်သစ်တို့ဝင်လာသည်၊ အားမလျှော့ပြီ၊ မဆုတ်နစ်ပြီ။

ကျွန်တော်သည် ဘဝရေစီးကြောင်းတွင် ဆားဒယ်စီးရမည်ကို မကြောက်တော့ပြီ၊ ချာလည် ချာလည် ဖြစ်စေဦးတော့၊ ဘဝရေစီးကြောင်းတွင် ဆားဒယ်ကို လှော်လှော်ကြီးစီး၍ ကျွန်တော်မမောမပန်း ကြိုးပမ်း လှော်ခတ်ရဲလေပြီတကား။

၂၀ ရာစု တက္ကသိုလ်ဝင်းမွန်

**စကားဆစ်အဖွင့်**

၁။ ချာလပတ် = ပတ်ချာလည်သည်။

၂။ ဆုတ်နစ် = စိတ်ဓာတ်ကျဆင်းလျော့ပါးသည်။

၃။ တက် = လက်ကိုင်အဖျား၌ ရေယက်စရာအရွက်ပြားရှိသော လှေလှော်ခတ်ရသည့် ကိရိယာ။

၄။ တစ်ဖက်သတ် = တစ်ဖက်တည်းကသာ။

၅။ ပဲ့ကိုင် = လှေ၊ သင်္ဘောစသည်ကို လိုရာရောက်အောင် ထိန်းပေးသူ။

၆။ ပက်ကလန် = အထက်ပွင့် အဝပြဲသည်။ (မိုးပြဲဒယ်နှင့်ဆင်သည်။)

၇။ ဘောက်တူ = လှော်တက်နှင့်လှော်ရသော လှေစီးလှေငယ်။

၈။ ယက် = ရေကို လက်ဖြင့် တွန်းဖယ်သည်။

## သင်ခန်းစာဆိုလိုရင်း

- ငယ်စဉ်က ချောင်းရိုးတစ်လျှောက် ဆားဒယ်ကို ခက်ခက်ခဲခဲစီးရင်း ပျော်ရွှင်ခဲ့ရပုံ
- ဆားဒယ်စီးရင်း လိုရာမရောက်ဖြစ်နေစဉ် အခြားသူများ ဘောက်တူများ၊ လှေများစီး၍ လိုရာခရီး ရောက်သွားကြသည်ကိုကြည့်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပုံ
- ကြီးပြင်းလာချိန်တွင် ဘဝခရီး၌ အခြားသူများသက်သောင့်သက်သာ ပန်းတိုင်ဝင်သွားကြသည်ကို မြင်၍ အားငယ်စိတ်ဝင်လာသောအခါ ငယ်စဉ်က ဆားဒယ်စီးသည်ကိုသတိရမိပုံ
- ဆားဒယ်ကပေးသော ရသ၊ ဘဝအသိအမြင်နှင့် ဆင်ခြင်ဖွယ်ရာများ
- ဆရာတက္ကသိုလ်ဝင်းမွန်၏ ရသစာတမ်း အရေးအသား အတင်အပြတို့ဖြစ်ပါသည်။

### လေ့ကျင့်ခန်း

၁။ ဆားဒယ်ရသစာတမ်းကိုဖတ်ရှုပြီး သင့်စိတ်တွင်မည်သို့ဖြစ်ပေါ်ခံစားရသနည်း၊ သင့်စကားဖြင့်ရေးပါ။

၂။ ဆားဒယ်ရသစာတမ်းမှ တက္ကသိုလ်ဝင်းမွန်၏ ဝါကျဖွဲ့ပုံများကို လေ့လာတင်ပြပါ။

၃။ ဆားဒယ်ရသစာတမ်းမှ တက္ကသိုလ်ဝင်းမွန်၏ အတွေးနှင့်အရေးကို လေ့လာတင်ပြပါ။

၄။ "ဘဝရေစီးကြောင်းတွင် ဆားဒယ်ကိုပျော်ပျော်ကြီးစီး၍ ကျွန်တော်မမောမပန်း ကြိုးပမ်းလှော်ခတ်ရဲ လေပြီ" ဟုဆိုခဲ့သည်မှာ အဘယ်ကြောင့်ဟု သင်ထင်မြင်ယူဆပါသနည်း။

၅။ ဆားဒယ် ရသစာတမ်းမှ ရရှိသည့် ဘဝအသိအမြင်များကို အကိုးအကားများနှင့်တကွ တင်ပြပါ။

**ရသစာတမ်း**

# လူလည်းတစ်ထွေ ရေလည်းတခြား
## (ကိုလိုနီခေတ်)



လူလည်းတစ်ထွေ ရေလည်းတခြား ရသစာတမ်းကို မင်းသုဝဏ် ရေးသည်။

ဆရာမင်းသုဝဏ်သည် ကွမ်းခြံကုန်းဇာတိဖြစ်၍ ၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် အဖ ဦးလွန်းပင်၊ အမိ ဒေါ်မိတို့က ဖွားမြင်သူဖြစ်သည်။ ငယ်မည် မောင်လှဝံဖြစ်သည်။ အမည်ရင်းမှာ ဦးဝန်ဖြစ်သည်။

ကွမ်းခြံကုန်းမြို့ ဆရာဦးဖိုးလှိုင်ကျောင်းတွင် စတင်ပညာသင်သည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာ ဂုဏ်ထူးတန်းတက်ရောက်ရာ ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ရသည်။ ပထမတန်းဂုဏ်ထူးဖြင့်အောင်မြင်သည်။ မဟာဝိဇ္ဇာဘွဲ့ရပြီးနောက် ပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံအောက်စဖို့တက္ကသိုလ်တွင် ပညာဆည်းပူးရာ စာပေဝိဇ္ဇာ (ဘီလစ်) ဘွဲ့ရသည်။ အမေရိကန် ယေးတက္ကသိုလ်တွင် ဘာသာဗေဒပညာ ဆည်းပူးခဲ့သည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် အချိန်ပိုင်းနည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး ရာထူးအဆင့်ဆင့်တိုးမြှင့်ထမ်းဆောင်ရသည်။ တက္ကသိုလ်များဘာသာပြန်နှင့် စာအုပ်စုဆောင်းရေးဌာန၊ ဌာနမှူး (စာတည်းမှူး)၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ၊ ပညာရေးအထူးအရာရှိ တာဝန်များထမ်းဆောင်ခဲ့သည်။ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် မြန်မာစာ ဧည့်ပါမောက္ခအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံသုတေသနအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေလုပ်သားဥက္ကဋ္ဌတာဝန်များကို ဆောင်ရွက်ခဲ့သည်။

ခေတ်စမ်းစာပေလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်သူတစ်ဦးဖြစ်သည်။ ကဗျာ၊ ပုံပြင်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဝေဖန်ရေးစသည်ဖြင့် စာပေအမျိုးမျိုး ရေးသားခဲ့သည်။ ကလေးကဗျာများကို အထူးအာရုံစိုက်၍ ရေးဖွဲ့ခဲ့သည်။ 'မောင်ချေးဖို့ ကလေးကဗျာများ' မှာ ထင်ရှားသည်။ 'သပြေညိုနှင့် အခြားကဗျာများ'၊ စာပေလောက (ဇော်ဂျီနှင့်တွဲ၍ပြုစုသည်)၊ 'ပန်းနှင့်ပင်စည်'၊ 'မြန်မာစာမြန်မာမှု'၊ 'တက္ကသိုလ်မြန်မာအဘိဓာန်' (၅ ပိုင်း)၊ 'တက္ကသိုလ်မြန်မာသတ်ညွှန်း'တို့သည် မင်းသုဝဏ်၏ ထင်ရှားသောစာအုပ်များဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် 'လီယာမင်းကြီး ပြဇာတ်' ဘာသာပြန်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်ရသ)ကို ရရှိခဲ့သည်။ ရှေးဟောင်းစာတမ်း တည်းဖြတ်ခြင်း၊ သုတေသနစာတမ်းများဖတ်ကြားခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့၊ ၁၉၆၂ ခုနှစ်တွင် သီရိပျံချီဘွဲ့များ ရရှိသည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

လူလည်းတစ်ထွေ ရေလည်းတခြား ရသစာတမ်းသည် အနောက်နိုင်ငံ၌ ပညာတော်သင်အဖြစ် နေရစဉ် အရှေ့နှင့် အနောက်ဓလေ့ချင်း မတူပုံများကို စဉ်းစားရင်း အရှေ့နှင့်အနောက် အပြန်အလှန် နားလည်အောင် ကြိုးစားလျှင် အစစ အဆင်ပြေမည်ဖြစ်ကြောင်း သုံးသပ်မိပုံကို ရေးဖွဲ့ထားသည်။

# လူလည်းတစ်ထွေ ရေလည်းတခြား

မီးဖိုထဲတွင် မီးလျှံတို့သည် တိုးဝှေ့ခုန်ကလျက်၊ ဆောင်းလေကြမ်းသည် မှောင်ထဲတွင် ဟိုတိုက်သည်ခိုက်ကာ မီးခိုးခေါင်းတိုင်တွင်းသို့ ရောက်လာ၍ မီးခိုးငွေ့တို့နှင့် သတ်လုံးလျက်၊ ငါကား မီးဖိုနားတွင် အိပ်ငိုက်လျက်။

သူတို့စကားကို ကြိုးစား၍ ငါနားထောင်၏၊ နားမလည်နိုင်၊ တစ်ချက်တစ်ချက် တစ်ခဏမျှ တွေးယူမှ အနည်းငယ် နားလည်သည်၊ တစ်ချက်တစ်ချက် နားလည်တွန်ပြုကာ သူပြုံးလျှင်ပြုံးချင်၊ သူမဲ့လျှင် မဲ့ချင်၊ ပြုံးမဲ့လိုက်ရသည်၊ အရသာမရှိ၊ ငါ့စကားကိုလည်း ထိုနည်းတူ သူတို့မှတ်ယူအံ့။

ငါတို့ကား မိန်းဖလာအလိုက် ထမင်းစားပွဲတွင် လူကြီးအား ဦးချ၏၊ ဦးပေါင်းကို ပေး၏၊ သူတို့ကား စမဲအုပ်ကို ငါ့ထံသို့ ဦးစွာပို့သည်၊ တစ်ခါတစ်ခါ ငါမျှိမကျ၊ ငါခူးခပ်ပြီး အကြွင်းကို လူကြီးသူမများ စားရသည်၊ ခက်စွ။

ငါတို့ကား ဟင်းရည်ကိုသောက်ကာ ဟင်းဖတ်ကိုမြုပ်ကာ အလုတ်အလွေးစားရိုး၊ သူတို့ကားဟင်းရည်ကို အကုန်သောက်ပြီးမှ အသားပြုတ်စသည်တို့ကို စား၏၊ ဆားလည်း မသင့်၊ ဆီလည်း မသင့်၊ မန်ကျည်းမှည့်အရသာကို တမ်းတမိသည်၊ ထမင်းဖြူဖြူ ဟင်းပူပူကို လွမ်းတမိသည်။

ငါတို့ကား ကိုယ့်သဘောအလျောက် ဟိုပန်းကန်လှမ်းယူ၊ သည်ပန်းကန်လှမ်းနှိုက်၊ ကိုယ်မြိန်သလို ကောင်းနိုးရာရာ ကြံဖန်စားကြ၏၊ လွတ်လပ်စွ၊ သူတို့စားပွဲတွင်ကား "ကျေးဇူးပြု၍ ဆားအနည်းငယ် ယူပါရစေ" "အခွင့်လွှတ်ပါ" "ကျေးဇူးတင်ပါ၏"တို့ကို ထပ်တလဲလဲမပြောလျှင် ဝမ်းမဝ၊ ဤလောကွတ်စကားတို့လည်း ငါ့နှုတ်မှ အလိုအလျောက် မထွက်၊ ကြိုးစားကြစည်၍ ပြောနိုင်မှ အထစ်ထစ်အငေါ့ငေါ့ ထွက်ကြသည်၊ "ကျေးဇူးတင်ဖါ၏" ဟု လုပ်၍ပြောရခြင်းထက် အကြောင်းအားလျော်စွာ ပြုံး၍ပြရခြင်းက မြတ်သလိုလို၊ ငါမဆုံးဖြတ်တတ်။

ငါ့စကားကို သူတို့စကားဖြစ်အောင် စိတ်ထဲတွင် ဘာသာပြန်ကာ ထုတ်၍ပြောရခြင်းသည် မလွယ်ကူ၊ သူတို့စကားကို ငါ့စကားဖြစ်အောင် ဘာသာပြန်ကာ နားလည်ရသည်လည်းခက်စွ၊ 'ဘုန်းကြီး' ဆိုသော ငါ့စကားကို သူတို့နားလည်အောင် ငါ ဘာသာမပြန်တတ်၊ သူတို့စကားတစ်လုံးကို ငါ့သဘောအလျောက် 'နတ်' ဟု ဘာသာပြန်ကြည့်သောအခါ မမှန်သည်ကို တွေ့ရ၏။

မိုးသောက်ထမှ အိပ်ရာဝင်တိုင်အောင် သည်ကိုယ်၊ သည်လက်၊ သည်ခြေထောက်တို့ကို ထုပ်ကာ၊ ပတ်ကာ၊ ချည်နှောင်ထားရခြင်းလည်း ကျဉ်းကျပ်စွ၊ ကျောတောင့် ရင်အောင့် မသက်သာ၊ သိုးမွေးထည်ကား ယားကျိကျိ၊ ဆောင့်ကြောင့်ထိုင်လည်း ထိုင်မရ၊ ခြေလည်း မဆင်းရ၊ ကျောလည်း မခင်းရ၊ တစ်နေ့လုံး ငုံ့ချည် မို့ချည် တွန့်ကာလိမ်ကာနေရခြင်းသည် မချမ်းသာ၊ လူကွယ်ရာတွင် တင်ပျဉ်ခွေ၍ထိုင်ရန် ကြိုးစားပြန်လည်း ဘောင်းဘီက အခွင့်မပြု။

ဟိုအရပ် သည်အရပ် လည်ပတ်ပြန်လျှင်လည်း ကလေးများက ဝိုင်းကြည့်၊ လူကြီးအချို့က အမှတ်မဲ့ပြုံး၊ လူရှိုးရှိုးမှန်ပါလျက်နှင့် အကြည့်ခံရခြင်းသည် ဆိုးစွ၊

တံခါးတွေ အလုံပိတ်ကာ အိမ်ထဲ၊ အခန်းထဲတွင် လှောင်၍နေရခြင်းလည်း မွန်းလှ၏၊ သူတို့ ဓလေ့ထုံးစံကို သတိထားပြန်လျှင် ငါ့အလုပ် လစ်ဟင်းသည်၊ ငါတို့ဓလေ့အလိုက် နေပြန်လျှင်လည်း သူတို့အပြုံးကို ခံရ၏၊ ငါတို့ဓလေ့ကို သူတို့ဂရုမပြု၊ သူတို့ဓလေ့ကို ငါတို့ဂရုပြုရသည်၊ ငါတို့ဝန်ထုပ်တား လေးလှစွ၊ အပြုလည်း အဝါ့အကြောင်း၊ အဝါလည်း အပြုအကြောင်းကို နားလည်အောင် ကြိုးစားက မသင့်ပေလော၊ ဆန်လည်း ဆန်အလျောက် အာဟာရကိုပေးသည်ပင်၊ ဂျုံလည်းဂျုံအလျောက် အာဟာရကိုပေးသည်ပင်၊

မီးဖိုထဲတွင် မီးဖုတ်ဖုတ်ကျလေပြီ၊ ဆောင်းလေကြမ်းလည်း ငြိမ်လေပြီ၊ ညဥ့်လည်းနက်လေပြီ၊ ငါလည်း ရေနွေးအိတ်ကို အဖော်ပြုကာ ထုလုသောစောင်လွှာများအောက်သို့ လျှိုဝင်လျက် လှောင်သော အခန်းထဲတွင် အိပ်ပျော်ရန် ကြိုးစားရလေသတည်း။

၂၀ ရာစု မင်းသုဝဏ်

**စက်ဆစ်အဖွင့်**

၁။ စမဲအုပ် = စားဖွယ်ဟင်းလျာထည့်သည့် အဖုံးပါသော ထည့်စရာတစ်မျိုး၊

၂။ ဆောင်းလေကြမ်း = ဆောင်းရာသီတွင် ကြမ်းတမ်းစွာ တိုက်ခတ်သောလေ၊

၃။ တင်ပျဉ်ချိတ် = တင်ပျဉ်ခွေသည်၊ ခွေထားသောခြေတစ်ချောင်းပေါ်သို့ အခြားခြေတစ်ချောင်းကို ခွေ၍ ထပ်တင်သည်၊

၄။ နားလည်ကျွန်ပြု = နားလည်ဟန်ဆောင်သည်၊

၅။ ဖုတ်ဖုတ်ကျ = မီးသွေးကုန်၍ မီးငြိမ်းသွားသည်၊

၆။ မိရိုးဖလာ = မိဘရိုးရာ အစဉ်ဓလေ့၊

၇။ မိုးသောက် = မိုးလင်းသည်၊

၈။ လူကြီးသူမ = သက်ကြီးဝါကြီးပုဂ္ဂိုလ်၊

၉။ လောကွတ်စကား = လောကဝတ္တရားအရ ဖော်ရွေပျူငှာစွာ ပြောလေ့ရှိသောစကား၊

၁၀။ အပြု = အသားဖြူသည့် အနောက်တိုင်းသား၊

၁၁။ အလုတ်အလွေး = ထမင်းဟင်းတို့ကိုရော၍ ပါးစပ်အတွင်းသို့ အကြိမ်ကြိမ်ထည့်သွင်းကာ အားရပါးရ စားခြင်း၊

၁၂။ အဝါ = အသားဝါသည့် အရှေ့တိုင်းသား၊

၁၃။ ဦးချ - လူကြီးမိဘတို့အတွက် စားဦးစားဖျားတို့ကို ဖယ်ထားသည်။ လူကြီးမိဘတို့၏ ပန်းကန်ထဲသို့ စားဦးစားဖျားကို ခပ်ထည့်သည်။

၁၄။ ဦးပေါင်း - မြေထမင်းအိုးဖြင့် ထမင်းချက်ပြီးသောအခါ ထိပ်တွင်စလောင်းသဏ္ဌာန် ဖောင်းမို့နေသော ထမင်းအစု၊ ထမင်းအိုးထဲမှ အပေါ်ဆုံး ထမင်းအစု၊

**သင်ခန်းစာဆိုလိုရင်း**

- စာရေးသူ အနောက်နိုင်ငံသို့ ပညာသင်သွားရောက်စဉ် ကြုံတွေ့ရသော အရှေ့နှင့်အနောက်တို့၏ ဓလေ့မတူညီပုံ
- မတူညီသောဓလေ့တို့ကို အပြန်အလှန်နားလည်အောင်ကြိုးစားလျှင် အစစ အဆင်ပြေမည်ဖြစ်ကြောင်း သုံးသပ်မိပုံ
- ရသစာတမ်းက ပေးသော အသိအမြင်
- ဆရာမင်းသုဝဏ်၏ ရသစာတမ်းအရေးအသားတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ လူလည်းတစ်တွေ ရေလည်းတခြား ရသစာတမ်းတွင် စာရေးသူက အရှေ့နှင့်အနောက် ဓလေ့ချင်း မတူညီပုံကို မည်သို့တင်ပြထားသနည်း။

၂။ ဤရသစာတမ်းမှ 'အဖြူ'၊ 'အဝါ'၊ 'ဆန်'၊ 'ဖျံ' ဟူသောစကားလုံးများသည် မည်သည့်အဓိပ္ပာယ် ဖော်ညွှန်း ကြောင်း တင်ပြပါ။

၃။ ဤစာကပေးသော ရသနှင့် အသိအမြင်ကို တင်ပြပါ။

၄။ ဤရသစာတမ်းသည် ပစ္စုပ္ပန်မှ အတိတ်ဆီသို့ အတွေးဆက်သွားပြီး အတိတ်မှ ပစ္စုပ္ပန်သို့ ပြန်ရောက်လာ သည့် အစီအစဉ်ဖြင့် ရေးထားသည့်အတွက် အဖွင့်အပိတ် အချိတ်အဆက်မိပြီး စည်းလုံးမှုရှိပုံကို လေ့လာ ဆွေးနွေးပါ။

၅။ မတူညီသည့် ဓလေ့များကို အပြန်အလှန်နားလည်အောင်ကြိုးစားနေထိုင်လျှင် နိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာနိုင်ပုံကိုဆွေးနွေးပါ။

**ဆောင်းပါး**

# ကျွန်ုပ်တို့၏နိုင်ငံတော်

## (လွတ်လပ်ရေးခေတ်)

ဖျဉ်းမနားမောင်နီသင်း၏ ကျွန်ုပ်တို့၏နိုင်ငံတော် ဆောင်းပါးသည် ဂုဏ်ထူးဆောင် မြန်မာစာစီစာကုံးနှင့် စာတမ်းများမှ ရွေးချယ်ချက်ဖြစ်ပါသည်။



ဆရာ ဖျဉ်းမနားမောင်နီသင်းကို အဘ ပန်းထိမ်ဆရာ ဦးသာအုံး၊ အမိ ဒေါ်စောရှင်တို့က ၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ဖျဉ်းမနားမြို့၌ ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ ဦးတင်ဝင်းဖြစ်သည်။ ငယ်စဉ်က အစိုးရအထက်တန်းကျောင်း အမှတ် (၂) ဖျဉ်းမနား၌ ပညာသင်ခဲ့သည်။ ငယ်စဉ်ကပင် စာစီစာကုံးဆုများ ရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်မှ စ၍ အထက်တန်းပညာသင်ဆုရသည်။

၁၉၆၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးနောက် ပညာရေးတက္ကသိုလ်၌ ဘီအီးဒီဆရာဖြစ် သင်တန်းကို ဆည်းပူးရာ ၁၉၇၁ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ဇန်းမော်မြို့ အစိုးရအထက်တန်းကျောင်း၌ အထက်တန်းပြဆရာအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၇၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့သို့ စတင်ပြောင်းရွှေ့ကာ သုတေသနအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၅ ခုနှစ်တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီဝင်၊ ၁၉၈၆ ခုနှစ်တွင် နိုင်ငံတကာ လူငယ်များနှင့် စိစစ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ အခြေခံကျောင်းသုံးစာအုပ်ကော်မတီဝင် (မြန်မာစာ) အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၇၃ ခုနှစ် ဂျပန်နိုင်ငံ၊ ၁၉၉၂ ခုနှစ် တရုတ်နိုင်ငံနှင့် ၁၉၉၆ ခုနှစ် ထိုင်းနိုင်ငံ စသည့်နိုင်ငံများ၏ ပညာရေးနှင့် စာပေယဉ်ကျေးမှုဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်အတွက် အနုပညာဆိုင်ရာ စာပေဆု (ကလေးစာပေ) စတုတ္ထဆုကို 'ကောက်ရိုတ်ချိန်' ပုံပြင် စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၆၅ ခုနှစ်အတွက် အမျိုးသားစာပေဆု (ကလေးစာပေ) စတုတ္ထဆုကို 'ရတနာဦး' စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေဆု (ကလေးစာပေ) ကို 'မြစ်ပယ်နှင့်အခြားပုံပြင်များ' စာအုပ်ဖြင့်လည်းကောင်း ရရှိခဲ့ပါသည်။

'မေတ္တာစမ်းရေ' စသော နိုင်ငံတော်မဂ္ဂဇင်းများအပြင် ရွှေသွေးဂျာနယ်၊ မြက်ခင်းသစ်မဂ္ဂဇင်း၊ မြို့တော်မဂ္ဂဇင်း၊ အပျိုစင်မဂ္ဂဇင်း၊ English for All မဂ္ဂဇင်းများတွင် မြန်မာစာပေ၊ နိုင်ငံတကာစာပေများကို လစဉ်ရေးသားခဲ့သည်။ ပညာတန်ဆောင်မဂ္ဂဇင်းတွင် ပညာရေးဆောင်းပါးများ၊ မြန်မာစာသင်ကြားရေးဆောင်းပါးများ ရေးခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ကျွန်ုပ်တို့၏နိုင်ငံတော် ဆောင်းပါးတွင် အမိမြန်မာနိုင်ငံတော်၏ လေးစားမြတ်နိုး တန်ဖိုးထားအပ်သော အလှတရားသုံးပါးကို ဖော်ပြထားသည်။

# ကျွန်ုပ်တို့၏နိုင်ငံတော်

ကျွန်တော်တို့ကျောင်းမှ ကလေးများပျော်ရွှင်စွာ ရွတ်ဆိုသော စာပိုဒ်လေးတစ်ပိုဒ်မှာ ဤသို့ဖြစ်၏။

"အ-အမေ တို့တိုင်းပြည်၊ ငါတို့ချစ်တဲ့မြေ။"

ကျွန်တော်တို့၏ နိုင်ငံတော်မှာ ကျွန်တော်တို့ အမိဖြစ်၏။ ဤမြေ၌ ကျွန်တော်တို့ မွေးဖွားခဲ့ရ၏။ ဤရေ ဤစပါး၊ ဤပန်းပွင့်များနှင့် ကျွန်တော်တို့ ကြီးပြင်းခဲ့ရ၏။ ကျွန်တော်တို့နိုင်ငံတော်ကား ကျွန်တော်တို့၏ အားထားရာ ဖြစ်ပါ၏။

ကျွန်တော်တို့နိုင်ငံတော်၌ အလှသုံးပါးရှိသည်ကို ကျွန်တော်တို့ မမေ့နိုင်ပါ။ ထိုအလှတို့ကား အခြားမဟုတ်၊ နိုင်ငံတော်၏ ရေမြေတောတောင်သဘာဝအလှ၊ နိုင်ငံတော်မှ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအလှနှင့် နိုင်ငံတော်ကို လေးစားမြတ်နိုးသည့် ပြည်ထောင်စုစိတ်ဓာတ်အလှတို့ ဖြစ်ပါ၏။ ဤအလှသုံးပါးကို လေးစားမှု၊ မြတ်နိုးမှု၊ စောင့်ရှောက်မှုသည် ကျွန်တော်တို့အတွက် တာဝန်ဖြစ်ပါပေ၏။

ကျွန်တော်တို့နိုင်ငံတော်၏ ရေမြေတောတောင်သဘာဝအလှမှာ ကြည့်၍မဆုံးနိုင်အောင် ဖြစ်တော့၏။ ကျွန်တော်တို့ရပ်ကွက်အေး၌ လေ့ကျင်ချောင်းရှိ၏။ ထိုချောင်းကလေးသည် သေးငယ်ပါ၏။ သို့သော် ရေတဖွေးဖွေး တအေးအေးသည် ကျက်သရေရှိလှ၏။ ထိုလေ့ကျင်ချောင်းမှသည် စစ်တောင်းမြစ်သို့ ရောက်၏။ ထိုမြစ်သည် ပင်လယ်သို့ ရောက်သည်ဟု သိရ၏။ ချောင်းမှမြစ်၊ မြစ်မှပင်လယ်၊ ပင်လယ်မှ သမုဒ္ဒရာသို့ သွားရ၏။ ဤသို့ဖြင့် ကျွန်တော်တို့၏နိုင်ငံတော်၌ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ဒုဋ္ဌဝတီစသည့် မြစ်အသွယ်သွယ်သည် နိုင်ငံသားအားလုံးအတွက် နိုင်ငံတော်ကပေးသည့် ရေအေးရေချို ဖြစ်ပါဘိ၏။ ဤရေဖြင့် တောတို့သည် စိမ်းလန်းခဲ့ပြီ၊ မြေတို့သည် အပင်သစ် အပင်ကောင်းတို့ဖြင့် စိုက်ပျိုးနိုင်ခဲ့ပြီ၊ တောင်တို့သည် ကြီးကျယ်ခဲ့ပြီ၊ ရွှေ ငွေ၊ ရေနံ၊ ပတ္တမြား စသည်တို့သည်လည်း ဤရေ ဤမြေ ဤတော၊ ဤတောင်တို့၌ ပြည့်စုံခဲ့ပြီ။ ဤရေ ဤမြေ ဤတော၊ ဤတောင်သည်ကား ကျွန်တော်တို့အတွက် အမိ၏မေတ္တာဖြင့် ပေးခဲ့သည်ဟု ယူဆသင့်ပါသည်။

နိုင်ငံတော်မှ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအလှကား ကြည့်၍မဆုံးနိုင်အောင် ကျက်သရေရှိလှ၏။ ယဉ်ကျေးမှု၌ ဝတ်စားဆင်ယင်ပုံ၊ ပြောဆိုသုံးစွဲသည့် စကားနှင့်စာ၊ ဓလေ့စရိုက်ထုံးစံ၊ ဂီတ၊ အကစသောအနုပညာတို့မှာ လေးစားဖွယ်ရာ၊ မြတ်နိုးဖွယ်ရာဖြစ်၏။ ဤယဉ်ကျေးမှုများကို ကျွန်တော်တို့ အချင်းချင်း လေးစားမြတ်နိုးလျက်ရှိ၏။

နိုင်ငံတော်ကိုလေးစားမြတ်နိုးသော ပြည်ထောင်စုစိတ်ဓာတ်သည် ကျွန်တော်တို့၏တာဝန်ဟူ၍ပင် ဆိုအပ်၏။ နိုင်ငံတော်ကို လေးစားမြတ်နိုးသည့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း၏ ချစ်ခင်လေးစားမှု၊ အချင်းချင်း ကူညီစောင့်ရှောက်မှုတို့ကို အခြေခံ၏။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ဟူသောစကား၊ အေးအတူ ပူအမျှ ဟူသောစကားသည် ကျွန်တော်တို့ မည်သည့်အခါမှ မေ့၍မရနိုင်သောစကားများဖြစ်၏။

နိုင်ငံတော်ကို အမိကဲ့သို့ ကျွန်တော်တို့ မြတ်နိုးလေးစားပါ၏။ ဤသို့ ပြောရာ၌လည်း နှုတ်ဖျား၌ ပြောသည့် စကားမဟုတ်ပါ။ ကျွန်တော်တို့၏ နိုင်ငံတော်ကျက်သရေကို လေးစားမြတ်နိုးခြင်းဖြင့် ကျွန်တော်တို့ ရင်ကြားနှလုံးသားမှ ပွဲတင်သံသာ ဖြစ်ပါတော့သတည်း။

၂၁ ၇၇၇ ပျဉ်းမနားမောင်နီသင်း

**စကားစစ်အဖွင့်**

၁။ နှုတ်ဖျား = (စိတ်မပါဘဲ) ပြောရုံသက်သက်သာ။

၂။ ပွဲတင်သံ = ပြန်လည်ရိုက်ခတ်သံ၊ တုံ့ပြန်အသံ။

၃။ ရင်ကြားနှလုံးသား = စိတ်ရင်းစေတနာရင်း။

**သင်ခန်းစာဆိုလိုရင်း**

- ❖ အမိ နိုင်ငံတော်၏ အလှတရားသုံးပါးဖြစ်သော တောတောင်ရေမြေသဘာဝအလှ၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအလှ၊ ပြည်ထောင်စုစိတ်ဓာတ်အလှတို့အကြောင်း
- ❖ ဆောင်းပါးမှရရှိသော အသိအမြင် နှင့် နိုင်ငံတော်အပေါ်ထားရှိသင့်သော စိတ်ထား
- ❖ ဆရာ ပျဉ်းမနားမောင်နီသင်း၏ ဆောင်းပါးစကားပြေ အရေးအသားတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ ကျွန်ုပ်တို့၏နိုင်ငံတော် ဆောင်းပါးမှ စာဆိုဖော်ပြထားသော အမိနိုင်ငံတော်၏ အလှသုံးပါးကို သင်၏ စိတ်ကူးဉာဏ်ဖြင့် ချဲ့ထွင်ဖော်ပြပါ။

၂။ ကျွန်ုပ်တို့၏နိုင်ငံတော် ဆောင်းပါးကို ဖတ်ရှုပြီးနောက် သင်၏စိတ်တွင်မည်သို့ဖြစ်ပေါ်ခံစားရသနည်း၊ စာရေးသူ၏ အမြင်များကို တင်ပြပါ။

၃။ ကျွန်ုပ်တို့၏နိုင်ငံတော် ဆောင်းပါးမှ ပျဉ်းမနားမောင်နီသင်း၏ အရေးအသားကို လေ့လာတင်ပြပါ။

၄။ ကျွန်ုပ်တို့၏နိုင်ငံတော်သည် မည်ကဲ့သို့သော နိုင်ငံတော်ဖြစ်သနည်း၊ သင့်အမြင်ကို ဆွေးနွေးပါ။

၅။ နိုင်ငံတော်၏ ရေမြေတောတောင် သဘာဝအလှကို သင်၏အမြင်၊ သင်၏အတွေးဖြင့် သရုပ်ဖော်ရေးသားပါ။

# အခန်း - ၂
# မြန်မာကဗျာရွေးချယ်ချက်

## လင်္ကာ

### ရွှေနှင့်ယိုးမှားပန်းစံကား
### (ပုဂံခေတ်)

ရွှေနှင့်ယိုးမှားပန်းစံကား လင်္ကာ(အချင်းငယ်)သည် ပုဂံခေတ်ကပေါ်ပေါက်ခဲ့သော တေးကဗျာဟူ၍လည်းကောင်း၊ သေဉ်လည်ပြောင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့သော တေးကဗျာဟူ၍လည်းကောင်း အမှတ်အသား ရှိသည်။

ပုပ္ပားတောင်သည် စံကားဝါပန်းပွင့်ရာအရပ် ဖြစ်သည်။ တစ်တောင်လုံး စံကားဝါပန်းများဖုံးနေသဖြင့် ရွှေတောင်ကြီးဟုပင် ထင်ရသည်။ ပုပ္ပားတောင်က စံကားဝါပန်းသည် ပုဂံခေတ်ကတည်းကပင် ထင်ရှားခဲ့ဟန်တူသည်။ စံကားဝါပန်းနှင့် ပတ်သက်၍ လွမ်းစရာဇာတ်လမ်းကလေးများကိုလည်း ဒဏ္ဍာရီသဖွယ် ပြောလေ့ရှိကြသည်။ ပုဂံသူရဲကောင်းဗျတ္တသည် ပုပ္ပားကစံကားဝါပန်းကိုခူး၍ ပုဂံနန်းတော်သို့ နေ့စဉ်ပန်းဆက်ရသည်။ ထိုသို့ ပန်းတော်ဆက်တာဝန်ကိုထမ်းရင်း ပုပ္ပားသူမယ်ဝဏ္ဏနှင့်တွေ့၍ ချစ်ကျွမ်းဝင်သည်။ ပုပ္ပားတောင်သည် ဒဏ္ဍာရီတည်းဟူသော ပန်းများဖုံးနေသည့်တောင်လည်းဖြစ်သည်။

ဤ ရွှေနှင့်ယိုးမှားပန်းစံကား လင်္ကာ (အချင်းငယ်)သည် ပန်းပဲမောင်တင့်တယ်၏ နှမငယ်အကြောင်းဖွဲ့ဆိုသောလင်္ကာဟု ကဗျာဗန္ဓသာရကျမ်းဆရာ ပုဂံဝန်ထောက်မင်းဦးတင်ကဆိုသည်။ ကဗျာတွင် မိန်းမပျိုတစ်ဦးက မိမိမေတ္တာဇာတ်လမ်းအကြောင်း ပြောပြနေဟန် ဖွဲ့ထားသည်။ ရှေးမြန်မာအမျိုးသမီးတို့၏ ကိုယ်ကျင့်တရား၊ မေတ္တာတရားတို့ကို လေးစားဖွယ်တွေ့ရသည်။

ဤကဗျာကို 'လင်္ကာ' ဟူ၍လည်းကောင်း၊ 'အချင်းငယ်' ဟူ၍လည်းကောင်း၊ ခေါ်တွင်ခဲ့ကြသည်။

## ရွှေနှင့်ယိုးမှားပန်းစံကား

သိုးကလေ
ပုပ္ပားနတ်တောင်
အခေါင်မြင့်ဖျား၊ စုံတောပြား၌
နံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည်
ရွှေနှင့်ယိုးမှား၊ ပန်းစံကား။

သိုးကလေ
စံကားပွင့်နှင့်
နှိုင်းတင့်နိုးသည်၊ ရဲမျိုးသမီး
မောင်ကြီးနမ၊ ညက်လှပြာစင်
မယ့်သည်ပင်သည်၊ ခရီးသား။

သိုးကလေ
မြိတ်လွတ်စုလည်း
အငယ်တည်းက၊ ကျွမ်းဝင်ကြသည်
မွေးဖတူရင်း၊ မျိုးသည်မင်းနှင့်
ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်
နှလုံးမခြား၊ စောင့်တရား။

ဆွေမိမင်း
မှက်သုတ်နီစင်
ရထည်းဖျင်နှင့်၊ ကျိုင်းစင်မြဝါ
မတ်ကြီးလျာကို
မယ်သာကြိုက်မိ၊ တုမရှိ။

၁၁ ရာစု ရှေးစာဆို

**စကားဆစ်အဖွင့်**

၁။ ကျိုင်းစင်မြဝါ = ဖွံ့ဖွံ့ထွားထွား စင်ကြယ်စိုပြည်သူ။
၂။ ခါတန် = အချိန်သင့်၊ အခါသင့်၊
၃။ စုလည်း = ဦးစွန်းကို ကြက်တောင်စည်း၍ ထုံးသောဆံထုံး။
၄။ စုံတောပြား = သစ်ပင်ချုံနွယ်များ ထူထပ်များပြားစွာ ပေါက်ရာတော။
၅။ ညက်လှပြာစင် = နူးညံ့စင်ကြယ်သော အသားအရေရှိသူ။
၆။ နံ့ရှား = ရနံ့မွှေးကြိုင်သည်။
၇။ ဖျင် = အကျီ၊
၈။ မတ်ကြီးလျာ = အမတ်ကြီးအဖြစ် လျာထားခြင်း ခံရသူ၊
၉။ မယ့်သည်ပင် = မယ်ချစ်သူ၊ မယ့်လင်ယောကျ်ား။
၁၀။ မျိုးသည်မင်း = လင်ယောကျ်ား။
၁၁။ မျက်သုတ်နီစင် = စင်ကြယ်သောမျက်နှာသုတ်ပဝါအနီ၊ ရွှေခါးစည်းပဝါ၊
၁၂။ မြိတ်လွတ် = တစ်ပတ်လျှို တစ်ပတ်ရစ်ဆံထုံး။
၁၃။ ယိုးမှား = ဆင်တူသည်၊
၁၄။ ရထည်း = နံကြီးပိတ်ချောအထည်၊
၁၅။ သိုး = ဦးထုပ် သို့မဟုတ် ခမောက်၊ (သိုးကလေ ဆိုသည်မှာ သိုးကိုလေဟူသော အာလုပ် စကားတည်း၊ ဆိုလိုသည်မှာ ဦးထုပ် သို့မဟုတ် ခမောက်ဆောင်းထားသော မင်းမဟာဂီရိနတ်ကို ခေါ်ဝေါ်တိုင်တည်သော စကားဖြစ်သည်၊)

**သင်ခန်းစာဆိုလိုရင်း**

- ပုပ္ပားတောင်တွင် စံကားဝါပန်းများဖြင့် သာယာလှပပုံ
- ကဗျာတွင်ပါဝင်သော ဇာတ်ဆောင်များအကြောင်း
- ပုဂံခေတ် ကဗျာအရေးအဖွဲ့တို့ဖြစ်ပါသည်၊

**လေ့ကျင့်ခန်း**

၁။ ရွှေနှင့်ယိုးမှားပန်းစံကားကဗျာတွင် မိန်းမပျိုကလေးတစ်ဦးက မိမိ၏မေတ္တာဇာတ်လမ်းအကြောင်း ပြောဟန်ဖြင့် ရေးဖွဲ့ထားပုံကို သင့်စကားဖြင့်ပြန်ရေးပါ၊
၂။ ရွှေနှင့်ယိုးမှားပန်းစံကားကဗျာမှ ရှေးသုံးစကားများကို ဆွေးနွေးပါ၊
၃။ ရွှေနှင့်ယိုးမှားပန်းစံကားကဗျာမှ စာဆို၏အရေးအဖွဲ့စွမ်းရည်ကို လေ့လာပြပါ၊
၄။ ရွှေနှင့်ယိုးမှားပန်းစံကားကဗျာကိုဖတ်ရှုပြီး ရရှိခံစားရသောရသများကို ဖော်ပြပါ၊
၅။ ရွှေနှင့်ယိုးမှားပန်းစံကားကဗျာမှ မိန်းမပျိုလေး၏ ချစ်ခြင်းမေတ္တာနှင့်ကိုယ်ကျင့်တရားကို သင်နှစ်သက် ပါသလား၊ အဘယ်ကြောင့်နည်း၊

## ပျို့

# ဝိဓုရသိပ္ပလင်္ကာ

## (အင်းဝခေတ်)

ဝိဓုရသိပ္ပလင်္ကာ ကဗျာကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့ခဲ့သောကိုးခန်းပျို့မှ ကောက်နုတ်ထားသည်။

ရှင်မဟာရဋ္ဌသာရ၏ ဖခင်သည် ဓမ္မပါလအမတ်ကြီးဖြစ်ပြီး မိခင်မှာ သတိုးမင်းဖျား၏ အနွယ်တော်ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရကို မြန်မာနှစ် ၈၃၀ ပြည့်နှစ်(ခရစ်နှစ် ၁၄၆၈ ခုနှစ်)တွင် အင်းဝမြို့၌မွေးဖွားသည်။ ငယ်မည်မှာ မောင်မောက်ဖြစ်သည်။ မင်းဆွေမင်းမျိုးဖြစ်၍ နန်းတွင်းမှာကြီးပြင်းခဲ့သည်။ နောင်တော် ဝရစက္ကပါလမထေရ်နှင့် သီဟိုဠ်ရောက် ဆရာတော်ကြီးတို့ထံတွင် နက္ခတ်၊ ဗေဒင်၊ ဆန်း၊ အလင်္ကာ၊ ပျို့ကဗျာနှင့် ပါဠိ၊ သက္ကတ စသည်တို့ကို သင်အံလေ့လာခဲ့သည်။ ၁၀ နှစ်သားအရွယ်ကပင် ဒုတိယမင်းခေါင်၏ သမီးတော် ၃ ပါးကို "အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော်" ချီ ကဗျာ ၃ ပုဒ်ရေးဖွဲ့ခဲ့သည်။ ဘူရိဒတ်လင်္ကာကြီးကို ၁၆ နှစ်သားက ရေးဖွဲ့ခဲ့သည်ဟုဆိုသည်။

ရှင်မဟာရဋ္ဌသာရသည် ပျို့ကဗျာလောကကို ဦးဆောင်ပျိုးထောင်ခဲ့သူ တစ်ဦးဖြစ်သည်။ ပျို့သည် ဇာတ်ဝတ္ထုတစ်ခုခုကို ဖြစ်စေ၊ ဩဝါဒနှင့် အသိအမြင်သုတများကိုဖြစ်စေ လေးလုံးစပ်ပုံသဏ္ဌာန် စာပိုဒ်ရှေပေါင်းများစွာ ရေးဖွဲ့သောကဗျာရှည်ဖြစ်သည်။ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ကိုးခန်းပျို့၊ ဂမ္ဘီသာရပျို့၊ သံဝရပျို့တို့သည် ရှင်မဟာရဋ္ဌသာရ၏ လက်ရာများဖြစ်သည်။ တံတားဦးတည်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ဝတ်ရုံကျောင်းတွဲ့မော်ကွန်း၊ ရွှေစက်တော်သွားတောလား၊ ဆုံးမစာများ၊ ရတုများကိုလည်း ရေးဖွဲ့ခဲ့သည်။ သံဝရပျို့သည် နောက်ဆုံးရေးဖွဲ့ခဲ့သောပျို့ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရသည် မြန်မာနှစ် ၈၉၂ ခုနှစ်ခန့် (ခရစ်နှစ် ၁၅၃၀ ခုနှစ်) သက်တော် ၆၂ နှစ်တွင် ပျံလွန်တော်မူသည်။

ဝိဓုရသိပ္ပလင်္ကာ ကဗျာ(ကိုးခန်းပျို့မှကောက်နုတ်ချက်)ကို လေးလုံးစပ်လင်္ကာပုံစံဖြင့် ရေးဖွဲ့ထားသည်။ ထို 'ကိုးခန်းပျို့'သည် ဘုရားဟောဝိသတိနိပါတ် ဟတ္ထိပါလဇာတ်ကို ရေးဖွဲ့ထားသောကြောင့် 'ဟတ္ထိပါလပျို့' ဟုလည်းကောင်း၊ အခန်းကြီးကိုးခန်းပါဝင်သောကြောင့် 'ကိုးခန်းပျို့'ဟု လည်းကောင်း၊ ညီနောင်လေးပါးက ဟောကြားအပ်သော တရားအဆီအနှစ်နှင့်ပြည့်စုံသောကြောင့် 'စတုဓမ္မသာရပျို့'ဟု လည်းကောင်း အမည်သုံးမျိုးဖြင့် ထင်ရှားသည်။

ဤကောက်နုတ်ချက်တွင် ဟတ္ထိပါလသတို့သားက တောထွက်၍ ရဟန်းပြုချင်ပါသော်လည်း ငယ်ရွယ်သေး၍ ရဟန်းမပြုပါနှင့်ဦး၊ လင်္ကာစွဖြစ်သော၊ တတ်သင့်တတ်အပ်သော ပညာများကိုသင်ပါဦး၊ ငယ်စဉ်က ပညာမသင်လျှင် နောင်အခါ မည်သို့မည်ပုံဖြစ်တတ်သည် စသည်ဖြင့် ဖခင်ဖြစ်သူက တောထွက်ရဟန်းပြုချင်နေသော ဟတ္ထိပါလသတို့သားအား ကျိုးကြောင်းပြသဆိုဆုံးမထားသော အကြောင်းအရာများကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။

## ဝိဇ္ဇာသိပ္ပလှူ့ကိစ္စ

သကျရှပ်၊ ကြုံကြုံသမျှ
တောင့်တရာရာ၊ တတ်ကောင်းစွာသား
ဝိဇ္ဇာသိပ္ပ၊ လှုကိစ္စကို
ငယ်ကမသင်၊ ပျော်ပါးလွင်မူ
အကြင်သူအား၊ စကားချေတင်
သဘင်မပြို၊ ခံတွင်းမှဲ့သို့
ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်
ရွှံ့ရှာလန့်ထိတ်၊ အသံဆိတ်၏။

တိတ်တိတ်မနေ၊ ဆိုပါချေလည်း
မပြေမပြစ်၊ အထစ်ထစ်လျှင်
ကျစ်လျစ်မရှိ၊ အငြိငြိတည့်။

ဟုတ်လိနိုးနိုး၊ ဆင်ကန်းတိုးသို့
အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်
သမ္မန်ပါဌ်လျှောက်၊ ရှေ့နောက်မညီ
အစီအလျဉ်၊ အစဉ်မသင့်
တဖျင့်တပါး၊ ရယ်ဖွယ်များခဲ့။

ဘိုးဘွားမိဘ၊ သူကြီးမ၍
မလျှမညီး၊ မစိုးမရိမ်
နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်
ခုနစ်ဆင့်ထက်၊ နေလင့်ကစား
ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျီးမျှ
ပမာကျလိမ့်။

အင်္ဂပစ္စင်
သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း
နှံ့သာလှိုင်ခြင်း၊ ဂုဏ်နံ့ကင်းမူ
အဆင်းလှဆန်း၊ လှပေါက်ပန်းဟု
သွမ်းမှန်းသိတွေ၊ ကဲ့ရဲ့လေအံ့၊
လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး
မကျွင့်သီးသော်၊ ချည်းနှီးဥစ္စာ
လိုခါမရ၊ ကြောင့်ကြစိုးရိမ်
ဖန်ကြိမ်များစွာ၊ အိုသောခါလည်း
မဟာဒုက္ခ၊ တွင်းဆုံးကျသည်
နောင်တနှလုံး မငြိမ်တည်း။

၁၅ ရာစု ရှင်မဟာရဋ္ဌသာရ

**စကာလာစ်ဆစ်အဖွင့်**

၁။ ကျစ်လျစ် = သိပ်သည်းသေသပ်သည်၊ စည်းကမ်းရှိသည်။
၂။ ခံတွင်းမဲ့ = ပြောစရာစကားမရှိ။
၃။ ချေတင် = အပြန်အလှန်၊ အချီအချ။
၄။ တဖျင့်တပါး = မညီမညွတ်၊ ယွင်းယွင်းချွတ်ချွတ်။
၅။ တွင်းဆုံးကျ = အဆင်းရဲကြီး ဆင်းရဲသည်။
၆။ နောင်တ = ပြုသင့်သည်ကို မပြုမိ၊ မပြုသင့်သည်ကို ပြုမိသည့်အတွက် အချိန်လွန်မှပူပန်ခြင်း။
၇။ ပါဠိလျှောက် = ပါဠိရှိအတိုင်း စကားတစ်လုံးချင်း ဘာသာပြန်ခြင်း၊ စကားအစီအစဉ်ကျကျ။
၈။ ပျော်ပါးလွင် = ပျော်ပါးပေါ့တန်စွာနေသည်။
၉။ ပြာသာဒ်ဖျား = ဘုံအဆင့်နှင့် ထုပိကာပါသော အဆောက်အအုံ၏ထိပ်ဖျား။
၁၀။ မကျွင့်သီး = မကျွင့်ကြံ၊ အားထုတ်လုပ်ကိုင်ခြင်းမရှိ။

၁၁။ မဋ္ဌ = မထင်ရှား၊

၁၂။ မဟာဒုက္ခ = ကြီးမားသောဆင်းရဲ၊

၁၃။ ရွံ့ရှာ = မဝံ့မရဲဖြစ်သည်၊ ကြောက်သည်၊ ထိတ်လန့်သည်၊

၁၄။ လူပေါက်ပန်း = အဆင်းသာရှိ၍ အချင်းမရှိသူ၊

၁၅။ ဝိဇ္ဇာသိပ္ပ = အသိပညာ အတတ်ပညာ၊

၁၆။ သကျရှုပ် = စွမ်းနိုင်သောသဘော၊

၁၇။ သဘင် = အစုအဝေး၊

၁၈။ သမ္ဗန် = စကားအဆက်အစပ်၊

၁၉။ သွမ်းမှန်းသိထွေ= အကျင့်ဆိုးသွမ်းကြောင်းကိုသိ၍၊

၂၀။ ဟုတ်လိနိုးနိုး = ဟုတ်လိမ့်မည်ဟု ထင်မှတ်လျက်၊

၂၁။ အဂ်ပစ္စင် = အင်္ဂါကြီးငယ်၊

**သင်ခန်းစာဆိုလိုရင်း**

- ငယ်စဉ်အခါ ပညာမသင်ယူခဲ့ခြင်း၏ အပြစ်များ
- ကဗျာကပေးသော အသိအမြင်
- အင်းဝခေတ် စကားအသုံးအနှုန်း
- ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ပို့ကဗျာအရေးအဖွဲ့တို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ ဝိဇ္ဇာသိပ္ပလင်္ကာ ကဗျာကို ဖတ်ရှုပြီးနောက် မည်သည့်အသိအမြင်များ ရရှိသနည်း။

၂။ ဝိဇ္ဇာသိပ္ပလင်္ကာ ကဗျာမှ အင်းဝခေတ် စကားအသုံးအနှုန်းများကို လေ့လာတင်ပြပါ။

၃။ ဝိဇ္ဇာသိပ္ပလင်္ကာ ကဗျာမှ အလင်္ကာမြောက် အရေးအဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။

၄။ ဝိဇ္ဇာသိပ္ပလင်္ကာ ကဗျာမှ စာဆို၏ ကဗျာစွမ်းရည်ကို သုံးသပ်ပါ။

၅။ အသိပညာ အတတ်ပညာတို့ကို ငယ်ရွယ်စဉ်အခါ မသင်ပါက ကြီးလာလျှင် ဒုက္ခရောက်တတ်ပုံတို့ကို အခြား စာတွေ့ကိုယ်တွေ့ သာဓကများဖြင့် ဆွေးနွေးပါ။

**အန်ချင်း**

## မပန်ရလည်းမပန်ချင်
### (တောင်ငူခေတ်)

မပန်ရလည်းမပန်ချင် ကဗျာကို တောင်ငူခေတ်စာဆို ရဝေရှင်ထွေး ရေးဖွဲ့ခဲ့သော ကိုယ်ရေးကိုယ်တာ အန်ချင်းများမှ ကောက်နုတ်ထားသည်။

ရဝေရှင်ထွေးသည် တောင်ငူရွှေနန်းတည်မင်း 'မင်းရဲသီဟသူ' ထံတွင်ခစားသည့် ရေဝေရွှာစား အမတ်ကြီး၏ သမီးထွေးဖြစ်သည်။ တောင်ငူရွှေနန်းတည်မင်း၏ နန်းတွင်းကိုယ်လုပ်တော်တစ်ဦးဖြစ်သည်ဟု အမှတ်အသားရှိသည်။ ကိုယ်လုပ်တော်တစ်ဦးဖြစ်သော်လည်း ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့က များစွာ မြှောက်စားတော်မူခဲ့သည်။ မြန်မာနှစ် ၉၇၁ ခုနှစ်တွင် အင်းဝဘုရင် အနောက်ဘက်လွန်မင်းတရား တောင်ငူကို တိုက်ခိုက်အောင်မြင်ရာတွင် ရဝေရှင်ထွေးသည် ဧယျရဿမိတ်၊ ရှင်သံကိုယ်(ရှင်သံခို)တို့နှင့်အတူ အင်းဝသို့ လိုက်ပါခဲ့ရသည်။ အင်းဝသို့ရောက်သည့်အခါတွင်လည်း နန်းတွင်းစာဆိုအဖြစ် စာပေလက်ရာများကို ဆက်လက် ပြုစုခဲ့ပေသည်။

ရဝေရှင်ထွေးဟုသည့် အမည်နှင့်ပတ်သက်၍ အချို့ပညာရှင်များက 'ရဝေ' ဟုသည်မှာ နန်းတော်ဟု အနက်ရသည့်အတွက် 'နန်းတွင်းသူရှင်ထွေး' အနက်ရသည်ဟု ယူဆသော်လည်း ပညာရှင်အများကမူ ဇာတိ ရပ်ရွာဖြစ်သော 'ရေဝေရွာ'ကို အစွဲပြု၍ 'ရေဝေရှင်ထွေး' မှ 'ရဝေရှင်ထွေး'ဟု ခေါ်ခြင်းဖြစ်ကြောင်းကို ပိုမို နှစ်သက်လက်ခံကြသည်။

ရဝေရှင်ထွေးသည် ပုဂံခေတ် မြန်မာအမျိုးသမီးတို့၏ ဆံထုံးထုံးနည်း ၅၅ မျိုးကို အန်ချင်းအဖွဲ့ဖြင့် မှတ်တမ်းတင်ခဲ့သည်။ ထိုအန်ချင်းအပြင် ကိုယ်ရေးကိုယ်တာ အန်ချင်း ၈၅ ပုဒ်ကိုလည်း ရေးဖွဲ့ခဲ့သည်။ စာပေပညာရှင်များကမူ ရဝေရှင်ထွေး၏အန်ချင်းများကို ရှေးအကျဆုံးအန်ချင်းများဟု ယူဆခဲ့ကြသည်။ ထိုအန်ချင်းများတွင် ရဝေရှင်ထွေး၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တွေ့ရသည်။

အန်ချင်းသည်မူလက ဖောင်ခတ်ရာတွင် သီဆိုရသော ရေပွဲနှင့်ဆိုင်သော ကဗျာမျိုးဖြစ်သည်။ အခြား အကြောင်းအရာများကိုလည်း အန်ချင်းဖြင့် ရေးဖွဲ့ကြသည်။

အန်ချင်းစာဆိုအဖြစ်ထင်ရှားသည့် ရဝေရှင်ထွေးသည် အန်ချင်းများအပြင် 'လေဝန်းဝေဆင်'ချီရတု၊ 'ရွှေနန်းကလျှင်'ချီရတု၊ 'မရှက်ပါလေ'ချီရတု၊ 'ဝမ်းနည်းမပြေ'ချီရတု၊ 'လျှံတက်ထွန်းဝါ'ချီရတု၊ 'တစ်ဆယ့်နှစ် လျှင်'ချီရတုတို့ကိုလည်း ရေးသားခဲ့သည်။ ထိုရတုခြောက်ပုဒ်တွင် 'တစ်ဆယ့်နှစ်လျှင်' ချီရတုမှာ ဆယ့်နှစ်ရာသီ ဘွဲ့ ရတုကောင်းတစ်ပုဒ်ဖြစ်သည်။ ကျန်ရတုတို့မှာလည်း ထိပ်တန်းရတုများသာဖြစ်ကြောင်း စာပေပညာရှင်များ က သုံးသပ်ခဲ့ကြသည်။

မပန်ရလည်းမပန်ချင် အန်ချင်းတွင် ရဝေရှင်ထွေး၏ အချစ်ရေးရာအရိပ်အမြွက်နှင့် ရင်တွင်းခံစားချက် များပါရှိသည်ဟု ယူဆကြသည်။

## မပန်ရလည်းမပန်ချင်

စောလေ-

မပန်ရလည်း မပန်ချင်၊

မဏိမလ္လာ၊ ဂန္ဓာနတ်မြစ်၊

ပွင့်ဝတ်သစ်ကို၊

မင်းစစ်သမီး၊ ဘုန်းကြီးနတ်ဖန်၊

ငါနှင်းရန်ဟု၊ ပန်ပေဏ်လေ။ ။

ဖော်ချင်းတို့လေ ဖော်ချင်းတို့။

စောလေ-

မကြွင်ရလည်း မကြွင်ချင်၊

သမင်နှင့်ကျား၊ မြွေနှင့်ဖားသို့၊

ကျောက်သား ကြက်ဥ၊ စံတုန္နိုင်းအင်၊

အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊

မှန်ပေဏ်လေ။ ။

ဖော်ချင်းတို့လေ ဖော်ချင်းတို့။

စောလေ-

မစားရလည်း မစားချင်၊

ရွှေစင်စတော၊ သီးမှည့်တွေသည်၊

သပြေသီးကို၊ ဘုန်းကြီးနတ်တူ၊

ငါ့ဖို့ဟူ၍၊ ယူလေဏ်လေ။ ။

ဖော်ချင်းတို့လေ ဖော်ချင်းတို့။

စောလေ-

မချစ်ရလည်း မချစ်ချင်၊



GTI Myanmar P13-A

နတ်ရှင်မင်းဖျား၊ တရားလျော်စွာ၊
ဥပရာကို၊
ရှိကြာထိပ်စွန်၊ ပန်းနှယ်ပန်လျက်၊
ကျွန်နှင့်အရှင်၊ ဆိတ်နှင့်ဆင်သို့၊
ခဲအင်ထွေယူ၊ ဘုန်းမတူသည်၊
ယူလေ၏လေး ။
ဖော်ချင်းတို့လေ ဖော်ချင်းတို့။

စာလေ-
မလွမ်းရလည်း မလွမ်းချင်၊
အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊
ပွပန်သမ်းမြန်း၊ ညှိုးလှည့်ဆန်းလေ။ ။
ဖော်ချင်းတို့လေ ဖော်ချင်းတို့။

၁၆ ရာစု ရဝေရှင်ထွေး

**ခက်ဆစ်အဖွင့်**

၁။ ခဲအင်ထွေယူ = အလွန်ခဲယဉ်းသည်ဟု ထင်မှတ်သည်၊ ခက်ခဲစွာ၊
၂။ ဝန္နာ = မွှေးရနံ့၊ နံ့သာ၊
၃။ နတ်ရှင်မင်းဖျား = ဘုရင်၊ အိမ်ရှေ့မင်း။
၄။ ဖော်ချင်း = အပေါင်းအဖော် သူငယ်ချင်း။
၅။ ဘုန်းကြီး = ဘုန်းတန်ခိုးကြီးမြတ်သော၊
၆။ မကီမလ္လာ = ပဏ္ဍမြားပန်း၊ အာသာဝတီနွယ်နီနတ်ပန်း။
၇။ ရှိကြာထိပ်စွန် = ငါးမြားလက်စုံ ကြာပဒုံကို ဦးထိပ်တင် ရှိခိုးသည်၊
၈။ ရွှေစင်စတေ = ရွှေစင်အစစ်၊ ဇမ္ဗူရာဇ်ရွှေ၊
၉။ သမ်းမြန်း = ညှိုးငယ်သည်၊ နွမ်းရိသည်၊
၁၀။ ဥပရာ = အိမ်ရှေ့မင်း၊ နန်းလျာမင်းသား။

**သင်ခန်းစာဆိုလိုရင်း**

- ❖ နန်းတွင်းသူမိန်းကလေးတစ်ယောက်က ကဗျာအဖြစ်ဖန်တီးထားသော ရင်တွင်းခံစားချက်
- ❖ ကဗျာကပေးသော ခံစားမှု
- ❖ စာဆိုရဝေရှင်ထွေး၏ စကားအသုံးအနှုန်းနှင့် အန်ချင်းကဗျာအရေးအဖွဲ့တို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ မပန်ရလည်းမပန်ချင် ကဗျာကို ဖတ်ရှုပြီးနောက် သင်၏စိတ်တွင် ဖြစ်ပေါ်လာသော ခံစားချက်ကို သင့်စကားဖြင့်တင်ပြပါ။

၂။ မပန်ရလည်းမပန်ချင် ကဗျာတွင် စာဆိုဖွဲ့ဆိုသုံးနှုန်းထားသော စကားအသုံးအနှုန်းများသည် စာဆိုဖော်ပြလိုသော အကြောင်းအရာနှင့် လိုက်ဖက်မှုရှိမရှိ သုံးသပ်ပါ။

၃။ မပန်ရလည်းမပန်ချင် ကဗျာ၏ ထူးခြားသောဖွဲ့ဆိုပုံကို ထုတ်နုတ်ဖော်ပြပါ။

၄။ 'မဏိမလ္လာ၊ ဂန္ဓာနတ်ဖြစ်၊ ပွင့်ဝတ်သစ်ကို၊ မင်းစစ်သမီး၊ ဘုန်းကြီးနတ်ဖန်၊ ငါနှင်းရန်ဟု၊ ပန်ပေ၏လေ' ကဗျာ၏ ဆိုလိုရင်းကိုရေးပါ။

၅။ မပန်ရလည်းမပန်ချင် ကဗျာကို သင်ဖတ်ရှုလေ့လာဖူးသည့် ခံစားချက်ဖော်ပြသော အခြားကဗျာတစ်ပုဒ်နှင့် နှိုင်းယှဉ်လေ့လာပါ။

## နွေဦးကာလမြူထသောခါ

## (ညောင်ရမ်းခေတ်)

နွေဦးကာလမြူထသောခါ ကဗျာသည် ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာ စပ်ဆိုခဲ့သော တျာချင်းကဗျာတစ်ပုဒ်ဖြစ်သည်။

ဝန်ကြီးပဒေသရာဇာကို မြန်မာနှစ် ၁၀၄၅ ခုနှစ်တွင် ဖွားမြင်သည်ဟု မှန်းဆကြသည်။ ဇာတိမှာ ရတနာပူရ အင်းဝမြို့ဖြစ်သည်။ စနေမင်းလက်ထက်တွင် စတင်အမှုထမ်းကာ ကဗျာလင်္ကာများကို စတင်ရေးသားစပ်ဆိုခဲ့သည်။ တနင်္ဂနွေမင်းလက်ထက်တွင် 'လက်ဝဲရွှေတောင်'ဘွဲ့နှင့် မန်ကျည်းတုံရွာကို ပေးသနားချီးမြှင့်ခြင်းခံရသည်။ 'မဟာဓမ္မရာဇာဓိပတိ'ဘွဲ့ခံ ဟံသာဝတီရောက်မင်းလက်ထက်တွင် အထူးချီးမြှောက်ခံရသည်။ ထိုမင်းလက်ထက်တွင် 'ဘယကျော်သူ'ဘွဲ့ကို ဦးစွာချီးမြှင့်ခံရသည်။ ဟံသာဝတီရောက်မင်းသည် ကိုယ်တိုင်ကပင် စာပေကျမ်းဂန် လေ့လာလိုက်စားသော စာဆိုတစ်ဦးဖြစ်သည့်အလျောက် စာဆိုဝန်ကြီးကို ကြည်ညိုယုံမှတ်သောအားဖြင့် 'ပဒေသရာဇာ' ဟူသောဘွဲ့ ချီးမြှင့်သည်။ 'စာဆိုကြီး'အဖြစ် လေးမြတ်စွာ ရည်ညွှန်းသည်။ နတ်ရှင်နောင်ဘွဲ့၊ မြို့တွင်းနတ်ရှင်ဘွဲ့၊ မြို့တွင်းဘုရင်ဘွဲ့စသော ဘွဲ့ထူးဂုဏ်ထူးအမျိုးမျိုးတို့ဖြင့်လည်း ချီးမြှင့်မြှောက်စားခဲ့သည်။

စာဆိုဝန်ကြီးသည် 'စာနကိုလည်းမချစ်နှင့်၊ သူဇာကိုလည်းမပစ်နှင့်'ဟု ကျော်ကြားသော သူဇာပျို့နှင့် ကဏ္ဍ အခြားပျို့ ၁၃ စောင်တို့ကိုလည်းကောင်း၊ ဧချင်း၊ ရတု၊ လင်္ကာနှင့် သီချင်းများစွာတို့ကိုလည်းကောင်း ရေးခဲ့သည်။ ထံတျာတေးရှင်ဟု လူသိများသော ပုစဉ်းတောင်သံကြိုးနှင့် နတ်သံအဲတို့ကိုလည်း ရေးခဲ့သည်။ အင်းဝပျက်၍ ဟံသာဝတီသို့ ဘုရင်ပါတော်မူသောအခါ စာဆိုဝန်ကြီးလည်း အတူပါခဲ့၍ သန်လျင်၌ ကွယ်လွန်သည်။

စာဆိုဝန်ကြီးသည် လယ်သမား၊ ထန်းတက်သမား၊ လှေသမား၊ တောင်ပိုင်တက်၊ ဆင်ဖမ်းသမားဘွဲ့ တျာချင်းများကို ဖွဲ့ဆိုခဲ့သည်။

တျာချင်းဆိုသည်မှာ မြန်မာဂီတတွင် ထံ၊ တျာ၊ တေ၊ တျော စသော အသံများရှိရာ သာယာနာပျော်ဖွယ်ဖြစ်သော 'တျာ'သံဖြင့် သီဆိုရသော တေးကဗျာတစ်မျိုးဖြစ်သည်။ ပဒေသရာဇာ၏ တျာချင်းများတွင် အစုဝင်မင်းမှုထမ်းမဟုတ်သည့် ဆင်းရဲသားပြည်သူတို့၏ဘဝကို ရေးဖွဲ့ထားသည်။ ဤသို့ ရေးဖွဲ့ရာတွင် ဆင်းရဲသားပြည်သူတို့ကို ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း အလျှင်းမပါ၊ သနားချစ်ခင်ခြင်း၊ ချီးကျူးဂုဏ်တင်ခြင်းတို့သာ ပါသည်။ ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများသည် မြန်မာစာပေတွင် တစ်မျိုးတစ်ဖုံ ဆန်းသစ်ခဲ့သည်။ ထို့ကြောင့် ယခုခေတ်မြန်မာစာပေ ပညာရှင်တို့က ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများသည် မြန်မာစာပေကို ဆန်းသစ်စေခဲ့သည်ဟု ဆိုစမှတ်ပြုကြခြင်းဖြစ်သည်။

## နွေဦးကာလမြူထသောခါ

နွေဦးကာလ၊ မြူထသောခါ
ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ
မားနီးထက်စွာ၊ ခါးမှာချပ်လျက်
ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်
ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး။

ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ
စင်အောင်ခုတ်ထစ်၊ နုမျစ်ကယ်ထန်းဦးရေ
မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း
သားမြေးဟစ်ကြော်၊ ခွေးဝက်ကယ်ခေါ်
ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး။

ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ
ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ်ခြောက်သောခါ
ပုတတ်ကယ်ယုန်ခါ၊ တောမှာရှိကြ
ငုံး ကြက်ကယ် ဖွတ် မြွေ၊ ဝံပုလွေ
မနေထွက်လာကြသည်တည့်လေး။

ဝမ်းသာအားရ၊ မယားကတစ်သွယ်
ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရောစွ်လွယ်
လင်ကတစ်သွယ်၊ ယုန်ငယ်ကစ
တောသတ္တဝါ၊ တွေ့တိုင်းကိုသာ
အိတ်မှာသာယူ၍ ချသည်နှင့်လေး။

သို့နှင့်ရောက်က၊ ခဏအောင့်လျှင်
တံစို့ထက်နှင့်၊ ထန်းလျက်ဖိုမှာကင်
ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး
အိုးကင်းနှင့်လှော်၊ ရေနှင့်ကြော်
မိုးမျှော်ငရုတ်သီးငယ်နှင့်လေး။

နီးဒေါင်းလန်းကြီး၊ ခူးပြီးသောခါ
သမီးနှင့်သား၊ များလို့မဝင်သာ
ဖူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်
သူ့ထက်ငါလေ၊ စားတော့မည်စေ
စားပေသာလှအုန်းခွက်ကယ်နှင့်လေး။

ငှဲ့လျက်ကိုယ်စီသာ၊ ဆုပ်ကာလွေးတော့သည်၊
ပြီးလျှင်ရေမရှာ၊ ခွေးသာကျွေးတော့သည်။

၁၈ ရာစု ဝန်ကြီးပဒေသရာဇာ

**စကားဆစ်အဖွင့်**

၁။ ကလိုင် = ထန်းပြင်ရာတွင် ထန်းလက်ကို ထန်းပင်လုံးမှကွာအောင် ထိုးကလန့်ပြီး ထန်းသမား ထိုင်ရသော တုတ်ချောင်း။

၂။ တံစို့ = သားငါးမီးကင်ရန် ထိုးလျှိုရသော အဖျားချွန် အချောင်းအတံ။

၃။ ထန်းလျှော် = ထန်းလက်မှ ခွာယူထားသော အခေါက်ကြော။

၄။ ခါးနီး = ထန်းလှီးခါး။

၅။ နီးဒေါင်းလန်း = ဝါးနီးဖြင့် ရက်လုပ်ထားသော ခြေထောက်တပ်ဗန်းကြီး။

၆။ မြူ = မြေလွှာအထက်ဝန်းကျင်၌ ရစ်ဆိုင်းနေတတ်သောအခိုးအငွေ့။

၇။ ယုန်ပိုက်စည်း = ယုန်ထောင်ရန် ပိုက်တန်းစည်း။

၈။ မှိုက်ဟည်း = ဟိန်း၍ပဲ့နဲ့သည်။

၉။ ရင်းဆွဲ = ထန်းလည်ဆစ်မှ ဆွဲချကာ ထန်းလုံးနှင့် အသေကပ်ချည်ထားသော ထန်းတက် လှေကားတို။

၁၀။ ရင်းထောင် = ထန်းပင်၏အောက်ခြေအရင်းမှ ထောင်တက်ရသော လှေကားရှည်။

၁၁။ လွေး = အားရပါးရ စားသောက်သည်။

၁၂။ သောင်းပြောင်း = အရောရော၊ အနှောနှော။

**သင်ခန်းစာဆိုလိုရင်း**

- ညောင်ရမ်းခေတ် ကျေးလက်ပြည်သူ ထန်းတက်သမားမိသားစုတို့၏ ဘဝသရုပ်
- တျာချင်းကဗျာ၏ သဘောသဘာဝ
- ကဗျာကပေးသော ခံစားမှု
- စာဆိုဝန်ကြီးပဒေသရာဇာ၏ စေတနာနှင့် တျာချင်းကဗျာအရေးအဖွဲ့တို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ နွေဦးကာလမြူထသောခါ ကဗျာကိုဖတ်ပြီး သင်၏စိတ်တွင် မည်သို့ဖြစ်ပေါ် ခံစားရသည်ကို သင့်စကား ဖြင့်ရေးပါ။

၂။ နွေဦးကာလမြူထသောခါ ကဗျာမှ ထန်းလုပ်ငန်းသုံးဝေါဟာရများကို ဆွေးနွေးပါ။

၃။ နွေဦးကာလမြူထသောခါ ကဗျာတွင် စာဆိုသည် ထန်းတက်သမားတို့၏ လုပ်ငန်းနှင့်ပတ်ဝန်းကျင်ကို မည်ကဲ့သို့ သရုပ်ဖော်ထားသနည်း။

၄။ ညောင်ရမ်းခေတ် ထန်းတက်သမားမိသားစု၏ တစ်နေ့တာဘဝလုပ်ဆောင်မှုကို စာဆိုက မည်သို့ရေးဖွဲ့ ထားသနည်း။

၅။ နွေဦးကာလမြူထသောခါ ကဗျာမှ သင်ကြိုက်နှစ်သက်သော ကဗျာအဖွဲ့များကို ထုတ်နုတ်ပြပြီး အဘယ်ကြောင့် ကြိုက်နှစ်သက်ကြောင်း ရှင်းပြပါ။

ပိုဒ်စုံရတု

## မဲဇာတောင်ခြေ
## (ကုန်းဘောင်ခေတ်)

မဲဇာတောင်ခြေ အစချီသော ဤကဗျာသည် ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရအမတ်ကြီး စပ်ဆိုခဲ့သော ကဗျာတစ်ပုဒ်ဖြစ်သည်၊

လက်ဝဲသုန္ဒရအမတ်ကြီးကို မြန်မာနှစ် ၁၀၈၅ ခုနှစ်တွင် ရွှေဘိုမြို့အနီး မန်ကျည်းတုံရွာ၌ မွေးဖွားသည်၊ အဖမှာ မန်ကျည်းတုံရွာကို ကြီးကဲရသော 'မြင်းစီးမှူး' ဖြစ်သည်၊ အမည်ရင်းမှာ ဦးမြတ်စံဖြစ်သည်၊ ၇ နှစ်သားအရွယ်ကပင် သဒ္ဒါကျမ်းနှင့် အရပ်ရပ်ပညာများကို ဆရာအများထံ သင်ယူဆည်းပူးခဲ့သည်၊ လက်ဦးဆရာမှာ မန်ကျည်းတုံရွာ ရွှေဘုံသာကျောင်းဆရာတော်ဖြစ်သည်၊ ၁၀ နှစ်သားအရွယ်တွင် သာမဏေပြု၍ ၁၄ နှစ်သားအရွယ်တွင် လူဝတ်လဲသည်၊ ထိုသို့ သာမဏေဘဝ၌ရှိစဉ် ၁၃ နှစ် နှင့် ၄ လအရွယ်တွင် မပျော်ပျို့ကို စပ်ဆိုခဲ့သည်၊

ဟံသာဝတီရောက်မင်းလက်ထက် စစ်ကိုင်းမြို့စား သတိုးမင်းခေါင်ထံတွင် စတင်အမှုထမ်းခဲ့သည်၊ အလောင်းမင်းတရား ရွှေဘိုကိုတည်ထောင်သောအခါ လက်ဝဲသုန္ဒရအမတ်လည်း ရွှေဘိုသို့နိုဝင်ခစားခဲ့သည်၊ အမြင့်မင်းသား၏ အကြီးတော်အဖြစ်လည်း ထမ်းရွက်ခဲ့သည်၊ အလောင်းမင်းတရားကြီးလက်ထက်မှစ၍ ဘိုးတော်ဘုရားခေါ် ဗဒုံမင်းလက်ထက်တိုင်အောင် အမတ်အဖြစ် ထမ်းရွက်ခဲ့ရာ ဘွဲ့မည်ရည်အမျိုးမျိုးဖြင့် ချီးမြှင့်ခံရသည်၊ အမြင့်မင်းထံတွင် အမှုထမ်းစဉ် 'လက်ဝဲသုန္ဒရ'ဘွဲ့ ချီးမြှင့်ခြင်းခံရသည်၊ မပျော်ပျို့အပြင် သေနက်ဗျူဟာပျို့၊ ဗျူဟာစက္ကပျို့၊ နန္ဒီသေနပျို့၊ သာမိနပျို့ စသော ပျို့အစောင်စောင်တို့ကို လည်းကောင်း၊ မွေ့သတ်လင်္ကာ၊ ရတု၊ အဲချင်း စသည့် ကဗျာလင်္ကာ၊ သီချင်းတို့ကိုလည်းကောင်း ရေးဖွဲ့ခဲ့သည်၊

လက်ဝဲသုန္ဒရအမတ်ကြီးသည် အလောင်းမင်းတရားကြီး၏ သားတော်တစ်ပါးဖြစ်သော ဆင်ဖြူရှင်ခေါ် မြေဒူးမင်းလက်ထက်တွင် မင်းမျက်သင့်၍ မဲဇာသို့အပို့ခံရသည်၊ မဲဇာတောသို့ ရောက်ရှိနေချိန်တွင် 'မဲဇာတောင်ခြေ' နှင့် 'ဝေဠုန်းစန္ဒာ' ချီ ပိုဒ်စုံရတုနှစ်ပုဒ်ကို ရေးဖွဲ့ခဲ့သည်၊ ဤရတုနှစ်ပုဒ်ကြောင့် မင်းမျက်ပြေ၍ ရာဇဝတ်အပြစ်မှ ချမ်းသာပေးပြီးနောက် မဲဇာမှပြန်ခေါ်ခဲ့လေသည်၊

ရတုသည် တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် အထူးခေတ်စားခဲ့သည့် လေးလုံးစပ်လင်္ကာ တစ်မျိုးဖြစ်သည်၊ ရာသီဘွဲ့၊ ရေမြေတောတောင်ဘွဲ့မှစ၍ ဘုန်းတော်ဘွဲ့၊ ပြည်ဘွဲ့၊ မြို့ဘွဲ့၊ မောင်ဘွဲ့၊ မယ်ဘွဲ့ စသည့် အကြောင်းအရာအမျိုးမျိုးကို ဖွဲ့လေ့ရှိသည်၊ ရတုတစ်ပိုဒ်တည်းဖွဲ့လျှင် 'ဧကပိုဒ်ရတု'၊ နှစ်ပိုဒ်ဖွဲ့လျှင် 'အပြည့်ခံရတု'၊ သုံးပိုဒ်ဖွဲ့လျှင် 'ပိုဒ်စုံရတု' ဟုခေါ်ကြသည်၊ မဲဇာတောင်ခြေ ရတုသည် ပိုဒ်စုံရတုဖြစ်သည်၊ အချီအချ ညီသည်၊ မဲဇာတောင်ခြေရတုတွင် အမတ်ကြီး၏ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရပုံကို ရေးဖွဲ့ထားသည်၊

## မဲဇာတောင်ခြေ

**မဲဇာတောင်ခြေ၊ စီးတွေတွေတည့်**
မြစ်ရေဝန်းလည်၊ မြိုင်တောစည်က
ရွှေပြည်ကိုသာ၊ တရှာတော့မိ
မိုးရှိရှိလျှင်၊ သီရိကျက်သရေ
တက်ဖြိုးဝေသား၊ အောင်မြေကြော့ကြော့
ကုန်းမော့မော့နှင့်၊ ဘိုးတော်ကောင်းမှု
တည်ထားပြုသည်၊ ဇမ္ဗူဆီမီး
ခြောက်ရောင်ညီးမျှ၊ ဂူကြီးသခင်
ရွှေလင်းပင်နှင့်၊ ရွှေခြသေ့မြေ
စ၍ရေသော်၊ ရွှေစေတီကြီး
အသီးသီးတည့်၊ ပိတ်ဆီးခြယ်သန်း
လျှပ်ရောင်တန်းမျှ၊ ရွှေနန်းရွှေဘုံ
အလုံးစုံကို၊ အာရုံမျက်မြင်
ဖူးမြော်ချင်၍၊ သည်တွင်ရွှေမြို့
သည်သို့စေတီ၊ သည်ဆီရွှေနန်း
မြောင့်တန်းတော့မည်၊ စိတ်ကရည်သည်
**ရွှေပြည်ဌာန ဝေးသောကြောင့်။**

**သဲသာဆောင်မြေ၊ မြစ်တမ်းခြေလည်း၊**
အကြေတစ်ပြင်၊ တို့အောက်ခွင်ဝယ်
ရေရှင်ပတ်ဝန်း၊ ပျော်ဖွယ်ထွန်းလိမ့်
တစ်ကျွန်းလောက်ပင်၊ ဝေးမည်ထင်ခဲ့
စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း
ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့်

တောကြီးဆိတ်ညံ၊ ဆည်းကံ့ကံ့ဝယ်
ခုဝံမပေါ်၊ မမြော်ပါရ
နေကိုတလည်း၊ ဘယ်ကရှေ့နောက်
ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်
ဖန်ဖန်အုံ့ညြ၊ ကြိတိုင်းမောစွ
ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့
မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်
ကင်းစမ်းတောင်က၊ လေဦးစ၍
နောက်မှလေရှည်၊ အတည်တည်သည်
**လေပြည်လာတ ဖေးသောကြောင့်။**

**ပွဲခါညောင်ရေ သွန်းမြဲပေတည့်**
ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်
မဲဇာရပ်သူ၊ တောင်းဆုယူသည်
ရွှေဂူတော်နှင့်၊ ရွှတိုင်းတင့်သား
မိုးမြင့်သီခေါင်၊ မဲဇာချောင်က
တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်
တောင်တိုင်းယှက်၍၊ ဝန်းကာဝေ့သည်
တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်
လေလည်းရောရာ၊ မိုးမပါဘဲ
သံဝါမြောက်မြောက်၊ ဆီးနှင်းပေါက်လည်း
မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်
ယုဂန်ထင်ရှား၊ တောင်တော်ဖျားက
ရထားယာဉ်သာ၊ နေစကြာလည်း
ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍

တည့်မွန်းဆိုန်နေ၊ ရောက်လွယ်စေဟု

စေ့ရေလှည့်လည်၊ တလျက်မြည်သည်

နေခြည်ဖြာမှ နွေးသောကြောင့်။

၁၈ ရာစု လက်ဝဲသုန္ဒရ

**စကားဆစ်အဖွင့်**

၁။ ကင်းစမ်းတောင် = မဲဇာအရပ်ရှိတောင်။

၂။ ကုန်းမော့မော့ = မို့မောက်သောတောင်ကုန်း။

၃။ ကြော့ကြော့ = လှပတင့်တယ်သော။

၄။ ခြောက်ရောင်ညီး = ရောင်ခြည်တော်ခြောက်သွယ် တွန့်မြူးတောက်ပနေသော။

(၁) နီလ = ညိုသောအရောင်။

(၂) ပီတ = ရွှေသောအရောင်။

(၃) လောဟိတ = နီသောအရောင်။

(၄) ဩဒါတ = ဖြူသောအရောင်။

(၅) မဉ္ဇိဋ္ဌ = မောင်းသောအရောင်။

(၆) ပဘဿရ = ပြိုးပြက်သောအရောင်။

၅။ ဂူကြီးသခင် = ရွှေဂူကြီးစေတီ။(ရွှေဘိုမြို့ ဈေးမှအနောက်တောင်ဘက်ရှိ မုဆိုးဘို ကုန်းရိုးတန်းတွင်ရှိသည်။)

၆။ စေ့ရေ = ရေ့[illegible] ရှာရေတွက်သည်။

၇။ ဆည်းကျုံကျုံ = ဆိ[illegible]ဆိတ်ညံ့ညံ့၊ ဆိတ်ဆိတ်ငြိမ်ငြိမ်။

၈။ ဆိတ်ည = [illegible]တ်သည်၊ ငြိမ်သည်။

၉။ ဇမ္ဗူဆီမီး = [illegible]ဘိုမြို့ ဈေးမှအနောက်တောင်ဘက်ရှိ ဇမ္ဗူဆီမီးစေတီ။

၁၀။ တွေတွေ = အဆက်မပြတ်။

၁၁။ ထစ်ထစ် [illegible]င်ထင်ရှားရှား။

၁၂။ ခူဝံ = မြောက်အရပ်တည့်တည့်တွင် အမြဲတည်နေသောကြယ်။

၁၃။ ပွဲခါညောင်ရေ = ညောင်ရေသွန်းပွဲတော် ကျင်းပသည့် ကဆုန်လပြည့်ကာလ။

၁၄။ မြောက်မြောက် = မိုးပေါက်၊ နှင်းပေါက်စသည်တို့ ကျသည့်မြည်သံ။

၁၅။ ဘိုးတော့်ကောင်းမှု = ဆင်ဖြူရှင်မင်း၏ဘိုးတော်၊ အလောင်းမင်းတရား၏ခမည်းတော် မင်းညိုစံ၏ကုသိုလ်။

၁၆။ မဲဇာတောင်ခြေ = မဲဇာတောင်၏ခြေရင်း။ (ကသာမြို့အနီးတွင် မဲဇာတောင်ရှိသည်။ မဲဇာတောင်ခြေတွင် မဲဇာချောင်းရှိသည်။ တောင်ဘက်သို့ စီး၍ တကောင်းမြို့ အထက်တွင် ဧရာဝတီမြစ်နှင့်ပေါင်းသည်။)

၁၇။ မိုးရှိရှိ = မိုးတမျှ။

၁၈။ ယုဂန် = ယုဂန္ဓိုရ်တောင်။ အာဒိကပ္ပစသော ကျမ်းများအရ မြင်းမိုရ်တောင်၏ အရံဖြစ်သော တောင်ခုနစ်လုံးအနက် နေလသွားရာလမ်းနှင့် တစ်ညီတည်း မြင့်သည်ဟုမှတ်ယူသော တောင်ရံတစ်လုံး။

၁၉။ ရထားယာဉ်သာနေစကြာ = နေရထား။ လှည့်လည်သွားလာနေသောနေဝန်း။

၂၀။ ရေရှင် = အစဉ်မပြတ် စီးနေသောရေ။

၂၁။ ရွှေခြသေ့်မြေ = ရွှေခြသေ့်စေတီ၊ မြေစေတီ။ (ရွှေဘိုမြို့ဈေးမှ အနောက်တောင်ဘက်ရှိ မုဆိုးဘိုကုန်းရိုးတန်းတွင်ရှိသည်။)

၂၂။ ရွှေစေတီကြီး = ရွှေစေတီ ဟုလည်းကောင်း၊ မြို့ထောင့်စေတီ ဟုလည်းကောင်း၊ မော်ဓောမြင်သာဟု လည်းကောင်းခေါ်သော စေတီကြီး။

(ရွှေဘိုမြို့ဈေးမှ အရှေ့မြောက်ထောင့်တွင်ရှိသည်။)

၂၃။ ရွှေပြည် = ရတနာသိယ်၊ ရွှေဘို။

၂၄။ ရွှေလင်းပင် = ရွှေလင်းပင်စေတီ။ (ရွှေဘိုမြို့ဈေးမှ အနောက်တောင်ဘက်ရှိ မုဆိုးဘို ကုန်းရိုးတန်းတွင်ရှိသည်။)

၂၅။ သီခေါင် = အလွန်မြင့်သော။

၂၆။ သီရိ = ကျက်သရေ။

၂၇။ သံဝါ = ကြီးသောအသံ၊ ထင်ရှားသောအသံ။

၂၈။ သဒ္ဒါ = ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှု။

၂၉။ အကြေ = အောက်အရပ်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ မဲဇာတောင်သို့ရောက်ရှိသော လက်ဝဲသုန္ဒရအမတ်ကြီး၏ ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲရပုံ
- ❖ ရွှေမြို့တော်၊ ရွှေနန်းတော်နှင့် စေတီပုထိုးများကို လွမ်းဆွတ်တသသော စိတ်ခံစားချက်
- ❖ ခံစားချက်ကို ပြင်းထန်စေသော သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ရာသီဥတုဒဏ်
- ❖ ခံစားချက်နှင့် ပတ်ဝန်းကျင်အခြေအနေကို ပေါ်လွင်အောင်သရုပ်ဖော်ထားပုံ
- ❖ ကဗျာကပေးသော ခံစားမှု
- ❖ စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး၏ ရတုကဗျာအရေးအဖွဲ့တို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ မဲဇာတောင်ခြေကဗျာကိုဖတ်ပြီး လက်ဝဲသုန္ဒရအမတ်ကြီးအပေါ် သင်မည်သို့ခံစားရသည်ကို သင့်စကားဖြင့် ရေးပါ။

၂။ ရတနာသိယ်ရွှေပြည်ကြီးနှင့် မဲဇာတောင်ခြေတို့၏ အခြေအနေသည် မည်သို့ကွာခြားနေသနည်း။ ကွာခြားပုံကို ရှင်းလင်းဖြေဆိုပါ။

၃။ မဲဇာတောင်ခြေကဗျာမှ စကားအသုံးအနှုန်းများကို လေ့လာတင်ပြပါ။

၄။ မဲဇာတောင်ခြေကဗျာသည် သရုပ်ဖော်အဖွဲ့အနွဲ့ကောင်းသည့် ကဗျာတစ်ပုဒ်ဟု သင်ထင်မြင်ပါသလား။ ဆွေးနွေးပါ။

၅။ မဲဇာတောင်ခြေကဗျာမှ သင်နှစ်သက်သော အဖွဲ့အနွဲ့တစ်ခုကို ထုတ်နုတ်၍ အဘယ်ကြောင့် နှစ်သက်ရကြောင်း ရှင်းပြပါ။

လက်ာ

## သင်သေသွားသော်
### (ကိုလိုနီခေတ်)



သင်သေသွားသော် ကဗျာသည် ကိုလိုနီခေတ်တွင် ရေးဖွဲ့သော ကဗျာတစ်ပုဒ်ဖြစ်သည်။ ရေးဖွဲ့သူမှာ ဇော်ဂျီဖြစ်သည်။

ဆရာဇော်ဂျီကို အဖ ဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့က ၁၉၀၇ ခုနှစ် ဧပြီလ ၁၂ရက် သောကြာနေ့တွင် ဖွားမြင်သည်။ ဖျာပုံမြို့ ဇာတိဖြစ်သည်။ အမည်ရင်းမှာ ဦးသိန်းဟန် ဖြစ်သည်။ ငယ်စဉ်က ဖျာပုံမြို့၌ ဘုန်းတော်ကြီးကျောင်း၊ မြန်မာကျောင်း၊ အင်္ဂလိပ်မြန်မာ အစိုးရအထက်တန်းကျောင်း၊ အမျိုးသားအထက်တန်းကျောင်းတို့တွင် အဆင့်ဆင့်ပညာဆည်းပူးပြီးနောက် ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ဆက်လက်ဆည်းပူးကာ ဒသမတန်းအောင်မြင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရရှိသည်။ ရန်ကုန်မြို့၊ မြို့မအထက်တန်းကျောင်း အထက်တန်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးဥပစာကောလိပ်တို့၌ မြန်မာစာနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်က မြန်မာစာမဟာဝိဇ္ဇာဘွဲ့နှင့် အင်္ဂလိပ်စာမဟာဝိဇ္ဇာဘွဲ့ရသည်။ မဟာဝိဇ္ဇာဘွဲ့ရပြီးနောက် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးဥပစာကောလိပ်တွင် မြန်မာစာနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် လန်ဒန်တက္ကသိုလ်နှင့် ဒပ်ဗလင်တက္ကသိုလ်တွင် စာကြည့်တိုက်ပညာသင်ကြား၍ ဒီပလိုမာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှူးတာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သည်။

၁၉၂၈ ခုနှစ်တွင် ဟံသာဝတီ ကြေးမုံလက်ရေးစာစောင်၌ 'ပိတောက်ပန်း' သံချိုကဗျာကို စတင်ရေးသားခဲ့သည်။ ပထမဆုံး ခေတ်စမ်းကဗျာ ဖြစ်သည်။ ဆရာဇော်ဂျီသည် ခေတ်စမ်းစာပေလှုပ်ရှားမှုကို ဦးဆောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ပိတောက်ရွှေဝါကဗျာများ၊ ဗေဒါလမ်းကဗျာများ၊ ညီသစ်ဆင်းကဗျာများ၊ ရွှေခေတ်ပုဂံကဗျာများနှင့်အခြားကဗျာများ၊ မဟာဆန်ချင်သူပြဇာတ်နှင့် အခြားပြဇာတ်များ၊ သခင်ကိုယ်တော်မှိုင်းဋီကာ၊ သိန်းနှင့် ကျားဋီကာ၊ ပလေးတိုးနိဒါန်း၊ ရသစာပေအဖွင့်၊ ရသစာပေနိဒါန်း၊ မိုးကြယ်မို့လားနှင့်နိဘယ်ဆုရဝတ္ထုတိုများ၊ လမ်းသစ်နှင့်အခြားဝတ္ထုတိုများ၊ နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ စသည့်စာအုပ်များသည် ဆရာဇော်ဂျီ၏ ထင်ရှားသောလက်ရာများဖြစ်သည်။

'သခင်ကိုယ်တော်မှိုင်းဋီကာ' စာအုပ်ဖြင့် ၁၉၅၅ ခုနှစ်အတွက် စာပေဗိမာန် စာပဒေသာဆု 'နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ' စာအုပ်ဖြင့် ၁၉၇၉ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်စာပေဆု)၊ 'ရွှေခေတ်ပုဂံကဗျာများနှင့် အခြားကဗျာများ' စာအုပ်ဖြင့် ၁၉၈၇ ခုနှစ်အတွက် အမျိုးသားစာပေဆု (ကဗျာဆု) တို့ရခဲ့သည်။

၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် ကွယ်လွန်သည်။

သင်သေသွားသော်ကဗျာတွင် နိုင်ငံနှင့်လူမျိုး၊ ဘာသာစာပေအကျိုးတို့ကိုဆောင်ရွက်သင့်ကြောင်း၊ မိမိသေဆုံးချိန်တွင် မိမိနိုင်ငံနှင့်လူမျိုး၊ ဘာသာစာပေတို့ တိုးတက်ကြီးပွားကျန်နေသင့်ကြောင်း နိုင်ငံသားတစ်ဦး၏တာဝန်ကို တိုက်ရိုက်ပြောဆိုဟန်ဖြင့် ရေးဖွဲ့ထားသည်။

# သင်သေသွားသော်

ပြော် . . . လူပြည်လောက၊ လူ့ဘဝကား
အိုရနာရ၊ သေရဦးမည်
မှန်ပေသည်တည့်။

သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။

သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။

သင်ဦးချ၍၊ အမှုဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်
ညဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက်ကျန်စေသတည်း။

၂၀ ရာစု ဇော်ဂျီ

**စကားဆစ်အဖွင့်**

၁။ သို့တပြီး = ထိုသို့ဖြစ်ပြီးနောက်၊ ထို့နောက်။
၂။ သစ္စာအရောင် = မှန်ကန်သောအသိအမြင်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ အိုခြင်း၊ နာခြင်း၊ သေခြင်းမဖြစ်မီ ကျန်းမာအသက်ရှင်နေစဉ်တွင် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိစာစကား၊ မိမိကိုးကွယ်ရာဘာသာတို့ကို တိုးတက်ကြီးပွားအောင် ဆောင်ရွက်သင့်ပုံ
- ❖ ကဗျာကပေးသော အသိအမြင်
- ❖ နိုင်ငံသားကောင်းတစ်ယောက် လုပ်ဆောင်သင့်သည့်တာဝန်များ
- ❖ ဆရာဇော်ဂျီ၏စေတနာနှင့် ကဗျာအရေးအဖွဲ့တို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ သင်သေသွားသော် ကဗျာကိုဖတ်ရှုပြီး မည်သည့်အသိအမြင် ရရှိသည်ကို သင့်စကားဖြင့်ရေးပါ။

၂။ သင်သေသွားသော် ကဗျာမှ စာဆို၏အရေးအဖွဲ့ စွမ်းရည်ကို လေ့လာတင်ပြပါ။

၃။ သင်သေသွားသော် ကဗျာသည် ရသနှင့်အသိအမြင်တို့တွင် မည်သည်ကိုပိုမိုပေးစွမ်းနိုင်ကြောင်း အကဲဖြတ်ပါ။

၄။ သင်သက်ရှိထင်ရှားရှိချိန်တွင် တိုင်းပြည်၊ လူမျိုးနှင့် ဘာသာစာပေအပေါ် မည်သို့ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ထားသနည်း။ သင့်ဆုံးဖြတ်ချက်ကို တင်ပြဆွေးနွေးပါ။

၅။ သင်သေသွားသော် ကဗျာကိုဖတ်ပြီး ဆရာဇော်ဂျီကို မည်ကဲ့သို့သောပုဂ္ဂိုလ်ဟု ထင်မြင်ယူဆသနည်း။ သင့်ထင်မြင်ယူဆချက်ကို တင်ပြပါ။

လက်ာ

## အလှရှိရာ
### (လွတ်လပ်ရေးခေတ်)



အလှရှိရာ ကဗျာသည် ငွေတာရီ၏ ကဗျာတစ်ပုဒ်ဖြစ်သည်။

ဆရာမငွေတာရီသည် ရန်ကုန်မြို့ဇာတိဖြစ်၍ ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ တနင်္လာနေ့တွင် အဖ ဗြိတိသျှဘားမားရုပ်ရှင်သူဌေး ဦးညွန့်နှင့် အမိ ဒေါ်ချစ်တင်တို့က ဖွားမြင်သည်။ အမည်ရင်းမှာ ဒေါ်ခင်ရီ ဖြစ်သည်။ ငယ်စဉ်က ရန်ကုန်မြို့ မြို့မအမျိုးသမီး အထက်တန်းကျောင်းတွင် ကိုးတန်းအထိ ပညာသင်ခဲ့ပြီး ကျန်းမာရေးမကောင်းသဖြင့် ၁၉၃၉ ခုနှစ်တွင် ကျောင်းထွက်ခဲ့သည်။ မြန်မာစာပေကို အထူးခုံမင်မြတ်နိုးသူတစ်ဦးဖြစ်သဖြင့် ဗိုလ်မှူးဘသောင်း (မောင်သုတ) ထံတွင် ရှေးဟောင်းမြန်မာစာပေကိုလည်းကောင်း၊ မစ္စစ်မန်ရိုးထံတွင် အင်္ဂလိပ်စာပေကိုလည်းကောင်း ဆက်လက်လေ့လာဆည်းပူးခဲ့သည်။

အသက် ၁၂ နှစ်အရွယ် ခုနှစ်တန်းကျောင်းသူဘဝကပင် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့၏ ကဗျာများကို လေ့လာကျက်မှတ်၍ ကဗျာစတင်ရေးစပ်ခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ရန်ကုန်မြို့၊ တာမွေရပ်ကွက်မှ လူငယ်စာပေဝါသနာရှင်တစ်စု ဦးစီးထုတ်ဝေသော 'တက်သစ်' လက်ရေးစာစောင်၌ ကဗျာစတင်ထည့်သွင်းခဲ့သည်။ ထို့နောက်ပိုင်းမှစတင်၍ စာနယ်ဇင်းများတွင် ကဗျာများ ဆက်လက်ရေးသားခဲ့ပါသည်။

၁၉၅၂ ခုနှစ်တွင် ဆရာမင်းယုဝေနှင့် လက်ထပ်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်သို့ ဗြိတိသျှကောင်စီပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံရသည့် ခင်ပွန်းဖြစ်သူနှင့်အတူ အင်္ဂလန်၊ ဟော်လန်၊ ဘယ်လဂျီယံ၊ ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန်နိုင်ငံများသို့ ခရီးလှည့်လည် သွားရောက်ခဲ့သည်။ အင်္ဂလန်နိုင်ငံမှ ပြန်ရောက်ပြီးနောက် ၁၉၅၇ ခုနှစ်တွင် 'အလှရှိရာ'ကဗျာကို ရေးစပ်ခဲ့ခြင်းဖြစ်သည်။

ဆရာမငွေတာရီ၏ ထုတ်ဝေပြီးစာအုပ်များတွင် 'မာလာမြိုင်ကဗျာများ'၊ ခင်ပွန်းဖြစ်သူ မင်းယုဝေနှင့် တွဲဖက်ထုတ်ဝေသော 'ရတနာကဗျာများ'၊ 'ငွေတာရီကဗျာ ၁၀၀'၊ 'ငွေတာရီကဗျာပေါင်းချုပ်'၊ 'မင်ဆေးရည်ပဲ မှုန်သလားနှင့် ကဗျာရှင်ဝတ္ထု'၊ 'ဆုနှင့်အခြားဝတ္ထုတိုများ' စသည်တို့ ပါဝင်သည်။ မင်းယုဝေနှင့် တွဲဖက်၍ 'ကမ္ဘာကျော်အီစွတ်ပုံပြင်များ'ကိုလည်း ဘာသာပြန်ခဲ့သည်။ 'ကမ္ဘာကျော် အီစွတ်ပုံပြင်များ'ဖြင့် ၁၉၅၄ ခုနှစ် 'စာပေဗိမာန်ဘာသာပြန်ဆု'၊ 'ငွေတာရီကဗျာ ၁၀၀'ဖြင့် ၁၉၆၀ ပြည့်နှစ် 'စာပေဗိမာန် ကဗျာဆု'တို့ကို ရရှိခဲ့သည်။

၁၉၅၈ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ဆရာမငွေတာရီ ကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူက ငွေတာရီအထိမ်းအမှတ်အဖြစ် ၁၉၆၀ ပြည့်နှစ်တွင် ငွေတာရီမဂ္ဂဇင်းနှင့် ငွေတာရီစာစဉ်တို့ကို ထုတ်ဝေခဲ့သည်။

အလှရှိရာကဗျာတွင် တစ်ပြည်တစ်ရွာ၊ တိုင်းတစ်ပါး၏ ပြည့်စုံကြွယ်ဝသာယာလှပမှုကို မျှော်ငေးတမ်းတနေမည့်အစား ကိုယ့်မြေကိုယ့်ရေ၏ အလှကိုသိမြင်ခံစားပြီး မြတ်နိုးတွယ်တာစိတ် ဖြစ်ပေါ်လာအောင် ရေးဖွဲ့ထားသည်။

# အလှရှိရာ

အလှရှိရာ၊ သွားချင်ပါဟု
ခါခါမြည်တမ်း၊ သို့ရော်ရမ်း၍
စိတ်ဝမ်းမသာ ရှိသည်တကား။

သူ့ရွာသူ့ပြည်၊ သာလှသည်တည့်
စည်ပင်ချမ်းမြ၊ ဝပြောစွဟု
ကြားရတိုင်းသာ၊ လှမြေရွာသို့
သွားပါလိုမိ၊ နေမထိခဲ့။

ဤယနေ့သော်
ချမ်းမြေကြည်လင်၊ စိတ်ဝယ်ရွှင်တည့်
မြေပြင်ကျယ်ဝင်း၊ လယ်ယာခင်းနှင့်
အင်းအိုင်မြစ်ချောင်း၊ ရှုမညောင်းတည့်
တောင်စောင်းတောင်ထိပ်၊ စေတီရိပ်ဝယ်
ဆွေမိတ်တုစုံ၊ ဖူးရတုံသော်
အာရုံသန့်စင်၊ ကြည်ဘဝင်နှင့်
မိခင်မြေမြ၊ သာလေစွဟု
နှုတ်ကဖန်ဖန်၊ ဆိုမိသံသည်
မိုးယံပွဲတင် ထပ်လိမ့်တည်း။

သူ့ရွာသူ့ပြည်၊ သာမောသည်ဟု
နှုတ်ရည်စကား၊ ဘယ်သို့ကြားလည်း
ငါကား မတုန်လှုပ်ပြီတကား။

၂၀ ရာစု ငွေတာရီ

**ဝေါဟာရအဖွင့်**

၁။ ကြည်ဘဝင် = ကြည်လင်သောစိတ်။

၂။ မြည်တမ်း = ရေရွတ်တမ်းတသည်၊ တောင့်တပြောကြားသည်။

၃။ ရော်ရမ်း = မျှော်မှန်းတမ်းတသည်။

၄။ ရှုမညောင်း = ကြည့်ရှုရ၍မငြီးငွေ့နိုင်။

၅။ ဝပြော = စားရေရိက္ခာ ပေါများကြွယ်ဝသည်။

၆။ သာလေစွ = အလွန်သာယာသည်။

**သင်ခန်းစာဆိုလိုရင်း**

- သူတစ်ပါးပြည်ရွာ၏ ကြွယ်ဝသာယာမှုကို အားကျကာ စိတ်မသက်မသာ ဖြစ်မိသော်လည်း မိမိပြည်ရွာ၏ သာယာလှပမှုကို သိမြင်လာသောအခါ မတုန်လှုပ်တော့ပုံ
- ကဗျာကပေးသော အသိအမြင်
- နိုင်ငံ့သားကောင်းတစ်ယောက် ခံယူအပ်သော သဘောထား
- ဆရာမငွေတာရီ၏စေတနာနှင့် ကဗျာအရေးအဖွဲ့တို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ အလှရှိရာ ကဗျာကိုဖတ်ရှုပြီး သင်၏စိတ်တွင် မည်သို့ဖြစ်ပေါ်ခံစားရသည်ကို သင့်စကားဖြင့် ရေးသား တင်ပြပါ။

၂။ အလှရှိရာ ကဗျာမှ စာဆို၏စေတနာကို သုံးသပ်ပါ။

၃။ ကဗျာစာဆိုသည် ကိုယ့်ရွာကိုယ့်ပြည်၏အလှကို မည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၄။ ရုပ်မြင်သံကြားတွင် သင်တွေ့ဖူးသော သို့မဟုတ် စာများတွင် သင်ဖတ်ဖူးသော သို့မဟုတ် သင်ကိုယ်တိုင် ရောက်ဖူးသော တိုင်းတစ်ပါးနိုင်ငံ၏အလှနှင့် မြန်မာနိုင်ငံ၏အလှကို နှိုင်းယှဉ်ဆွေးနွေးပါ။

၅။ အလှရှိရာကဗျာနှင့် သင်သေသွားသော်ကဗျာတို့မှ နိုင်ငံ့သားကောင်းတစ်ယောက်၏ မိမိတိုင်းပြည်အပေါ် တွင် ထားရှိသင့်သော သဘောထားကို တင်ပြပါ။

**အချိုး**

## ဂျိန်းဖော့ပွဲတော်

### (လွတ်လပ်ရေးခေတ်)



ဂျိန်းဖော့ပွဲတော် ကဗျာသည် မျိုးမြင့်ဆွေ၏ ကဗျာတစ်ပုဒ် ဖြစ်သည်။

ဆရာမျိုးမြင့်ဆွေကို အဖ ကျောင်းဆရာဦးအေးမောင်နှင့် အမိ ဒေါ်လေးငွေတို့က ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ မန်ကျည်းတောကျေးရွာတွင် ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ ဦးမြသောင်းဖြစ်သည်။

၁၉၅၅ ခုနှစ်မှစ၍ မန္တလေးထုတ် ဗဟိုစည်၊ မန္တလေးသူရိယ၊ နဂါးနီ၊ မြတ်ရတနာ၊ ပန်တော်ဆက် စသည်တို့နှင့် ရန်ကုန်ထုတ် မြဝတီ၊ သွေးသောက်၊ ငွေတာရီ၊ သင့်ဘဝ စသည့် စာနယ်ဇင်းများတွင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာများကို ရေးသားခဲ့သည်။ 'မိုးသောက်ယံကဗျာများ'၊ 'အလင်းခေတ်ကဗျာများ'၊ 'လူသားဝန်းကျင်ကဗျာများ'မှာ ထင်ရှားသည်။

၁၉၅၉ ခုနှစ် 'မြတ်မွန်ရတနာမဂ္ဂဇင်း'စာပေပြိုင်ပွဲတွင် 'ရွှေမန်းတောင်တော်'ကဗျာဖြင့် ပထမဆု၊ ၁၉၆၂ ခုနှစ် အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း စာဆိုတော်နေ့စာပေပြိုင်ပွဲတွင် 'နိုင်ငံတော်သစ်ဆီသို့' ကဗျာဖြင့် ဒုတိယဆု၊ ၁၉၆၄ ခုနှစ် ခေတ်သစ်စာမျက်နှာ (?) — 

ဆရာမျိုးမြင့်ဆွေသည် တေးသီချင်းများစွာကိုလည်း ရေးစပ်ခဲ့ရာ ရုပ်ရှင်တေးများတွင် 'စေလိုရာစေ' ရုပ်ရှင်ဇာတ်ကားမှ 'ကျောက်ခဲ' နှင့် 'သဇင်' သီချင်း၊ 'နုနုငယ်ငယ်' ရုပ်ရှင်မှ 'ဂျိန်းဖော့ပွဲတော်' သီချင်းတို့မှာ အထူးအောင်မြင်ကျော်ကြားခဲ့သည်။ ကွယ်လွန်ချိန်အထိ ဆောင်းပါး၊ ဝတ္ထုတိုပေါင်း ၁၅၀ကျော်၊ ကဗျာပုဒ်ရေ ၅၀၀ ကျော်နှင့် သီချင်းပေါင်း ၂၅၀ ကျော် ရေးသားခဲ့သည်။ ပန်းချီကို ဝါသနာထုံခဲ့ရာ ကွယ်လွန်သည့်အချိန်အထိ ပန်းချီကားပေါင်း ၇၀၀ ကျော် ရေးဆွဲခဲ့သည်။ ပန်းချီပညာဖြင့်လည်း အသက်မွေးဝမ်းကျောင်းပြုခဲ့သူဖြစ်သည်။ ၁၉၈၂ ခုနှစ် ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း နှစ် ၅၀ မြောက်အထိမ်းအမှတ် ကမ္ဘာ့ပန်းချီပြိုင်ပွဲတွင် ပန်းချီကားရေးဆွဲယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိခဲ့သည်။

၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

ဂျိန်းဖော့ပွဲတော် ကဗျာတွင် ဂျိန်းဖော့တိုင်းရင်းသားတို့၏ မိုးရာမလေ့ပွဲတော်တစ်ခုအကြောင်းကို ပျော်ရွှင်ဖွယ် ရေးဖွဲ့ထားသည်။

## ဂျိန်းဖော့ပွဲတော်

ဟိုရှေ့ကဆူဆူညံ၊ ဘာသံလို့မေး ...။
'နမ်ပန်ခယင်' အိုးစည်ဗိုင်းနဲ့
မားသိုင်းတဲ့လေး။

ရှေ့ပိုင်းက ခေါင်းပေါင်းဖြူ ဘယ်သူလဲမေး ...။
'အကီဝါ' 'ဆလန်' များနဲ့
'ဒူဝါ' တဲ့လေး။

အပန်းငဲ့ပြေစရာ၊ ဘယ်ဟာလဲတွေး ...။
တောင်ခြေမှာ ခေါင်ရည်အိုးပေါ်
မှီးရာကွဲ့လေး။ ။

မီးပုံကြီး ပတ်ပတ်ရဲ၊ ဟန်ညီလှသေး ...။
ဘယ်ယိုင်ကာ ညာနင်းမယ်
မင်း လိုက်ခဲ့လေး။ ။

'လော့ခူး'ဆို ခေါင်တစ်ကျိုက်
တစ်ရှိက်လောက် စုပ်ကာယူ
ဂျိန်းဖော့မျိုး နံ့သာတုံး၊ ရွှံ့လိမ့်မြို့သူ
ပြွေနက်က ကျူ လူသံက ဝေး လေး လေး ...။

ခေါင်တန်နိုးပေထင့်
မညှိုးပေါင် တခုန်ခုန်ပ
နေအရှက် အောင်လံစိုက်စေတော့
ဆွေအစုံ တောင်ယံတစ်ဝိုက်မှာ
'ခေါင်မ -ရေ' . . . က လိုက်ချည်သေး ...။ ။

၂၀ ရာစု မျိုးမြင့်ဆွေ

**စကားဆစ်အဖွင့်**

၁။ ခေါင်ရည် = ကောက်ညှင်းကို ပွဲကြမ်းနှင့်ရောစပ်ပေါင်းချက်ကာ ကစော်ဖောက်ထားသော သောက်စရာအရည်တစ်မျိုး။

၂။ ဆလန် [ဆလန်ဝါ (Salang Wa)] = လူကြီးမင်း၊ လေးစားထိုက်သောသူ။

၃။ ဒူဝါ (Duwa) = အကြီးအကဲ၊ ဒေသအကြီးအကဲ၊ မျိုးနွယ်အကြီးအကဲ။

၄။ ဒေါင်မ [ဒါမ (Dauma, Dama)] = သားမက်မျိုးအား လေးစားသဖြင့် ခေါ်ဆိုသောအမည်။

၅။ နမ်ပန်ခယင် (Nampan Hkyeng) = ပန်းအနီ၊ ပန်းဖွားအနီ။

၆။ လော့ခူး [လောင်ခူး (Lauhku)] = ခေါင်ရည်။

၇။ အကီဝါ [အကျီဝါ (Agyi Wa)] = ကျေးရွာ၊ ရပ်ရွာအား အုပ်ချုပ်စီမံခွင့်ရသူ၊ လူထုက တင်မြှောက်ထားသူ သို့မဟုတ် သက်ဆိုင်ရာအစိုးရက အသိအမှတ်ပြုခန့်ထားခြင်းခံရသူ။

**သင်ခန်းစာဆိုလိုရင်း**

- ❖ ဂျိန်းဖော့တိုင်းရင်းသားတို့၏ ရိုးရာမလေ့ပွဲတော်တစ်ခု ပျော်ရွှင်စွာကျင်းပနေပုံကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ထားပုံ
- ❖ ကဗျာကပေးသော ခံစားမှု
- ❖ ဆရာမျိုးမြင့်ဆွေ၏ ကဗျာအရေးအဖွဲ့တို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ ဂျိန်းဖော့ပွဲတော်ကဗျာကို ဖတ်ရှုခြင်းဖြင့် သင်၏စိတ်တွင်မည်သို့ဖြစ်ပေါ်ခံစားရသည်ကို သင့်စကားဖြင့် ရေးပါ။

၂။ ဂျိန်းဖော့ပွဲတော်ကဗျာကို ဖတ်ရှုခြင်းဖြင့် ဂျိန်းဖော့ဘာသာစကားကို မည်သို့လေ့လာခွင့်ရသနည်း။

၃။ ဂျိန်းဖော့ပွဲတော်ကဗျာတွင် စာဆိုက ဂျိန်းဖော့တိုင်းရင်းသားတို့၏ပွဲတော်ကို မည်သို့သရုပ်ဖော် ရေးဖွဲ့ထားသနည်း။

၄။ "မီးပုံကြီး ပတ်ပတ်ရံ ဟန်ညီလှသေး၊ ဘယ်ယိုင်ကာ ညာနင်းမယ် "ဟူသည့်ကဗျာအဖွဲ့ကို စကားပြေအဖွဲ့ဖြင့် နှစ်သက်ဖွယ်ကောင်းအောင် သရုပ်ဖော်ရေးသားတင်ပြပါ။

၅။ သင်သိသောတိုင်းရင်းသားလူမျိုးတစ်မျိုး၏ ပွဲတော်အကြောင်းကို စိတ်ဝင်စားဖွယ် ရေးသားတင်ပြပါ။

# အခန်း - ၃
# မြန်မာပြဇာတ်ရွေးချယ်ချက်

## စင်တင်ပြဇာတ်

## မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ်
### (လွတ်လပ်ရေးခေတ်)

ခေတ်စမ်းစာပေလှုပ်ရှားမှုကို ဦးဆောင်သူများထဲမှ တစ်ဦးဖြစ်သည့် ဆရာဇော်ဂျီသည် ကဗျာ၊ ဝတ္ထုတို၊ ပြဇာတ်၊ စာပေယဉ်ကျေးမှုဆောင်းပါး၊ စာပေဝေဖန်ရေးနှင့် ဆောင်းပါးများစွာကို ရေးသားခဲ့သူဖြစ်သည်။

ဆရာဇော်ဂျီသည် မဟာဆန်ချင်သူပြဇာတ်၊ အခမ္မမင်္ဂလာပြဇာတ်၊ စိန်တစ်လုံးပြဇာတ်ဟူသည့် ဘာသာပြန် မြန်မာမှုပြုထားသော ပြဇာတ်များ၊ သဏ္ဍာလပြဇာတ်ဟူသည့် မူရင်းသက္ကတကို အင်္ဂလိပ်ဘာသာမှ တိုက်ရိုက်ပြန်ဆိုသောပြဇာတ်၊ ရွှေမောင်းသံပြဇာတ်၊ အောင်လံတော်ပြဇာတ်၊ ရသေ့ဂူပြဇာတ်၊ မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ်ဟူသည့် ပင်ကိုရေးပြဇာတ်များ ရေးသားခဲ့သည်။ ထိုပြဇာတ်များသည် စင်တင်ကပြခဲ့သော ပြဇာတ်များဖြစ်သည်။ ထူးခြားချက်မှာ ထိုပြဇာတ်များအနက် အောင်လံတော်ပြဇာတ်မှာ ရေးပြီးမှ ကပြခြင်းမဟုတ်ဘဲ ကပြပြီးမှပြန်၍ ရေးသားခဲ့ခြင်းဖြစ်သည်။

မဲဇာတောင်ခြေရတုသရုပ်ဖော်ပြဇာတ်မှာမူ ရတနာသိင်္ယကုန်းဘောင်နေပြည်တော် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် ထင်ရှားကျော်ကြားခဲ့သော စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး၏ ဘဝတစ်စိတ်တစ်ဒေသနှင့် မဲဇာတောင်ခြေရတုဖြစ်ပေါ်လာပုံကို အခန်း ၄ ခန်းခွဲကာ ရေးသားထားခြင်းဖြစ်သည်။ ဇာတ်လမ်းဇာတ်ကွက် အစီအစဉ်ကောင်းမွန်သကဲ့သို့ ဇာတ်ဆောင်များ၏ စရိုက်သဘာဝများကို ပေါ်လွင်အောင် သရုပ်ဖော်ထားနိုင်သည်ကို တွေ့ရပါသည်။ ထို့ပြင် စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး၏ ရတုအရေးအဖွဲ့ ခွမ်းရည်နှင့် မဲဇာတောင်ခြေရတု၏ စာပေဂုဏ်ရည်ကို ပေါ်လွင်စေသော ပြဇာတ်ကောင်းတစ်ပုဒ်လည်းဖြစ်သည်။

ဤပြဇာတ်ကို ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ကဇာတ်ဌာနခွဲ၊ ယဉ်ကျေးမှု လေဟာပြင်ဇာတ်ရုံ၌ ၁၉၈၀ပြည့်နှစ် စာဆိုတော်နေ့ ညဦးယံအချိန် အမျိုးသားစာပေဆုပေးပွဲကြီး၌ တာဝန်ရှိပုဂ္ဂိုလ်များက ဆုရသူများကို ဆုချီးမြှင့်ပြီးနောက် ကဇာတ်ဌာနခွဲများမှ ပညာသည်များက ကပြဖျော်ဖြေခဲ့သည်။ ပြဇာတ်စာသားကို ၁၉၈၂ ခုနှစ် မတ်လထုတ် စာပေလုပ်သားမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ ဤပြဇာတ်ကို လက်ဝဲသုန္ဒရအမတ်ကြီး၏ အတ္ထုပ္ပတ္တိနှင့်လည်းကောင်း၊ မဲဇာတောင်ခြေရတုနှင့်လည်းကောင်း ဆက်စပ်လေ့လာနိုင်သည်။

# မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ်

**ဇာတ်ဆောင်သူများ**

လက်ဝဲသုန္ဒရ
မိခွဲ (လက်ဝဲသုန္ဒရ၏ ဇနီးသည်)
အောင်တင် (အမြင့်မင်းသားအိမ်တော်မှ လူယုံတော်)
မိမိတ် (နန်းတွင်းအပျိုတော်)
မိဥ (မိခွဲ၏ ဇနီးဖော်)
ဖိုးဆင် (သစ်တောင်ဦးစီး)
ဖိုးလုံး (ဖိုးဆင်၏ဖခင်)
နန်းမြို့တော် အနောက်ဝန်
အနောက်ရုံး သွေးသောက်ကြီး
အနောက်ရုံး ကင်းအမှုထမ်း ၄ ဦး
ဆင်ဖြူရှင်မင်းတရား
မင်းတရား၏ နန်းမတော်မိဖုရား
မင်းတရား၏မယ်တော်
မယ်တော်၏ အပျိုတော် ၃ ဦး
မင်းချင်း ၅ ဦး

## အခန်း – ၁

## အောင်တင်နှင့် မိမိတ်တို့ တွေ့ကြခန်း

နေရာ ။ ။ ရတနာသိင်္ယ ရွှေဘိုနန်းမြို့တော် သစ်တပ်အနီး

အချိန် ။ ။ ညနေစောင်း

(ဆိုင်းက ခွတ်တီးစေ၊ မိမိတ်ထွက်လာစေ၊ ဇာတ်ခုံအနောက်ပိုင်းရှိ သစ်တပ်သို့ရောက်စေ၊ ထိုင်စောင့်စေ၊ တစ်အောင့်ကြာသော် အောင်တင်ထွက်စေ၊ မိမိတ်ဆီသို့ ရောက်လာစေ၊ ခြေဟန်လက်ဟန်ဖြင့် စကားပြောနေကြစေ၊ တစ်အောင့်ကြာသော် အနောက်ရုံးသွေးသောက်ကြီး ဓားထမ်းလျက် ကင်းအမှုထမ်း လေးဦး လှံကိုင်လျက် ဇာတ်ခုံအရှေ့ပိုင်းသို့ ထွက်လာကြစေ၊)

သွေးသောက်ကြီး ။ ။ (ခပ်တိုးတိုး) ဟဲ့ . . . ဟိုမှာကြည့်စမ်း၊ ဘယ်သူတွေတုံး၊

ကင်းအမှုထမ်း ။ ။ (လှမ်းကြည့်) ဟိုက် . . . မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ပါလား၊
(ထို့နောက် လက်ဟန်ခြေဟန်ပြ၍ အချင်းချင်း ခပ်တိုးတိုးပြော)

သွေးသောက်ကြီး ။ ။ (သေသေချာချာကြည့်စေ) ကြည့်စမ်း . . .။ စော်စော်ကားကား၊ လာ . . . မင်းတို့ သုံးဦးက ဒီဘက်ကလိုက်ဖမ်း၊ မင်းက ဟိုဘက်က လိုက်ဖမ်းစမ်း၊

(ဆိုင်းက ဗိန်းဗောင်းတီးစေ၊ လိုက်ဖမ်းကြစေ၊ အမှုထမ်းသုံးဦးက ယောက်ျားကိုလိုက်ဖမ်းရင်း ဝင်ကြစေ၊ အမှုထမ်းတစ်ဦးက မိမိတ်ကိုဖမ်းမိ၍ သွေးသောက်ထံ ခေါ်လာစေ၊)

သွေးသောက်ကြီး ။ ။ ကြည့်စမ်း၊ လက်စသတ်တော့ မိမိတ်ပါလား၊ မိုက်ပါဘိ မိမိတ်ရယ်၊ နန်းတော်ကြီးက အပျိုတော်လဲဆိုရဲ့၊ နန်းတွင်းစည်းကမ်းကို နင်ဖောက်ရသလား၊ နင် တယ်မိုက်ပါလား၊

မိမိတ် ။ ။ ကြောက်ပါပြီ သွေးသောက်မင်းရဲ့၊ အသက် ချမ်းသာပေးတော်မူပါ သွေးသောက်မင်းရဲ့၊ ကြောက်လှပါပြီတော့်၊ သွေးသောက်မင်းရဲ့၊

သွေးသောက်ကြီး ။ ။ သယ် . . . ကြောက်လှပါပြီပြောရုံနဲ့ ဘယ်ပြီးမှာလဲ၊ နင်နဲ့စကားပြောတဲ့ အကောင်ဟာ ဘယ်သူလဲ၊ ပြော . . . အခု ချက်ချင်းပြော၊

မိမိတ် ။ ။ (ဦးသုံးကြိမ်ချလျက်) ကြောက်ပါပြီ သွေးသောက်မင်းရဲ့၊

သွေးသောက်ကြီး ။ ။ ဘာကြောက်ပါပြီလဲ၊ နင်နဲ့ စကားပြောတဲ့ အကောင်ဟာ ဘယ်သူလဲ၊ မှန်မှန်ပြော၊ မပြောရင် နင့်လည်ပင်းကို ဟောဒီဓားနဲ့ ကလိလိုက်မယ်၊

မိမိတ် ။ ။ (ငိုလျက်) ဟီး . . . ဟီး၊ ပြောပါ့မယ်တော့်၊ ဟီး . . . ဟီး . . .၊

သွေးသောက်ကြီး ။ ။ ပြော . . .၊ အခုပြော၊ ကဲ ဟယ်၊ (ဓားပြားနှင့် ရိုက်လိုက်စေ၊)

မိမိတ် ။ ။ အမယ်လေး၊ အောင်တင်ပါတော့်၊ အောင်တင်ပါ သွေးသောက်မင်းရဲ့၊

သွေးသောက်ကြီး ။ ။ အောင်တင်၊ ဘယ်က အောင်တင်လဲ၊ အမြင့်မင်းသားအိမ်တော်က လူပျိုတော်သား အောင်တင်လား၊

မိမိတ် ။ ။ ဟုတ် . . . ဟုတ် ဟုတ်ပါတယ်တော့်၊ ဟီး . . . ဟီး . . . ဟီး . . .၊

သွေးသောက်ကြီး ။ ။ ကိုင်း-ကောင်းကြရောပေါ့ကွာ၊ အောင်တင်ဆိုတဲ့အကောင်ဟာ အမြင့်မင်းသား အိမ်တော်က လူပျိုတော်သားလဲဆိုရဲ့၊ နန်းတွင်းစည်းကမ်းကို ဖောက်ရသလား၊ နင်တို့အမှုဟာ အမှိုက်ကစ ပြာသာဒ်မီးလောင်တော့မှာပဲ၊ အောင်တင်ကို ဖမ်းမိရင်တော်ရဲ့၊ မမိရင် လူပျိုတော်သားတွေကို ကွပ်ကဲဆုံးမနေရတဲ့ အကြီးတော်မင်း လက်ဝဲသုန္ဒရအမတ်ဟာ ဒုက္ခတွေ့တော့မှာပဲ၊ ဟေ့ . . . ကျီးညို၊ မိမိတ်ကို အနောက်ရုံး အချုပ်ခန်းကိုခေါ်သွား၊ ငါလဲ အနောက်ဝန်ဆီကို ကိုယ်တိုင်သွားပြောမယ်၊ (ဝင်ကြစေ၊)

**ကားလိပ်ချ**

◆ ❖ ❖ ◆

## အခန်း - ၂

## လက်ဝဲသုန္ဒရအမတ်ကို မဲစာသို့ပို့ခန်း

နေရာ ။ ။ ကျောက်မြောင်းမြစ်ဆိပ်တမ်း

အချိန် ။ ။ မိုးသောက်ချိန်

(လက်ဝဲသုန္ဒရ၏ ဇနီးအိမ်သူမယ်စွဲ၏ အိမ်ဖော်မိဥ ထွက်လာစေ၊ လက်၌ အထုပ်ငယ်တစ်ထုပ် ပါလာစေ၊ မြစ်ဆိပ်တမ်းထိပ်ပေါ်မှာ ထိုင်စောင့်နေစေ၊)

ဖိုးလုံး ။ ။ (တစ်အောင့်ကြာသောအခါ ဘကြီးဖိုးလုံးဆိုသူ ကမျာကယာ ထွက်လာစေ၊ မိဥကို မြင်စေ၊) ဟဲ့ . . . ညည်း မယ်စွဲအိမ်က မိဥ မဟုတ်လား၊

မိဥ ။ ။ ဟောတော့် ဘကြီးဖိုးလုံးပါလား၊

ဖိုးလုံး ။ ။ ညည်း ဒီမှာ ဘာလာလုပ်တာလဲ၊ ညည်း တစ်ယောက်တည်းလား၊

မိဥ ။ ။ ခွေးလေး ပါပါတယ်၊ ကျောက်မြောင်းဈေးကို ခဏဝင်နေလို့ပါ၊ ဘကြီးဖိုးလုံးလဲ ဘာလာလုပ်တာတုံးတော့်၊ ထိုင်ပါအုံးလေ၊

ဖိုးလုံး ။ ။ (ထိုင်စေ) စဥ့်ကူးဘက်က ငါကူးလာတာဟ၊ စဥ့်ကူးကို ငါရောက်နေတာ ဆယ်ရက် လောက်ရှိပြီ၊ မလည်ကိုတက်မဲ့ လှေကြုံကို လာစောင့်မလို့ဟ၊ ငါ့သားဖိုးဆင်က ခု မလည်မှာရှိတယ်၊ သူကသစ်ဖောင်ဦးစီးလေ၊ သုံးရက်လေးရက်အတွင်းမှာ မဲဇာ သစ်တောကို သူတို့သွားကြမယ်တဲ့၊ ဒီနေ့မနက် ကျောက်မြောင်းဆိပ်ကို မလည် လှေကြုံလာလိမ့်မယ်တဲ့၊ အဲ့ဒီလှေကြုံနဲ့ အဘ လိုက်ခဲ့ပါတဲ့၊ သူက စာရေးပြီးမှာ တယ်၊ ဒါကြောင့်မို့လို့ ဒီကို ငါရောက်လာတာပေါ့ဟ၊ ညည်း အခု ဘယ်ကလာ တာလဲ၊ မန်ကျည်းတုံကလား၊ ရွှေဘိုကလား၊

မိဥ ။ ။ ရွှေဘိုက လာခဲ့တာတော့်၊ မနေ့ညနေက ကျောက်မြောင်းကို ရောက်တယ်လေ၊ ဒီကို ရောက်လာတာကတော့ . . . ၊

ဖိုးလုံး ။ ။ (မိဥ အနီးသို့ ချဉ်းလာစေ၊) နေစမ်းပါအုံး၊ သောင်စပ်မှာ ငါ လှေတစ်စင်း တွေ့ ခဲ့တယ်၊ ငါလိုက်ရမဲ့ မလည်လှေကြုံမှတ်လို့ အနားကို အသွား . . . လား လား၊ ဓားကိုယ်စီနဲ့ ကင်းအမှုထမ်းနှစ်ယောက်က ငါ့ကိုမောင်းလွှတ်တယ်ဟ၊ ဒါကြောင့် ငါကမျာကယာ ပြေးတက်လာရတာ၊ ညည်းက ငါ့အလျင်ရောက်နေတော့ ညည်း သိမှာပေါ့၊

မိဥ ။ သိတာပေါ့ ဘကြီးဖိုးလုံးရဲ့၊ ဘကြီးဖိုးလုံးတို့ မိဥတို့ မန်ကျည်းတုံရွာသား ကိစ္စပေါ့။ အရင်တုန်းကတော့ အမြင့်မင်းသားရဲ့အိမ်တော်က အကြီးတော် လက်ဝဲသုန္ဒရ၊ အခုတော့ 'ငမြတ်စံ' တဲ့တော့၊ ရာဇဝတ်ကောင် ဖြစ်နေပြီတော့။ (မျက်ရည်သုတ်စေ)

ဖိုးလုံး ။ ဟယ် . . . ကိုရင်ကြီးမြတ်စံ မင်းမျက်သင့်တယ်၊ ဒီလိုဆို မယ်ရွှေတို့ သားအမိလဲ ဒုက္ခပေါ့။ တန်တော့၊ တန်တော့ ငအောင်တင်တို့၊ မိမိတ်တို့ အမှုပတ်လာလို့ ဖြစ်မှာပဲ၊ မန်ကျည်းတုံမှာတုန်းက သူတို့အကြောင်းကို ငါကြားလိုက်ရတယ်ဟ။

မိဥ ။ ဒီအမှုကြောင့် ဘကြီးဖိုးလုံးရဲ့၊ ကိုရင်ကြီးမြတ်စံဟာ အောင်တင်ရဲ့ အကြီးတော် မဟုတ်လား၊ ဒီတော့ အောင်တင်ကို အကြီးတော်က ဖမ်းပေးရမယ်လို့ အမိန့်ထုတ်တယ်၊ ကိုရင်ကြီးမြတ်စံဟာ ကြိုးစားပြီးရှာပါတယ် ဘကြီးဖိုးလုံးရယ်၊ ဒါပေမဲ့ ရှာလို့မရဘူးတော့၊ မမိဘူးတော့။

ဖိုးလုံး ။ အဲဒီတော့ ကိုရင်ကြီးမြတ်စံကို သတ်စေလို့ အမိန့်ချလိုက်ရောလား။

မိဥ ။ မသတ်ပါဘူးတော်၊ လက်ဝဲသုန္ဒရအမတ် အပြစ်ရတော့မယ်လို့ သတင်းထွက်လာတော့ မမရွှေလေ၊ ဘကြီးဖိုးလုံးသိမှာပေါ့။

ဖိုးလုံး ။ သိတာပေါ့ဟ၊ ကိုရင်ကြီးမြတ်စံရဲ့ မိန်းမပဲဟာ၊ ငါ သိတာပေါ့။

မိဥ ။ ဒီတော့ မမရွှေက မင်းတရားကလေးရဲ့ မယ်တော်ဘုရားထံဝင်ပြီး အသနားခံရှာတယ်၊ (မျက်ရည်သုတ်စေ၊) အမိန့်တော်မှတ်စဉ်က ငမြတ်စံရဲ့နဖူးမှာ စာတန်းထိုးစေတဲ့၊ ဒီတော့ မယ်တော်ဘုရားက ငမြတ်စံဟာ တစ်သက်လုံး လူဖြစ်ရှုံးပါလိမ့်မယ်၊ စာတန်းတော့ မထိုးပါနဲ့လို့ မယ်တော်ဘုရားက မင်းတရားကလေးကို မေတ္တာရပ်ရှာတယ်၊ ဒီတော့မှ ငမြတ်စံကို မဲဇာပို့စေလို့ အမိန့်ချပြီး မျက်နှာတော်လွှဲသွားသတဲ့ ဘကြီးဖိုးလုံးရဲ့၊ (မျက်ရည်သုတ်စေ၊)

ဖိုးလုံး ။ ဟယ် . . . ဒါက ပိုဆိုးနေပါပကော၊ သူ့ သားမယားနဲ့ ရှင်ကွဲ ကွဲကုန်ကြပြီပေါ့။

မိဥ ။ နေအုံးတော့၊ မယ်တော်ဘုရားက အမြော်အမြင်ကြီးပါတယ်၊ ကိုရင်ကြီး မြတ်စံဟာ လက်ဝဲသုန္ဒရဘွဲ့ မရခင်ကတည်းက စာဆိုကောင်းဖြစ်မှန်း မယ်တော်ဘုရား သိတော်မူတယ်တဲ့၊ သတိလဲ ရတော်မူတယ်တဲ့၊ သူ့ကြင်ဖက်တော်အလောင်းမင်းတရားကြီးရဲ့ နန်းသိမ်းပွဲမှာရော၊ သကြိန်ခေါ်တဲ့ပွဲမှာရော ကိုရင်ကြီးမြတ်စံဟာ မင်္ဂလာရတုပိုဒ်စုံတွေကို ဆက်သွင်းခဲ့ဖူးတယ်တဲ့၊ ဒီရတုတွေကို မယ်တော်ဘုရားက အလွန်နှစ်ခြိုက်တော်မူခဲ့တယ်တဲ့၊ ဒီတော့ မယ်တော်ဘုရားက ကိုရင်ကြီးမြတ်စံဟာ စာရေးပြီ ရေးရမယ်တဲ့၊ တစ်နေ့နေ့မှာ သူ့စာသစ် ကဗျာသစ်ဟာ သူ့အသက်ကို

ကယ်လိမ့်မယ်တဲ့။ မယ်တော်ဘုရားက ဒီလိုမိန့်ရှာတယ်။ ဒါကြောင့်မို့လို့ မယ်တော်ဘုရားက ဟဲ့ . . . မိစွဲ ခြေတိစံရှိရာ မဲဇာကို ပုရပိုက်နဲ့ ကံ့ကူဆံ ပို့ဖြစ်အောင် ပို့ဟဲ့လို့ မမစွဲကို သတိပေးတယ်။ ကိုရင်ကြီးမြတ်စံဟာ တစ်နေ့နေ့မှာ အိမ်ကိုပြန်လာခွင့်ရလိမ့်မယ်လို့ ထင်တာပဲတော့။

ဖိုးလုံး ။ ။ အေးဟယ်။ ညည်း ထင်တဲ့အတိုင်းပဲ ဖြစ်ပါစေလို့ ငါလဲ ဆုတောင်းပါ့မယ်ဟယ်။

မိဥ ။ ။ အခု မိဥ ဒီမှာရောက်နေတာဟာ ဒီကိစ္စကို ဆောင်ရွက်ပေးဖို့ မမစွဲက လွှတ်လိုက်လို့ပေါ့။ ဒီအထုပ်ဟာ ပုရပိုက်နဲ့ ကံ့ကူဆံထုပ်ပေါ့။ ဒီမနက်မှာ ကိုရင်ကြီး မြတ်စံဟာ ဒီကျောက်မြောင်းဆိပ်ကို ရောက်လာလိမ့်မယ်။ အခုနက ဘကြီးဖိုးလုံးတွေ့ခဲ့တဲ့ လေ့နဲ့ ကင်းအမှုထမ်းတွေဟာ ကိုရင်ကြီးမြတ်စံကို မဲဇာပို့ကြမဲ့ လူတွေပဲတော့။

ဖိုးလုံး ။ ။ ဩော် . . . ကိုရင်ကြီးမြတ်စံ ဒုက္ခ၊ ဒုက္ခ။ (ထိုအခိုက်အတွင်းမှ မောင်းသံ နှစ်ချက်မြည်စေ။ လက်ဝဲသုန္ဓရအမတ် ထွက်လာစေ။ သူ့ရှေ့က မင်းချင်းတစ်ယောက်၊ သူ့နောက်က မင်းချင်းလေးယောက် လှံကိုင်လျက် ပါလာကြစေ။) ဟော . . . ဟော လာကြပဟ။ လာကြပဟ။

မိဥ ။ ။ (ပုရပိုက်ထုပ်ကို ကောက်ကိုင်စေ။) မြန်မြန်ပြေးပေးမှပဲ။ (လက်ဝဲသုန္ဓရဆီသို့ ပြေးသွားစေ။ ထိုအခါ လှံကိုင်တစ်ဦးက မိဥကို လှံဖြင့်ချိန်၍ မောင်းလွှတ်စေ။ လက်ဝဲသုန္ဓရသည် အံ့အားသင့်၍ ရပ်တော့မည်ပြုရာ နောက်ကလှံကိုင်နှစ်ဦးက လှံဖြင့်ချိန်လိုက်သဖြင့် လျှောက်မြဲလျှောက်သွားစေ။ ယင်းတို့ ကွယ်သွားကြသော အခါ မိဥမှ မတ်တတ်ရပ်ကာ ငေးလျက်ကျန်ခဲ့စေ။)

ဖိုးလုံး ။ ။ ဟဲ့ . . . မိဥ၊ လာလေ။ ပြန်လာလေ။ ဘာငေးနေတာလဲ။

မိဥ ။ ။ (ပြန်လာစေ) တစ်ခါတော့ ခက်ကြပေါ့ ဘကြီးဖိုးလုံးရဲ့။ မိဥတော့ သေလိုက်ချင်တာပဲ။ မမစွဲကို ဘယ်လိုလုပ်ပြီးပြောရမှာလဲ ဘကြီးဖိုးလုံးရဲ့။

ဖိုးလုံး ။ ။ (ခေါင်းကို တစ်ချက်လောက်ကုတ်စေ။) ဟဲ့ နေအုံးဟဲ့။ ချက်ချင်းဆိုသလို ငါအကြံတစ်ခုရလာတယ်ဟ။ မခက်ပါဘူး တူမကြီးရာ။ ပုရပိုက်နဲ့ ကံ့ကူဆံထုပ်ကို ငါ ပို့လိုက်နိုင်ပါတယ်။ မလည်လှေကြုံရောက်ရင် ငါမလည်ကိုတက်မယ်။ မဲဇာကို သွားမဲ့ ငါ့သား ဖိုးဆင်နဲ့ပါးလိုက်မယ်ဟာ။ ဒီလိုဆို ဒီအထုပ်ဟာ ကိုရင်မြတ်စံဆီရောက်မှာပါ။ ငါ့သားဖိုးဆင်ကို ညည်းသိတယ် မဟုတ်လား။

မိဥ ။ ။ ဖိုးဆင်လား။ သိတော့ သိပါတယ်။ ဒါပေမဲ့ လူကလေးကို အားကိုးလို့ရပ့ါမလား ဘကြီးဖိုးလုံးရဲ့။

ဖိုးလုံး ။ ။ အံမယ်၊ အားကိုးလို့ ရပါတယ်ဟ၊ စိတ်ချ စိတ်ချ၊ ငါ့သားက သစ်ဖောင်ဦးစီး လုပ်နေပေမဲ့ စာတို့ကဗျာတို့မှာ ဝါသနာပါသဟ၊ ကိုရင်ကြီးမြတ်စံဟာ သာမဏေ ဘဝတုန်းက မယောဟ်ပျို့ကို ရေးခဲ့တယ်မဟုတ်လား၊ ဒီမယောဟ်ပျို့ကို သူ အကုန် အလွတ်ရတယ်ဟ၊ မယောဟ်ပျို့အကြောင်းသာ ပြောရမယ်ဆိုရင် ငါ့သားဖိုးဆင် ဟာ ထမင်းမေ့ဟင်းမေ့ဟ၊ သူက ကိုရင်ကြီးမြတ်စံကို တွေ့ချင်နေတဲ့အကောင်၊ မဲဇာမှာ ကိုရင်ကြီးမြတ်စံကို သူမတွေ့ရင် တွေ့အောင်ရှာမဲ့ အကောင်ပဲ၊ မိဥ စိတ်ချ၊ စိတ်ချ၊ နေအုံးဟ၊ ကိုရင်ကြီးမြတ်စံဟာ မန်ကျည်းတုံ ရွှေဘုံသာကျောင်းမှာ သာမဏေဘဝနဲ့ စာသင်နေတုန်းက ငါ့သားဖိုးဆင်က ကိုရင် ကလေးဟ၊ လိင်ပြန်ပြီး ကြတော့ ငါ့သားက သူ့ကို ကိုရင်ကြီးလို့ ခေါ်လေ့ရှိတယ်၊ အခုတော့ သူက အကြီးတော် လက်ဝဲသုန္ဒရလို့ဆိုတော့ ငါ့သားကသူ့ကို ဘယ်လိုခေါ်ရမှာလဲဟ၊ ပြောစမ်းပါအုံး၊ တို့က ကျေးတောသားဆိုတော့ နားမလည်ဘူးဟ၊

မိဥ ။ ။ ရင်းနှီးတဲ့လူတွေပဲတော်၊ ကိုရင်ကြီးလို့ခေါ်ရင်လဲ ဖြစ်တာပါပဲ၊ အကြီးတော်လို့ခေါ် လဲ ရပါတယ်၊

ဖိုးလုံး ။ ။ အေး . . . ၊ အကြီးတော်ခေါ်လို့ ငါမှာလိုက်မယ်၊ နင့် ပုရပိုက်နဲ့ ကုံကူဆံထုပ်ပေး လိုက်၊ ငါ ဖိုးဆင်နဲ့ပါးလိုက်မယ်၊ မယ်ရွဲကိုလဲပြောလိုက်ပါ၊ စိတ်ချနေလို့၊ (အောက် ဘက် သောင်စပ်ဆီသို့ လှမ်းကြည့်စေ၊) ဟော. . . ဟိုမှာကြည့်စမ်း၊ မလည်လေ့ ကြိုနဲ့တူတယ်၊ ငါ မြစ်ဆိပ်ကို ဆင်းတော့မယ်၊ ညည်းလဲပြန်ပေရော့၊ ဟဲ့ မိဥ စိတ်ချ စိတ်ချ၊ (ဝင်စေ၊)

ကားလိပ်ချ

◆ ❖ ❖ ◆

## အခန်း – ၃

## မဲဇာတောင်ခြေရတုကို ရွှေဘိုသို့ပို့ခန်း

နေရာ ။ ။ မဲဇာချောင်း ကမ်းပါး

အချိန် ။ ။ အံ့မှိုင်းဆဲ မွန်းတည့်ချိန်

(လက်ဝဲသုန္ဒရသည် သစ်တုံးတစ်တုံးပေါ်၌ထိုင်လျက် ပုရပိုက်လွှာချင်းသုံးချပ်ကို တိုက်ဆိုင်ကြည့်လျက် နေစေ၊ ထိုအခိုက် အတွင်းမှ စောင်းသံခပ်တိုးတိုး ပြည်နေစေ၊ ဖိုးဆင်ထွက်လာ၍ လက်ဝဲသုန္ဒရကို မြင်စေ၊

လက်ဝဲသုန္ဒရဆီသို့ ဖြည်းဖြည်းသာသာ လျှောက်လာစေ။ ထို့နောက် လက်ဝဲသုန္ဒရအနီး၌ ဒူးတုပ်၍ ထိုင်နေစေ။)

လက်ဝဲသုန္ဒရ ။ ။ (အနည်းငယ်ကြာမှ ဖိုးဆင်ကို မြင်စေ။) ဩော် . . . ဖိုးဆင်လားကွဲ့၊ လူကလေး ရောက်နေပြီကိုး။

ဖိုးဆင် ။ ။ မှန်ပါ့၊ ခစားလျှက် ရှိကြောင်းပါ။ ကျွန်တော်ရောက်မလာတာ နှစ်ရက်လောက် ရှိသွားလို့ စိတ်မကောင်းပါဘူး အကြီးတော်မင်း။

လက်ဝဲသုန္ဒရ ။ ။ ကိစ္စမရှိပါဘူးကွယ်၊ အကြီးတော်ဘယ်လိုမှ မအောက်မေ့ပါဘူး။ မင်းတို့ တစ်တွေ သစ်အတော်ရကြပြီလား။

ဖိုးဆင် ။ ။ ရကြပါပြီ။ သစ်ဖောင်လဲ ဖွဲ့ပြီးပါပြီ၊ မနက်ဖြန်မှာ အကြေကို စုန်ကြပါတော့မယ်။

လက်ဝဲသုန္ဒရ ။ ။ ဩော် . . . ဩော်၊ လူကလေးတို့ပြန်ကြတော့မယ်ပေါ့။ အေး . . . အေး၊ ကောင်းတယ်၊ ကောင်းတယ်။ (ပုရပိုက်ကိုကိုင်လျက် ငေးနေပြီးမှ) အတော်ပဲကွဲ့၊ လူကလေး ယူလာတဲ့ ပုရပိုက်ကို လူကလေးနဲ့ပဲ ပါးလိုက်ချင်တယ်၊ လူကလေးက မယ်ရွှေဆီကိုတော့ သွားရမှာပဲ၊ လူကလေး မန်ကျည်းတုံကို ရောက်ဖုံးမှာလား။

ဖိုးဆင် ။ ။ အချိန်ရရင် ရောက်မှာပါပဲ။

လက်ဝဲသုန္ဒရ ။ ။ စီးပွားရေးက တစ်ဖက်ဆိုတော့ အချိန်ရချင်မှ ရမယ်ဆိုပါတော့၊ ဒါပေမဲ့ အချိန်ယူပြီး ရောက်အောင်သွားပေါ့၊ ကိုယ့်ဖွားရာဇာတိဆိုတော့ မမေ့စကောင်းဘူးကွဲ့၊ မဲဇာမှာ အကြီးတော်ရောက်နေတာ တစ်လခွဲလောက် ရှိလာပြီ၊ မန်ကျည်းတုံကို သတိရလျက် ချည်းပဲကွဲ့၊ အကြီးတော်ရောက်စက မဲဇာချောင်း ရွှေဂူတော်ဘုရားမှာ မဲဇာရပ်သူကလေးတွေ ကဆုန်ညောင်ရေသွန်းကြတာကို မီလိုက်သေးတယ်၊ လူကလေးကော မီလိုက်သေးသလား။

ဖိုးဆင် ။ ။ ကျွန်တော်က ကဆုန်လပြည့်ကျော်ခါမှ ရောက်လာတဲ့အတွက် မမီလိုက်ပါဘူး၊ ဒါပေမဲ့ အရင်တစ်ခေါက် ရောက်လာတုန်းကတော့ ရွှေဂူတော် ညောင်ရေသွန်းပွဲကို ကျွန်တော်မီခဲ့ပါတယ်။

လက်ဝဲသုန္ဒရ ။ ။ အေး . . . တော်ရဲ့ တော်ရဲ့၊ သူတို့ညောင်ရေသွန်းပွဲဟာလဲ တစ်မျိုးပျော်စရာ မကောင်းဘူးလားကွယ်၊ ဒါပေမဲ့ ရွှေဘိုက ညောင်ရေသွန်းပွဲနဲ့လွဲရလို့ အကြီးတော်မှာ ဝမ်းနည်းကြေကွဲဖြစ်လိုက်ရသေးတယ်၊ အခုလို ဆီးနှင်းတွေကျပြီး ဖုံ့မှိုင်း

နေတဲ့ အခါများမှာဆိုရင် အကြီးတော်ဟာ နေပြည်တော်က စေတီတော်တွေကို သတိရသကွဲ့၊ ဇမ္ဗူဆီမီးတို့၊ ဂူကြီးသခင်တို့၊ ရွှေလင်းပင်တို့၊ ရွှေခြသေ့်မွေတို့ပေါ့ကွယ်၊ ရွှေမြို့တော်ကြီးနဲ့ ရွှေထီးရွှေနန်းတွေကိုလဲ သတိရသကွဲ့၊ မဲဇာမြစ်ရဲ့ သဲခင်းသာကို မြင်ရပြန်တော့လဲ တို့အကြေအရပ်က ဧရာဝတီမြစ်ကြီးကို သတိရပြန်သကွဲ့၊ အို . . . သတိရတာတွေကတော့ မိုးမဆုံးမြေမဆုံးပါပဲ လူကလေးရယ်၊

ဖိုးဆင် ။ ။ ကျွန်တော် ရွှေဘိုကို ပြန်ရောက်တဲ့အခါ ဒီအကြောင်းကို ပြောပြပါ့မယ်၊ အကြီးတော်ရဲ့ ဇနီးအိမ်သူထံ ကျွန်တော်ကိုယ်တိုင်သွားပြီး ပြောပါ့မယ်၊

လက်ဝဲသုန္ဒရ ။ ။ သာဓု၊ သာဓု၊ သာဓု၊ ကောင်းလေစွ၊ ကောင်းလေစွ၊ လူကလေးရဲ့ အကြီးတော်မှာ အဲဒီလို သတိရအောက်မေ့တဲ့စိတ်ကလေးတွေ ခဏခဏပေါ်တတ်လွန်းလို့ ရတုပိုဒ်စုံတစ်ပုဒ်ကို စပ်ဆိုခဲ့တယ်၊ စိတ်ပြေလက်ပျောက်ဖြစ်အောင်ပေါ့ကွယ်၊ လူကလေးပေးထားတဲ့ ပုရပိုက်ထဲမှာရှိလေရဲ့၊ ဟောဒီပုရပိုက်ပဲကွဲ့၊ အကြီးတော် ဖျို့ရွယ်စဉ်က ရေးခဲ့တဲ့ မယောဇ်ဖို့ကို လူကလေး ကြိုက်တယ်လို့ဆိုတော့ အခုရေးတဲ့ရတုပိုဒ်စုံကိုလဲ လူကလေးကြိုက်မှာပါပဲ၊ (ပုရပိုက်ကို ဖွင့်စေ၊) ဟောဒီ အစပိုဒ်မှာ 'မဲဇာတောင်ခြေ စီးတွေတွေတည်၊ မြစ်ရေဝန်းလည်'လို့ အစချီထားတယ်၊ အချပိုဒ်မှာ 'ရွှေပြည်ဌာနဝေးသောကြောင့်'လို့ ချထားတယ်၊ ဒုတိယပိုဒ်မှာ 'သဲသာသောင်မြေ' လို့ အစချီထားတယ်၊ အချပိုဒ်မှာ 'လေပြည်လာက အေးသောကြောင့်' လို့ချထားတယ်၊ တတိယပိုဒ်မှာ 'ပွဲခါညောင်ရေ' လို့ အစချီထားတယ်၊ အချပိုဒ်မှာ 'နေခြည်ဖြာမှ နွေးသောကြောင့်' လို့ ချထားတယ်၊ ဒီပုရပိုက်ကို လူကလေး ဆောင်ကြဉ်းသွားပါ၊ ရွှေဘိုကိုရောက်ရင် မယ်စွဲလက် အပ်လိုက်ပေတော့၊ (ပုရပိုက်ကိုပေးစေ၊ ဖိုးဆင် လှမ်းယူစေ၊) ကိုင်း . . . အချိန်အတော်လင့်သွားပြီကွဲ့၊ လူကလေးရဲ့ သစ်ခုတ်သမားတွေ၊ ဖောင်သမားတွေက လူကလေးကို မျှော်နေကြရောမယ်၊ လူကလေးရေ့ . . . ပြန်ပေတော့ကွဲ့၊ ပြန်ပေတော့၊

ဖိုးဆင် ။ ။ (ဦးသုံးကြိမ်ချ၍) ကန်တော့ခဲ့ပါတယ် အကြီးတော်မင်း၊၊

လက်ဝဲသုန္ဒရ ။ ။ အေး . . . သာဓု၊ သာဓု၊ သာဓု၊ ခလုတ်မထိဆူးမငြိဘဲ မိဘရပ်ထံသို့ ချောချောမောမော ရောက်ကြပါစေကွယ်၊

**ကားလိပ်ချ**

◆ ❖ ❖ ◆

## အခန်း – ၄

## လက်ဝဲသုန္ဒရ လွတ်ငြိမ်းခွင့်ရခန်း

နေရာ ။ ။ ရတနာသိယံနေပြည်တော် ဆင်ဖြူရှင်မင်းတရား၏ နံ့သာဆောင်

အချိန် ။ ။ နံနက်ညီလာခံစဲသောအချိန်

(ကားလိပ်ဖွင့်လိုက်သောအခါ မင်းတရားသည် အဆောင်ထဲတွင် ဖြည်းညင်းစွာ စကြီလျှောက်လျက်ရှိစေ၊ သလွန်ခြေရင်း၌ အနောက်ဝန် ခစားလျက်ရှိစေ၊ )

ဆင်ဖြူရှင် ။ ။ (စင်္ကြံလျှောက်ရင်း) မယ်တော်ဘုရားဟာ ဒီ နံ့သာဆောင်ကို အင်မတန် နှစ်သက်တော်မူတယ် အနောက်ဝန်ရဲ့၊ နံ့သာဆောင်မှာမှ သားတော်ကို တွေ့ချင်သတဲ့၊

အနောက်ဝန် ။ ။ မှန်ပါ၊ သင့်မြတ်လှကြောင်းပါဘုရား၊

ဆင်ဖြူရှင် ။ ။ (မတ်တတ် ရပ်လျက်) မယ်တော်ဘုရားကို နန်းမတော်ကြီး သွားကြိုနေပြီလား၊

အနောက်ဝန် ။ ။ မှန်ပါ၊ ကြိုနေကြောင်းပါ၊ မကြာခင် ကြွလာပါတော့မယ်၊

အပျိုတော် ။ ။ (ထိုအခိုက် အပျိုတော်တစ်ဦးထွက်လာစေ၊) မယ်တော်ဘုရားကြွလာပါပြီဘုရား၊ နန်းမတော်ဘုရားလဲ နောက်တော်ပါးက ပါလာကြောင်းပါဘုရား၊

ဆင်ဖြူရှင် ။ ။ ကောင်းပြီလေ၊ ငါကိုယ်တိုင် ဆီးကြိုမယ်၊ (မယ်တော် ဝင်လာမည့်ဘက်ဆီသို့ မျှော်ကြည့်နေစေ၊)

(မယ်တော်ဘုရား ပုရပိုက်ကိုကိုင်လျက် ဖြည်းဖြည်းသာသာ ထွက်လာစေ၊ နန်းမတော်ဘုရားနှင့် အတူ အပျိုတော်သုံးဦး လိုက်လာကြစေ၊ နောက်ဆုံး၌ လက်ဝဲသုန္ဒရ၏ဇနီး အိမ်သူမယ်ရွှေ ပါလာစေ၊ ဆင်ဖြူရှင်မင်းက လက်အုပ်ချီလျက် မယ်တော်ကိုကြိုစေ၊ မယ်တော်က သားတော်၏ပခုံးကိုကိုင်၍ ပြုံးပြစေ၊ ဆင်ဖြူရှင်က မယ်တော်ကို သလွန်တော်ဆီသို့ ပင့်ခေါ်စေ၊ မယ်တော်ထိုင်သောအခါ ဆင်ဖြူရှင်နှင့် နန်းမတော်တို့သည် သလွန်ခြေရင်း၌ နေရာယူ၍ ထိုင်ကြစေ၊ အားလုံးထိုင်၍ ဝပ်တွားခစားလျက်ရှိကြစေ၊ )

ဆင်ဖြူရှင် ။ ။ မယ်မယ်ဘုရား ကျန်းမာတာကိုတော့ မျက်မြင်ဖြစ်နေပါပြီ၊ စားတော်ခေါ်လို့ စက်တော်ခေါ်လို့ ကောင်းပါရဲ့လားမယ်မယ်၊

မယ်တော် ။ ။ အေး . . . သားတော်၊ သမီးတော်တို့ ပို့သသောမေတ္တာကြောင့် ကောင်းပါသတဲ့၊ အနို့ သားတော်၊ သမီးတော်တို့ကော ကောင်းကြရဲ့လား၊

ဆင်ဖြူရှင် ။ ။ မယ်မယ်ရဲ့မေတ္တာကြောင့် စားကောင်း၊ စက်ကောင်းကြပါတယ် မယ်မယ်၊

မယ်တော် ။ ။ ဝမ်းမြောက်ပါတယ်ကွယ်၊ ဝမ်းမြောက်ပါတယ်။ မယ်မယ်အခုကြွလာတာဟာ ဘာကိစ္စမှအထွေအထူးရှိလို့ မဟုတ်ဘူးကွဲ့။ သားတော်မောင်ဟာ ပျို့လင်္ကာကြိုက်တတ်မှန်း မယ်မယ်ကသိလို့ စာကောင်း၊ ကဗျာကောင်းများရလာရင် သားတော်မောင်ကို သတိရသကွဲ့။ ဒါကြောင့်မို့ မယ်မယ်ကိုယ်တိုင် ကြွလာခဲ့တာပဲ။ (ပုရပိုက်ကိုပြလျက်) ဟောဒီမှာ စာသစ်၊ ကဗျာသစ်တစ်ပုဒ်ကွဲ့။ ဟောဟိုမှာ ခစားနေသူဟာ မိရွှေကွဲ့၊ မြေတ်စံရဲ့အိမ်သူ မိရွှေလေ။ ဟောဒီ ပုရပိုက်ဟာ မယ်တော်ဘုရားထံ မိရွှေယူလာတဲ့ ပုရပိုက်ပဲ။ ကဲ . . . ကဲ သားတော်မောင်တို့မှာ မင်းရေးမင်းကိစ္စတွေက များလေတော့ အချိန်သိပ်မကုန်စေချင်ဘူးကွဲ့။ သားတော်မောင် သလွန်ပေါ်ကို ကြွခဲ့ပါလေ။ မယ်မယ် ခွင့်ပြုပါတယ်။ (ဆင်ဖြူရှင် သလွန်ပေါ်သို့ ရောက်သောအခါ) ရော့ ပုရပိုက်။ (ဆင်ဖြူရှင် လှမ်းယူစေ။) မယ်မယ့်ရှေ့မှာ ဖတ်ကြည့်စမ်းပါကွယ်။ (ဆင်ဖြူရှင်သည် သလွန်ပေါ်တွင် ပုရပိုက်ကိုဖတ်စေ၊ ဖာတ်ခုံပေါ်တွင် မီးမှိန်၊ ဆင်ဖြူရှင်အပေါ် မီးထိုးပြထားစေ၊ စောင်းသံပေးစေ၊ အတွင်းမှ မဲဇာတောင်ခြေရတုကို ဆိုပေးစေ၊)

[၁။ မဲဇာတောင်ခြေဆိုလိုက်သည်နှင့်တစ်ပြိုင်နက် မဲဇာချောင်းရေ တွေတွေ စီးဆင်းနေပုံ၊ ထို့နောက် စေတီများနှင့် ရွှေထီးရွှေနန်းပုံတို့ကို ဆလိုက်ထိုးပြစေ၊

၂။ သဲသာသောင်မြေအတွက် ရောဝတီမြစ်ဆိပ်ကမ်းနှင့် သဲသောင်ပုံ ဆလိုက်ထိုးပြစေ၊

၃။ ပွဲခါညောင်ရေအတွက် မိန်းကလေးများ ရွှေဥစေတီသို့ ညောင်ရေအိုးကိုယ်စီရွက်လျက် သွားနေကြပုံ၊ ညောင်ရေသွန်းသူများက သွန်းနေကြပုံ ဆလိုက်ထိုးပြစေ။]

(ရတုဆုံးသောအခါ မီးပြန်လင်းလာစေ၊ ဆင်ဖြူရှင် တစ်ကောငြိမ်၍ ငေးနေစေ၊ စောင်းသံမြည်နေဆဲ။)

ဆင်ဖြူရှင် ။ ။ (ထို့နောက် မယ်တော်ကို တစ်လှည့်၊ မိရွှေဆီသို့ တစ်လှည့် ကြည့်စေ၊ စောင်းသံရပ်စေ၊ ဆင်ဖြူရှင်က လက်အုပ်ချီလျက်) မယ်မယ်ဘုရား၊ သားတော်မောင် သတိရလာပါပြီ။ မယ်မယ်သတိပေးတဲ့အတွက် မယ်မယ့်ကို ကျေးဇူးတင်ပါတယ်မယ်မယ်၊ နန်းမြို့တော် စည်းကမ်းသေဝပ်စေချင်သောကြောင့်သာ ဟိုတုန်းဟိုတစ်ခါက အပြစ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အခုအခါမှာ စည်းကမ်းအရေးကြီးပုံကို သဘောပေါက်လောက်ကြပြီ ထင်ပါတယ်၊ မြေတ်စံကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပါတော့မယ် မယ်မယ်ဘုရား။

မယ်တော် ။ ။ သာဓု၊ သာဓု၊ ငါ့သားတော်မောင် ဘုန်းကြီးလို့သက်တော်ရာကျော် ရှည်ပါစေသော်။

ဆင်ဖြူရှင် ။ ။ (လက်အုပ်ချီလျက်) မယ်မယ်ကဆုပေးရင် သားတော်မောင်ရှုမြဲသဲ မယ်မယ်၊ (အနောက်ဝန်သို့) အနောက်ဝန်မင်းဗျား၊ မယ်မယ့်ချက်မှောက်မှာ အမိန့်တော်မှတ်မယ်၊

အနောက်ဝန် ။ ။ မှန်ပါ၊ အမိန့်ကို နာခံလျက်ပါဘုရား၊

ဆင်ဖြူရှင် ။ ။ အနောက်ဝန်မင်းကိုယ်တိုင် ငွေတိစံကို မဲဇာမှ ပြန်ခေါ်စေဗျား၊

**ကားလိပ်ချ**

◆ ❖ ❖ ◆

**စကားဆစ်အဖွင့်**

၁။ ကပျာကယာ = အလျင်စလို၊
၂။ ကုံကူဆံ = ပုရပိုက် စသည်တွင် ရေးရသော ကျောက်နုတစ်မျိုး၊
၃။ ကိုရင် = သက်နုဝတ်လျက် ဆယ်ပါးသီလစသော ကျင့်ဝတ်များကို စောင့်ထိန်းသူ၊ သာမဏေ၊ ရွယ်တူ သို့မဟုတ် မိမိအောက်ငယ်သူယောကျ်ားကို ရည်ညွှန်းခေါ်သောစကား၊
၄။ ကိုရင်ကြီး = အသက်ကြီးသော၊ လေးစားလောက်သောယောကျ်ားကို ရည်ညွှန်းခေါ်ဆိုသောစကား၊
၅။ ကင်းအမှုထမ်း = ရေဘေး၊ မီးဘေး၊ ပြစ်မှုဘေး စသည်ဘေးများမှ ကာကွယ်နိုင်ရန် စောင့်ကြပ်ကြည့်ရှုရသော မင်းမှုထမ်း၊
၆။ ခစား = အစေအပါးခံရန် အနီးတွင် ရှိနေသည်၊
၇။ စားတော်ခေါ် = မင်း မိဖုရားတို့ စားစရာကို သုံးဆောင်သည်၊
၈။ စက်တော်ခေါ် = (မင်း၊ မိဖုရား စသူတို့) အိပ်သည်၊
၉။ စကြီလျှောက် = ခေါက်တုံ့ ခေါက်ပြန်လမ်းလျှောက်သည်၊
၁၀။ စုန် = အထက်မှ အောက်သို့သွားသည်၊ ဆင်းသည်၊
၁၁။ ဆလိုက် = လျှပ်စစ်မီးမောင်း၊
၁၂။ ဆောင်ကြဉ်း = ကိုယ်နှင့်မကွာ ဆောင်ယူသည်၊
၁၃။ ဇာတိ = မွေးဖွားရာအရပ်၊
၁၄။ ညောင်ရေသွန်း = ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော်သည်၊
၁၅။ ညောင်ရေအိုး = ဘုရားပူဇော်ရန် ပန်းစိုက်သည့်အိုး၊ ဘုရားပန်းအိုး၊

၁၆။ ထမင်းမေ့ဟင်းမေ့ = အာရုံတစ်ခုတည်းအပေါ်မှာ စိတ်ရောက်လျက်။
၁၇။ ဒွေးလေး = မိခင်၏ညီမ၊ မိခင်၏ ညီမသဖွယ် လေးစားရသူ။ (အမည်နှင့်လည်း တွဲ၍ ခေါ်သည်။ ဒွေးလေးတုတ် . . .)
၁၈။ နေပြည်တော် = ထီးနန်းစိုက်ရာမြို့တော်၊ ရာဇဌာနီ။
၁၉။ နန်းမတော်ကြီး = မိဖုရားခေါင်ကြီး။
၂၀။ နန်းသိမ်းပွဲ = နန်းတက်စဉ်ကျင်းပသောပွဲ။
၂၁။ ပါး = တစ်စုံတစ်ဦးမှ တစ်ဆင့်ပေးပို့သည်။
၂၂။ ပုရပိုက် = ရှေးက စာရေးသားရာ၌သုံးသည့် ခေါက်ထပ်ထားသည့်စက္ကူ။
၂၃။ ပြာသာဒ် = ဘုံအဆင့်ဆင့်နှင့် ထုပိကာတင်ထားသော အဆောက်အအုံ။
၂၄။ ဖွဲ့ = စီကုံးသည်။
၂၅။ ဘုန်းကြီး = တန်ခိုးအရှိန်အဝါကြီးမားသည်။
၂၆။ မိုးမဆုံး၊ မြေမဆုံး = အပိုင်းအခြားမရှိ၊ အတောမသတ်။
၂၇။ မင်းချင်း = မင်းအပါး၌ ခစားထမ်းရွက်ရသောအမှုထမ်း။
၂၈။ မေတ္တာရပ် = မေတ္တာအရင်းခံ၍ပန်ကြားသည်၊ တောင်းခံသည်။
၂၉။ မယ်တော် = မင်း၊ မိဖုရား၊ မင်းသား၊ မင်းသမီးတို့၏ မွေးမိခင်။
၃၀။ မျက်မြင် = တပ်အပ်တွေ့မြင်သော အခြေအနေ၊ အခြင်းအရာ။
၃၁။ မျက်မှောက် = မျက်စိရှေ့မှောက်၊ (မျက်မြင်လက်ငင်း၊ လက်ငင်းကာလ)
၃၂။ လုလျှိုတော် = မင်းသား၏ အရံလုလင်။
၃၃။ လင့် = အချိန်နောက်ကျသည်။
၃၄။ လိင်ပြန် = ရှင်လိင်ပြန်သည်၊ ရှင်လူထွက်သည်။
၃၅။ လွတ်ငြိမ်းချမ်းသာခွင့် = ဥပဒေအရ ပြစ်ဒဏ်သင့်ရာမှ အထူးအမိန့်ဖြင့် ကင်းလွတ်စေသည့် အခွင့်အရေး။
၃၆။ ဝပ်တွား = ကိုယ်ကိုကျုံ့ဝပ်လျက် ရိုသေစွာရှိခိုးသည်။
၃၇။ သလွန်တော် = မင်း၊ မိဖုရားတို့ အိပ်စက်ရာခုတင်။
၃၈။ သာမဏေ = သက်န်းဝတ်လျက် ဆယ်ပါးသီလစသော ကျင့်ဝတ်များကို စောင့်ထိန်းသူ။
၃၉။ သေဝပ် = ကျိုးနွံပိပြားသည်။
၄၀။ သကြိန်တော်ခေါ် = (ဘုရင်) ဦးဆောင်မင်္ဂလာပြုသည်၊ ခေါင်းလျှော်သည်။
၄၁။ သစ်တပ် = သစ်တုံးများဖြင့်ကာရံထားသည့် ခံတပ်၊ တံတိုင်း။
၄၂။ သွေးသောက်ကြီး = ရှေးမြန်မာဘုရင်များလက်ထက် စစ်သည် ၅၅ ဦး ပါဝင်သော တပ်စုကို ကွပ်ကဲသူ။

၄၃။ အကြီးတော် = ဘုရင့်သားတော်၊ သမီးတော်များကို ဆုံးမသွန်သင် စောင့်ရှောက်ရသော အမှုထမ်း၊

၄၄။ အချိန်ရ = ကိစ္စတစ်ခုခုဆောင်ရွက်ရန် အချိန်လုံလောက်သည်၊

၄၅။ အနောက်ရုံး = မိဖုရားခေါင်ကြီး၏ရုံး၊ (ခင်မမင်းဝန် ကွပ်ကဲရသည်၊)

၄၆။ အနောက်ဝန် = မိဖုရား၊ ကိုယ်လုပ်တော် မောင်းမမိဿံတို့ နေထိုင်သော အနောက်အတွင်းတော်နှင့် သက်ဆိုင်သည့် အမှုကိစ္စအဝဝကို စီရင်ဆောင်ရွက်ရသောဝန်၊ (ခင်မမင်းဝန်) မိန်းမစိုး၊

၄၇။ အပျိုတော် = မင်းမိဖုရားတို့၏ အမျိုးသမီး ရံရွေတော်၊

၄၈။ အမှုပတ် = မိမိနှင့် မသက်ဆိုင်သော အမှုကိစ္စဖြစ်ပါလျက် မိမိတွင် တာဝန်မကင်းဖြစ်လာသည်၊

၄၉။ အိမ်သူ = ဇနီးမယား၊

**သင်ခန်းစာဆိုလိုရင်း**

❖ လက်ဝဲသုန္ဒရအမတ်ကြီး၏ ဘဝအတ္ထုပ္ပတ္တိတစ်စိတ်တစ်ဒေသနှင့် မဲဇာတောင်ခြေရတုဖြစ်လာပုံ

❖ ပြဇာတ်ကပေးသော ခံစားမှု

❖ ပြဇာတ်အင်္ဂါရပ်များနှင့်အညီ ဇာတ်စကား၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ဇာတ်ဆောင်ပြောစကားတို့ဖြင့် ပြဇာတ်ဖန်တီးထားပုံ

❖ ဆရာဇော်ဂျီ၏ ပြဇာတ်စာပေအရေးအသားတို့ဖြစ်ပါသည်၊

**လေ့ကျင့်ခန်း**

၁။ မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ်ကို ဖတ်ရှုပြီးနောက် မည်သို့ခံစားရသည်ကို သင့်စကားဖြင့် ရေးသားတင်ပြပါ။

၂။ ဇာတ်ဆောင်တို့၏ ပြောစကားများသည် ပြဇာတ်၏ဇာတ်လမ်းကို မည်သို့အထောက်အကူပြုကြောင်း မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ်မှ နှစ်သက်ရာအခန်းတစ်ခန်းကို ကိုးကား၍ ဆွေးနွေးပါ။

၃။ ဇာတ်ညွှန်းစကားဟူသည် အဘယ်နည်း၊ မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ်၌ ပါရှိသော ဇာတ်ညွှန်းစကားများသည် ပြဇာတ်အတွက် အရေးပါပုံကို ဆွေးနွေးပါ။

၄။ မဲဇာတောင်ခြေရတု သရုပ်ဖော်ပြဇာတ်သည် မဲဇာတောင်ခြေရတုလာ အကြောင်းအရာများကို ပေါ်လွင်အောင် ပုံဖော်ထားနိုင်ပါသလား၊ သင့်အမြင်ကို ဆွေးနွေးပါ။

၅။ ပြဇာတ်၌တွေ့ရသည့် လက်ဝဲသုန္ဒရအမတ်ကြီး၏ ဘဝအတ္ထုပ္ပတ္တိကို ဆောင်းပါးပုံစံဖြင့် ပြန်ရေးပါ။

အပိုင်း − ၃

အရေးသင်ခန်းစာ

# အပိုင်း - ၃
# အရေးသင်ခန်းစာ

## အခန်း - ၁။ စာအရေးအသားအခြေခံ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြန်မာစာအရေးအသားစနစ် | ၁၂၉ |
| ၂။ | ပြောဟန်နှင့်ရေးဟန် | ၁၃၂ |
| ၃။ | သဒ္ဒါဟူသည် | ၁၃၆ |


## အခန်း - ၂။ စာပုံစံအမျိုးမျိုး


| | | |
|---|---|---|
| ၁။ | အနှစ်ချုပ် | ၁၃၉ |
| ၂။ | စာစီစာကုံး | ၁၄၃ |
| ၃။ | အဆိုဆွေးနွေး | ၁၄၇ |
| ၄။ | ဆောင်းပါး | ၁၅၁ |


## အခန်း - ၃။ စာအရေးအသားအတတ်ပညာ


| | | |
|---|---|---|
| ၁။ | စာပိုဒ်ဖွဲ့ခြင်း | ၁၅၄ |
| ၂။ | ဝဏ် အလင်္ကာ ရသ | ၁၅၇ |
| ၃။ | မြန်မာစာရေးသားရာတွင် သတိပြု ရှောင်ရှားသင့်သည့်အဖြစ်များ | ၁၆၄ |

# အပိုင်း - ၃
# အရေးသင်ခန်းစာ

## နိဒါန်း

စကားဒသမတန်း မြန်မာစာကျောင်းသုံးစာအုပ်ပါ အရေးသင်ခန်းစာသည် အရေးစွမ်းရည်ကို အဓိက ထားသည့် သင်ခန်းစာဖြစ်သော်လည်း အပြောစွမ်းရည်၊ အရွတ်အဖတ်စွမ်းရည်တို့နှင့် ဆက်စပ်နေသော သင်ခန်းစာ ဖြစ်ပါသည်။ ဤသင်ခန်းစာတွင် အခန်းသုံးခန်းပါဝင်ပါသည်။ အခန်း ၁ အရေးအသား အခြေခံ၊ အခန်း ၂ စာပုံစံအမျိုးမျိုး၊ အခန်း ၃ စာအရေးအသားအတတ်ပညာတို့ဖြစ်သည်။ အခန်း ၁ စာ အရေးအသားအခြေခံတွင် မြန်မာစာအရေးအသားစနစ်၊ ပြောဟန်နှင့်ရေးဟန်၊ သဒ္ဒါဟူသည် - သင်ခန်းစာ သုံးပုဒ်ကို လေ့လာရမည်ဖြစ်သည်။ အခန်း ၂ စာပုံစံအမျိုးမျိုးတွင် အနှစ်ချုပ်၊ စာစီစာကုံး၊ အဆိုဆွေးနွေး ဆောင်းပါး - သင်ခန်းစာလေးပုဒ်ကို လေ့လာရပါမည်။ အခန်း ၃ စာအရေးအသား အတတ်ပညာတွင် စာပိုဒ်ဖွဲ့ခြင်း၊ ဂုဏ် အလင်္ကာ ရသ၊ မြန်မာစာရေးသားရာတွင် သတိပြုရှောင်ရှားသင့်သည့်အပြစ်များ - သင်ခန်းစာ သုံးပုဒ်ကို လေ့လာရပါမည်။

## ယခင်သိရှိပြီးသော အကြောင်းအရာများ

ယခင် ဒသမတန်း အရေးသင်ခန်းစာများတွင် စာအရေးအသားအခြေခံလမ်းညွှန်အဖြစ် သဒ္ဒါအသုံး မှန်ကန်ခြင်း၊ စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်း၊ ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း တို့ကိုလည်းကောင်း၊ စာပုံစံအမျိုးမျိုး အဖြစ် ပေးစာနှင့်နေ့စဉ်မှတ်တမ်း တို့ကိုလည်းကောင်း၊ စာအရေးအသားအတတ်ပညာအဖြစ် အလင်္ကာနှင့် ရသတို့ကိုလည်းကောင်း လေ့လာသင်ယူခဲ့ပြီးဖြစ်ပါသည်။ ယခင်သိရှိပြီးသော သဒ္ဒါဆိုင်ရာအချက်အလက် များ၊ စာပုံစံများ၊ အရေးအသားအတတ်ပညာများကို အခြေခံ၍ ပိုမိုကျယ်ပြန့်စွာ ဆက်လက်လေ့လာရန် ဖြစ်သည်။ ယခင်သိရှိပြီးသော သဒ္ဒါအသုံးမှန်ကန်ခြင်း၊ စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်း၊ ဝါကျဖွဲ့ထုံးမှန်ကန် ခြင်းတို့ကို ယခုသင်ခန်းစာများဖြစ်သည့် သဒ္ဒါဟူသည်၊ စာပိုဒ်ဖွဲ့ခြင်း သင်ခန်းစာတို့ဖြင့်လည်းကောင်း၊ စာပုံစံ များရေးသားခြင်းတွင်လည်းကောင်း ချိတ်ဆက်လေ့လာရမည်ဖြစ်သည်။ ယခင်သိရှိထားသော အလင်္ကာနှင့် ရသသင်ခန်းစာကို ယခုသင်ခန်းစာများဖြစ်သည့် ဂုဏ် အလင်္ကာ ရသ၊ မြန်မာစာရေးသားရာတွင် သတိပြု ရှောင်ရှားသင့်သည့်အပြစ်များ - သင်ခန်းစာတို့နှင့်ဆက်စပ်ကာ ပိုမိုကျယ်ပြန့်စွာ လေ့လာရန်ဖြစ်သည်။

ယခု စကားဒသမတန်းပါ အပြောသင်ခန်းစာနှင့် အဖတ်အရွတ်သင်ခန်းစာတို့ကိုလည်း အရေးသင်ခန်းစာ နှင့် ချိတ်ဆက်လေ့လာရလိမ့်မည်။ အပြောသင်ခန်းစာပါ ဗျည်းသံ၊ သရသံအကြောင်း၊ ဗျည်းသံ၊ သရသံ အတွဲအစပ်၊ တက်ကျသံအကြောင်းတို့ကို အရေးသင်ခန်းစာပါ မြန်မာစာအရေးအသားစနစ် သင်ခန်းစာနှင့် ဆက်စပ်ကာ စကားသံများမှ စာအရေးအသားစနစ်သို့ မည်သို့ကူးပြောင်းလာသည်ကို လေ့လာရပါမည်။ အရွတ်အဖတ်သင်ခန်းစာပါ စကားပြေ ကဗျာ၊ ပြဇာတ်တို့ကို စာအရေးအသားအတတ်ပညာပါ နည်းနာတို့ဖြင့်

ချိန်ထိုးကာ မည်သို့မည်ပုံရေးသားထားသည်ကို လေ့လာရမည်ဖြစ်သည်။ အဖတ်အရွတ်သင်ခန်းစာပါ စကားပြေတို့၏ စာပိုဒ်ဖွဲ့ပုံ၊ အလင်္ကာတန်ဆာဆင်မှု၊ ဂုဏ်မြောက်ခြင်း၊ ရသပေါ်လွင်ခြင်းတို့ကို ချိန်ထိုးလေ့လာပြီး ကိုယ်တိုင်ရေးသားမည်ဆိုပါက မည်သို့ရေးသားသင့်သည်ကို လေ့လာရမည်ဖြစ်သည်။

**အရေးသင်ခန်းစာများကိုသင်ယူပြီးလျှင် လုပ်ဆောင်နိုင်မည့်အချက်များ**

အရေးသင်ခန်းစာများကို လေ့လာသင်ယူပြီးနောက် မြန်မာစာအရေးအသားစနစ်၏ သဘောလက္ခဏာများကို ကောင်းစွာသိရှိလာလိမ့်မည်။ စာရေးသားရာတွင် ပြောဟန်နှင့်ရေးဟန် ကွဲပြားမှုကို သိရှိလာပြီး အကြောင်းအရာနှင့် လိုက်ဖက်သည့်ဟန်ဖြင့် စာရေးသားတတ်လာမည်။ အပြောသင်ခန်းစာတွင်ပါရှိသည့် ဆွေးနွေးချက်၊ ကျပန်းစကား၊ စကားရည်လုစကား၊ ကျေးဇူးတင်စကားတို့ကို ပြောဆိုရန်အတွက် ပြောဟန်ဖြင့် ရေးသားတတ်လာမည်။ သဒ္ဒါကို ပိုမိုသိရှိလာပြီး သဒ္ဒါမှန်ကန်စွာ ရေးသားတတ်လာမည်။ စာပုံစံအမျိုးမျိုးတွင် ပါရှိသော အနှစ်ချုပ်၊ စာစီစာကုံး၊ အဆိုဆွေးနွေး ဆောင်းပါးတို့၏ သဘောသဘာဝကိုသိရှိကာ စဉ်းစားတွေးခေါ်မှု မြင့်မားတိုးတက်လာပြီး ကိုယ်တိုင်လည်း ဖန်တီးရေးသားတတ်လာမည်။

စာပိုဒ်ဖွဲ့ခြင်းသင်ခန်းစာကို သင်ယူပြီးနောက် မည်သည့်စာပုံစံကိုရေးသည်ဖြစ်စေ ဦးဆောင်ဝါကျများဖြင့် စာပိုဒ်များကို စနစ်တကျ ရေးဖွဲ့တတ်လာမည်။ နိဂုံးဝါကျများဖြင့် စာပိုဒ်တစ်ပိုဒ်နှင့်တစ်ပိုဒ်ကို ချိတ်ဆက်တတ်လာမည်။ ဂုဏ် အလင်္ကာ ရသ သင်ခန်းစာကို သင်ယူပြီးနောက် စာပေအရေးအဖွဲ့တို့၏ ဂုဏ်မြောက်ခြင်းသဘော၊ အလင်္ကာတန်ဆာဆင်မှုသဘော၊ ရသသဘောတို့ကို သိရှိလာပြီး စာပေအရေးအဖွဲ့များကို ဂုဏ် အလင်္ကာ ရသတို့ဖြင့် ချိန်ထိုးအကဲဖြတ်လာနိုင်မည်။ ကိုယ်တိုင်ဖန်တီးရေးသားရာတွင်လည်း ထိုသဘောတို့ကို လက်တွေ့အသုံးချကာ ဖန်တီးရေးသားတတ်လာမည်။ မြန်မာစာရေးသားရာတွင် သတိပြုရှောင်ရှားသင့်သည့်အပြစ်များ သင်ခန်းစာကို ဂုဏ်မြောက်သည့်သဘောနှင့် နှိုင်းယှဉ်လေ့လာခြင်းဖြင့် မြန်မာစာရေးသားရာတွင် သတိပြုရှောင်ရှားသင့်သည့်အပြစ်များကို သိရှိလာပြီး လက်တွေ့ဖန်တီးရေးသားရာတွင် ထိရောက်စွာ အသုံးချတတ်လာမည် ဖြစ်ပါသည်။

# အခန်း – ၁
# စာအရေးအသားအခြေခံ

## မြန်မာစာအရေးအသားစနစ်

မြန်မာစာအရေးအသားစနစ်ဆိုသည်မှာ နှုတ်မှပြောသည့် မြန်မာစကားသံများကို စာဖြင့်ရေးသားရာတွင် အက္ခရာစာလုံးများ၊ အရေးသင်္ကေတများကို ဖွဲ့စည်းထားပုံစနစ် ဖြစ်သည်။ ကမ္ဘာပေါ်တွင် အစောဆုံးပေါ်ပေါက်သော စာအရေးအသားစနစ်သည် အရုပ်စာအရေးအသားစနစ် ဖြစ်သည်။ အကြောင်းအရာကို အရုပ်ကလေးများ ရေးဆွဲဖော်ပြရေးသားသောစနစ်ဖြစ်သည်။ ထို့နောက် စကားသံကိုအခြေခံသော အရေးအသားစနစ်ကို တီထွင်လာကြသည်။ မြန်မာစာအရေးအသားစနစ်သည် စကားသံကိုအခြေခံသော အရေးအသားစနစ်ဖြစ်သည်။

မြန်မာစာအရေးအသားစနစ်တွင် စကားသံတစ်ခုအတွက် အရေးသင်္ကေတများဖြင့် ဖွဲ့စည်းထားသော စာလုံးတစ်လုံးဖြင့် ဖော်ပြသည်။ သာဓကအားဖြင့် "ပေး" ဆိုသောစကားသံကို စာဖြင့်ရေးရာ၌ "ပ" ဆိုသော ဗျည်းသင်္ကေတ၊ "ေ–" (သဝေထိုး) ဆိုသော သရသင်္ကေတနှင့် –း (ဝစ္စပေါက်) ဆိုသော တက်ကျသံပြောင်းသင်္ကေတဆိုသည့် သင်္ကေတသုံးမျိုးဖြင့် ဖွဲ့စည်းထားကြောင်းတွေ့နိုင်သည်။ ထိုသို့စကားသံကို ကိုယ်စားပြုသော အရေးသင်္ကေတများဖြင့် ဖွဲ့စည်းထားသောအရေးအသားစနစ်တွင် စကားသံကိုအခြေခံသော စာအရေးအသားစနစ်ဟုခေါ်သည်။

မြန်မာစာအရေးအသားစနစ်တွင် ဗျည်းသင်္ကေတ၊ သရသင်္ကေတနှင့် တက်ကျသံပြောင်းသင်္ကေတတို့သည် အဓိကကျသည့် သင်္ကေတသုံးမျိုးဖြစ်သည်။ ဗျည်းသင်္ကေတတို့မှာ "က၊ ခ၊ ဂ၊ ဃ၊ င" စသည့် ဗျည်းအက္ခရာများဖြစ်သည်။ သရသင်္ကေတတို့မှာ "အိ" သံအတွက် " –ိ" (လုံးကြီးတင်)၊ "အီ" သံအတွက် " –ီ" (လုံးကြီးတင်ဆန်ခတ်) "အေ" သံအတွက် "ေ–" (သဝေထိုး)၊ "အယ်" သံအတွက် "–ယ်" (ယပက်လက်သတ်)၊ "အဲ" သံအတွက် " –ဲ" (နောက်ပစ်) "အာ" သံအတွက် "–ာ" (ရေးချ)၊ "အော်" သံအတွက် "ေ–ာ်" (သဝေထိုးရေးချရှေ့ထိုး)၊ "အော" သံအတွက် (သဝေထိုးရေးချ )၊ "အံ" သံအတွက် " –ံ" (သေးသေးတင်)၊ "အို" သံအတွက် "–ို" (လုံးကြီးတင် တစ်ချောင်းငင်)၊ "အူ" သံအတွက် "–ူ" (နှစ်ချောင်းငင်) တို့ဖြစ်ကြသည်။ "က်၊ င်၊ စ်၊ န်" စသည့် အသတ်များကိုလည်း သရသင်္ကေတများအဖြစ် မှတ်ယူနိုင်သည်။ ထို့ပြင် "ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ" ဟူသည့် ပုံသဏ္ဌာန်သီးခြားရှိသော သရသင်္ကေတများလည်း ရှိပါသည်။ တက်ကျသံပြောင်းသင်္ကေတမှာ "–း" (ဝစ္စပေါက်) နှင့် "–့" (အောက်မြစ်) တို့ဖြစ်သည်။

ဗျည်းသင်္ကေတတွင် ဗျည်းနှစ်လုံး၊ သုံးလုံးတွဲသော ဗျည်းတွဲသင်္ကေတများလည်း ရှိပါသည်။ ဗျည်းများကို တွဲသည့်အခါ နောက်ကဗျည်းသည် ပုံသဏ္ဌာန်ပြောင်းသွားတတ်သည်။ "ယ၊ ရ ဝ၊ ဟ" တို့သည် ဗျည်းတွဲတွင်

နောက်ကလိုက်သော ဗျည်းများဖြစ်သည်။ ရှေ့ကဗျည်းနှင့်တွဲသည့်အခါ "ယ" သည် –ျ (ယပင့်)၊ "ရ" သည် ြ (ရရစ်)၊ "ဝ" သည် –ွ (ဝဆွဲ)၊ "ဟ" သည် –ှ (ဟထိုး)အဖြစ် ပုံပြောင်းသွားသည်။ ထို့ကြောင့် ဗျည်းနှစ်လုံးတွဲရေးသည့်အခါ "မ+ယ= မျ၊ က+ရ= ကြ၊ စ+ဝ= စွ၊ လ+ဟ= လှ" ဟူ၍ ရေးရသည်။ ဗျည်းသုံးလုံးတွဲရေးသည့်အခါ "မ+ယ+ဟ= မျှ၊ က+ရ+ဝ= ကြွ၊ လ+ဝ+ဟ= လွှ"ဟူ၍ရေးရသည်။

ဗျည်းသင်္ကေတ၊ သရသင်္ကေတ၊ အသတ်သင်္ကေတတို့ ပေါင်းစပ်ထားသောစာလုံးကို တက်ကျသံပြောင်းလဲ ဖော်ပြလိုပါက " –း" နှင့် " –့"တို့ကို ဖြည့်စွက်ဖော်ပြသည်။ "တာ"ကို "တား"၊ "ပန်"ကို "ပန်း"၊ "သူ"ကို "သူ့"၊ "မည်"ကို "မည့်" စသည်ဖြင့် ဖော်ပြခြင်းမျိုးဖြစ်သည်။

မြန်မာစာရေးရာတွင် ဗျည်းသင်္ကေတကို အလယ်ဗဟိုကထားပြီး သရသင်္ကေတနှင့် တက်ကျသံသင်္ကေတတို့ကို အထက်အောက်၊ ရှေ့နောက်တို့မှ ခြံရံပြီးရေးသည်။ သာဓကအားဖြင့် "လေ" ဟုရေးလျှင် သရသင်္ကေတ "ေ–" သည် ဗျည်းသင်္ကေတ "လ" ၏ ရှေ့တွင်ရှိသည်။ "သိ" ဟုရေးလျှင် သရသင်္ကေတ " ိ" သည် ဗျည်းသင်္ကေတ "သ" ၏ အထက်တွင်ရှိသည်။ "စာ" ဟုရေးလျှင် သရသင်္ကေတ "–ာ" သည် ဗျည်းသင်္ကေတ "စ" ၏ နောက်တွင်ရှိသည်။ "ကူ" ဟုရေးလျှင် သရသင်္ကေတ "–ူ" သည် ဗျည်းသင်္ကေတ "က" ၏ အောက်တွင်ရှိသည်။ အသတ်သင်္ကေတကို ဗျည်းသင်္ကေတ၏ နောက်တွင်ထားပြီး ရေးရသည်။ "ခင်" ဟု ရေးလျှင် အသတ်သင်္ကေတ "င်" သည် ဗျည်းသင်္ကေတ "ခ" ၏ နောက်တွင်ရှိသည်။

မြန်မာစာအရေးအသားစနစ်တွင် ပါဌ်ဆင့်ရေးသားရာ၌ အထက်မှဆင့်ထားသောဗျည်းသည် အသတ်ဗျည်းသင်္ကေတ၊ အောက်တွင်ရှိသောဗျည်းမှာ နိုနိုဗျည်းသင်္ကေတ ဖြစ်သည်။ သာဓကအားဖြင့် "တက္ကသိုလ်" ဟုရေးလျှင် "က"နှစ်လုံးဆင့် "က္က" တွင် အထက်ဗျည်း "က" သည် ကသတ် "က်"၊ အောက်ဗျည်း"က"သည် နိုနိုဗျည်း "က" ဖြစ်သည်။ ပါဌ်ဆင့်ရေးသားရာတွင် အထက်အသတ်ဗျည်း၌ အသတ်သင်္ကေတ " ်" မလိုပါ။

မြန်မာစာအရေးအသားစနစ်တွင် "၍၊ ၏၊ ၎င်း၊ ၌" ဟူသည့် အတိုကောက်သင်္ကေတများ၊ "၁၊ ၂၊ ၃၊ ၄" စသည့် ဂဏန်းသင်္ကေတများလည်း ပါဝင်ပါသည်။ ထို့ပြင် " ၊ " (ပုဒ်ကလေး ခေါ် တစ်ချောင်းပုဒ်) နှင့် " ။ " (ပုဒ်မ ခေါ် နှစ်ချောင်းပုဒ် ) တို့သည် မြန်မာစာရေးသားရာတွင် မသုံးမဖြစ် အရေးပါသောသင်္ကေတနှစ်ခုဖြစ်သည်။ ဝါကျအလယ်တွင်ရပ်နားလျှင် ပုဒ်ကလေး"၊"ကိုသုံး၍ ဝါကျအဆုံးတွင် ပုဒ်မ"။"ကိုသုံးပါသည်။ "( )" (ဂိုက်ကွင်း)၊ "–" (မျဉ်းတို)၊ " " (မျက်တောင်) တို့ကိုလည်း သူ့နေရာနှင့်သူ အသုံးပြုရသည်။ ထိုသင်္ကေတအမျိုးမျိုးတို့ကို သင်္ကေတများအဖြစ် သတ်မှတ်နိုင်ပါသည်။

ထိုကဲ့သို့ ဗျည်းသင်္ကေတ၊ သရသင်္ကေတ၊ တက်ကျသံပြောင်းသင်္ကေတ၊ အထွေထွေသင်္ကေတများ စနစ်တကျတွဲဖက်ထားသောစာလုံးများကို လက်ဝဲဘက်မှလက်ယာဘက်သို့ အလျားလိုက်စီကာစဉ်ကာ ရေးသားခြင်းဖြင့် မြန်မာစာအရေးအသားစနစ်ကို တည်ဆောက်ထားသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ မြန်မာစာအရေးအသားစနစ် ဖွင့်ဆိုချက်နှင့် အမျိုးအစား
- ❖ မြန်မာစာအရေးအသားတွင်အသုံးပြုသော ဖျည်းသင်္ကေတ၊ သရသင်္ကေတ၊ အသတ်သင်္ကေတ၊ တက်ကျသံပြောင်းသင်္ကေတ၊ အထွေထွေသင်္ကေတများအကြောင်း
- ❖ သင်္ကေတများ တွဲဖက်ရေးသားပုံတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ မြန်မာစာအရေးအသားစနစ်ဟူသည် အဘယ်နည်း။ မြန်မာစာအရေးအသားစနစ်သည် မည်သည့် အမျိုးအစားတွင် ပါဝင်သနည်း။

၂။ မြန်မာစာအရေးအသားစနစ်တွင် အသုံးပြုသော ဖျည်းသင်္ကေတ၊ သရသင်္ကေတ၊ အသတ်သင်္ကေတ၊ တက်ကျသံပြောင်းသင်္ကေတတို့အကြောင်းကိုရှင်းပြ၍ မည်သို့အသုံးပြုရေးသားကြောင်း ဆွေးနွေးပါ။

၃။ အောက်ပါဝါကျများတွင် အရေးသင်္ကေတများအသုံးပြုပုံ စိစစ်လေ့လာပါ။

(၁) တောင်ကြီးမြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) တွင်တည်ရှိသည်။

(၂) မြစ်ကမ်းဘေးတွင် "ဤမြစ်သည် ရေနက်၍ ရေမကူးရ" ဟူသော ဆိုင်းဘုတ်ကို စိုက်ထူထား၏။

၄။ မြန်မာစာတွင် မြန်မာစကားသံနှင့် မြန်မာစာလုံးပေါင်း ဆက်နွှယ်ပုံကို သင်မည်သို့ ထင်မြင်ယူဆပါသနည်း။ သာဓကသုံးခုပြ၍ ဆွေးနွေးပါ။

# ပြောဟန်နှင့်ရေးဟန်

မြန်မာစာရေးသားရာတွင် ပြောဟန်နှင့်ရေးဟန် ဟူ၍ ဟန်နှစ်မျိုးရှိသည်။ ပြောဟန်သည် စကားပြောသကဲ့သို့ အပြောဆန်ဆန်ရေးသားသည့် ဟန်မျိုးဖြစ်သည်။ ရေးဟန်မှာ အပြောမဆန်ဘဲ စာဆန်ဆန်ရေးသားသည့် ဟန်မျိုးဖြစ်သည်၊ ပြောဟန်ဖြင့်ရေးသားသည့်စကားပြေကို အပြောစကားပြေ၊ ရေးဟန်ဖြင့်ရေးသားသည့်စကားပြေကို အရေးစကားပြေဟုခေါ်ကြသည်။

ပြောဟန်ကို ပုဂ္ဂိုလ်ရေးပေးစာများ၊ ဝတ္ထု၊ ပြဇာတ်တို့မှ ပြောစကား၊ ဟောပြောချက်၊ မိန့်ခွန်း၊ အမှာစကား၊ ကျေးဇူးတင်စကားစသည့် ပြောဆိုမှုအလေးကဲသောစာမျိုး၊ ပြောဆိုရန်ရေးသားသည့်စာမျိုးတို့တွင် ရေးသားလေ့ရှိသည်။ ရေးဟန်ကို သတင်း၊ ဆောင်းပါး၊ စာစီစာကုံး၊ ပညာရပ်ဆိုင်ရာစာများ၊ ကျမ်း၊ စာတမ်းစသည့် စာအလေးကဲသောစာမျိုးတွင် ရေးသားလေ့ရှိသည်။ ရုံးစာအမျိုးမျိုးဖြစ်သည့် အစည်းအဝေးဖိတ်စာ၊ အစည်းအဝေးမှတ်တမ်း၊ အမှာစာ၊ အစီရင်ခံစာ၊ အမိန့်စာ၊ ကြေညာစာ စသည်တို့ကိုလည်း ရေးဟန်ဖြင့်ပင် ရေးရသည်။

ပြောဟန်နှင့်ရေးဟန်တွင် အဓိကကွဲပြားကွာခြားသည်မှာ သဒ္ဒါစကားလုံးများ ဖြစ်သည်။ သဒ္ဒါစကားလုံးသည် မိမိဘာသာမရပ်တည်နိုင်ဘဲ ဝေါဟာရစကားလုံးနှင့်တွဲသုံးမှသာ အဓိပ္ပာယ်ထင်ရှားပြီး သဒ္ဒါဆက်သွယ်မှုကို ပြသော စကားမျိုးဖြစ်သည်။ ဝေါဟာရစကားလုံးသည် အဓိပ္ပာယ်ထင်ရှားပြီးသီးခြားရပ်တည်နိုင်သောစကားလုံးမျိုး ဖြစ်သည်။ ဝေါဟာရစကားလုံးတွင် နာမ်စကားလုံး၊ ကြိယာစကားလုံးတို့ အများဆုံးပါဝင်သည်။ သဒ္ဒါစကားလုံးသည် နာမ်စကားလုံး၊ ကြိယာစကားလုံးတို့၏ သဒ္ဒါတာဝန်၊ သဒ္ဒါဆက်သွယ်မှုကိုဖော်ပြသည်။ ပြောဟန်နှင့် ရေးဟန်တို့တွင် ဝေါဟာရစကားကွာခြားမှုနည်းပြီး သဒ္ဒါစကားလုံးသာ အဓိကအားဖြင့်ကွာခြားသည်။

သာဓကအားဖြင့် — ကျွန်မဟာ ပဲခူးက ရန်ကုန်ကို မော်တော်ကားနဲ့လာတယ်။ (ပြောဟန်)

ကျွန်မသည် ပဲခူးမှ ရန်ကုန်သို့ မော်တော်ကားဖြင့် လာသည်။ (ရေးဟန်)

အထက်ပါသာဓကတွင် ဝေါဟာရစကားလုံးများဖြစ်သည့် 'ကျွန်မ၊ ပဲခူး၊ ရန်ကုန်၊ မော်တော်ကား၊ လာ'တို့သည် ကွဲပြားမှုမရှိဘဲ သဒ္ဒါစကားလုံးများဖြစ်သည့် 'ဟာ' နှင့် 'သည်'၊ 'က' နှင့် 'မှ'၊ 'ကို' နှင့် 'သို့'၊ 'နဲ့' နှင့် 'ဖြင့်'၊ 'တယ်' နှင့် 'သည်' တို့ ကွာခြားသည်ကို တွေ့ရသည်။

သဒ္ဒါစကားလုံး အမျိုးမျိုးရှိပါသည်။ နာမ်စကားလုံး၏ နောက်တွင်ရေးသားသော စကားလုံးများကို 'နာမ်နောက်ဆက်'၊ ကြိယာစကားလုံး၏နောက်တွင် ရေးသားသော စကားလုံးများကို 'ကြိယာနောက်ဆက်'၊ အမေးဝါကျတွင် အသုံးပြုသည့် 'အမေးစကား'၊ အငြင်းဝါကျတွင် အသုံးပြုသည့် 'အငြင်းစကား'၊ ဝါကျတစ်ခုနှင့် တစ်ခုကို အဓိပ္ပာယ်ဆက်စပ်ပေးသော 'အဓိပ္ပာယ်ဆက်စကား' စသည်တို့ ဖြစ်ပါသည်။ ထိုသဒ္ဒါစကားလုံး အမျိုးမျိုးတို့သည် ပြောဟန်နှင့်ရေးဟန်တို့တွင် ကွဲပြားကြပါသည်။

'ဟာ' နှင့် 'သည်'၊ 'က' နှင့် 'မှ'၊ 'ကို' နှင့် 'သို့'၊ 'နဲ့' နှင့် 'ဖြင့်'၊ 'မှာ' နှင့် 'တွင်' '၌'၊ 'ရဲ့' နှင့် '၏' စသည်တို့သည် နာမ်နောက်ဆက် သဒ္ဒါစကားလုံးများ၏ ပြောဟန်နှင့်ရေးဟန် ကွာခြားချက်ဖြစ်သည်။

'တယ်' နှင့် 'သည်' '၏'၊ 'မယ်' နှင့် 'မည်'၊ 'တဲ့' နှင့် 'သော' 'သည့်'၊ 'မဲ့' နှင့် 'မည့်'၊ 'ရင်' နှင့် 'လျှင်'၊ 'ပေမဲ့' နှင့် 'သော်လည်း'၊ 'လို့' နှင့် '၍' စသည်တို့သည် ကြိယာနောက်ဆက်သဒ္ဒါစကားလုံးများ၏ ပြောဟန်နှင့် ရေးဟန် ကွာခြားချက်ဖြစ်သည်။

အမေးဝါကျများ ရေးသားရာတွင်လည်း အမေးစကားများတွင် ပြောဟန်နှင့်ရေးဟန် ကွာခြားမှု ရှိသည်။ "ဘာလုပ်မလို့လဲ"၊ "ဘာလုပ်မလဲ" (ပြောဟန်)နှင့်"မည်သည်ကိုလုပ်မည်နည်း" (ရေးဟန်)၊ "ဘယ်သွားမလို့လဲ"၊ "ဘယ်သွားမလဲ" (ပြောဟန်)နှင့် "အဘယ်သို့သွားမည်နည်း" (ရေးဟန်)၊ "ဘယ်လိုလုပ်မလဲ"၊ "ဘယ်လိုလုပ်မလို့လဲ" (ပြောဟန်) နှင့် "မည်သို့လုပ်မည်နည်း" (ရေးဟန်)၊ "ဘာလို့လုပ်တာလဲ"၊ "ဘာဖြစ်လို့ လုပ်တာလဲ" (ပြောဟန်) နှင့် "အဘယ်ကြောင့်လုပ်သနည်း" (ရေးဟန်) စသည်တို့မှ ပြောဟန်နှင့် ရေးဟန် ကွဲပြားမှုကို လေ့လာနိုင်သည်။ 'ဘာ' နှင့် 'မည်သည်'၊ 'ဘယ်' နှင့် 'အဘယ်သို့'၊ 'ဘယ်လို' နှင့် 'မည်သို့'၊ 'ဘာလို့' နှင့် 'အဘယ်ကြောင့်'၊ 'လဲ' နှင့် 'နည်း' 'သနည်း' စသည်တို့သည် ပြောဟန်နှင့်ရေးဟန်တို့တွင် အမေးစကား ကွဲပြားမှုများဖြစ်ပါသည်။

အငြင်းဝါကျများတွင်လည်း ပြောဟန်နှင့်ရေးဟန်တို့တွင် သဒ္ဒါသုံးစကားလုံးများ ကွာခြားမှုရှိပါသည်။ သာဓကအားဖြင့် –

"မောင်ကျော်လင်း ဒီနေ့ ကျောင်းမလာဘူး" (ပြောဟန်)

"မောင်ကျော်လင်း ယနေ့ ကျောင်းမလာပါ" (ရေးဟန်)

"မောင်ကိုကိုဝင်း ဒီနေ့ကျောင်းလာပေမဲ့ နေကောင်းတဲ့ပုံ မရဘူး" (ပြောဟန်)

"မောင်ကိုကိုဝင်း ယနေ့ကျောင်းလာသော်လည်း နေကောင်းသည့်ပုံ မရပါ" (ရေးဟန်)

တို့တွင် ပြောဟန်အငြင်းဝါကျတွင် အငြင်းပြစကားအဖြစ် 'မ' နှင့် 'ဘူး' ကိုသုံးသော်လည်း ရေးဟန်တွင်မူ 'မ' နှင့် 'ပါ' သို့မဟုတ် 'ပေ' ကို သုံးသည်။ သို့ရာတွင် ခြွင်းချက်အဖြစ် အချို့ဒေသိယစကားများတွင်မူ အပြောတွင်လည်း 'ဘူး' မသုံးဘဲ 'ပါ' ကိုသာ သုံးသည်ကို တွေ့နိုင်ပါသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မ အိမ်ပြန်မှ ဖြစ်မယ်။ တကယ်လို့ ကျွန်မပြန်မရောက်ရင် အဖေ စိတ်ပူနေလိမ့်မယ်" ဟူသော ပြောဟန်ဖြင့် ရေးထားသောဝါကျနှစ်ခုကို ရေးဟန်ဖြင့် ရေးမည်ဆိုပါက "မည်သို့ပင်ဖြစ်စေ ကျွန်မ အိမ်ပြန်မှ ဖြစ်မည်။ အကယ်၍ ကျွန်မပြန်မရောက်လျှင် ဖခင်စိတ်ပူနေလိမ့်မည်" ဟု ရေးရပါမည်။ ဤပြောဟန်နှင့်ရေးဟန်နှစ်ခုတွင် ဝေါဟာရစကားလုံးများ၊ နာမ်နောက်ဆက်၊ ကြိယာနောက်ဆက် စကားလုံးများသာမက အမိပ္ပာယ်ဆက်စကားများပါ ကွဲပြားသည်ကို တွေ့ရပါမည်။ "ဘာပဲဖြစ်ဖြစ်" နှင့် "မည်သို့ပင်

ဖြစ်စေ"၊ "တကယ်လို့" နှင့် "အကယ်၍" တို့သည် အဓိပ္ပာယ်ဆက်စကားများ ကွဲပြားမှုဖြစ်သည်။ အလားတူပင် 'ဒါကြောင့်' နှင့် 'ထို့ကြောင့်'၊ 'ဒါပေမဲ့' နှင့် 'သို့ရာတွင်' 'သို့သော်'၊ 'ဒါ့အပြင်' နှင့် 'ထို့ပြင်'၊ 'ပြီးတော့' နှင့် 'ထို့နောက်'၊ 'ဒါမှမဟုတ်' နှင့် 'သို့မဟုတ်' စသည်တို့သည် ပြောဟန်နှင့် ရေးဟန်ကွဲပြားသော အဓိပ္ပာယ်ဆက်စကားများ ဖြစ်ပါသည်။

ပြောဟန်နှင့်ရေးဟန် ကွဲပြားကွာခြားရာတွင် သဒ္ဒါစကားလုံးများ အဓိကကွာခြားသော်လည်း ဝေါဟာရစကားလုံးများလည်း အတန်အသင့်ကွဲပြားနိုင်သည်။ သာဓကအားဖြင့် -

ဒီနေ့ မနက် ၁၀ နာရီ အချိန်မှာ ဆရာကြီးရဲ့ ရုံးခန်းမှာ အစည်းအဝေး ကျင်းပမယ်။ (ပြောဟန်)

ယနေ့ နံနက် ၁၀ နာရီ အချိန်တွင် ဆရာကြီး၏ ရုံးခန်း၌ အစည်းအဝေး ကျင်းပမည်။ (ရေးဟန်)

အထက်ပါသာဓကတွင် သဒ္ဒါစကားလုံးများဖြစ်သည့် 'မှာ' နှင့် 'တွင်'၊ 'ရဲ့' နှင့် '၏'၊ 'မှာ' နှင့် '၌'၊ 'မယ်' နှင့် 'မည်' တို့သာမက ဝေါဟာရစကားလုံးများဖြစ်သည့် 'ဒီနေ့' နှင့် 'ယနေ့'၊ 'မနက်' နှင့် 'နံနက်' တို့လည်း ကွာခြားသည်ကိုတွေ့ရသည်။'အဖေ' နှင့် 'ဖခင်'၊ 'အမေ' နှင့် 'မိခင်'၊ 'အခု' နှင့် 'ယခု'၊ 'မနေ့' နှင့် 'ယမန်နေ့' စသည်တို့သည် ပြောဟန်နှင့်ရေးဟန်တို့တွင်ကွာခြားသော ဝေါဟာရစကားလုံးများ ဖြစ်ပါသည်။ ဝေါဟာရစကားလုံးများတွင် ပြောဟန်နှင့်ရေးဟန် ကွာခြားမှုသည် သဒ္ဒါစကားလုံးများနှင့်နှိုင်းယှဉ်လျှင် အလွန်နည်းသည်။

ပြောဟန်နှင့်ရေးဟန်ကွဲပြားမှုကို သေချာစွာသိရှိနားလည်ထားပါက မိမိရေးသားလိုသည့် အကြောင်းအရာနှင့်လိုက်ဖက်သည့် ပြောဟန်နှင့်ရေးဟန်ကို လိုက်လျောညီထွေ ရေးသားနိုင်မည် ဖြစ်ပေသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ ပြောဟန်နှင့်ရေးဟန်တို့၏ သဘောသဘာဝနှင့် စာအမျိုးအစားများ
- ❖ ပြောဟန်နှင့်ရေးဟန်တွင်အဓိကကွာခြားသော သဒ္ဒါစကားလုံးများ
- ❖ ပြောဟန်နှင့်ရေးဟန်တွင် ကွာခြားသော ဝေါဟာရစကားလုံး၊ အမေးစကား၊ အငြင်းစကား၊ အဓိပ္ပာယ်ဆက်စကား
- ❖ ပြောဟန်နှင့်ရေးဟန် နှစ်မျိုးဖြင့် လက်တွေ့ရေးသားခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စာရေးသားရာတွင် ပြောဟန်နှင့်ရေးဟန် မည်သို့ကွဲပြားသည်ကို ကိုယ်ပိုင်သာဓကဝါကျ ငါးခုဖြင့်ရှင်းပြပါ။

၂။ အောက်ပါဝါကျများကို ပြောဟန်ဖြင့်ရေးပါ။

(က) ကျွန်တော်သည် ယနေ့အတန်းထဲတွင် ဆရာမေးသမျှဖြေနိုင်သဖြင့် ဆရာ၏ချီးကျူးခြင်းကို ခံရသည်။

(ခ) ယမန်နေ့က ကျောင်းပိတ်ရက်ဖြစ်သော်လည်း ကျွန်မ မည်သည့်နေရာမျှ မသွားပါ။

(ဂ) ကျွန်မတို့အိမ်အနီးရှိ စံကားပင်ကြီးတွင် စံကားပန်းများ ဝေဝေဆာဆာပွင့်နေသည်။

၃။ အောက်ပါဝါကျများကို ရေးဟန်ဖြင့်ရေးပါ။

(က) ကျွန်မရဲ့စိတ်ထဲမှာ ဘာလို့မှန်းမသိ ပျော်နေမိတယ်။

(ခ) ကျွန်တော်ဟာ ခရီးသွားတာကို သိပ်ကြိုက်ပါတယ်။

(ဂ) ကျွန်မရဲ့အမေဟာ နေမကောင်းပေမဲ့ အိမ်အလုပ်တွေကို မလုပ်ဘဲမနေဘူး။

၄။ ကျောင်းလာစဉ်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုကို ပြောဟန်ဖြင့်ရေးပါ။ ပြောဟန်ဖြင့် ရေးထားသည်ကို ရေးဟန်သို့ပြောင်းပါ။

# သဒ္ဒါပဟူသည်

စာရေးသားခြင်း၏ရည်ရွယ်ချက်မှာ မိမိပြောလိုသောအကြောင်းအရာကို ဖတ်သူသိရှိနားလည်အောင် ရေးသားခြင်းဖြစ်သည်။ မိမိဆိုလိုရင်းကို ရေးသောအခါ အကြောင်းအရာကို မှန်မှန်ကန်ကန် စနစ်တကျ စီစဉ်ရေးရသည်။ စကားအသုံးအနှုန်းတို့ကို မှန်မှန်ကန်ကန် သုံးရသည်။ နားမရှုပ်အောင် ရှင်းရှင်းလင်းလင်း ရေးရသည်။ ဤသို့ရေးခြင်းကို စည်းနှင့်ကမ်းနှင့်ရေးခြင်း၊ သဒ္ဒါမှန်ကန်စွာရေးခြင်းဟု ဆိုပါသည်။

ပုံစံပြရလျှင် 'ကြောင်ကို ခွေးကိုက်သည်' ကိုမြင်၍ ဤအကြောင်းအရာကို ရေးသည်ဆိုကြပါစို့။ 'ခွေးကို ကြောင်ကိုက်သည်' ဟု ရေးလျှင် မိမိဆိုလိုရင်းသို့မရောက်။ 'ကြောင်အား ခွေးကိုက်သည်' ဟု ရေးလျှင်လည်း ဆိုရင်းသို့မရောက်။ 'ကြောင်ကို ခွေးကိုက်သည်' ဟုရေးမှ ဆိုလိုရင်းကို မှန်မှန်ကန်ကန် ရောက်ပေသည်။

ဤသို့ရေးရာ၌ 'ကို' ဟူသောစကားကို သူ့နေရာနှင့်သူ မှန်အောင်သုံးခြင်းသည်ပင် သဒ္ဒါမည်ပါသည်။ ကြောင်ကိုလည်းကောင်း၊ ခွေးကိုလည်းကောင်း သူ့နေရာနှင့်သူ မှန်မှန်ကန်ကန် ထားခြင်းသည်လည်း သဒ္ဒါပင် မည်ပါသည်။ 'ကို' နှင့် 'အား' ကို သူ့အသုံးနှင့်သူ မှန်ကန်အောင်သုံးခြင်းသည်လည်း သဒ္ဒါမည်ပါသည်။

တစ်နည်းဆိုသော် 'စာအုပ်အား သူ့ကိုပေးသည်' ဟူသောဝါကျမျိုး၌ 'အား' နှင့် 'ကို' အသုံးအနှုန်း လွဲမှားနေသည်ကို တွေ့နိုင်ပါသည်။ မှန်မှန်ကန်ကန်ရေးလိုလျှင် 'စာအုပ်ကို သူ့အားပေးသည်' ဟု ရေးရပေမည်။ ဤသို့ 'အား' နှင့် 'ကို' တို့ကို မှန်မှန်ကန်ကန်ရေးခြင်းပင်လျှင် သဒ္ဒါစည်းကမ်းနှင့်ညီသည်ဟု ဆိုစရာ ဖြစ်ပါသည်။

အလားတူပင် 'ကလေးသည် မုန့်ကိုင်ပြီး ငိုနေသည်' ဟုပြောသောစကားကို ရေးသောအခါ 'ကလေးသည် မုန့်ကိုင်ပြီး ငိုနေသည်' ဟူ၍လည်းကောင်း၊ 'မုန့်ကိုကိုင်၍ ကလေးငိုနေသည်' ဟူ၍ လည်းကောင်း ရေးတတ်ကြပါသည်။ 'ပြီး' ဆိုသည့်အသုံးအနှုန်းသည် 'ပြီးနောက်' ဟူသောအသုံးအနှုန်းပင် ဖြစ်ပါသည်။ '၍' ဟူသော အသုံးအနှုန်းသည်လည်း အလုပ်တစ်ခုခုကို လုပ်ပြီးသည့်နောက် ဟူသော အသုံးအနှုန်းပင် ဖြစ်ပါသည်။ 'လျက်' ဟူသော အသုံးအနှုန်းသာလျှင် အလုပ်နှစ်ခုကို တစ်ပြိုင်နက်လုပ်သည်ဟူသော အနက်ကို ဆောင်ပါသည်။ ထို့ကြောင့် 'ကလေးသည် မုန့်ကိုကိုင်ပြီး ငိုနေသည်' ဟု သုံးလျှင် ကလေးသည် မုန့်ကို ကိုင်ပြီးသည့်နောက်မှ ငိုသည်ဟု နားလည်ပါလိမ့်မည်။ 'ကလေးသည် မုန့်ကိုကိုင်လျက် ငိုသည်'ဟု သုံးမှသာ စကားအရွေးအချယ် အသုံးအနှုန်းမှန်သည်။ 'လျက်' ကို သူ့နေရာနှင့်သူ မှန်မှန်ကန်ကန် သုံးခြင်းသည်လည်း သဒ္ဒါပင် ဖြစ်ပါသည်။

အမှတ်တမဲ့ပြောသောအခါ 'ကြိုးကြိုးစားစား စာကိုသင်ပါ' ဟူသော အပြောမျိုး ပြောတတ်ပါသည်။ စကားပြောအနေနှင့် မထောင်းတာသော်လည်း စာအရေးအသားအနေနှင့်ကြည့်သော် 'ကြိုးကြိုးစားစား'

သည် စာကိုအထူးပြုကြောင်း မြင်နိုင်ပါသည်။ စာသည် ကြိုးကြိုးစားစားစာ မဖြစ်နိုင်ပါ။ 'ကြိုးကြိုးစားစား' သည် 'သင်ပါ' ဟူသော ပြုလုပ်ခြင်းကိုသာ အထူးပြုသင့်ပါသည်။ ထို့ကြောင့် မိမိဆိုလိုရင်းကို တိတိကျကျ ရေးလိုသော် 'စာကို ကြိုးကြိုးစားစား သင်ပါ' ဟုရေးမှ ဆိုလိုရင်းပေါက်ပေမည်။ အရေးအသားအနေနှင့် ကြိုးကြိုးစားစားဟူသော အသုံးအနှုန်းကို စာရှေ့၌ထားခြင်းမှာ အထားအသို မမှန်ခြင်းဖြစ်သည်၊ 'ကြိုးကြိုးစားစား' ဟူသောအသုံးအနှုန်းကို 'သင်ပါ' ဟူသောစကား၏ ရှေ့မှထားခြင်းမှာ အထားအသို မှန်ကန်ခြင်း ဖြစ်ပါသည်။ ဤသို့ အထားအသို မှန်မှန်ကန်ကန်ထားခြင်းသည်လည်း သဒ္ဒါပင်ဖြစ်ပါသည်။

အလားတူပင် သုံးသင့်သောအသုံးကို မသုံးဘဲ မသုံးသင့်သောအသုံးအနှုန်းမျိုးကို အသုံးများတတ်ကြပါသေးသည်။

ပုံစံမှာ ကျောင်းသားနှင့်မိဘ၊ ကလေးနှင့်လူကြီး စသောအသုံးအနှုန်းမျိုး၌ 'နှင့်' သည် ပူးတွဲသောသဘောကို ပြရာရောက်ပါသည်။ သို့ရာတွင် ရံဖန်ရံခါ သုံးတတ်သော အသုံးမျိုးမှာ 'ကြိမ်နှင့်နွားကို ရိုက်သည်' ဟူသော အသုံးမျိုးဖြစ်ပါသည်၊ ဤသို့သုံးခြင်းမှာလည်း စကားပြောသောအခါ၌ 'ကြိမ်နဲ့နွားကို ရိုက်တယ်' ဟူသော အပြောမျိုးကြောင့် အရေးတွင် သံယောင်လိုက်ပြီးလျှင် 'ကြိမ်နှင့်နွားကို ရိုက်သည်' ဟု သုံးစွဲခြင်း ဖြစ်ပါသည်။ ဤအရေးအသားကို ဆန်းစစ်ကြည့်ပါ။ ကြိမ်နှင့်နွားဟူ၍ အဓိပ္ပာယ်တွဲယူနိုင်ပါသည်၊ ကြိမ်လုံးရှိသောနွားဟု အဓိပ္ပာယ်ပေါက်နိုင်ပါသည်။

ဤသို့ အဓိပ္ပာယ်နှစ်မျိုး မထွက်ရအောင် ရှေးသူဟောင်းတို့သည် 'ဖြင့်' ဟူသော အသုံးအနှုန်းဖြင့် ခွဲခြားသတ်မှတ် ရေးထားခဲ့ပါသည်။ 'ကြိမ်ဖြင့် နွားကိုရိုက်သည်'ဟု ရေးလျှင်လည်းကောင်း၊ 'နွားကိုကြိမ်ဖြင့် ရိုက်သည်' ဟု ရေးလျှင်လည်းကောင်း အဓိပ္ပာယ်နှစ်မျိုး မထွက်တော့ပါ။ ဤသို့ အဓိပ္ပာယ်နှစ်မျိုး မထွက်အောင် 'နှင့်' ကို သူ့နေရာနှင့်သူ၊ 'ဖြင့်' ကို သူ့နေရာနှင့်သူ အသုံးပြုခြင်းသည်လည်း သဒ္ဒါပင်မည်ပါသည်။

အလားတူပင် 'မှ' နှင့် 'က' ကိုလည်း သူ့နေရာနှင့်သူသုံးရန် စည်းကမ်းသတ်မှတ်ထားပေသည်။ 'ကျောင်းမှဆရာ' ဟုသုံးလျှင် စကားပြောအနေနှင့် နားလည်သော်လည်း အရေးအသားအနေနှင့် မပြည့်စုံပါ။ ကျောင်းမှဆရာသည် မည်သည့်နေရာသို့ သွားမည်နည်းဟု မေးစရာရှိနေပါသည်၊ ဆိုလိုရင်းမှာ ဆရာသည် ကျောင်းမှ တစ်နေရာသွားသလော၊ သို့မဟုတ် ကျောင်းတွင်တာဝန်ထမ်းနေသော ဆရာလောဟု မသေမချာ ဖြစ်တတ်ပါသည်။ 'ကျောင်းကဆရာ' ဟုသုံးလျှင် မသေမချာ ဖြစ်စရာမရှိပါ၊ 'ဆရာသည် ကျောင်းမှ အိမ်သို့ပြန်သည်' ဟုသုံးလျှင် အသုံးအနှုန်း ရှင်းပါသည်၊ စည်းကမ်းတကျရေးရာလည်း ရောက်ပါသည်။ ဤသို့ 'က' ကို သူ့နေရာနှင့်သူ၊ 'မှ' ကို သူ့နေရာနှင့်သူ နေထားတကျ ရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန် သုံးခြင်းသည်လည်း သဒ္ဒါမည်ပါသည်။

တက္ကသိုလ်မောင်မောင်ကြီး

**သင်ခန်းစာဆိုလိုရင်း**

❖ သဒ္ဒါ၏ သဘောသဘာဝ

❖ 'ကို' နှင့် 'အား'၊ '၍' နှင့် 'လျက်' မှန်ကန်စွာသုံးစွဲခြင်း

❖ ပုဒ်အထားအသိုမှန်ကန်ခြင်း

❖ 'နှင့်' နှင့် 'ဖြင့်'၊ 'မှ' နှင့် 'က' မှန်ကန်စွာသုံးစွဲခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ သဒ္ဒါကို သင်မည်သို့နားလည်သနည်း။ ဆွေးနွေးပါ။

၂။ 'ကို' နှင့် 'အား'၊ '၍' နှင့် 'လျက်' တို့ကို မည်သို့မှန်ကန်အောင် ရေးသင့်ကြောင်း သာဓကပြ၍ဆွေးနွေးပါ။

၃။ 'နှင့်' နှင့် 'ဖြင့်' ၊ 'မှ' နှင့် 'က' တို့ကို မည်သို့မှန်ကန်အောင် ရေးသင့်ကြောင်း သာဓကပြ၍ဆွေးနွေးပါ။

၄။ သဒ္ဒါတွင် ပုဒ်အထားအသိုမှန်ကန်ရန် အရေးကြီးပုံကို သာဓကပြ၍ ဆွေးနွေးပါ။

# အခန်း - ၂
# စာပုံစံအမျိုးမျိုး

## အနှစ်ချုပ်

စာရေးသားရာတွင် အကျယ်ချဲ့ရေးသားခြင်းနှင့် အနှစ်ချုပ်ရေးသားခြင်း နှစ်မျိုးရှိပါသည်။ အကျယ်ချဲ့ရေးသားခြင်းသည် အကြောင်းအရာတစ်ခုကို ကျယ်ကျယ်ပြန့်ပြန့် ချဲ့ထွင်သိုင်းဝိုင်း ရေးသားခြင်းဖြစ်သည်။ အနှစ်ချုပ်ရေးသားခြင်းမှာမူ လိုရင်းအချက်ကို အနှစ်သာရမပျက်စေဘဲ အကျဉ်းချုံ့ရေးသားခြင်းဖြစ်သည်။ ဤရေးနည်းနှစ်ရပ်စလုံးသည် သူ့နေရာနှင့်သူအသုံးဝင်သော ရေးနည်းများဖြစ်သည်။

အနှစ်ချုပ်ရေးရာတွင် အကြောင်းအရာ၏ ဆိုလိုရင်းအနှစ်သာရကို တိုတိုရှင်းရှင်းဖော်ပြရသည်။ တိုတိုရှင်းရှင်းဟုဆိုရာတွင် တိုလျှင်ပြီးစတမ်းဟု မမှတ်ယူအပ်ပေ။ အကြောင်းအရာနှင့် သက်ဆိုင်သော အချက်အလက်အားလုံး၏ အနှစ်သာရကို ခြုံငုံဖော်ပြနိုင်ရန် အရေးကြီးပါသည်။

အနှစ်ချုပ်ရေးသားရခြင်းတွင် အဓိကရည်ရွယ်ချက် နှစ်ရပ်ရှိပါသည်။ ပထမရည်ရွယ်ချက်မှာ အခြားသူများ၏ရေးသားချက်များမှ အနှစ်သာရ အဓိကအချက်များကို အကျဉ်းချုပ် ထုတ်နုတ်မှတ်သားတတ်ရန် ဖြစ်သည်။ ထိုသို့မှတ်သားတတ်သူသည် စာမှာသာမက အခြားသူများပြောဆိုသည့် စကားများတွင် လိုရင်းအနှစ်ချုပ်ကို ထုတ်နုတ်မှတ်သားတတ်သူ ဖြစ်လာမည်။ ကျောင်းသားများအနေဖြင့်မူ စာသင်ခန်းတွင် ဆရာသင်ကြားပြောဆိုသည်များမှ လိုရင်းအချက်များကို မှတ်စုရေးသားတတ်သည့် အလေ့အကျင့်ကို ရရှိစေမည်ဖြစ်သည်။ ဒုတိယရည်ရွယ်ချက်မှာ အခြေအနေ အချိန်အခါကိုလိုက်၍ လိုအပ်သည့်အခါ မိမိဖော်ပြလိုသည့် အကြောင်းအရာ အချက်အလက်များကို အနှစ်ချုပ်ရေးတတ်ရန် ဖြစ်သည်။

အခြားသူရေးထားသည့်စာများကို အနှစ်ချုပ်ရေးရာတွင် အဆင့် ၅ ဆင့် ရှိပါသည်။ ယင်းတို့မှာ-

(က) ဖတ်ရှုခြင်း

(ခ) အချက်အလက်ထုတ်ခြင်း

(ဂ) အကြမ်းရေးခြင်း

(ဃ) ပြန်လည်စစ်ဆေးခြင်း

(င) အချောရေးခြင်း တို့ဖြစ်သည်။

### (က) ဖတ်ရှုခြင်း

ဦးစွာ အနှစ်ချုပ်ရေးမည့်စာပိုဒ်ကို သေချာစွာဖတ်ပါ။ အကြောင်းအရာတွင် မည်သည့် အချက်အလက်များပါသည်ကို သတိပြုမှတ်သားပါ။ အရေးမကြီးသည့်အချက်များ၊ ထပ်နေသည့်အချက်များ၊ အနှိုင်းပုံစံပေးအချက်များ

ချဲ့ထွင်အကြောင်းပြချက်များကို ပယ်ပါ။ အရေးကြီးသော အချက်အလက်များကို ဆီလျော်အောင်စဉ်ပါ။

**(ခ) အချက်အလက်ထုတ်ခြင်း**

စာပိုဒ်ကိုသေချာစွာဖတ်ပြီး အရေးကြီးသည့်အချက်အလက်များကို ထုတ်နုတ်ပါ။

**(ဂ) အကြမ်းရေးခြင်း**

အနှစ်ချုပ်ရေးသားရန်အတွက် စာလုံးရေ ကန့်သတ်ပေးထားလေ့ရှိပါသည်။ ထိုကန့်သတ်စာလုံးရေထက် မပိုရပါ။ စာလုံးကိုရေတွက်ရာတွင် စာလုံးတစ်လုံးချင်း ရေတွက်ရပါသည်။ စကားလုံးကို မရေတွက်ရပါ။ သာဓကအားဖြင့် 'ကမ္ဘာ' ဆိုလျှင် စာလုံး ၂ လုံးဖြစ်ပါသည်။ ကန့်သတ်စာလုံးရေ မပေးထားပါက မူလစာပိုဒ်၏ သုံးပုံတစ်ပုံအထိချုံ့၍ ရေးရပါမည်။ အနှစ်ချုပ်ရေးရာတွင် မူလစာပိုဒ်၏ အာဘော်အနှစ်သာရ ပေါ်လွင်ရမည်။ မိမိစကားဖြင့် ပြန်၍ရေးရမည်။ အနှစ်ချုပ်ခြင်းသည် ဘာသာတူ ဘာသာပြန်ခြင်းတစ်မျိုးဟု ဆိုနိုင်သည်။

ထပ်နေသောအကြောင်းအရာများ၊ ထပ်နေသောစကားလုံးများကို သင့်ရာသာပြန်လည်ဖော်ပြရပါမည်။ ဥပမာ၊ သာဓကများကို ဖယ်ရှားရပါမည်။ စကားအသုံးအနှုန်း ရွေးချယ်ရာတွင် ဖြစ်စေ၊ သိကုံးရေးသားရာတွင် ဖြစ်စေ ရိုးရှင်းပြေပြစ်စွာရေးရပါမည်။ အဆက်အစပ်မိပြီး ပြည့်စုံမှန်ကန်မှု၊ သိပ်သည်းမှုရှိရမည်။ သဒ္ဒါမှန်ကန်ရမည်။ တိုက်ရိုက်ပြောစကားပါခဲ့လျှင် လိုအပ်မှထည့်ရေးသင့်သည်။ ထည့်လျှင် တစ်ဆင့်စကားအဖြစ်ပြောင်းပြီး အချုပ်မျှသာထည့်သင့်သည်။ အမေးစကားပါခဲ့လျှင် အဖြေဖော်ပြချက်သဘော ပြောင်းသင့်သည်။ မိမိ၏ ထင်မြင်ချက်၊ ယူဆချက်များကို မထည့်ရပါ။ အနှစ်ချုပ်သည် မူရင်းစာဟုထင်မှတ်လောက်အောင် ဖြစ်ရမည်။

**(ဃ) ပြန်လည်စစ်ဆေးခြင်း**

အကြမ်းရေးပြီးသော အနှစ်ချုပ်သည် ကန့်သတ်စာလုံးရေအတွင်း ရှိ မရှိ၊ အရေးကြီးသော အချက်များ ပြည့်စုံစွာ ပါ မပါ၊ မလိုအပ်သောအချက်များ ပါရှိနေသေးခြင်း ရှိ မရှိ၊ စာလုံးပေါင်းသတ်ပုံ၊ စကားအသုံးအစီအကုံး၊ ပုဒ်ဖြတ်ပုဒ်ရပ် မှန်မမှန်တို့ကို ပြန်လည်စစ်ဆေးရပါမည်။ ရေးထားသော အနှစ်ချုပ်စာသားတစ်ခုလုံးသည် မူရင်းစာသားတစ်ခုလုံး၏ ဆိုလိုရင်းအနှစ်သာရကို ပြည့်စုံစွာဖော်ပြနိုင်ခြင်း ရှိ မရှိကိုလည်း ဖတ်၍ စစ်ဆေးရပါမည်။

**(င) အချောရေးခြင်း**

အကြမ်းကို ပြန်လည်စစ်ဆေးပြီး အချောရေးသည့်အခါ ဆီလျော်သောခေါင်းစဉ် တပ်ပေးရပါမည်။ ခေါင်းစဉ်သည် စာလုံးမများလွန်းသင့်ပါ။ ခေါင်းစဉ်သည် ဖတ်ရလွယ်ကာ အဓိပ္ပာယ်ပေါ်လွင်ပြီး အနှစ်ချုပ်ရမည့် အကြောင်းအရာနှင့် အချက်အလက်အားလုံးကို ခြုံငုံမိစေသော ခေါင်းစဉ်မျိုးဖြစ်ရမည်။ အနှစ်ချုပ်ရာတွင် အသုံးပြုသည့်စာလုံးရေကို အောက်ခြေတွင် သိသာထင်ရှားစွာ ဖော်ပြရပါမည်။

အနှစ်ချုပ်ရေးသားခြင်းကို အောက်ပါသာဓကတွင် လေ့လာနိုင်ပါသည်။

**ပေးထားသောစာပိုဒ်ကို အနှစ်ချုပ်ရေးသားခြင်း**

စာတတ်မြောက်ခြင်းသည် ကမ္ဘာ့လူသားအားလုံးအတွက် မရှိမဖြစ်အရေးကြီးသော အရေးအရာကိစ္စတစ်ရပ်ဖြစ်သည်။ စာမတတ်သူများ၊ အထူးသဖြင့် လုံးဝစာမတတ်သူများသည် အသိပညာနှင့် ဗဟုသုတကြွယ်ဝလာစေရန်သော်လည်းကောင်း၊ ပြည်သူတစ်ယောက်၏ ရပိုင်ခွင့်ဆိုင်ရာ အသိတရားများကို နားလည်သိရှိနိုင်ရန်သော်လည်းကောင်း မကြာခဏဆိုသလိုပင် အကူအညီမဲ့ကာ ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေသည်။ စာမတတ်ခြင်းကြောင့် စိုးရိမ်ထိတ်လန့်ဖွယ်ကောင်းအောင် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့်ဘက်ပေါင်းစုံမှ ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေပါသည်။ စာမတတ်သူအရေအတွက် အလွန်များလာလျှင် ပြည်သူများသည် အစွမ်းအစမရှိသူများဖြစ်လာပြီး ဖိနှိပ်ချုပ်ချယ်သူများ လက်တွင်းသို့ ကျရောက်သွားတတ်ပါသည်။ ထို့ကြောင့်လည်း ကုလသမဂ္ဂလက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးသည် နှစ်ပေါင်းများစွာကတည်းက ကမ္ဘာနှင့်အဝန်း စာမတတ်သူပပျောက်ရေးကို ရည်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ထို့အတူ မြန်မာနိုင်ငံသည်လည်း လွတ်လပ်ရေးရပြီးသည်နှင့် တစ်ပြိုင်နက်တည်း စာမတတ်မြောက်မှုကို စတင်ကိုင်တွယ်ခဲ့ပြီး ယနေ့ထက်တိုင် စာမတတ်သူပပျောက်ရေးကို ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

(စာလုံးရေ - ၃၀၁ လုံး)

ပေးထားသောစာပိုဒ်ကို သေချာစွာဖတ်ရှုလျှင် စာတတ်မြောက်ရေးသည် လူတိုင်းအတွက် အရေးကြီးပုံ၊ စာမတတ်လျှင် အဘက်ဘက်မှာ နစ်နာဆုံးရှုံးနိုင်ပုံ၊ စာမတတ်သူများလျှင် ဖိနှိပ်သူများလက်အောက် ကျနိုင်ပုံ၊ ယူနက်စကိုအဖွဲ့က ကမ္ဘာတစ်ဝန်း စာတတ်မြောက်ရေးကို ကြိုးပမ်းနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရပြီးကတည်းက ကြိုးပမ်းလျက်ရှိပုံတို့သည် အဓိကအချက်များ ဖြစ်ကြောင်းတွေ့ရှိနိုင်သည်။ ဆိုလိုချက်အားလုံးသည် စာတတ်မြောက်ရေးကို ဦးတည်နေကြောင်း တွေ့နိုင်ပါသည်။ သို့ဖြစ်ရာ ပေးထားသောစာပိုဒ်ကို "စာတတ်မြောက်ရေး" ဟု ခေါင်းစဉ်တပ်ကာ အောက်ပါအတိုင်း အနှစ်ချုပ်ရေးနိုင်ပါသည်။

**စာတတ်မြောက်ရေး**

စာတတ်မြောက်ရေးသည် လူတိုင်းအတွက်အရေးကြီးသည်။ စာမတတ်လျှင် ပြည်သူများ အဘက်ဘက်က နစ်နာဆုံးရှုံးသည်။ စာမတတ်သူများလျှင် အစွမ်းနည်းပါးကာ သူတစ်ပါးဖိနှိပ်မှုခံရတတ်သည်။ ထို့ကြောင့် ယူနက်စကိုအဖွဲ့က တစ်ကမ္ဘာလုံးစာတတ်မြောက်ရေးကို ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရပြီးချိန်မှစ၍ ယခုအထိ လူတိုင်းစာတတ်မြောက်ရေးကို ဆောင်ရွက်နေသည်။

(အသုံးပြုစာလုံးရေ - ၁၀၂ လုံး)

အနှစ်ချုပ်ရေးသားတတ်သူသည် အကြောင်းအရာတစ်ခု၏ ဆိုလိုရင်းအနှစ်ချုပ်ကို မှတ်သားတတ်သူဖြစ်လာမည်။ ဆိုလိုရင်းအချက်များကို ရွေးချယ်တတ်သူဖြစ်လာမည်။ အနှစ်ချုပ်ရေးတတ်သူသည် စာစီစာကုံးအရေးကောင်းသူ ဖြစ်လာနိုင်သည်။ ရေးသားရမည့်စာ၏ အတိုင်းအဆပမာဏကိုသိပြီး ထိထိမိမိရေးရမည့်အချက်ကို ထိထိမိမိရေးရကောင်းမှန်း သိလာမည်ဖြစ်သည်။ စာကြီးပေကြီးများကိုလည်း လိုအပ်သလိုချုံ့၍ ရေးလာနိုင်မည်။ စာပုံစံအမျိုးမျိုးတွင် အနှစ်ချုပ်ရေးခြင်းသည် အခြေခံကျသော စာပုံစံတစ်ရပ်အဖြစ် မှတ်ယူနိုင်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ အနှစ်ချုပ်ရေးခြင်း၏ ရည်ရွယ်ချက်
- ❖ အနှစ်ချုပ်ရေးသည့် အဆင့် ၄ ဆင့်
- ❖ လက်တွေ့အနှစ်ချုပ်ရေးသားခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ အနှစ်ချုပ်ရေးသားခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ဆွေးနွေးပါ။

၂။ အနှစ်ချုပ်ရေးသားသည့် အဆင့် ၄ ဆင့်ကို ရှင်းပြပါ။

၃။ အဖတ်အရွတ်သင်ခန်းစာပါ စကားပြေများမှ နှစ်သက်ရာစာပိုဒ်များကို ရွေးချယ်၍ အနှစ်ချုပ်ရေးပါ။

# စာစီစာကုံး

စာစီစာကုံးရေးသားရာတွင် အချိန်အတိုင်းအတာအရ ကျယ်ကျယ်ပြန့်ပြန့် သိုင်းဝိုင်းချဲ့ထွင်ရေးသားခြင်းနှင့် လိုရင်းတိုရှင်းရေးသားခြင်းဟူ၍ နှစ်မျိုးရှိသည်။ ရေးသားချိန် လုံလောက်သည့်အခါ ကျယ်ကျယ်ပြန့်ပြန့် သိုင်းဝိုင်းချဲ့ထွင် ရေးသားလေ့ရှိပြီး ရေးသားချိန်များစွာမရရှိပါက လိုရင်းတိုရှင်းသာ ရေးသားရသည်။ စာစီစာကုံးပြိုင်ပွဲများတွင် ရေးသားချိန်လုံလောက်စွာ သတ်မှတ်ပေးထားခြင်းကြောင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသားနိုင်သော်လည်း စာအရေးအသားတတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရန်အတွက် စာစီစာကုံးရေးစေရာတွင်မူ သတ်မှတ်ချိန်အတွင်း ရေးသားနိုင်ရန် ပုံကြမ်းအချက်အလက် ၅ ချက်ပေးထားပြီး ပေးထားသည့် အချက်တစ်ချက်လျှင် စာပိုဒ်တစ်ပိုဒ်စီသာ ရေးသားရမည်ဖြစ်သည်။

စာစီစာကုံးရေးသားရာတွင် ကျယ်ကျယ်ပြန့်ပြန့် သိုင်းဝိုင်းချဲ့ထွင်ရေးသားသည်ဖြစ်စေ၊ ပေးထားသောအချက် ၅ ချက်ကိုအခြေခံ၍ လိုရင်းတိုရှင်းရေးသားသည်ဖြစ်စေ အခြေခံသဘောတရားမှာ အတူတူပင်ဖြစ်သည်။ စာစီစာကုံးသည် အကြောင်းအရာတစ်ရပ်ကို ဖတ်ချင့်စဖွယ်ဖြစ်အောင် စကားပြေဖြင့် ပြေပြေပြစ်ပြစ် ရေးသားရသည့်စာဖြစ်သည်။ စကားပြေအရေးအသားတွင် စာဟန်နှင့်ပြောဟန်နှစ်မျိုးရှိရာ စာစီစာကုံးကို စာဟန်ဖြင့်သာရေးရသည်။ စာစီစာကုံးကို အဖွဲ့ပုံသဏ္ဌာန်အရ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ဟူ၍ အမျိုးအစားလေးမျိုး ခွဲခြားနိုင်သည်။

သရုပ်ဖော်အဖွဲ့သည် သက်ရှိသက်မဲ့တို့၏ ပုံပန်းသွင်ပြင်၊ အသံ၊ ဖြစ်ပျက်လှုပ်ရှားမှု၊ သဘာဝပတ်ဝန်းကျင် မြင်ကွင်းစသည်တို့ကို မြင်ယောင်ကြားယောင်လာအောင် အသေးစိတ်သရုပ်ဖော် ရေးဖွဲ့ရသောအဖွဲ့ဖြစ်သည်။ မိုးရာသီအလှ၊ နွေနံနက်ခင်း၊ ဆောင်းဦးပေါမန်၊ ရှခင်းသာယာ ပြည်မြန်မာ၊ လင်းအရုဏ်၊ ညနေဆည်းဆာ၊ လသာသောည စသည်တို့သည် သရုပ်ဖော်အဖွဲ့များဖြင့် ရေးသားရသော စာစီစာကုံးမျိုးဖြစ်သည်။

ဖြစ်စဉ်ပြအဖွဲ့သည် အချိန်ကာလရွေ့လျားမှု အစဉ်အတိုင်း ဖြစ်ပျက်လှုပ်ရှားမှုများကိုဖြစ်စေ၊ ဖြစ်ရပ်တစ်ခု၏ ဖြစ်ပျက်မှု ဖြစ်စဉ်အတိုင်းကိုဖြစ်စေ ကာလစဉ်ဖြစ်စဉ်အတိုင်း ရေးသားရသောအဖွဲ့ဖြစ်သည်။ ဖြစ်စဉ်ပြအဖွဲ့တွင် အဖြစ်အပျက်များကို ကွင်းဆက်မိမိဖော်ပြရသည်။ ပျော်ရွှင်ဖွယ်ရာခရီးစဉ်တစ်ခု၊ အပျော်ဆုံးနေ့၊ အာစရိယပူဇော်ပွဲ၊ အမှတ်မထင်ဖြစ်ရပ်တစ်ခု စသည်တို့သည် ဖြစ်စဉ်ပြအဖွဲ့ဖြင့် ရေးသားရသော စာစီစာကုံးမျိုး ဖြစ်သည်။

ဖွင့်ဆိုရှင်းပြအဖွဲ့သည် အကြောင်းအရာတစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုရေးသားရသော အဖွဲ့ဖြစ်သည်။ အချိန်၏တန်ဖိုး၊ ပညာခေတ်၊ နိုးနိုးကျင့် မြင့်မြင့်ကြံ၊ ကျောင်းသားလူငယ်နှင့်အကျင့်စာရိတ္တ စသည်တို့သည် ဖွင့်ဆိုရှင်းပြအဖွဲ့ဖြင့် ရေးသားရသော စာစီစာကုံးမျိုးဖြစ်သည်။

ကျိုးကြောင်းပြအဖွဲ့သည် သဘောတစ်ခုခု၊ အယူအဆတစ်ခုခု၊ ဆိုလိုချက်တစ်ခုခုကို ယုံကြည်လက်ခံအောင် အကျိုးအကြောင်း ဆက်စပ်ရေးသားရသောအဖွဲ့ ဖြစ်သည်။ ဝန်းကျင်အလှ ထိန်းသိမ်းကြ၊ ကျန်းမာခြင်း

သည် လာဘ်တစ်ပါး၊ အနှစ်သက်ဆုံးကဗျာတစ်ပုဒ်၊ သတင်းစာဖတ်ခြင်းအကျိုး စသည်တို့သည် ကျိုးကြောင်းပြ အဖွဲ့ဖြင့် ရေးသားရသော စာစီစာကုံးမျိုး ဖြစ်သည်။

အဖွဲ့လေးမျိုးဖြင့် စာစီစာကုံးရေးသားရာတွင် အဖွဲ့တစ်မျိုးတည်းကိုသာ တသီးတသန့် ရေးသားရမည်ဟု ယူဆ၍မရနိုင်ပါ။ အဖွဲ့တစ်မျိုးဖြင့်ရေးနေစဉ် အခြားအဖွဲ့တစ်မျိုးလည်း ပါဝင်ကောင်းပါဝင်နေမည် ဖြစ်သည်။ အထူးသဖြင့် သရုပ်ဖော်အဖွဲ့နှင့် ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆိုရှင်းပြအဖွဲ့နှင့် ကျိုးကြောင်းပြအဖွဲ့ တို့သည် ဆက်စပ်နေတတ်ပါသည်။ သရုပ်ဖော်ရေးဖွဲ့ရာတွင် ဖြစ်စဉ်သဘောပါရှိပြီး ဖြစ်စဉ်ကိုရေးဖွဲ့ရာတွင် သရုပ်ဖော် သဘောပါရှိတတ်သည်။ အလားတူ ဖွင့်ဆိုရှင်းပြရာတွင် ကျိုးကြောင်းပြသဘောလည်း ပါရှိနေတတ်သည်။ အလေးကဲမှုအပေါ်မူတည်၍သာ အမျိုးအစားခွဲခြင်းဖြစ်သည်။

စာစီစာကုံးရေးသားရာတွင် နိဒါန်း၊ စာကိုယ်၊ နိဂုံးဟူသည့် အစ၊ အလယ်၊ အဆုံး အင်္ဂါသုံးရပ် ပြည့်စုံရသည်။ နိဒါန်းသည် အစချီခြင်း၊ မိမိရေးသားမည့်အကြောင်းအရာကို စာဖတ်သူသိရှိအောင် မိတ်ဆက်ပေးခြင်းဖြစ်သည်။ စာကိုယ်တွင်မူ မိမိရေးသားမည့်အကြောင်းအရာကို အကျယ်တဝင့် ရေးသားတင်ပြရသည်။ နိဂုံးသည် မိမိရေးသည့်စာစီစာကုံးကို အဆုံးသတ်ခြင်း တစ်နည်းအားဖြင့် အနားသတ်ပေးခြင်းဖြစ်သည်။

စာစီစာကုံးကို ပေးထားသည့် ပုံကြမ်းအချက်အလက် ၅ ချက်ဖြင့် ရေးသားရာတွင် ပထမအချက်သည် နိဒါန်းပျိုးရန်အချက်ဖြစ်သည်။ ဒုတိယ၊ တတိယ၊ စတုတ္ထအချက်များသည် စာကိုယ်အဖြစ်ရေးရန် အချက်များ ဖြစ်ပြီး စာကိုယ်တွင် အချက်သုံးချက်ကို အချိုးညီသော စာပိုဒ်တစ်ပိုဒ်စီရေးသားရန် ဖြစ်သည်။ ပဉ္စမမြောက် နောက်ဆုံးအချက်သည် နိဂုံးချုပ်ရန်အချက်ဖြစ်သည်။

ပုံကြမ်းအချက်အလက် ၅ ချက်ဖြင့် ရေးသားသည့် စာစီစာကုံးနမူနာအဖြစ် အောက်ပါ စာစီစာကုံးကို လေ့လာနိုင်ပါသည်။

ခေါင်းစဉ် – သာယာသောနံနက်ခင်း

ပုံကြမ်းအချက်အလက်များ

- နံနက်ခင်းသည် နေ့တစ်နေ့၏ သာယာသောအချိန်ဖြစ်ပုံ
- နံနက်ရောင်နီဆည်းဆာပေါ်ထွက်လာပုံ
- ပတ်ဝန်းကျင်သာယာလှပပုံ
- လူတို့နိုးထလှုပ်ရှားလာပုံ
- နေ့တစ်နေ့အတွက် အင်အားသစ်ဖြစ်ပုံ

# သာယာသောနံနက်ခင်း

နေ့တစ်နေ့၏ တစ်နေ့တာကာလတွင် အရုဏ်ဦးအချိန်၊ နံနက်ခင်းအချိန်၊ နေ့လယ်မွန်းတည့်အချိန်၊ မွန်းလွဲအချိန်၊ ညနေအချိန်၊ ညအချိန်၊ သန်းခေါင်အချိန်ဟူ၍ အချိန်ကာလ အပိုင်းအခြားအမျိုးမျိုးရှိပါသည်။ ထိုအချိန်အမျိုးမျိုးတို့သည် သူ့အချိန် သူ့ကာလတွင် သူ့အဆင်းသဏ္ဌာန် သူ့ဟန်ပန်ဖြင့် အလှဆင်လျက်ရှိကြသော်လည်း နံနက်ခင်းအချိန်သည်ကား အများနှင့်မတူ တစ်မူထူးကဲစွာ သတ္တလောက၊ ဩကာသလောကတို့ကို သာယာလှပ တောက်ပသစ်လွင်လာအောင် အလှဆင်ပေးသည့် အချိန်အခါပင်ဖြစ်ပါသည်။

ဩကာသလောကကြီး၏ အရှင်သခင် နေမင်းကြီးသည် သူ့အလိုကျ လောကကို စီမံဖန်ဆင်းလျက်ရှိသည်။ နေမင်းကြီး၏ နိုးထလာမှုကြောင့် အမှောင်ကြီးစိုးခဲ့သော လောကတစ်ခွင်သည် တဖြည်းဖြည်း အမှောင်လျော့ကာ အလင်းရောင်သန်းလာခဲ့ပြီ၊ ယုက်သန်းလာသော အရုဏ်ဦးအလင်းရောင်နှင့်အတူ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး နိုးထလာခဲ့ပြီ၊ နံနက်ခင်း၏ ဆည်းဆာရောင်ခြည်ကြောင့် နံနက်ခင်း၏ သဘာဝအလှသည် ရှုပ်လုံးကြွလာသည်။ အရုဏ်တျင်းချိန်က နီတျာတျာရောင်နီပျို့၍ နိုးထလာသော နေမင်းကြီးသည် တစ်စတစ်စတောက်ပလျက် ကြက်သွေးရောင်အဆင်းဖြင့် နံနက်ခင်းအလှကို ခြယ်သ တန်ဆာဆင်လျက်ရှိပေသည်။

တစ်ညတာလုံး ငုံဖူးနေခဲ့ကြရသော စံပယ်၊ နှင်းဆီ၊ ကံ့ကော်၊ စံကားစသည့် ဖြူဖြူ နီနီ၊ ဝါဝါ ပန်းမာလာတို့သည် နံနက်ခင်း၏ လေနုလေအေး၊ လေညင်းတသွေးသွေးတွင် မွှေးပျံ့သောရနံ့ဖြင့် မော်မော်ကြွားကြွား ငွားငွားစွင့်စွင့် ဖူးရာမှပွင့်လာခဲ့ကြသည်။ မြူမှုန်နှင်းစက်တို့က ပန်းပွင့်ကလေးများကို လန်းဆန်းလာအောင် ဖျန်းပက်ပေးနေသည်။ အဖြူ အပြာ၊ အဝါ၊ အစိမ်း အရောင်အသွေးယှက်ဖြာနေသော လိပ်ပြာကလေးများသည် ဝဲပျံဆော့မြူးကာ ပန်းဖူးပန်းငုံတို့အပါး ခစားနေကြသည်။ ဆက်ရက်၊ ကျီး၊ စာငယ်၊ ဘုတ်၊ ချိုးစသည့် ကျေးငှက် သာရကာမျိုးစုံတို့သည်လည်း သံသာသာမြည်ကြွေးလျက် ဝမ်းရေးအတွက် စုရုံးလျက်ရှိချေပြီ။ ပတ်ဝန်းကျင်သဘာဝက မင်္ဂလာနံနက်ခင်း၏အလှကို ဆောင်ကြဉ်း၍နေပေသည်။

အရုဏ်တျင်းချိန်မှအစ နိုးထရန်ဟန်ပြင်နေကြသော လူအပေါင်းတို့သည် နံနက်ခင်းအလင်းရောင်နှင့်အတူ မိမိတို့လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် ပြင်ဆင်နေကြလေပြီ။ သက်ကြီးရွယ်အို ဘိုးဘိုး၊ ဘွားဘွားတို့သည် လောကုတ္တရာ ဓမ္မသံသာတို့ဖြင့် ကုသိုလ်တရား ပွားများနေကြသည်။ မိခင်တို့ကမိသားစု စားရေးသောက်ရေးအတွက် ချက်ပြုတ်လုပ်ကိုင်နေကြပြီ၊ ဖခင်တို့ကလည်း လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေကြပြီ၊ ကျောင်းသား ကျောင်းသူ လူငယ်အပေါင်းမှာလည်း ပညာရှာမှီးရန် ပြင်ဆင်နေကြပြီ၊ နံနက်ခင်းအချိန်အခါတွင် သူသူငါငါ လူတကာတို့သည် တာဝန်ကိုယ်စီဆောင်ရွက်ရန်အတွက် နိုးထလှုပ်ရှားနေကြလေသည်။

တစ်ညတာ မှေးစက်အနားယူကာ တစ်နေ့တာအတွက် နိုးထလာသော နံနက်ခင်းအချိန်အခါသည် အားသစ်အင်သစ်ကို မွေးဖွားပေးလိုက်သည်။ တစ်နေ့တာလှုပ်ရှား ဆောင်ရွက်နိုင်ရန် အားမာန်တို့ကိုလည်း ဖြည့်တင်းပေးသည်။ နံနက်ခင်းအချိန်အခါသည် 'မင်္ဂလာနံနက်ခင်း'၊ 'သာယာသောနံနက်ခင်း' ဟူသော

ဝိသေသနှင့်လျော်ညီစွာ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကာ သာယာသောအချိန်အခါတစ်ခု ဖြစ်ပါသည်။ ထို့ပြင်မက သဘာဝအလှ၊ လုပ်အားအလှတို့ဖြင့် လောကကိုအလှဆင်သည့် အချိန်ဟုပင် ဆိုလိုက်ချင်ပါတော့သည်။

နမူနာစာစီစာကုံးတွင် ပေးထားသောအချက်ငါးချက်မှ ပထမအချက်ကို နိဒါန်းအဖြစ်လည်းကောင်း၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အချက်များကို စာကိုယ်အဖြစ်လည်းကောင်း၊ နောက်ဆုံးပဉ္စမအချက်ကို နိဂုံးအဖြစ်လည်းကောင်း ရေးသားထားသည်။ ဤစာစီစာကုံးသည် သရုပ်ဖော်နှင့် ဖြစ်စဉ်ပြအဖွဲ့ အလေးကဲသော စာစီစာကုံးအမျိုးအစားဖြစ်ပြီး တစ်နေ့တာ၏ အရုဏ်ကျင်းချိန်မှ နေ၏အလင်းရောင် တဖြည်းဖြည်းဖြန့်ကြက်လာပုံ၊ ပတ်ဝန်းကျင်တွင် နိုးထလာပုံ နံနက်ခင်းဖြစ်စဉ်ကို စကားအဆင်တန်ဆာတို့ဖြင့် သရုပ်ဖော်ရေးဖွဲ့ထားသည်။

စာစီစာကုံးရေးသားရာတွင် မိမိ၏ကိုယ်ပိုင်အတွေ့အကြုံကို ကိုယ်ပိုင်စိတ်ကူးဉာဏ်နှင့် ပေါင်းစပ်ကာ ဖန်တီးရေးသားရမည်ဖြစ်သည်။ ကိုယ်ပိုင်အတွေ့အကြုံဆိုသည်မှာ မိမိ၏အသက်အရွယ် အတန်းအဆင့်အလိုက် စာတွေ့အတွေ့အကြုံနှင့် ကိုယ်တွေ့အတွေ့အကြုံတို့ကို ဆိုလိုသည်။ မိမိအတွေ့အကြုံကို မိမိစိတ်ကူးစိတ်သန်းဖြင့် ကိုယ်တိုင်ဖန်တီးရေးသားမှသာ ကိုယ်ပိုင်စာစီစာကုံးတစ်ပုဒ် ဖြစ်လာပေမည်။ အဆိုအမိန့်များ၊ စကားပုံများ၊ ဆိုရိုးများ၊ ဆောင်ပုဒ်များကိုလည်း ဆီလျော်သလို ထည့်သွင်းရေးသားနိုင်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- သရုပ်ဖော်၊ ဖြစ်စဉ်ပြ၊ ဖွင့်ဆိုရှင်းပြ၊ ကျိုးကြောင်းပြဟူသည့် စာစီစာကုံးအဖွဲ့လေးမျိုး
- နိဒါန်း၊ စာကိုယ်၊ နိဂုံးဟူသည့် စာစီစာကုံးအင်္ဂါသုံးရပ်
- ပုံကြမ်းအချက် ၅ ချက်၊ စာပိုဒ် ၅ ပိုဒ် ဖြင့် စာစီစာကုံးရေးသားခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စာစီစာကုံးအဖွဲ့လေးမျိုးအကြောင်းကို ဆီလျော်ရာ ကိုယ်ပိုင်ခေါင်းစဉ်သာဓကပြ၍ ဆွေးနွေးပါ။

၂။ လသာသောည ဟူသောခေါင်းစဉ်ကို လသာသောညတွင်လမင်းကြီးကိုမော့ကြည့်မိပုံ၊ ကောင်းကင်မြင်ကွင်း၊ လရောင်အောက်က ပတ်ဝန်းကျင်မြင်ကွင်း၊ အာရုံထင်ဟပ်ချက်၊ မိမိအတွေးဟူသည့် အချက်ငါးချက်ဖြင့် စာစီစာကုံးရေးပါ။

၃။ စည်းကမ်းဟူသည်လူ့တန်ဖိုး ဟူသောခေါင်းစဉ်ကို စည်းကမ်းသည်တန်ဖိုးကြီးပုံ၊ နေရာတိုင်းတွင် စည်းကမ်းရှိပုံ၊ အိမ် ကျောင်း ရပ်ရွာတို့တွင် စည်းကမ်းလိုက်နာသင့်ပုံ၊ နိုင်ငံ့စည်းကမ်း လိုက်နာသင့်ပုံ၊ စည်းကမ်းလိုက်နာခြင်းဖြင့်တိုးတက်ပုံ ဟူသည့် အချက်ငါးချက်ဖြင့် စာစီစာကုံးရေးပါ။

# အဆိုဆွေးနွေး

အဆိုဆွေးနွေးဆိုသည်မှာ အဆိုတစ်ရပ်ကို ထောက်ခံသည့်ဘက်ကဖြစ်စေ၊ ကန့်ကွက်သည့်ဘက်က ဖြစ်စေ မိမိ၏ရပ်တည်ချက်၊ မိမိ၏အတွေးအခေါ် အယူအဆကို ဖော်ထုတ်တင်ပြရေးသားခြင်းဖြစ်သည်။ အဆိုဆွေးနွေးရေးသားခြင်းသည် ကိုးကြောင်းပြစာစီစာကုံးရေးသားခြင်း၊ ဖွင့်ဆိုရှင်းပြစာစီစာကုံးရေးသားခြင်းနှင့် အနည်းငယ်ဆင်သည်။ အဆိုတစ်ရပ်ကို ထောက်ခံသည်ဖြစ်စေ၊ ကန့်ကွက်သည်ဖြစ်စေ မိမိရပ်တည်ချက်ကို အကျိုးနှင့်အကြောင်းနှင့် ရှင်းပြရသည်။ တစ်ခါတစ်ရံ အဆိုတွင်ပါဝင်သော အကြောင်းအရာတစ်ရပ်ကို ဖွင့်ဆို ရှင်းပြရသည်။ အဆိုတွင်ပါသော အကြောင်းအရာကို ဆွေးနွေးရာတွင် အကျိုးသင့်အကြောင်းသင့် တင်ပြ ရသဖြင့် ကိုးကြောင်းပြ ဖွင့်ဆိုရှင်းပြ စာစီစာကုံးရေးသားခြင်းတို့နှင့် သဘောသဘာဝအားဖြင့် များစွာကွာခြားခြင်း မရှိဘဲ တင်ပြပုံတွင်သာ အနည်းငယ်ကွာခြားသွားခြင်း ဖြစ်သည်။

အဆိုဆွေးနွေးရန်အတွက် ဖြစ်နိုင်ခြေရှိသောအဆိုများကို ယေဘုယျအားဖြင့် အမျိုးအစားလေးမျိုး ခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ- (က) အကြောင်းအရာနှစ်ခု နှစ်ဖက်မျှအဆို (ခ) အကြောင်းအရာတစ်ခု ကိုးပြစ်မှုအဆို (ဂ) အကြောင်းအရာတစ်ခု တစ်ဖက်အလေးကဲအဆို (ဃ) အကြောင်းအရာတစ်ခု နှိုင်းယှဉ်ဘက် အများအဆိုတို့ဖြစ်သည်။

အကြောင်းအရာနှစ်ခု နှစ်ဖက်မျှအဆိုသည် အဆိုတွင်အကြောင်းအရာနှစ်ခု ဘက်နှစ်ဖက် ပါရှိပြီး အဆိုပါနှစ်ဖက်စလုံးသည် အရေးပါမှု မျှတနေတတ်ပါသည်။ သို့ဖြစ်ရာ ဆွေးနွေးသည့်အခါ မိမိရပ်တည် သည့်ဘက်ကနေပြီး ဆွေးနွေးခြင်းမျိုးဖြစ်ပါသည်။ စကားရည်လုပွဲများတွင် ဤအဆိုမျိုးကို ကြားရတတ်သည်။ သာဓကအားဖြင့် "အားလပ်ရက်တွင် အပန်းဖြေခရီးသွားခြင်းထက် အိမ်တွင်အနားယူခြင်းသည် ပိုကောင်း သည်"၊ "စာဖေးပွဲမဖြေဆိုမီညတွင် ညနက်သန်းခေါင်အထိ စာကျက်ခြင်းထက် စောစောအိပ်စက်ခြင်းက ပို၍ အကျိုးရှိသည်"၊ "ဆောင်းရာသီထက် နွေရာသီက ပို၍ပျော်ရွှင်ဖွယ်ကောင်းသည်" စသည့် အဆိုမျိုးဖြစ်သည်။

အကြောင်းအရာတစ်ခု ကိုးပြစ်မှုအဆိုသည် အဆိုတွင်အကြောင်းအရာတစ်ခုတည်းသာပါဝင်ပြီး ထိုအကြောင်းအရာတွင် အကျိုးနှင့်အပြစ် မျှတနေတတ်သည်။ အဆိုတင်ပြရာတွင် အကျိုးဘက်က ဖြစ်စေ၊ အပြစ်ဘက်ကဖြစ်စေ တင်ပြနိုင်ပြီး ဆွေးနွေးရာတွင် မိမိရပ်တည်သည့်ဘက်က ဆွေးနွေးရန်ဖြစ်သည်။ သာဓကအားဖြင့် "တစ်ဦးတည်းသော သားသမီးဖြစ်ရခြင်းသည် ကောင်းသည်"၊ "အိမ်မွေးတိရစ္ဆာန်မွေးခြင်းသည် ကောင်းသည်"၊ "အင်တာနက် လူမှုကွန်ရက်စာမျက်နှာများကို အသုံးပြုခြင်းသည် အကျိုးထက်အပြစ်ကို ပိုဖြစ်စေ သည်" စသည့် အဆိုမျိုးဖြစ်သည်။

အကြောင်းအရာတစ်ခု တစ်ဖက်အလေးကဲအဆိုသည် အဆိုတွင်ပါသောအကြောင်းအရာမှာ အကျိုး ဖြစ်စေ၊ အပြစ်ဖြစ်စေ တစ်ဖက်ဖက်ကို သိသိသာသာ အလေးကဲနေသည့် အဆိုမျိုးဖြစ်သည်။ ဤအဆိုမျိုးကို

ကျိုးကြောင်းပြစာစီစာကုံး၊ ဖွင့်ဆိုရှင်းပြစာစီစာကုံး၊ ကျွမ်းစကားပြော ခေါင်းစဉ်တို့တွင်လည်း တွေ့နိုင်မည်ဖြစ်သည်။ သာဓကအားဖြင့် "ပညာနှင့်တူသော အလင်းရောင်သည်မရှိ"၊ "ကျေးဇူးသိတတ်ခြင်းသည် လူ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်"၊ "အကျဉ်းအကျပ်ကိုတွေ့မှ အကျင့်စရိုက်ကို သိရသည်" စသည့် ခေါင်းစဉ်မျိုးဖြစ်သည်။ အဆိုပါအဆိုမျိုးတွင် ပေးထားသည့်ဘက်ကို အလေးကဲနေသည့်အတွက် ထောက်ခံဆွေးနွေးရမည့် အနေအထားမျိုးဖြစ်သည်။ တန့်ကွက်ဆွေးနွေးရန်မသင့်သော အဆိုမျိုးဖြစ်သည်။

အကြောင်းအရာတစ်ခု နှိုင်းယှဉ်ဘက်အများအဆိုသည် အဆိုတွင်အပြုအမူ၊ အရာဝတ္ထုတစ်ခုသည် အခြားယှဉ်ဘက် အပြုအမူ၊ အရာဝတ္ထုထို့ထက် ထူးခြားသာလွန်ကြောင်း နှိုင်းယှဉ်ပြတတ်သည်။ ပါသောအရာသည် အလားတူအခြားအရာများထဲမှ ထူးကဲသာလွန်ကြောင်းဖော်ပြသည့် အဆိုမျိုးဖြစ်သည်။ ဤအဆို အမျိုးအစားတွင် အဆို၌ပါသည့်အရာ၏ ထူးကဲသာလွန်မှုကို ထောက်ခံမည်ဆိုပါက ထောက်ခံကြောင်း၊ အခြားအရာများထက် သာလွန်ခြင်းမရှိကြောင်း ကန့်ကွက်လိုပါက နှိုင်းယှဉ်စရာ အခြားအရာများ၏ ကောင်းကွက်ကို ဖော်ထုတ်ပြီး ဆွေးနွေးရမည်ဖြစ်သည်။ သာဓကအားဖြင့် "အားကစားပြိုင်ပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည်"၊ "ပန်းတကာ့ပန်းတွင် နှင်းဆီပန်းသည် အလှဆုံးဖြစ်သည်"၊ "သီချင်းနားထောင်ခြင်းသည် စိတ်အပန်းပြေရန် အကောင်းဆုံးဖြစ်သည်" စသည့် အဆိုမျိုးဖြစ်သည်။

အဆိုဆွေးနွေးရေးသားရာတွင် သာဓကများ၊ အဆိုအမိန့်များ၊ စကားပုံများ၊ ဆိုရိုးစကားများ၊ ဆောင်ပုဒ်များ၊ ပုံဝတ္ထုအတိုချုပ်များကို အတွက်ဆိုက်လျှင်ဆိုက်သလို ထည့်သွင်းရေးသားသင့်ပါသည်။

အဆိုဆွေးနွေးရေးသားရာတွင် စာပိုဒ်လေးပိုဒ်ဖြင့် ရေးသားသင့်သည်။ ပထမပိုဒ်သည် နိဒါန်း၊ ဒုတိယနှင့် တတိယပိုဒ်သည် စာကိုယ်၊ စတုတ္ထပိုဒ်သည် နိဂုံးတို့ဖြစ်သည်။ နိဒါန်းတွင် အဆိုနှင့်ပတ်သက်သည့် မိမိရပ်တည်ချက်ကို နိဒါန်းပျိုးရန်ဖြစ်သည်။ စာကိုယ်တွင် မိမိရပ်တည်သည့်ဘက်၏ အားသာချက်များ၊ မိမိမရပ်တည်သည့်ဘက်၏ အားနည်းချက်များကို ခေါင်းစဉ်အနေအထားအရ သင့်လျော်သလို ရေးသားရန်ဖြစ်သည်။

အဆိုဆွေးနွေးအရေးအသား နမူနာအဖြစ် အောက်ပါဆွေးနွေးချက်ကို လေ့လာနိုင်ပါသည်။

## အင်တာနက်သုံးခြင်းသည် စာအုပ်ဖတ်ခြင်းထက်ပို၍ အကျိုးရှိသည်

နည်းပညာများ မြင့်မားတိုးတက်လာသော ယနေ့ခေတ်တွင် အင်တာနက်ပေါ်ပေါက်လာပြီး သိလိုလေ့လာလိုသော အချက်အလက်များစွာကို အင်တာနက်စာမျက်နှာပေါ်တွင် ရှာဖွေလေ့လာနိုင်ပါသည်။ အင်တာနက်သည် များစွာအသုံးဝင်သည်မှာ မှန်သော်လည်း 'အင်တာနက်သုံးခြင်းသည် စာအုပ်ဖတ်ခြင်းထက်ပို၍အကျိုးရှိသည်' ဟူသော အဆိုကိုမူ ကျွန်တော် မထောက်ခံပါ။ စာအုပ်ဖတ်ခြင်းတွင် အင်တာနက်အသုံးပြုခြင်းထက် သာလွန်သောအကြောင်းများစွာ ရှိနေခြင်းကြောင့်ဖြစ်ပါသည်။

'အသစ်တွေ ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလည်လည်' ဆိုသော မြန်မာဆိုရိုးစကားရှိပါသည်။ အင်တာနက်သည် အသစ်ပေါ်ပေါက်လာသောအရာ ဖြစ်ပါသည်။ စာအုပ်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်လာသော မူလအရင်းခံ ဖြစ်ပါသည်။ အသစ်ဖြစ်သည့် အင်တာနက်မည်မျှကောင်းသည်ဟု ဆိုစေကာမူ အဟောင်းဖြစ်သည့် စာအုပ်ကို ပစ်ပယ်၍မဖြစ်သေးပါ။ ဖတ်ရှုခြင်းမှ ရရှိသော အသိပညာ၊ အတတ်ပညာများကြောင့်သာ အင်တာနက်ဟူ၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ စာအုပ်များစွာကို အင်တာနက်ပေါ်တွင်တင်ထားပြီး အင်တာနက်ကို အသုံးပြုဖတ်ရှုခြင်းသည် စင်စစ်အားဖြင့် စာအုပ်ဖတ်ခြင်းပင် ဖြစ်ပါသည်။

အင်တာနက်အသုံးပြုရန်အတွက် လိုအပ်ချက်များစွာရှိပြီး စာအုပ်ဖတ်ရန်အတွက်မူ ပိုမိုလွယ်ကူပါသည်။ အင်တာနက်အသုံးပြုရန်အတွက် မိုဘိုင်းဖုန်းဖြစ်စေ၊ ကွန်ပျူတာဖြစ်စေ လိုအပ်ပါသည်။ ယင်းပစ္စည်းများမရှိသူအဖို့ ရှာဖွေရန်မလွယ်ကူပါ။ ထို့ပြင် အင်တာနက်လိုင်းလည်း ရှိရန်လိုအပ်ပါသည်။ လိုင်းကောင်းရန်လည်း လိုပါသေးသည်။ လျှပ်စစ်မရှိလျှင်လည်း အင်တာနက်သုံးရန် အခက်အခဲရှိပါလိမ့်မည်။ စာအုပ်မှာမူ ထိုသို့မဟုတ်ပါ။ ဖတ်လိုသည့်စာအုပ်ကို စာအုပ်ဆိုင်တွင်ဖြစ်စေ၊ ကျောင်းစာကြည့်တိုက်တွင်ဖြစ်စေ ရှာဖွေရန်မခဲယဉ်းပါ။ သွားလေရာကို ယူဆောင်သွားနိုင်ပြီး အချိန်မရွေးဖတ်နိုင်ပါသည်။ အကြိမ်ကြိမ် ဖတ်ရှုနိုင်ပြီး စာအုပ်ပေါ်တွင် ရေးမှတ်နိုင်ပါသည်။ အင်တာနက်ကို တတ်ကျွမ်းသူမှသာ အသုံးပြုနိုင်သော်လည်း စာအုပ်ကိုမူ စာဖတ်တတ်လျှင် မည်သူမဆို ဖတ်ရှုနိုင်ပါသည်။

အင်တာနက်သုံးခြင်းပင်ဖြစ်စေ၊ စာအုပ်ဖတ်ခြင်းပင်ဖြစ်စေ သူ့အတိုင်းအတာနှင့်သူ အကျိုးပြုနိုင်သည်ချည်းပင် ဖြစ်ပါသည်။ ခေတ်နှင့်အညီ တိုးတက်လာသော အင်တာနက်အသုံးပြုခြင်းတွင် အားသာချက်များရှိနိုင်သော်လည်း စာအုပ်ဖတ်ခြင်းထက်ပို၍ အကျိုးပြုနိုင်သည်ဟုဆိုခြင်းကိုမူ မထောက်ခံပါ။ မိမိအနေဖြင့် မိမိနှင့်ပို၍ရင်းနှီးကျွမ်းဝင်သော စာအုပ်ဖတ်ခြင်းသည် အင်တာနက်အသုံးပြုခြင်းထက် ပို၍အကျိုးပြုသော အချက်အလက်များ ရှိနေသည့်အတွက် 'အင်တာနက်သုံးခြင်းသည် စာအုပ်ဖတ်ခြင်းထက် ပို၍အကျိုးရှိသည်' ဟူသောအဆိုကို ကန့်ကွက်ခြင်းဖြစ်ပါသည်။

နမူနာအဖြစ်ဖော်ပြဆွေးနွေးထားသောအဆိုသည် အကြောင်းအရာနှစ်ခု နှစ်ဖက်မျှအဆို ဖြစ်ပါသည်။ ဆွေးနွေးချက်တွင် ပထမပိုဒ်သည် နိဒါန်းဖြစ်ပြီး မိမိရပ်တည်ချက်ကို အစပြုထားသည်။ ဒုတိယပိုဒ် စာကိုယ်တွင် မိမိဆန့်ကျင်ဘက်ဖြစ်သော အင်တာနက်အသုံးပြုခြင်း၏ အားနည်းချက်နှင့် မိမိရပ်တည်သည့် စာအုပ်ဖတ်ခြင်း၏ အားသာချက်များကို ယှဉ်တွဲဖော်ပြထားသည်။ တတိယပိုဒ် စာကိုယ်တွင်လည်း မိမိဆန့်ကျင်ဘက်၏ အားနည်းချက်နှင့် မိမိရပ်တည်သည့်ဘက်၏ အားသာချက်များကို ဆက်လက်ဖော်ပြသည်။ နောက်ဆုံးပိုဒ်ဖြစ်သည့် စတုတ္ထပိုဒ်တွင်မူ မိမိရပ်တည်ချက်ကိုအတည်ပြုပြီး နိဂုံးချုပ်ဖော်ပြထားသည်။

နမူနာတွင် အဆိုကို ကန့်ကွက်သည့်ဘက်က ရေးထားသော်လည်း ထောက်ခံသည့်ဘက်ကနေ၍ အင်တာနက်အသုံးပြုခြင်း၏ အားသာချက်များစွာကို ဖော်ပြဆွေးနွေးနိုင်ပါသည်။ အဆိုဆွေးနွေးခြင်း၏ သဘောသဘာဝသည် အမှန် အမှား ဆုံးဖြတ်ခြင်း မဟုတ်ဘဲ မိမိ၏ အတွေးအခေါ်၊ ခံယူချက်၊ ရပ်တည်ချက်တို့ကို ခိုင်ခိုင်မာမာဖော်ပြရန် ဖြစ်သည်။

အဆိုဆွေးနွေးရေးသားရာတွင် ပေးထားသောအဆိုတစ်ရပ်အပေါ်၌ မိမိ၏အတွေ့အကြုံ၊ အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းအလိုက် မိမိ၏ကိုယ်ပိုင်ရပ်တည်ချက်၊ ထင်မြင်ယူဆချက်ကို ဖော်ထုတ်ရေးသားတင်ပြရန် ဖြစ်သည်။ မိမိယူဆချက်ကို စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် ထိထိမိမိ လိုရင်းတိုရှင်း ရေးသားရမည့် အရေးအသားတစ်မျိုးဖြစ်သည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ အဆိုဆွေးနွေးရေးသားခြင်း၏ သဘောသဘာဝ
- ❖ အဆိုအမျိုးအစား လေးမျိုးအကြောင်း
- ❖ အဆိုဆွေးနွေးရေးသားခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ
- ❖ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် အဆိုဆွေးနွေး လက်တွေ့ရေးသားလာနိုင်ခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ အဆိုဆွေးနွေးရေးသားတတ်လျှင် မည်သည့်အကျိုးကျေးဇူးများရရှိမည်ဟု သင်ထင်မြင်ယူဆပါသနည်း။ ရရှိနိုင်သော အကျိုးကျေးဇူးများကို သာဓကများဖြင့် ကျိုးကြောင်းဆက်စပ်ရေးသားပါ။

၂။ အဆို အမျိုးအစားလေးမျိုးနှင့်သက်ဆိုင်သော ကိုယ်ပိုင်အဆိုများကို ထုတ်ဖော်ရေးသားပါ။

၃။ အောက်ပါအဆိုများကို ကန့်ကွက်၍ဖြစ်စေ ထောက်ခံ၍ဖြစ်စေ ဆွေးနွေးပါ။

(က) သုတစာပေသည် ရသစာပေထက် ပို၍အကျိုးပြုသည်။

(ခ) ရေကူးအားကစားသည် ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်သည်။

(ဂ) စာပေမြင့်မှ လူမျိုးတင့်မည်။

(ဃ) အားနာတတ်ခြင်းသည် ကောင်းသောစိတ်ထားဖြစ်သည်။

## ဆောင်းပါး

ဆောင်းပါးဆိုသည်မှာ သတင်းစာ၊ မဂ္ဂဇင်းစသည်တို့တွင်ဖော်ပြသည့် ဗဟုသုတဆိုင်ရာ အရေးအသား စာပုံစံတစ်မျိုးဖြစ်သည်။ ဆောင်းပါးသည် ပဓာနအားဖြင့် သိစရာ မှတ်စရာ သုတများကို စကားပြေဖြင့် ရေးသားသောစာဖြစ်သည်။ သုတပေးရာ၌ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားနိုင်လျှင် စာဖတ်သူအတွက် သိစရာ မှတ်စရာသုတသာမက စိတ်ထဲတွင်နှစ်သက်ရသောရသပါ တစ်ပါတည်းရရှိခံစားနိုင်သည်။ ထို့ကြောင့် ဆောင်းပါးကို သုတစာသက်သက်အဖြစ်လည်းကောင်း၊ သုတရသ ရောယှက်သောစာအဖြစ် လည်းကောင်း မှတ်ယူနိုင်ပါသည်။

ဆောင်းပါးများကို ရေးသားသည့် အကြောင်းအရာကိုလိုက်၍လည်းကောင်း၊ ဖော်ပြသည့်စာအုပ် စာစောင်ကိုလိုက်၍လည်းကောင်း အမျိုးအစားအမျိုးမျိုး ခွဲနိုင်ပါသည်။ အကြောင်းအရာကိုလိုက်၍ နိုင်ငံရေး ဆောင်းပါး၊ ပညာရေးဆောင်းပါး၊ ကျန်းမာရေးဆောင်းပါး၊ အားကစားဆောင်းပါး၊ အနုပညာဆောင်းပါး၊ ဆေးပညာဆောင်းပါး၊ စာပေရေးရာဆောင်းပါး၊ ယဉ်ကျေးမှုဆောင်းပါးစသည်ဖြင့် အမျိုးအစားခွဲနိုင်သည်. ပါဝင်သည့် စာအုပ်စာစောင်ကိုလိုက်၍ သတင်းစာဆောင်းပါး၊ ဂျာနယ်ဆောင်းပါး၊ မဂ္ဂဇင်းဆောင်းပါး စသည်ဖြင့် အမျိုးအစားခွဲနိုင်သည်။

မိမိရေးသားမည့် အကြောင်းအရာနှင့် လိုက်ဖက်သည့်ခေါင်းစဉ်၊ ရေးသားမည့်အကြောင်းအရာ၊ ရေးသားသည့်ရည်ရွယ်ချက်၊ ရှုထောင့်အမြင်၊ ရွေးချယ်စီစဉ်မှု၊ ရေးသားဖွဲ့စည်းမှုတို့သည် ဆောင်းပါးတစ်ပုဒ်၏ ယေဘုယျအင်္ဂါရပ်များဖြစ်သည်။

ဆောင်းပါးတစ်ပုဒ်တွင် ခေါင်းစဉ်သည် အရေးပါသော အင်္ဂါတစ်ရပ်ဖြစ်သည်။ ခေါင်းစဉ်သည် ရေးသားမည့်အကြောင်းအရာကို ခြုံငုံမိအောင် ကျစ်ကျစ်လျစ်လျစ် ဖော်ပြရသည်။ စာဖတ်သူကို ဆွဲဆောင်မှု ရှိရန်လည်း လိုအပ်သည်။ ဆောင်းပါးရေးသားရာတွင် ပဏာမခေါင်းစဉ်ကိုလျာထားပြီး ဆောင်းပါးတစ်ပုဒ်လုံး ကို ရေးသားပြီးသည့်အခါ တစ်ပုဒ်လုံးကို ခြုံငုံမိစေသည့်ခေါင်းစဉ်ကို အ[illegible]ခေါင်းစဉ်ပေးလေ့ရှိသည်။

ရေးသားမည့်အကြောင်းအရာသည် ဆောင်းပါး၏ အဓိကအနှစ်သာရ ဖြစ်သည်။ စာရေးသူသည် မိမိဖော်ပြလိုသော အကြောင်းအရာတစ်ရပ်ပါ အချက်အလက်များကို စာဖတ်သူများအား မျှဝေပေးနိုင်ရန် ရေးသားဖော်ပြခြင်း ဖြစ်သည်။ အကြောင်းအရာသည် စာရေးသူ၏ အတွေ့အကြုံအလိုက် အမျိုးမျိုးရှိနိုင် သည်။ အာရုံငါးပါး ထင်ဟပ်ချက်အရ သိရသောအာရုံသိ၊ ကျိုးကြောင်းဆင်ခြင်မှုအရ သိရသောဆင်ခြင်သိ၊ စာပေမိန့်ဆိုချက်၊ ဆိုထုံး စသည်တို့ကို ဖတ်ရှု၍သိရသော ကိုးကားသိတို့ပါဝင်သည်။ အကြောင်းအရာသည် စာရေးသူ၏ ကိုယ်၊ နှုတ်၊ နှလုံး အတွေ့အကြုံပင်ဖြစ်သည်။

အကြောင်းအရာကို ရည်ရွယ်ချက်တစ်ခုခုဖြင့် ပုံဖော်ရပါသည်။ ရည်ရွယ်ချက်တွင် အသိပေး ရည်ရွယ်ချက်နှင့် စေတနာနှိုးရည်ရွယ်ချက်ဟူ၍ နှစ်မျိုးရှိသည်။ အသိပေးရည်ရွယ်ချက်သည် အကြောင်းအရာ၊

အချက်အလက်၊ အတွေ့အကြုံ အသိအမြင်တစ်ခုခုကို အသိပေးလိုသော ရည်ရွယ်ချက်ဖြစ်သည်။ စေတနာနှိုး ရည်ရွယ်ချက်မှာ စာကိုဖတ်ရှုရင်း စိတ်စေတနာတစ်ခုခု နိုးကြားလာအောင် နှိုးဆော်ပေးလိုသော ရည်ရွယ်ချက် ဖြစ်သည်။

အကြောင်းအရာကို ရည်ရွယ်ချက်ဖြင့်ပုံဖော်ရာတွင် အမြင်ရှုထောင့်တစ်မျိုးမျိုးကို အသုံးပြုရပါသည်။ အမြင်ရှုထောင့်တွင် မိမိကိုယ်တိုင်အမြင်ရှုထောင့်၊ တစ်ပါးသူအမြင်ရှုထောင့်၊ ဘေးပရိသတ်အမြင်ရှုထောင့် စသည်ဖြင့်ရှိရာ ရှုထောင့်တစ်မျိုးမျိုးကို ရွေးချယ်အသုံးပြုရပါသည်။ ရည်ရွယ်ချက်၊ အမြင်ရှုထောင့်တို့ကို အခြေပြုပြီး ရေးသားမည့်အကြောင်းအရာထဲက အချက်အလက်များကို ရွေးချယ်ကာ နိဒါန်း၊ စာကိုယ်၊ နိဂုံး အစီအစဉ် ချရပါသည်။ ရေးသားဖော်ပြသည့်အချက်များ တိကျခိုင်မာမှုရှိရမည်။

အချက်အလက်များကို အစီအစဉ်ချပြီးနောက် ဆောင်းပါးရေးသားရာတွင် အပြောစကားပြေဖြင့် ဖြစ်စေ၊ အရေးစကားပြေဖြင့်ဖြစ်စေ ရေးသားနိုင်ပါသည်။ ဆောင်းပါးရေးသားရာတွင် အတွေးရှင်းရမည်၊ အရေးရှင်းရမည်၊ အထောက်အထားခိုင်လုံရမည်၊ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံး ရှင်းလင်းမှန်ကန်ရမည်၊ ကျစ်လျစ်သိပ်သည်းရမည်၊ လိုရင်းတိုရှင်း ရေးသားရမည်၊ အရေးအသား ပြေပြစ်ရမည်၊ အများနားလည် အောင် ရေးသားနိုင်ရမည်၊ အဖွဲ့အနွဲ့ အနိုင်းအနှိုင်းများ ထည့်သွင်းရေးသားနိုင်သော်လည်း မလွန်ကဲသင့်ပါ။ ဆိုလိုချက်တစ်ချက်လျှင် စာတစ်ပိုဒ်ရေးပြီး စာတစ်ပိုဒ်နှင့်တစ်ပိုဒ် အချိတ်အဆက်မိရမည်၊ စာတစ်ပိုဒ်ချင်း၏ အကြောင်းအရာကို ချိတ်ဆက်၍ စာတစ်ပုဒ်လုံး စုစုစည်းစည်း ရေးသားရမည်ဖြစ်သည်။

ဆောင်းပါးတစ်ပုဒ်ကို နိဒါန်း၊ စာကိုယ်၊ နိဂုံး ပြည့်စုံအောင် ရေးသားရသည်။ နိဒါန်းသည် ရေးသားမည့် အကြောင်းအရာနှင့်သက်ဆိုင်သည့် အကြောင်းအရာတစ်ခုလုံး၏ အတိုချုပ်ဖော်ပြချက် ဖြစ်သည်။ စာဖတ်သူကို ဖတ်ချင်စဖွယ်ဖြစ်လာစေမည့် နိဒါန်းဖြစ်ရမည်။ ထိုမှတစ်ဆင့် စာကိုယ်တွင် ရေးသားသည့် အကြောင်းအရာကို စာဖတ်သူများ ဆင့်ပွားအတွေးများရရှိအောင် ဆွဲဆောင်ရေးသားရပါမည်။ နိဂုံးချုပ်ရာတွင် နိဒါန်းနှင့်ပြန်လည် ချိတ်ဆက်ကာ မိမိတင်ပြခဲ့သည်များကို အနှစ်သတ်ပေးရန် ဖြစ်သည်။ နိဂုံးတွင် အကြောင်းအရာအသစ်များ ထည့်မရေးမိစေရန် သတိပြုရမည်ဖြစ်သည်။

ဆောင်းပါးရေးသားမည့်သူသည် စာဖတ်ဝါသနာပါရမည်၊ စာဖတ်များရမည်၊ ရေးစရာအကြောင်းအရာ ရှိရမည်၊ ထိုအကြောင်းအရာကို ပိုင်နိုင်စွာသိရမည်၊ ဖတ်ထားသမျှကို မှတ်စုကူးထားသင့်သည်၊ သူတစ်ပါး၏ ဆောင်းပါးရေးသားချက်များကို အတုယူရေးသားသင့်သည်၊ ကြိမ်ဖန်များစွာရေးသား၊ ပြင်ဆင်၊ မွမ်းမံ၊ ပြုစု ရေးသားရမည်၊ ဖတ်စေလိုသောပရိသတ် အတိအကျရှိရမည်၊ ပရိသတ်နှင့်ဆီလျော်သော ရေးဟန်ကို သုံးသင့်သည်။

ဆောင်းပါးပုံစံသာဓကအဖြစ် အဖတ်အရွတ်သင်ခန်းစာမှ အလုပ်ဆောင်းပါးနှင့် ကျွန်ုပ်တို့၏ နိုင်ငံတော် ဆောင်းပါးတို့ကို လေ့လာနိုင်ပါသည်။

ဆောင်းပါးသည် အသိပညာ ဗဟုသုတတို့ကို ဖြန့်ဝေပေးရာတွင် အသုံးများသည့် အရေးပါသောစာပုံစံတစ်မျိုးဖြစ်ပါသည်။ ဆောင်းပါးများကိုဖတ်ရှုခြင်း၊ ကိုယ်တိုင်ရေးသားခြင်းတို့ဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ ဆောင်းပါး၏ အဓိပ္ပာယ်နှင့် ဆောင်းပါးအမျိုးအစားများ
- ❖ ဆောင်းပါး၏ အင်္ဂါရပ်များ
- ❖ ဆောင်းပါးအရေးအသားများကို စိစစ်လေ့လာခြင်း
- ❖ ကိုယ်တိုင်ဖန်တီးရေးသားခြင်းတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ ဆောင်းပါးသည် အခြားစကားပြေပုံစံများနှင့် မည်သို့ကွာခြားသည်ဟု သင်ထင်မြင်ယူဆပါသနည်း။

၂။ အဖတ်အရွတ်သင်ခန်းစာပါ နှစ်သက်ရာကဗျာတစ်ပုဒ်အကြောင်းကို ဆောင်းပါးတစ်ပုဒ်ရေးပါ။

၃။ နှစ်သက်ရာအကြောင်းအရာတစ်ခုကို ဆောင်းပါးတစ်ပုဒ်ရေးပါ။

# အခန်း - ၃
# စာအရေးအသားအတတ်ပညာ

## စာပိုဒ်ဖွဲ့ခြင်း

စာရေးသားရာတွင် ဝါကျများကိုစုစည်း၍ စာပိုဒ်အဖြစ် ဖွဲ့စည်းရေးသားရသည်။ မိမိဆိုလိုသော အဓိကအကြောင်းတစ်ရပ်စီကို ဝါကျစုကလေးများဖြင့် စနစ်တကျ စုစည်းဖော်ပြရသည်။ ထိုသို့ အကြောင်းတစ်ရပ်၊ ဆိုလိုချက်တစ်ခုကို ဖော်ပြရန်စုစည်းထားသော ဝါကျစုကို စာပိုဒ်ဟုခေါ်သည်။

စာပိုဒ်တစ်ပိုဒ်တွင် ဝါကျအရေအတွက် မည်မျှပါရှိရမည်ဟူ၍ ပုံသေသတ်မှတ်ချက်မရှိပေ။ ဆိုလိုချက်တစ်ချက် ပြီးဆုံးပြီဆိုလျှင် ဝါကျနှစ်ခု သုံးခုနှင့်လည်း စာတစ်ပိုဒ်ဖြစ်နိုင်သည်။ ဆိုလိုချက်ပြီးဆုံးအောင် ဝါကျဆယ်ခုဖြင့်ဖော်ပြရန် လိုအပ်လျှင်လည်း ဝါကျဆယ်ခုဖြင့် ဖော်ပြရန်လိုပါသည်။ စာပိုဒ်ဖွဲ့ရာတွင် စာပိုဒ်၏ အတွင်းသားဖြစ်သော ဆိုလိုချက်သည် အဓိကကျပါသည်။

စာပိုဒ်ဖွဲ့ရာတွင် စာတစ်ပိုဒ်လုံး၏ ဆိုလိုချက်ကို ထင်ထင်ရှားရှားဖော်ပြနေသော ဝါကျတစ်ခုပါရှိရသည်။ ထိုဝါကျဖြင့်ဖော်ပြသော ဆိုလိုချက်ကို ပေါ်လွင်ထင်ရှားလာအောင် ကျန်ဝါကျများက အသေးစိတ်အချက်အလက်များဖြင့် ဝိုင်းဝန်းထောက်ကူလေ့ရှိပါသည်။ စာပိုဒ်တစ်ပိုဒ်လုံး၏ ဆိုလိုချက်ကိုဖော်ပြသည့် ဝါကျသည် စာပိုဒ်ကိုဦးဆောင်နေသည့်အတွက် ဦးဆောင်ဝါကျဟုခေါ်သည်။ ဦးဆောင်ဝါကျတွင်ပါသော အဓိကအချက်ကို ကျန်ဝါကျများက အသေးစိတ်ရှင်းလင်းချဲ့ထွင်ခြင်းဖြင့် စာပိုဒ်တစ်ပိုဒ်ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဦးဆောင်ဝါကျကို စာပိုဒ်၏ရှေ့ဆုံးတွင် ရေးသားလေ့ရှိသည်။ စာပိုဒ်၏နောက်ဆုံးတွင်လည်း ရေးသားနိုင်သည်။ အဓိကဆိုလိုချက်ကို အရင်ဆုံးပြောလိုလျှင် ဦးဆောင်ဝါကျကို ရှေ့ဆုံးတွင်ထားရေးပြီး အဓိကဆိုလိုချက်ကို နောက်ဆုံးမှပြောလိုလျှင် ဦးဆောင်ဝါကျကို နောက်ဆုံးတွင်ထားရေးလေ့ရှိသည်။ ဦးဆောင်ဝါကျသည် စာပိုဒ်အလယ်တွင် ပါရှိနိုင်သော်လည်း ရှေ့ဆုံးနှင့်နောက်ဆုံးလောက် မထင်ရှားပါ။ စာပိုဒ်တွင် ဦးဆောင်ဝါကျ ပါရှိသည်ဆိုသော်လည်း စာပိုဒ်တိုင်းတွင် ဦးဆောင်ဝါကျပါရမည်ဟု ပုံသေသတ်မှတ်၍ မရနိုင်ပါ။ စာပိုဒ်၏ဆိုလိုချက်ကို ဝါကျအားလုံးက တစ်ပြေးညီဝိုင်းဝန်းထောက်ကူသည့်အခါတွင်မူ ဦးဆောင်ဝါကျမပါဘဲလည်း နေတတ်ပါသည်။

စာပိုဒ်၏ ကိုယ်ထည်ပိုင်းသည် စာပိုဒ်၏ဆိုလိုချက်ကို ပေါ်လွင်အောင် ဝိုင်းဝန်းထောက်ကူ ပေးသော အပိုင်းဖြစ်သည်။ ဦးဆောင်ဝါကျပါလျှင် ဦးဆောင်ဝါကျတွင်ပါသော အချက်အလက်ကို ပိုမိုထင်ရှားအောင် ကိုယ်ထည်ပိုင်းပါဝါကျများက ဝိုင်းဝန်းထောက်ကူရသည်။ အသေးစိတ်ချဲ့ထွင် ရှင်းလင်းရသည်။ ထို့ကြောင့် စာပိုဒ်တစ်ပိုဒ်၏ အရှည်အတွေးသည် ကိုယ်ထည်ပိုင်းပေါ်တွင် များစွာမူတည်နေသည်။ ဦးဆောင်ဝါကျသည် စာပိုဒ်၏ အထိန်းအကွပ်သဖွယ်ဖြစ်သည့်အတွက် ဦးဆောင်ဝါကျကိုမူတည်ပြီး စာပိုဒ်ဖွဲ့ခြင်းသည် ပို၍မြင်သာပြီး စနစ်ကျပါသည်။

စာပိုဒ်တစ်ပိုဒ်တွင် စာပိုဒ်ကိုအနားသတ်ပေးသော နိဂုံးဝါကျလည်း ပါရှိတတ်ပါသည်။ နိဂုံးဝါကျသည် စာပိုဒ်ကိုအနားသတ်ပေးရုံသာမက နောက်ကလာမည့်စာပိုဒ်အတွက်လည်း လမ်းခင်းပေးနိုင်သည်။ ရှေ့စာပိုဒ်၏နိဂုံးဝါကျတွင် နောက်စာပိုဒ်ကိုလမ်းခင်းပေးခြင်းဖြင့် စာပိုဒ်ချင်းအချိတ်အဆက်မိသွားပြီး ပြေပြေပြစ်ပြစ်ဖြစ်သွားသည့်သဘောရှိသည်။ ထို့ကြောင့် နိဂုံးဝါကျသည်လည်း သူ့နေရာနှင့်သူ အရေးပါပါသည်။

ဦးဆောင်ဝါကျ၊ ကိုယ်ထည်ပိုင်း၊ နိဂုံးဝါကျတို့ဖြင့် စာပိုဒ်ဖွဲ့ပုံကို အောက်ပါစာပိုဒ်ဖြင့် သာဓကဆောင်ပါမည်။

"ကျွန်တော်သည် မြန်မာကဗျာစာဆိုများအကြောင်းကို လေ့လာမှတ်သားရပါသည်။ အင်းဝခေတ်ရဟန်းစာဆိုများဖြစ်သည့် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့ဆိုလျှင် စာပေအဆင့်မြင့်မားသော ဆုတောင်းခန်းပျို့၊ ကိုးခန်းပျို့စသည့် ပျို့ကဗျာကြီးများကို ရေးဖွဲ့ခဲ့သောစာဆိုကြီးများ ဖြစ်ကြသည်။ တောင်ငူခေတ်စာဆို နဝဒေးကြီး၊ နတ်ရှင်နောင်တို့ ဆိုလျှင်လည်း ရသမြောက်သော ရတုကဗျာများကို ရေးဖွဲ့ခဲ့သူများဖြစ်ကြသည်။ ညောင်ရမ်းခေတ်တွင်လည်း စာဆိုအကျော်အမော်များ ပေါ်ထွန်းခဲ့ပြီး ရှင်ငြိမ်းမယ်သည် ခံစားမှုထင်ဟပ်သော အိုင်ချင်းကဗျာများရေးဖွဲ့ခဲ့သည်။ ထိုခေတ်စာဆို ပဒေသရာဇာကမူ အခြားစာဆိုများ စာဖွဲ့လေ့မရှိသော ထန်းတက်သမား၊ လယ်သမားစသည့် သာမန်ဆင်းရဲသားတို့၏ဘဝကို တျာချင်းကဗျာများ ရေးဖွဲ့ခဲ့သည်။ ကုန်းဘောင်ခေတ်စာဆို ဦးကြင်ဥ၊ ဦးပုည စသည့် စာဆိုတော်ကြီးများ၏ စာပေများသည်လည်း အလွန်လက်ရာမြောက်လှပါသည်။ ထိုစာဆိုများအားလုံးသည် ချီးကျူးလေးစားဖွယ်ပုဂ္ဂိုလ်များချည်း ဖြစ်ပါသည်။

ထိုသို့ ချီးကျူးလေးစားဖွယ်ကောင်းသော စာဆိုများထဲတွင် ကျွန်တော်အနှစ်သက်ဆုံးစာဆိုကား ဝန်ကြီးပဒေသရာဇာပင် ဖြစ်ပါသည်။ အကြောင်းမှု . . ."

ဖော်ပြပါသာဓက၏ ပထမပိုဒ်တွင် ရှေ့ဆုံးဝါကျဖြစ်သည့် "ကျွန်တော်သည် မြန်မာကဗျာစာဆိုများအကြောင်းကို လေ့လာမှတ်သားရပါသည်" ဟူသောဝါကျသည် ဦးဆောင်ဝါကျ ဖြစ်ပါသည်။ ဦးဆောင်ဝါကျတွင် ဖော်ပြထားသော အဓိကဆိုလိုချက်ကို ကိုယ်ထည်ပိုင်း၌ပါသော နောက်ဝါကျများတွင် အသေးစိတ်ဖော်ပြသည်။ စာပိုဒ်၏အဆုံးတွင် "ထိုစာဆိုများအားလုံးသည် ချီးကျူးလေးစားဖွယ်ပုဂ္ဂိုလ်များချည်း ဖြစ်ပါသည်" ဟူသော နိဂုံးဝါကျဖြင့် အနားသတ်ထားသည်။

ထို့နောက် နိဂုံးဝါကျတွင်ဖော်ပြထားသော စာဆိုများအားလုံးသည် ချီးကျူးလေးစားဖွယ်ပုဂ္ဂိုလ်များချည်း ဖြစ်ကြောင်းဖော်ပြချက်ကိုပင် နောက်စာပိုဒ်အစတွင် ဆက်စပ်ဖော်ပြကာ ဝန်ကြီးပဒေသရာဇာကို အနှစ်သက်ဆုံးဖြစ်သည်ဟူသော ဆိုလိုချက်အသစ်ကို စာပိုဒ်အသစ်ဖြင့်ပြန်စသည်။ ဒုတိယစာပိုဒ်တွင် ဝန်ကြီးပဒေသရာဇာကို အဘယ်ကြောင့် နှစ်သက်ရခြင်းဖြစ်ကြောင်း အသေးစိတ်အချက်များထည့်သွင်းကာ ဆက်လက်ရေးသားသွားနိုင်ပါသည်။ ဤနည်းဖြင့် ဆိုလိုချက်တစ်ချက်ပြီးတိုင်း စာပိုဒ်သစ်တစ်ပိုဒ်စ ကာ စာတစ်ပုဒ်လုံးပြီးဆုံးသည်အထိ ရေးသွားနိုင်ပါသည်။

အကယ်၍ ဦးဆောင်ဝါကျသည် စာပိုဒ်၏နောက်ဆုံးဝါကျဖြစ်နေလျှင်မူ နိဂုံးဝါကျ သီးခြားမလိုတော့ပါ။ ဦးဆောင်ဝါကျသည်ပင် နိဂုံးဝါကျ ဖြစ်သွားပါသည်။

ထိုသို့ စာရေးသားရာတွင် စာပိုဒ်များကို စနစ်တကျရေးဖွဲ့ပြီး စာတစ်ပိုဒ်နှင့်တစ်ပိုဒ် အချိတ်အဆက်မိမိ ရေးသားမည်ဆိုပါက စုစုစည်းစည်း ပြေပြေပြစ်ပြစ်ရှိသော စာကောင်းတစ်ပုဒ်ကို ရေးသားနိုင်မည်ဖြစ်ပေသည်။

သင်ခန်းစာဆိုလိုရင်း

- စာပိုဒ်တွင် အဓိကအချက်ကို ဦးဆောင်ဝါကျဖြင့် ဖော်ပြပုံ
- စာပိုဒ်ကိုယ်ထည်ကို ဦးဆောင်ဝါကျအား ထောက်ပံ့သည့်ဝါကျများဖြင့် ဖွဲ့စည်းပုံ
- စာပိုဒ်ကို နိဂုံးဝါကျဖြင့် အနားသတ်ပုံ
- နိဂုံးဝါကျသည် နောက်စာပိုဒ်၏ ဦးဆောင်ဝါကျနှင့် ဆက်စပ်ပုံ
- ဦးဆောင်ဝါကျ၊ ကိုယ်ထည်ပိုင်း၊ နိဂုံးဝါကျတို့ဖြင့် လက်တွေ့ရေးသားခြင်းတို့ဖြစ်ပါသည်။

လေ့ကျင့်ခန်း

၁။ စာပိုဒ်တစ်ပိုဒ်ကို မည်သို့ဖွဲ့စည်းရေးသားရသည်ကို ဆွေးနွေးပါ။

၂။ အောက်ပါ ဦးဆောင်ဝါကျများကို အသုံးပြု၍ စာတစ်ပိုဒ်စီ ရေးသားပါ။

(၁) မြန်မာလူမျိုးသည် စေတနာသဒ္ဓါတရားထက်သန်သော လူမျိုးဖြစ်သည်။

(၂) ဦးပုညသည် ထိပ်တန်းစာဆိုတစ်ဦး ဖြစ်၏။

(၃) ပုဂံမြို့ဟောင်းတွင် ကြည်ညိုစရာ ကြည်နူးစရာ များလှပါသည်။

(၄) ကျွန်မတို့ကျောင်းကြီးသည် အလွန်ခံ့ညားထည်ဝါသော ကျောင်းကြီးဖြစ်သည်။

(၅) ပညာဟူသည် အကောင်းအဆိုး အကျိုးအပြစ်ကို ခွဲခြားနိုင်သော အသိဉာဏ်ပင် ဖြစ်သည်။

၃။ လေ့ကျင့်ခန်းနံပါတ် ၂ အရ ဦးဆောင်ဝါကျများကို အသုံးပြု၍ရေးသားထားသော စာတစ်ပိုဒ်စီမှ နိဂုံးဝါကျနှင့်ဆက်စပ်ကာ နောက်စာပိုဒ်အသစ်အတွက် ဦးဆောင်ဝါကျများကို ရေးသားပါ။

# ဂုဏ် အလင်္ကာ ရသ

## ဂုဏ်

စာပေရေးဖွဲ့ရာတွင် အလင်္ကာဖြင့်တန်ဆာဆင်လေ့ရှိသည်။ အလင်္ကာအဆင်တန်ဆာ နှစ်မျိုးရှိသည်။ သဒ္ဒါလင်္ကာရနှင့် အတ္ထာလင်္ကာရတို့ဖြစ်သည်။ သဒ္ဒါလင်္ကာရသည် စကားတန်ဆာဆင်ခြင်း ဖြစ်သည်။ စကားပြေတွင် စာဖတ်သူနားလည်နှစ်သက်အောင် စကားသုံးတတ်ခြင်း၊ ဝါကျဖွဲ့တတ်ခြင်းသည် သဒ္ဒါလင်္ကာရ ဖြစ်သည်။ သဒ္ဒါလင်္ကာရတွင် ဂုဏ်များကိုလေ့လာသည်။

အရေးအသားကို အကဲခတ်ရာတွင် အသုံးပြုသည့် ဂုဏ်ဆိုသောဝေါဟာရမှာ စာရည်စာသွေး ထူးခြားကောင်းမွန်မှုကို ဆိုလိုသည်။ အပြစ်ဒေါသ ကင်းစင်ခြင်းဟုလည်း ဆိုနိုင်သည်။ အလင်္ကာကျမ်းများတွင် 'အပြစ်ဒေါသကင်းသောအရေးအဖွဲ့သည် ဂုဏ်မြောက်သောအဖွဲ့ဖြစ်ကြောင်း' မိန့်ဆိုလျက် ဂုဏ်ဆယ်ပါးအကြောင်းကို ရှင်းလင်းဖော်ပြလေ့ရှိသည်။ ဝဇီရဗုဒ္ဓိဦးဖိုးစိန်က အလင်္ကာကျမ်းများမှ ဂုဏ်ဆယ်ပါးအနက် မြန်မာနှင့် ဆီလျော်သော ဂုဏ်ရှစ်ပါးကို ဖော်ပြပြီး သမတာဂုဏ်နှင့် သိလေသဂုဏ်တို့မှာ မြန်မာနှင့် မဆီလျော်ဟု မိန့်ဆိုခဲ့သည်။ ဝဇီရဗုဒ္ဓိဦးဖိုးစိန်သည် ဂုဏ် ၈ ပါးကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

(၁) ပသာဒဂုဏ် - စကားရှင်းအနက်လွယ်ဂုဏ်

(၂) ဩဇဂုဏ် - စကားချို့ဂုဏ်၊ စကားချဲ့ဂုဏ်

(၃) မဓုရတာဂုဏ် - နဘောထပ်ဂုဏ်၊ အက္ခရာထပ်ဂုဏ်

(၄) သုခုမာလတာဂုဏ် - စကားယဉ်ဂုဏ်

(၅) ဥဒါရတာဂုဏ် - ဂုဏ်ထူးပြဂုဏ်

(၆) ကန္တိဂုဏ် - နှစ်သက်ဖွယ်ဂုဏ်

(၇) အတ္ထဗျတ္တိဂုဏ် - အနက်ပြည့်ဂုဏ်

(၈) သမာဓိဂုဏ် - တင်စားဂုဏ်

တို့ဖြစ်သည်။ ထို့ကြောင့် ဂုဏ်မြောက်သောအရေးအသားကိုလေ့လာရာတွင် ထိုဂုဏ်ရှစ်ပါးကိုလေ့လာပါမည်။

ပသာဒဂုဏ်သည် စကားရှင်းလင်းပြတ်သားပြီး အနက်ကြည်လင်သိလွယ်သောဂုဏ် ဖြစ်သည်။ သိလွယ်သောစကားများသာသုံးခြင်း၊ ဆိုင်ရာပုဒ်ချင်း နီးကပ်စွာထားခြင်းတို့ကြောင့် အနက်အဓိပ္ပာယ်ရှင်းလင်းနေခြင်းသည် ပသာဒဂုဏ်၏ သဘောလက္ခဏာဖြစ်သည်။ အသိခက်သော စကားအသုံးအနှုန်းများကိုမသုံးဘဲ ပုဒ်အထားအသိုရှုပ်ထွေးခြင်း မဖြစ်အောင်ရေးသားသော အရေးအဖွဲ့မှန်သမျှသည် ပသာဒဂုဏ်မြောက်သော အဖွဲ့များဖြစ်သည်။

ဩဇဂုဏ်သည် စကားချုံ့ခြင်း ချဲ့ခြင်းဂုဏ် ဖြစ်သည်။ ကျယ်ဝန်းသောအဓိပ္ပာယ်ကို အကျဉ်းချုံးခြင်း၊ အကျဉ်းမျှသောအကြောင်းအရာကို အနက်အဓိပ္ပာယ် ပိုပြည့်စုံအောင် အကျယ်ချဲ့ခြင်းတို့သည် ဩဇဂုဏ်၏ သဘောလက္ခဏာများဖြစ်သည်။ ကဗျာများတွင်တွေ့ရသော 'သမာသ်ပုဒ်' များသည် ဩဇဂုဏ်မြောက် စကားများ ဖြစ်သည်။ 'သမာသ်ပုဒ်' သည် စကားလုံးများကို ကျစ်ကျစ်လျစ်လျစ် တွဲစပ်ထားသော ပုဒ်ဖြစ်သည်။ 'ကျိုင်းစင်မြဂါ'၊ 'ညက်လှပြာစင်' တို့ကဲ့သို့ စကားလုံးနည်းနည်းဖြင့် အဓိပ္ပာယ်များများပါအောင် ချုံ့ရေးခြင်း၊ မေတ္တာကို မဉ္ဇူသကနတ်ပန်းနှင့် နှိုင်းနှိုင်းချဲ့ထွင်ရေးခြင်းတို့သည် ဩဇဂုဏ်မြောက်သော အဖွဲ့များဖြစ်သည်။

မဓုရတာဂုဏ်သည် အသံချိုသာမှုနှင့်ဆိုင်သော နဘေထပ်ဂုဏ်၊ အက္ခရာထပ်ဂုဏ်ဖြစ်သည်။ အသံချင်းနီးစပ်သော (ကာရန်တူ၊ အသတ်တူ၊ မကြာတူ) စကားများကို နီးနီးကပ်ကပ်ထားခြင်း၊ နဘေထပ်ဖွဲ့ခြင်း၊ အက္ခရာတူချင်း နီးနီးကပ်ကပ် ထပ်ကာထပ်ကာ ရေးဖွဲ့ခြင်းတို့သည် မဓုရတာဂုဏ်၏ သဘောလက္ခဏာများ ဖြစ်သည်။ "သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း" ဟူ၍ 'သည်' ဟူသော စကားလုံးကို ထပ်ကာထပ်ကာ ဖွဲ့ဆိုထားသောအဖွဲ့သည် မဓုရတာဂုဏ်မြောက်သောအဖွဲ့ဖြစ်သည်။

သုခုမာလတာဂုဏ်သည် စကားအနက် ယဉ်ကျေးသိမ်မွေ့သောဂုဏ်ဖြစ်သည်။ စကားသုံးနှုန်းရာတွင် ရိုင်းစိုင်းကြမ်းတမ်းသောသဘောကို ယဉ်ကျေးသိမ်မွေ့သောစကားလုံးများနှင့် နားခံသာအောင် လှည့်၍သုံးနှုန်း ရေးဖွဲ့ခြင်း၊ အသင့်ယုတ္တိရှိအောင်ရေးဖွဲ့ခြင်းသည် သုခုမာလတာဂုဏ်၏ သဘောလက္ခဏာများ ဖြစ်သည်။ အံတုလျှင်သေစေမည်ဟု ဆိုလိုသည်ကို "တုလို့ချွန်လျှင် ခန္ဓာစဲမယ်" ဟုဖွဲ့ဆိုခြင်းသည် သုခုမာလတာဂုဏ် မြောက်သော အဖွဲ့ဖြစ်သည်။

ဥဒါရတာဂုဏ်သည် ချီးမွမ်းအံ့ဩဖွယ်ဖြစ်သော ဂုဏ်အထူးကိုပြသော ဂုဏ်ထူးပြဂုဏ် ဖြစ်သည်။ မွန်မြတ်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းအပ်သော ဝိသေသနပါရှိခြင်းတို့သည် ဥဒါရတာဂုဏ်၏ သဘောလက္ခဏာ များဖြစ်သည်။"စံကားပွင့်နှင့် နှိုင်းတင့်နီးသည်"၊ "ရဲမျိုးသမီး၊ မောင်ကြီးနှမ၊ ညက်လှပြာစင်" ဟူသောအဖွဲ့ များသည် ချီးမွမ်းအပ်သော ဝိသေသနပါရှိသည့် ဥဒါရတာဂုဏ်မြောက် အဖွဲ့များဖြစ်သည်။

ကန္တိဂုဏ်သည် ကြွားဝါသည်ဟုမဆိုသာဘဲ ကြီးကျယ်နှစ်သက်ဖွယ်ဖြစ်အောင်ဖွဲ့ဆိုသော နှစ်သက် ဖွယ်ဂုဏ်ဖြစ်သည်။ ချီးကျူးဖွဲ့ဆိုသော်လည်း လောကဥ္စ ဖြစ်သင့်ဖြစ်ထိုက်သည်ကို မကျော်လွန်သဖြင့် လူအများ နှစ်သက်ဖွယ်ဖြစ်ခြင်းသည် ကန္တိဂုဏ်၏ သဘောလက္ခဏာဖြစ်သည်။ "ဗောဓိလောင်းလျာ၊ ပြုသစ္စာကြောင့်၊ ကမ္ဘာမြေကြီး၊ ပွဲတင်ဟည်းလျက်၊ ရိုက်တည်းရွတ်ရွတ်၊ ကြိမ်ကြိမ်လှုပ်၏" ဟူသောအဖွဲ့တွင် ဘုရားလောင်း သစ္စာပြုခြင်းကြောင့် မြေကြီးအကြိမ်ကြိမ်လှုပ်ကြောင်း ဖွဲ့ဆိုထားရာ ချီးကျူးသင့်သည်ကို နှစ်သက်ဖွယ် ချီးကျူး ထားသည့်အတွက် ကန္တိဂုဏ်မြောက်သောအဖွဲ့ဖြစ်သည်။

အတ္ထဗျတ္တိဂုဏ်သည် အဖွဲ့တစ်ခုမှာ စကားထပ်ဖြည့်စရာမလိုဘဲ အဓိပ္ပာယ်ထင်ရှား ပြည့်စုံသော အနက်ပြည့်ဂုဏ်ဖြစ်သည်။ သီးသန့်စကားအပို ထပ်ဖြည့်စရာမလိုဘဲ မူလစကားဖြင့်ပင် ဆိုလိုသောအဓိပ္ပာယ်ကို သိရှိနိုင်ခြင်း၊ အနက်တိုက်ရိုက်မပါစေကာမူ မူလပြဆိုထားသော အနက်ဖြင့်ပင် ဆိုလိုရင်းအဓိပ္ပာယ် ထင်ရှားခြင်း၊

တို့သည် အတ္တဗျတ္တိဂုဏ်၏ သဘောလက္ခဏာများ ဖြစ်သည်။ "သင်၏မျိုးသား၊ စာစကားလည်း၊ ကြီးပွားတိုးမြင့်၊ ကျန်ကောင်းသင့်၏"ဟူသောအဖွဲ့သည် စကားအပိုဖြည့်စရာမလိုဘဲ အဓိပ္ပာယ်ထင်ရှားသည့်အတွက် အတ္တဗျတ္တိဂုဏ်မြောက်သော အဖွဲ့ဖြစ်သည်။

သမာဓိဂုဏ်သည် တင်စားပြောဆိုသည့် တင်စားဂုဏ် ဖြစ်သည်။ သက်မဲ့ကို သက်ရှိကဲ့သို့လည်းကောင်း၊ အဆင်းသဏ္ဌာန်မရှိသည်ကို ရှိသကဲ့သို့လည်းကောင်း၊ အရသာမရှိသည်ကို ရှိသကဲ့သို့လည်းကောင်း၊ အရည်မဟုတ်သည်ကို ဟုတ်သကဲ့သို့လည်းကောင်း၊ ပြုလုပ်တတ်သူ မဟုတ်သည်ကို ဟုတ်သကဲ့သို့လည်းကောင်း၊ အကောင်အထည် မရှိသည်ကို ရှိသကဲ့သို့လည်းကောင်း၊ အနံ့မရှိသည်ကို အနံ့ရှိသကဲ့သို့လည်းကောင်း တင်စားခြင်းသည် သမာဓိဂုဏ်၏ သဘောလက္ခဏာများဖြစ်သည်။ "ဂုဏ်နံ့ကင်း"၊ "မဟာဝုက္ခ တွင်းဆုံးကျသည်"၊ "သစ္စာအရောင် ဉာဏ်တန်ဆောင်" ဟူသောအဖွဲ့များသည် သမာဓိဂုဏ်မြောက်သော အဖွဲ့များဖြစ်သည်။

**အလင်္ကာ**

စကားတန်ဆာဆင်ခြင်းနှစ်မျိုးအနက် အတ္ထာလင်္ကာရသည် အနက်တန်ဆာဆင်ခြင်းဖြစ်သည်။ အတ္ထာလင်္ကာရတွင် အလင်္ကာများကို လေ့လာသည်။ စာအရေးအသား အဖွဲ့အနွဲ့တို့ကို အလင်္ကာ ၅ မျိုးဖြင့် လေ့လာလေ့ရှိသည်။ ထိုအလင်္ကာ ၅ မျိုးမှာ ဝတ်ဝုတ္တိအလင်္ကာ၊ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ အတိသယ ဝုတ္တိအလင်္ကာ၊ မြည်သံစွဲအလင်္ကာတို့ဖြစ်သည်။

**ဥပမာအလင်္ကာ**

ဥပမာအလင်္ကာသည် နှိုင်းနှိုင်းဖွဲ့ဆိုသော အလင်္ကာဖြစ်ပါသည်။ အကြောင်းအရာတစ်ခုကို ဂုဏ်ရည်တူသည့် အခြားအကြောင်းအရာတစ်ခုနှင့် နှိုင်းနှိုင်းခြင်းသည် ဥပမာအလင်္ကာ၏ အခြေခံသဘောဖြစ်သည်။ ဥပမာအလင်္ကာမြောက်ကြောင်းကို အချက်လေးချက်ဖြင့် ချိန်ထိုးလေ့လာနိုင်ပါသည်။ ယင်းအချက်များမှာ -

(၁) အဓိကအကြောင်းအရာ 'အနှိုင်းခံ' (ဥပမေယျ)

(၂) ဂုဏ်ရည်တူ နှိုင်းနှိုင်းသည့်အကြောင်းအရာ 'အနှိုင်း' (ဥပမာန)

(၃) တူသောဂုဏ် (သဓမ္မ)

(၄) အနှိုင်းပြစကား (ဥပမာဇောတက) တို့ ဖြစ်သည်။

"ဆင်ကန်းတိုးသို့"၊ "သမင်နှင့်ကျား မြွေနှင့်ဖားသို့"၊ "ရွှေလသာဝါဝင်းစဉ် ဖျာခင်း၍ထိုင်သလို" စသည်တို့သည် ဥပမာအလင်္ကာမြောက်သော အဖွဲ့များဖြစ်သည်။

**ရူပကအလင်္ကာ**

ရူပကအလင်္ကာသည် ဥပမာအလင်္ကာနှင့် ဆင်တူယိုးမှားဖြစ်သည်။ ရူပကအလင်္ကာတွင် ပါဝင်သည့် 'အနှိုင်း'၊ 'အနှိုင်းခံ'၊ 'တူသောဂုဏ်' တို့သည် ဥပမာအလင်္ကာနှင့်အတူတူပင်ဖြစ်သည်။ သို့ရာတွင် ရူပက

အလင်္ကာနှင့် ဥပမာအလင်္ကာတို့၏ အဓိကကွဲပြားချက်မှာ ဥပမာအလင်္ကာသည် တူကြောင်းနိုင်းနှိုင်းပြရုံသာ ဖြစ်သော်လည်း ရူပကအလင်္ကာမှာမူ တစ်ခုနှင့်တစ်ခု ခွဲခြားမရအောင်တူသည်၊ ထပ်တူထပ်မျှဖြစ်သည်ဟူ၍ 'ထပ်တူပြု' လိုက်ခြင်းပင် ဖြစ်သည်။ ရူပကအလင်္ကာနှင့် ဥပမာအလင်္ကာတို့သည် ဆင်တူယိုးမှားဖြစ်နေခြင်းကြောင့် ကွဲကွဲပြားပြားသိမြင်အောင် ဆန်းစစ်လေ့လာရန် လိုအပ်သည်။

ရူပကအလင်္ကာ၏အချုပ်မှာ -

(၁) အဓိကအကြောင်းအရာ 'အနှိုင်းခံ' (ဥပမေယျ)

(၂) ဝုဏ်ရည်တူနိုင်းနှိုင်းသည့်အကြောင်းအရာ 'အနှိုင်း' (ဥပမာန)

(၃) တူသောဂုဏ် (သဓမ္မ)

(၄) အနှိုင်းနှင့်အနှိုင်းခံကို ထပ်တူပြုခြင်းတို့ဖြစ်သည်။

"ဂုဏ်နံ့"၊ "ဉာဏ်တန်ဆောင်" စသည်တို့သည် ရူပကအလင်္ကာမြောက်သော အဖွဲ့များဖြစ်သည်။

**အတိသယဝုတ္တိအလင်္ကာ**

အတိသယဝုတ္တိအလင်္ကာသည် ဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးမှ တစ်ခုဖြစ်ပါသည်။ ဝင်္ကဝုတ္တိအလင်္ကာ အနွယ်ဝင်ဖြစ်သည့်အတွက် သွယ်ဝိုက်ဖွဲ့ဆိုသည့် အဖွဲ့အနွဲ့တစ်မျိုးဖြစ်သည်။ အတိသယဝုတ္တိအလင်္ကာ ဟူသည် အလွန်အကြူးဖွဲ့ဆိုထားသည့် အဖွဲ့အနွဲ့များကိုဖော်ညွှန်းသည့် အလင်္ကာအမျိုးအစားပင် ဖြစ်သည်။ အဖွဲ့အနွဲ့တစ်ခုသည် အမှန်တကယ် ဖြစ်သင့်ဖြစ်ထိုက်၊ ရှိသင့်ရှိထိုက်သည်ထက် လွန်လွန်ကြူးကြူး၊ ထူးထူး ကဲကဲ ဖွဲ့ဆိုမည်၊ ဖွဲ့ဆိုသည့်အခါတွင် သွယ်ဝိုက်သည့်သဘောလည်းပါမည်ဆိုလျှင် ယင်းအဖွဲ့သည် အတိသယ ဝုတ္တိအလင်္ကာမြောက်သည့် အဖွဲ့ပင်ဖြစ်သည်။

အတိသယဝုတ္တိအလင်္ကာကို လေ့လာကြည့်မည်ဆိုလျှင် အတိသယဝုတ္တိ အလင်္ကာမြောက်သည့် အဖွဲ့အနွဲ့များတွင် အခြေခံအချက် လေးချက်ပါရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ၎င်းတို့မှာ-

(၁) အဖွဲ့ခံ (အလင်္ကာရိယ)

(၂) တန်ဆာဆင်ဖွဲ့ဆိုသော အဖွဲ့အနွဲ့အစီအကုံး (အလင်္ကာရ)

(၃) အလွန်အကြူးဖွဲ့ဆိုခြင်း (အတိသယ)

(၄) တိုက်ရိုက်မဆို သွယ်ဝိုက်ဆိုခြင်း (ဝင်္ကဝုတ္တိ) တို့ဖြစ်သည်။

"မဏိမလ္လာ ဂန္ဓာနတ်ဖြစ် ပွင့်ဝတ်သစ်" ကဲ့သို့သောအဖွဲ့မျိုးသည် အတိသယဝုတ္တိ အလင်္ကာမြောက် သောအဖွဲ့ ဖြစ်သည်။

**ဝက်ဝုတ္တိအလင်္ကာ**

'ဝက်'ဆိုသည်မှာ 'ကွေ့ကောက်ခြင်း၊ သွယ်ဝိုက်ခြင်း'၊ 'ဝုတ္တိ'ဆိုသည်မှာ 'ပြောဆိုခြင်း' ဖြစ်သောကြောင့် ဝက်ဝုတ္တိအလင်္ကာသည် တိုက်ရိုက်မဆို သွယ်ဝိုက်ပြောဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ဝက်ဝုတ္တိ အလင်္ကာ မြောက် မမြောက် လေ့လာစိစစ်ရာတွင် သွယ်ဝိုက်ပြောခြင်း ဟုတ် မဟုတ် ဆိုသည့်စံကို လက်ကိုင်ထားရမည် ဖြစ်သည်။ "အသသတိုရ်ပေါ်သို့ တက်ပြီးလျှင်"၊ "ဘောင်းဘီက အခွင့်မပြု" စသည်တို့သည် ဝက်ဝုတ္တိအလင်္ကာ မြောက်သောအဖွဲ့များ ဖြစ်သည်။

**မြည်သံစွဲအလင်္ကာ**

မြည်သံစွဲအလင်္ကာသည် မြည်သံများဖြင့် ထည့်သွင်းတန်ဆာဆင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ မြည်သံစွဲ အလင်္ကာကိုစိစစ်ရာတွင် အရေးအဖွဲ့တစ်ခုသည် မြည်သံတစ်ခုခုကို ထည့်သွင်းထားသည်။ ၎င်းမြည်သံသည် အဓိကပြောဆိုလိုသည့် အကြောင်းအရာတစ်ခုပေါ်လွင်ရန် သရုပ်ဖော်ထားခြင်းဖြစ်သည်၊ တန်ဆာဆင် ရေးဖွဲ့ထားသည့် သဘောလည်းထင်ရှားသည်ဆိုလျှင် မြည်သံစွဲအလင်္ကာမြောက်သည်ဟု ဆိုနိုင်သည်။ "ငွေသံ တချွင်ချွင်"၊ "သံဝါမြောက်မြောက်" စသည်တို့သည် မြည်သံစွဲအလင်္ကာမြောက်သော အဖွဲ့များဖြစ်သည်။

**ရသ**

'ရသ' သည် ပါဠိစကားဖြစ်ပြီး 'အရသာ' ဟု မြန်မာမှုပြုကြသည်။ စာပေအရေးအဖွဲ့တစ်ခုကို ဖတ်လိုက်ရသောအခါ စိတ်ထဲတွင် နှစ်သက်သာယာသွားခြင်းသည် ရသပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ ရသကို 'အရသာ၊ နှစ်သက်မှု၊ နှစ်သက်ခံစားမှု၊ ခံစားမှုစည်းစိမ်' စသည်ဖြင့် ပညာရှင်များ ဖွင့်ဆိုကြသည်။ ရသ ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကို အလင်္ကာကျမ်းများတွင် ဖော်ပြကြသည်။ ရသဖြစ်ပေါ်လာခြင်း၏ အရင်းခံ သည် လူ့နှလုံးသားတွင် ကိန်းအောင်းလျက်ရှိသော စိတ်ခံစားမှုဖြစ်သည်။ ကိန်းအောင်းလျက်ရှိသော စိတ် ခံစားမှုသည် အကြောင်းတစ်စုံတစ်ရာ၊ အာရုံတစ်ခုခုနှင့် ထိတွေ့ရသောအခါ လှုပ်လှုပ်ရှားရှားလာသည်။ ထိုခံစားမှုများ ထင်ရှားပေါ်လွင်လာအောင် ယာယီခံစားမှုများက လှုံ့ဆော်ပေးသည်။ ထိုအခါ စိတ်ထဲတွင် ထူးထူးခြားခြား ဖြစ်ပေါ်ခံစားလာရသည်။ စာပေဖတ်ရှုရာမှ စိတ်ထဲတွင် ထူးထူးခြားခြား ဖြစ်ပေါ်လာသော ခံစားမှုတစ်ရပ်ကို နှစ်သက်ခြင်းသည်ပင် 'ရသ' ဟုဆိုနိုင်ပါသည်။

ရသကို သိင်္ဂါရရသ၊ ဟဿရသ၊ ကရုဏာရသ၊ ရုဒ္ဒရသ၊ ဝီရရသ၊ ဘယာနကရသ၊ ဝိဘစ္ဆရသ (ဝီဘစ္ဆရသ)၊ အဗ္ဘုတရသ၊ သန္တရသ ဟူ၍ ၉ ပါး ပြဆိုလေ့ရှိပါသည်။

သိင်္ဂါရရသသည် ချစ်ခင်မြတ်နိုးမှုအရသာ ဖြစ်သည်။ ယောက်ျားနှင့်မိန်းမ ချစ်ခင်စုံမက်သည့် အကြောင်းအရာကို ရေးဖွဲ့ထားသော စာပေအရေးအဖွဲ့ကိုဖတ်ရှုပြီး ချစ်ခင်ခြင်းနှင့်ယှဉ်ကာ ဖြစ်ပေါ်လာ သည့် နှစ်သက်မှုသည် သိင်္ဂါရရသ ဖြစ်သည်။

ဟဿရသသည် ရယ်မောပျော်ရွှင်မှုအရသာ ဖြစ်သည်။ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ လွဲချော်သော အသွင်သဏ္ဌာန်၊ အမူအရာ၊ အပြုအမူ၊ အပြောအဆိုတို့ကို ရေးဖွဲ့သော စာပေအရေးအဖွဲ့ကို ဖတ်ရှုပြီး ရယ်မောပျော်ရွှင်မှုနှင့်အတူ ဖြစ်ပေါ်လာသည့် နှစ်သက်မှုသည် ဟဿရသ ဖြစ်သည်။

ကရုဏာရသသည် စာနာသနားမှုအရသာ ဖြစ်သည်။ စာအရေးအဖွဲ့တစ်ခုကိုဖတ်ရှုပြီး စာနာတတ်သော ခံစားမှု၊ ဝမ်းနည်းမှု၊ ကြေကွဲမှုတို့နှင့်အတူ ဖြစ်ပေါ်လာသည့် နှစ်သက်မှုသည် ကရုဏာရသဖြစ်သည်။

ရုဒ္ဒရသသည် အကြမ်းအရသာ ဖြစ်သည်။ ကြမ်းတမ်းသော၊ ရက်စက်ကြမ်းကြုတ်သော အဖြစ်အပျက် အမူအရာတို့ကို နှစ်သက်ဖွယ်ဖြစ်အောင်ဖွဲ့ထားသည့် စာပေအရေးအဖွဲ့ကိုဖတ်ရှုပြီး ကြမ်းတမ်းသော စိတ်ခံစားချက်နှင့်အတူ ဖြစ်ပေါ်လာသည့် နှစ်သက်မှုသည် ရုဒ္ဒရသ ဖြစ်သည်။ ဤရသသည် ဒိဋ္ဌလောကတွင် မရနိုင်သော ရသဖြစ်သည်၊ ဒိဋ္ဌလောကတွင် ကြမ်းတမ်းမှု၊ ကြမ်းကြုတ်မှုသည်နှစ်သက်ဖွယ် မဟုတ်ပါ။

ဝီရရသသည် ရဲရင့်မှု တက်ကြွမှုအရသာ ဖြစ်သည်။ တန်ခိုး၊ လုံ့လ၊ ဇွဲသတ္တိ စသည်တို့ဖြင့် တက်ကြွစွာ ကြိုးပမ်းအားထုတ်သော အဖြစ်အပျက်အမူအရာ၊ ရဲရဲဝံ့ဝံ့ဆောင်ရွက်သော အဖြစ်အပျက်အမူအရာတို့ကို ဖွဲ့သော စာပေအရေးအဖွဲ့များကိုဖတ်ရှုပြီး ရဲရင့်တက်ကြွမှုနှင့်အတူ ဖြစ်ပေါ်လာသည့် နှစ်သက်မှုသည် ဝီရ ရသဖြစ်သည်။

ဘယာနကရသသည် ကြောက်လန့်မှုအရသာ ဖြစ်သည်။ ဒိဋ္ဌလောကတွင် ကြောက်လန့်မှုသည် နှစ်သက်ခြင်းအရသာနှင့် မယှဉ်တွဲနိုင်ပါ။ စာပေတွင် ထိတ်လန့်ကြောက်ရွံ့စရာ မြင်ကွင်း၊ အသံ၊ အဖြစ်အပျက်၊ အကျင့်စရိုက်စသည်တို့ကို ရေးဖွဲ့သောအရေးအဖွဲ့ကို ဖတ်ရသောအခါ အသည်းတထိတ်ထိတ် ရင်တဖိုဖို ခံစားရပြီး ထိုခံစားမှုမှတစ်ဆင့် ဖြစ်ပေါ်လာသည့် နှစ်သက်မှုသည် ဘယာနကရသ ဖြစ်သည်။

ဝိဘစ္ဆရသ (ဗီဘစ္ဆရသ) သည် အရွံ့အမုန်းအရသာ၊ စက်ဆုပ်ခြင်းအရသာ ဖြစ်သည်။ ဒိဋ္ဌလောကတွင် မရနိုင်သော အရသာဖြစ်သည်။ ဒိဋ္ဌလောကတွင် ရွံမုန်းခြင်း၊ စက်ဆုပ်ခြင်းသည် နှစ်သက်ခြင်းကို မဖြစ်စေနိုင်ပါ။ စာပေတွင် သွေးပြည်အပုပ်အစပ်တို့သာမက လူ့အမူအရာ အဖြစ်အပျက်များကို စက်ဆုပ်ရွံရှာဖွယ်၊ မုန်းတီးဖွယ်၊ မနှစ်မြို့ဖွယ်ရေးဖွဲ့ထားသည်ကိုဖတ်ရှုပြီး ရွံရှာစက်ဆုပ်ခြင်းနှင့်အတူ ဖြစ်ပေါ်လာသည့် နှစ်သက်မှုသည် ဝိဘစ္ဆရသ (ဗီဘစ္ဆရသ) ဖြစ်သည်။

အဗ္ဘုတရသသည် အံ့ဩမှုအရသာ ဖြစ်သည်။ ထူးကဲသောအကြောင်းအရာ ရုပ်ဝတ္ထုများ၊ အဆန်းတကြယ် ဖြစ်ရပ်များ၊ အံ့ဩကြည်ညိုဖွယ်ပုဂ္ဂိုလ်များစသည်တို့ကို ရေးဖွဲ့ထားသောစာပေအဖွဲ့အနွဲ့တို့ကို ဖတ်ရှုပြီး အံ့ဩမှုနှင့်အတူ ဖြစ်ပေါ်လာသည့် နှစ်သက်မှုသည်အဗ္ဘုတရသ ဖြစ်သည်။

သန္တရသသည် အေးငြိမ်းမှုအရသာဖြစ်သည်။ စာပေအရေးအဖွဲ့တစ်ခုကို ဖတ်ရှုပြီး စိတ်တွင်ငြိမ်းအေးမှုနှင့်အတူ ဖြစ်ပေါ်လာသည့် နှစ်သက်မှုသည် သန္တရသဖြစ်သည်။ သန္တရသသည် လောကုတ္တရာကိစ္စဖြစ်စေ၊ လောကီကိစ္စဖြစ်စေ စိတ်တွင်အေးချမ်းမှု၊ ကြည်နူးမှုကို ခံစားနှစ်သက်ရသည်ဆိုလျှင် သန္တရသဟု ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူရမည်ဖြစ်သည်။

စာတစ်ပုဒ်ကိုလေ့လာရာတွင် မည်သည့်အကြောင်းအရာကို မည်သို့ရေးဖွဲ့ထားသည့်အတွက် မည်သည့် ရသ သို့မဟုတ် အရသာနှစ်သက်မှုကို ဖြစ်ပေါ်လာစေသည်ကို လေ့လာနိုင်ပါသည်။

**သင်ခန်းစာဆိုလိုရင်း**

- အလင်္ကာကျမ်းလာ စာပေဂုဏ်ဆယ်ပါးအနက်မှ မြန်မာနှင့်ကိုက်ညီသော ဂုဏ်ရှစ်ပါးအကြောင်း
- အလင်္ကာငါးမျိုးအကြောင်း
- ရသကိုးပါးအကြောင်း
- စာပေအဖွဲ့အနွဲ့များကို ဂုဏ် အလင်္ကာ ရသ တို့ဖြင့် လေ့လာခြင်း၊ ဖန်တီးရေးသားခြင်းတို့ ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စာပေဂုဏ်များအကြောင်း ရှင်းပြပါ။

၂။ နှစ်သက်ရာ ဂုဏ် ငါးခုမြောက်သော အရေးအဖွဲ့ကို ဖန်တီးရေးသားပါ။

၃။ အလင်္ကာငါးမျိုးအကြောင်းရှင်းပြပါ။

၄။ အဖတ်အရွတ်သင်ခန်းစာပါ စကားပြေများမှ အလင်္ကာမြောက်အရေးအဖွဲ့များကို ထုတ်ဖော်ဆွေးနွေးပါ။

၅။ အဖတ်အရွတ်သင်ခန်းစာပါ ကဗျာများမှ အလင်္ကာမြောက်အရေးအဖွဲ့များကို ထုတ်ဖော်ဆွေးနွေးပါ။

၆။ အလင်္ကာငါးမျိုးအတွက် တစ်မျိုးလျှင် အလင်္ကာမြောက်သော အရေးအဖွဲ့နှစ်ခုစီကို ဖန်တီးရေးသားပါ။

၇။ ရသကိုးပါးအကြောင်းကို ရှင်းပြပါ။

၈။ အဖတ်အရွတ်သင်ခန်းစာပါ စကားပြေများမှ ရသမြောက်အရေးအသားများကို ထုတ်ဖော်ဆွေးနွေးပါ။

၉။ အဖတ်အရွတ်သင်ခန်းစာပါ ကဗျာများမှ ရသမြောက်အရေးအဖွဲ့များကို ထုတ်ဖော်ဆွေးနွေးပါ။

၁၀။ နှစ်သက်ရာခေါင်းစဉ်ဖြင့် စကားပြေ သို့မဟုတ် ကဗျာတစ်ပုဒ်ကို ရသမြောက်အောင်ဖန်တီး ရေးသားပါ။

## မြန်မာစာရေးသားရာတွင် သတိပြုရှောင်ရှားသင့်သည့်အပြစ်များ

စာရေးခြင်း၏ ရည်ရွယ်ချက်သည် မိမိဆိုလိုချက်ကို စာဖတ်သူ နားလည်စေရန်ဖြစ်သည်။ သို့သော် မိမိတရေးအသား၌ မသင့်သောအသုံး မှားယွင်းသောအသုံးများကို သုံးနှုန်းမိလျှင်ဖြစ်စေ၊ ပုဒ်အထားအသိ ဝါကျဖွဲ့ပုံ မှားယွင်းသွားလျှင်ဖြစ်စေ၊ တစ်စုံတစ်ခု လိုအပ်ချက်ရှိသွားလျှင်ဖြစ်စေ စာဖတ်သူ နားမလည်နိုင်အောင် ဖြစ်သွားတတ်သည်။ ထိုသို့သော စာအရေးအသားမျိုးကို ပညာရှင်များက 'ဒေါသ' သင့်သည်ဟု ခေါ်ကြသည်။ တစ်နည်းအားဖြင့် အပြစ်သင့်သည်ဟု ခေါ်ကြသည်။ အပြစ်အနာအဆာမကင်းသော စာအရေးအဖွဲ့ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ရာ စာဖတ်သူ ရှင်းရှင်းလင်းလင်း သဘောပေါက်စေရန်အတွက် စာရေးသားရာတွင် သတိပြုရှောင်ရှားသင့်သည့်အပြစ်များကို သိရှိရန်လိုအပ်ပါသည်။ အလင်္ကာကျမ်းများတွင် ထိုအပြစ်များကို 'ဒေါသ' ဟုခေါ်ပြီး အပြစ်ဒေါသကင်းလျှင် ဂုဏ်မြောက်သည်ဟုဆိုသည်။

### (၁) အသိခက်အပြစ်

စာရေးသားရာတွင် စာဖတ်သူတို့ အဓိပ္ပာယ်အသိခက်သော စကားလုံးများ၊ အသုံးအနှုန်းများထည့်သွင်း ရေးဖွဲ့ထားသည့်အတွက် အဓိပ္ပာယ်မပေါ်လွင်ဘဲ ဝေဝါးနေခြင်းကို အသိခက်အပြစ်ဟုခေါ်သည်။

**သာဓက** – ဘာဏုရာဇာသည် ပြုဗ္ဗာဝိဒေဟကျွန်းမှ ပေါ်ထွန်းလာလေပြီ။

"အရှေ့ဘက်အရပ်မှ နေထွက်လာပြီ"ဟု ရေးလျှင် အသိလွယ်ပါလျက် နားလည်ရခက်သော ပါဠိ စကားလုံးများကို ထည့်သွင်းရေးဖွဲ့ထားသည့်အတွက် အသိခက်အပြစ်သင့်သည်။

### (၂) စကားလိုအပြစ်

စာရေးသားရာတွင် ပါဝင်သင့်သည့်စကားလုံးများ၊ အသုံးအနှုန်းများ ပြည့်စုံပါဝင်အောင်ထည့်သွင်း ရေးဖွဲ့ခြင်းမရှိသည်ကို စကားလိုအပြစ်ဟုခေါ်သည်။

**သာဓက** – ညအခါတွင် အရပ်ရှစ်မျက်နှာသည် ထွန်းလင်းလျက်ရှိသည်။

သာဓကဝါကျ၌ ညအခါတွင် အရပ်ရှစ်မျက်နှာ ထွန်းလင်းကြောင်းသာပါပြီး အဘယ်ကြောင့် ထွန်းလင်းကြောင်းမပါရှိသည့်အတွက် စကားလိုအပြစ်သင့်သည်။ "လပြည့်ညအခါတွင် (ပြည့်ဝန်းသောလရောင်ကြောင့်) အရပ်ရှစ်မျက်နှာသည် ထွန်းလင်းလျက်ရှိသည်" ဟုဆိုမှသာ အဓိပ္ပာယ်ပြည့်စုံမည်ဖြစ်သည်။

### (၃) စကားပိုအပြစ်

စာရေးသားရာတွင် ဆိုလိုချက်အနက်ပြည့်စုံမှုအတွက် မလိုအပ်သောစကား၊ ပါသော်လည်း အကျိုးထူး မရှိသောစကားများကို ထည့်သွင်းရေးသားထားခြင်းကို စကားပိုအပြစ်ဟုခေါ်သည်။

**သာဓက** – ကျွန်တော် ၄ နှစ်သားအရွယ်တွင် မေမေသည် ကျွန်တော့်ထက်ငယ်သော ကျွန်တော့်ညီမလေးကို ဖွားမြင်သည်။

'ကျွန်တော့်ညီမလေး' ဟုဆိုလျှင် လူတိုင်းနားလည်နိုင်သော်လည်း 'ကျွန်တော့်ထက်ငယ်သော' ဟူသော စကားကို မလိုအပ်ဘဲထည့်သွင်းရေးသားထားသည့်အတွက် စကားပိုအပြစ်သင့်သည်။

**(၄) စကားရိုင်းအပြစ်**

အနက်ကြမ်းသောစကား၊ ရွံရှာဖွယ်စကား၊ အနက်ညစ်ညမ်းသောစကားများကို ထည့်သွင်းသုံးနှုန်း ရေးသားထားခြင်းကို စကားရိုင်းအပြစ်ဟုခေါ်သည်။

**သာဓက** – ထမနဲပြိုင်ပွဲတွင် အညိုရောင်အသင်းကထိုးသော ထမနဲသည် ပျော့ပြဲကာ ခွေးအန်ဖတ်ကဲ့သို့ ဖြစ်နေသည်။

ထမနဲကို 'ခွေးအန်ဖတ်' နှင့်ခိုင်းနှိုင်းရေးသားထားခြင်းသည် ရွံရှာစရာ၊ ရိုင်းစိုင်းရာရောက်သည့် အတွက် စကားရိုင်းအပြစ်သင့်သည်။

**(၅) သဒ္ဒါအသုံးမှားအပြစ်**

သဒ္ဒါသုံးစကားလုံးများ မှားယွင်းစွာအသုံးပြုခြင်းကို သဒ္ဒါအသုံးမှားအပြစ်ဟုခေါ်သည်။ 'မှ' နှင့် 'က'၊ 'ကို' နှင့် 'အား' စသည်တို့ကိုမှားယွင်းအသုံးပြုခြင်း၊ 'စသည်'၊ 'စသော' တို့ကို မလိုအပ်ဘဲထည့်သွင်း ရေးသားခြင်း၊ 'လည်းကောင်း'၊ 'သော်လည်းကောင်း'၊ 'ဖြစ်စေ' စသည့်စကားလုံးများကို တစ်ကြိမ်တည်း အသုံးပြုခြင်းတို့ကဲ့သို့သော မှားယွင်းမှုမျိုးဖြစ်သည်။

**သာဓက** – ကျောင်းအုပ်ဆရာကြီးမှ အမှာစကားပြောကြားသည်။

ဤဝါကျတွင် ကျောင်းအုပ်ဆရာကြီးသည် ပြုလုပ်သူဖြစ်သည့်အတွက် သဒ္ဒါစကားလုံး 'က' ကို အသုံး ပြုရမည်ဖြစ်ရာ 'မှ' ကိုသုံးခြင်းသည် သဒ္ဒါအသုံးမှားအပြစ်သင့်သည်။

**(၆) ပုဒ်ထားမှားအပြစ်**

ဝါကျတွင်ပါဝင်သောပုဒ်များကို ဆိုင်ရာပုဒ်ချင်းနီးကပ်စွာ မှန်မှန်ကန်ကန်မထားသည့်အတွက် အနက် အဓိပ္ပာယ် ပြောင်းသွားနိုင်ခြင်းကို ပုဒ်ထားမှားအပြစ်ဟု ခေါ်သည်။

**သာဓက** – ဆရာသည် စာသင်ခန်းထဲတွင် ခိုက်ရန်မဖြစ်ပွားကြရန် ကျွန်တော်တို့ကို ဆုံးမသည်။

"စာသင်ခန်းထဲတွင် ခိုက်ရန်မဖြစ်ပွားကြရန်" ဟု ရေးထားသဖြင့် စာသင်ခန်းပြင်ပတွင် ရန်ဖြစ်ချင်ဖြစ် ဟုဆိုရာရောက်သည့်အတွက် ပုဒ်ထားမှားအပြစ်သင့်သည်။ "စာသင်ခန်းထဲတွင်ဆုံးမသည်" ဟု ဆိုင်ရာပုဒ်ချင်း နီးကပ်စွာထားမှသာ ပုဒ်ထားမရှုပ်တော့ဘဲ အဓိပ္ပာယ်ရှင်းလင်းမည်ဖြစ်သည်။

**(၇) ပုဒ်ထားရှုပ်အပြစ်**

ပုဒ်ထားမှားသည့်အဆင့်မရောက်သော်လည်း ပုဒ်ဖွဲ့ရာတွင် လိုအပ်ချက်ရှိနေသဖြင့် အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူနိုင်သော ပုဒ်ထားသိုခြင်းမျိုးကို ပုဒ်ထားရှုပ်အပြစ်ဟုခေါ်သည်။

**သာဓက** – ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် လွိုင်ကော်မြို့တို့တွင် ဆီမီးပူဇော်ပွဲများကျင်းပသည်။

ဤဝါကျသည် ပုဒ်အထားအသိုမမှားသော်လည်း ပုဒ်ထားရှုပ်သောဝါကျဖြစ်သည်။ "တောင်ကြီး" ၏ ပြည်နယ်ကိုဖော်ပြပြီး "လွိုင်ကော်" ၏ ပြည်နယ်ကိုမဖော်ပြထားသဖြင့် တောင်ကြီးရော လွိုင်ကော်ပါ ရှမ်းပြည်နယ်တွင်ရှိသည်ဟု အဓိပ္ပာယ်ရောထွေးသွားကာ ပုဒ်ထားရှုပ်အပြစ်သင့်သည်။ "ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် ဆီမီးပူဇော်ပွဲများကျင်းပသည်" ဟုရေးမှသာ အနက်အဓိပ္ပာယ် ရှင်းလင်းမည် ဖြစ်သည်။

**(၈) ဟပ်စဉ်ပျက်အပြစ်**

ဝါကျတစ်ခုအတွင်းတွင် ရှေ့၌ဖော်ပြထားသော အကြောင်းစကားအစီအစဉ်နှင့် ဟပ်၍ယူရန်ဖြစ်သည့် နောက်၌ဖော်ပြထားသော အကျိုးစကားအစီအစဉ်တို့ အစီအစဉ်မညီမညွတ်ဖြစ်ခြင်းကို ဟပ်စဉ်ပျက်အပြစ် ဟုခေါ်သည်။

**သာဓက** – မြန်မာပြည်တွင် နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ တို့၌ သဇင်ပန်း၊ ပိတောက်ပန်းနှင့် ခတ္တာပန်း တို့ ပွင့်ကြသည်။

ဤဝါကျတွင် ရှေ့၌ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ အစဉ်နှင့် ရာသီအလိုက်ပွင့်သောပန်း အစဉ်မှာ မညီညွတ်သည့်အတွက် ဟပ်စဉ်ပျက်အပြစ်သင့်သည်။ "မြန်မာပြည်တွင် နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီတို့၌ ပိတောက်ပန်း၊ ခတ္တာပန်းနှင့် သဇင်ပန်းတို့ ပွင့်ကြသည်" ဟုရေးရမည် ဖြစ်သည်။

**(၉) ရှေးဆိုနှောင်းဖျက်အပြစ်**

ဝါကျတစ်ခုအတွင်းတွင် ရှေ့၌ဖော်ပြပြီးသော အကြောင်းစကား၏အနက်ကို နောက်၌ဖော်ပြသော အကြောင်းစကား၏အနက်က ဖျက်စေခြင်းမျိုးကို ရှေးဆိုနှောင်းဖျက်အပြစ်ဟုခေါ်သည်။

**သာဓက** – မိုးမိုးကလေးနှင့် မြန်မာဆန်သော မိန်းကလေးသည် ဆံပင်ကို ရွှေရောင်ဆိုးပြီး ဂျင်းဘောင်းဘီနှင့် ဒေါက်ဖိနပ်ကို ဝတ်ဆင်ထားသည်။

ဤဝါကျတွင် "မိုးမိုးကလေးနှင့် မြန်မာဆန်သော" ဟု ရှေ့၌ဖော်ပြထားသည့် အကြောင်းစကား၏ အနက်ကို "ဆံပင်ကို ရွှေရောင်ဆိုးပြီး ဂျင်းဘောင်းဘီနှင့် ဒေါက်ဖိနပ်ကို ဝတ်ဆင်ထားသည်" ဟူသော နောက်၌ဖော်ပြသည့် အကြောင်းစကား၏အနက်က ဖျက်စေသဖြင့် ရှေးဆိုနှောင်းဖျက်အပြစ်သင့်သည်။

**(၁၀) အကြောင်းအကျိုးပြောင်းပြန်အပြစ်**

အကြောင်းဖြစ်စေသောအရာကို အကျိုး၌၊ အကျိုးဖြစ်စေသောအရာကို အကြောင်း၌ ပြောင်းပြန်ရေးဖွဲ့ခြင်းကို အကြောင်းအကျိုးပြောင်းပြန်အပြစ် ဟုခေါ်သည်။

**သာဓက** – ထိုနေ့တွင် ကောင်းကင်ကြည်လင်သဖြင့် မည်းမှောင်သော တိမ်တိုက်များ ကင်းစင်နေသည်။

မည်းမှောင်သော တိမ်တိုက်များကင်းစင်ခြင်းသည် အကြောင်းဖြစ်၍ ကောင်းကင်ကြည်လင်ခြင်းသည် အကျိုးဖြစ်သော်လည်း သာဓကဝါကျတွင် အကြောင်းအကျိုးကို ပြောင်းပြန်ရေးထားသဖြင့် အကြောင်းအကျိုးပြောင်းပြန်အပြစ်သင့်သည်။ "ထိုနေ့တွင် မည်းမှောင်သောတိမ်တိုက်များ ကင်းစင်သဖြင့် ကောင်းကင် ကြည်လင်နေသည်" ဟု ရေးရမည် ဖြစ်သည်။

**သင်ခန်းစာဆိုလိုရင်း**

- ❖ စာရေးသားရာတွင် သတိပြုရှောင်ရှားသင့်သည့် အပြစ်ဆယ်မျိုးအကြောင်း၊
- ❖ အပြစ်သင့်သောဝါကျ သာဓကများ၊
- ❖ စာရေးသားရာတွင် အပြစ်လွတ်ကင်းအောင် ရေးသားသင့်ပုံတို့ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ အောက်ပါဝါကျများသည် မည်သည့်အပြစ်များသင့်သနည်း၊ အဘယ်ကြောင့်နည်း၊ အပြစ်လွတ်အောင် ပြန်ရေးပါ။

(က) ကျွန်မတို့ကျောင်း၏ စုဒ္ဒသမ ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့ကျင်းပသည်။

(ခ) စားပွဲပေါ်က ညီလေးကို မုန့်ယူကျွေးလိုက်ပါ။

(ဂ) အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော အဘိုးအိုတစ်ယောက်လမ်းဖြတ်ကူးနေသည်ကို ကျွန်တော် ကူညီပေးခဲ့သည်။

(ဃ) ကျောင်းကအပြန်တွင် ကျွန်တော့်တစ်ကိုယ်လုံး စိုရွှဲနေသည်။

(င) သန့်ရှင်းသပ်ရပ်သော ကျွန်မ၏အိပ်ခန်းကလေးသည် အမှိုက်များဖြင့် ရှုပ်ပွနေသည်။

(စ) မောင်မောင်သည် အတန်းထဲတွင် စာအတော်ဆုံးဖြစ်သဖြင့် စာအလွန်ကြိုးစားသည်။

(ဆ) စစ်တွေမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့၊ လွိုင်ကော်မြို့ တို့သည် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် အသီးသီးရှိကြသည်။

(ဇ) ဤကျောင်းတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းစသည့် အတန်းအားလုံးကိုသင်ကြားသည်။

(ဈ) အမေသည် နေမကောင်းသဖြင့် ငိုနေသောကလေးကို မချော့နိုင်သေးပါ။

(ည) လိုင်းကားစီးသည့်အခါ ဗိုက်ကြီးသည်မိန်းမများကို ထိုင်ခုံနေရာ ဖယ်ပေးသင့်သည်။

၂။ စာရေးသားရာတွင် အပြစ်များလွတ်ကင်းအောင် မည်သို့ရေးသားသင့်ကြောင်းဆွေးနွေးပါ။

၃။ စာအရေးအဖွဲ့တစ်ခု၏ ဂုဏ်နှင့် အပြစ်တို့ မည်သို့ကွဲပြားသည်ဟု သင်ထင်မြင်ယူဆသနည်း၊ ဆွေးနွေးပါ။